http://www.dhammadownload.com



# ဗုဒ္ဓ၏အနားလေးရစ်သပိတ်တော်နှင့်
# လက်ဝဲအောက်စွယ်တော်စစ်

## ကေတုနန်းညွန့်နွယ်

ဗုဒ္ဓ၏အနားလေးရစ်သပိတ်တော်နှင့် လက်ဝဲအောက်စွယ်တော်စစ် ■ ကေတုနန်းညွန့်နွယ်

ဗုဒ္ဓ၏အနားလေးရစ်သပိတ်တော်နှင့်
လက်ဝဲအောက်စွယ်တော်စစ်

ကေတုနန်းညွန့်နွယ်



http://www.dhammadownload.com

စာပေဝတ္ထု၊ ရတုကဗျာ
လက်ာ့ပန်းမိုး၊ ရွာသွန်းဖြိုးလျက်
အမျိုး၏ဂုဏ်၊ ဇာတိဂုဏ်
စာပေဂုဏ်ကိုမြှင့်တင်မည်။
နိုင်ငံ့ဂုဏ်ရည်စွမ်းဆောင်တည်။

http://www.dhammadownload.com

## ဒို့တာဝန်အရေးသုံးပါး

* ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
* တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
* အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

### နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

### စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

### လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

http://www.dhammadownload.com

ဗုဒ္ဓ၏အနာဂတ်ဝင်ဆောင်ဗိမာန်ကောင်းပြောင်းရွှေကိုသိသင့်ကြသည်

ဗုဒ္ဓ၏အနှိုးဆော်ရစ်ဆောင်တော်နှင့်

လက်ဝဲအောက်ခွယ်တော်စစ်

# ကေတုနန်းညွန့်နွယ်

နိုင်ငံ့ဂုဏ်ရည် စာစဉ် (၂၄)

http://www.dhammadownload.com

# ပုံနှိပ်မှတ်တမ်း


| | |
|---|---|
| စာမူခွင့်ပြုချက်အမှတ် | ၄၉၇/၂၀၀၃ (၈) |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | ၅၄၁/၂၀၀၄ (၉) |
| အကြိမ် | ပထမအကြိမ် |
| ထုတ်ဝေသည့်ကာလ | ၂၀၀၄ ခုနှစ်၊ ဩဂုတ်လ |
| အုပ်ရေ | ၁၀၀၀ |
| တန်ဖိုး | ၅၀၀ ကျပ် |
| ထုတ်ဝေသူ | ဦးအုန်းမောင် (၀၃၇၉၄) |
| ပုံနှိပ်သူ | ဇွန်ပန်းပုံနှိပ်<br>အမှတ် ၈၅၊ ၂၇ လမ်း၊<br>ပန်းပဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ |
| မျက်နှာဖုံးဒီဇိုင်း | ကျော်ကျော် |
| အတွင်းသရုပ်ဖော် | ကံကောင်း |
| ကာလာခွဲ | အယ်လ်ဖာ<br>၁၃၃/၁၃၇၊ ၄၁-လမ်း၊ ရန်ကုန်။ |
| ဖြန့်ချိရေး | နိုင်ငံ့ဂုဏ်ရည်စာပေတိုက်<br>၅၂၉-၅၃၁၊ ကုန်သည်လမ်း၊<br>စာပေဗိမာန်၊ ရန်ကုန်မြို့။<br>ဖုန်း-၃၂၅၅၃၀၊ ၃၃၄၅၃၂ |

http://www.dhammadownload.com

# မာတိကာ


ကိုယ်ရေးရာဇဝင် ၁၄

ဗုဒ္ဓ၏အနားလေးရစ်သပိတ်တော် ၁၇

အံ့ဖွယ်ရာ တန်ခိုးပြာဋိဟာပြတော်မူသည့်

ဗုဒ္ဓ၏အနားလေးရစ်ရှိသော ကျောက်သပိတ်တော် ၁၉

ပထမအကြိမ် သပိတ်တော်တန်ခိုး ပြာဋိဟာပြခြင်း ၂၂

ပဥ္စဝဂ္ဂီငါးဦးတို့အား ဓမ္မစကြာတရားဦးဟောတော်မူခြင်း ၂၃

ဗုဒ္ဓ၏သပိတ်တော်တန်ခိုးပြခြင်း ၂၄

ဗုဒ္ဓ၏အနားလေးရစ်သပိတ်တော်နှင့် ညီတော်အားချွတ်ခြင်း ၂၇

ညီတော်နန္ဒမင်းသားလေးအား ကျွတ်စေသောသပိတ်တော် ၂၉

သရက်ဖြူပင်၌ တန်ခိုးပြခြင်း ၃၁

ဥတ္တရ ဂုရုကျွန်းသို့ ဆွမ်းခံကြွတော်မူခြင်း ၃၅

ဗုဒ္ဓသပိတ်၏ တန်ခိုးတော် ၃၆

သပိတ်တော်ကို လူတို့ကိုးကွယ်ရစ်ရန်

လူတို့လက်သို့ ချီးမြှင့်ခြင်း ၃၉

အဇာတသတ်မင်း၏ ဓာတ်တော်တိုက် ၄၁

ဗုဒ္ဓသပိတ်တော်နှင့် အသောကမင်း ၄၈

ဗုဒ္ဓရှင်တော်မြတ်ဘုရား၏ ဗျာဒိတ်တော် ၅၁

ဓာတ်တော်များရ၍ သာသနာပြုခြင်း ၅၂

စေတီပေါင်း ၈၄၀၀၀ တည်ခြင်း ၅၆

မာရ်နတ်မင်းနှင့် ရှင်ဥပဂုတ္တတန်ခိုးတော် ၅၈

http://www.dhammadownload.com

လက်ာဒီပသို့ သပိတ်တော်ပင့်ခြင်း ၇၀
ဗျာဒိတ်တော် ၇၁
ရှင်မဟိန္ဒထေရ်သာသနာပြုခြင်း ၇၃
မင်းကြီး အသိဉာဏ်ရှိ- မရှိမေးခြင်း ၇၄
ဒီပ ပသာဒကကျွန်းလုံး ကြည်ဖြူညွှတ်ရသူ ၇၈
အတိတ်ထူး နိမိတ်ထူးကြီးများ ၇၉
ဘုရားရှင်အာကာစက်အတွင်းမှာနေလိုသူ ၈၃
ဗုဒ္ဓ၏ သပိတ်တော်အစ ပြန်လည်ပေါ်လာခြင်း ၈၅
သပိတ်တော်ပွား ၈၈
သပိတ်တော်ကို ဖူးခဲ့ရသူ ဖာဟီယန် ၉၀
ဘာမီယန်မြစ်ဝှမ်း သာသနာတော် ၁၀၀
သပိတ်တော်၏ရေအလှူ ၁၀၂
ဗုဒ္ဓ၏စွယ်တော် အံတော် သွားတော်သမိုင်း ၁၀၉
လက်ဝဲအောက်စွယ်တော်မြတ် ဒေသစာရီစတင်ချီ ၁၁၂
သီဟိုဠ်ကျွန်းမှ ဗုဒ္ဓ၏အနားလေးရစ်သပိတ်တော်နှင့်
စွယ်တော်စစ် မြန်မာပြည်သို့ ကြွရောက်လာခြင်း ၁၂၃
သာသနာပြု စခန်းဆီလှမ်းကြွချီ ၁၂၉
သီဟိုဠ်ကျွန်းမှ စွယ်တော်ပွားကြွခြင်း ၁၃၅
ဗုဒ္ဓ၏ စွယ်တော်စစ်မြတ် ကြွတော်မူပြီ ၁၃၉
ဟံသာဝတီ ဘုရင်သစ် ၁၄၆
သပိတ်တော်နှင့် စွယ်တော် အင်းဝသို့ကြွခြင်း ၁၄၉
ဘုရင့်နောင်မင်းတရားကြီး ကိုးကွယ်တော်မူပုံ ၁၅၁

http://www.dhammadownload.com



## ကိုယ်ရေးရာဇဝင်

ကျွန်မသည် တောင်ငူမြို့ အမှတ်(၁)အထက်တန်းကျောင်း၊ အင်္ဂလိပ်စာအထူးပြုဆရာကြီး ဦးကျင်စိုး+ဒေါ်မြလေး၏သမီး မခင်ကြည် ဖြစ်ပါသည်။ ဖေဖေသည် ဒုတိယကမ္ဘာစစ်ကြီးမဖြစ်မီက တောင်ငူမြို့ အမျိုးသားအထက်တန်းကျောင်းတွင် ဆရာကြီးဦးဖိုးကွန်း(ဗိုလ်မှူးဖိုးကွန်း)နှင့်အတူ အမျိုးသားအထက်တန်းကျောင်းကို မှတ်တမ်းတင်လောက်အောင် ပြုစုခဲ့ပြီး စကောလားရှစ်များ ရစေခဲ့ပါသည်။ ဆရာတပည့်များ ညီညွတ်စွာဖြင့် မျိုးချစ်စိတ်ဓာတ်တွေ မွေးပေးခဲ့ပါသည်။ ကျွန်မသည် ထိုကျောင်းမှာပင် နေခဲ့၍ ရာဇဝင်သင်ချိန်၌ စိတ်ပါဝင်စားခဲ့ပါသည်။ အိမ်တွင် ဖေဖေသည် ဥပုသ်နေ့တိုင်း ဘာသာရေးစာပေများနှင့် ဗုဒ္ဓဝင်များကို သင်ပေးခဲ့၍ ယခုတိုင် မျိုးချစ်စိတ်ဓာတ်နှင့် ဘာသာရေးကို လေးစား၍ ကိုယ့်လူမျိုးဘာသာကို လေးစားခဲ့ပါသည်။

၁၉၅၀ခုနှစ်တွင် တောင်ငူမြို့ သစ်တောအရေးပိုင်ရုံး၌အလုပ်ဝင်၍ ၁၉၈၃ခုနှစ်အထိ (၃၃)နှစ်တာဝန်ထမ်းခဲ့ပါသည်။ ရုံးအုပ်ဘဝနှင့်ပင်စင်ယူခဲ့ပါသည်။ ၁၉၅၂ခုနှစ်မှာ တောင်ငူမြို့၊ဝေဠုဝန်သာသနာ့ရိပ်သာ၌ တရားဝင်

http://www.dhammadownload.com

အားထုတ်ခဲ့ရာ ဗုဒ္ဓညွှန်ကြားချက်များကို သဘောပေါက်ကြည်ညိုပြီး ၎င်းရိပ်သာအလုပ်အမှုဆောင်အဖွဲ့၌ အတွင်းရေးမှူးအဖြစ် နှစ်ပေါင်း(၄၀)ခန့် ဝေယျာဝစ္စတွေ ဆောင်ရွက်ရင်း ကိုယ်တိုင်လည်း အားထုတ်၊အများကိုလည်း ဆွဲဆောင်ကာ အကူအညီပေး၍ ယောဂီထိန်းလုပ်ခဲ့ပါသည်။ ၎င်းအပြင် ဗုဒ္ဓဘာသာမြန်မာသီလရှင်များဦးစီးသော မိဘမဲ့အမျိုးသမီးကလေးများစောင့်ရှောက်ရေးကျောင်းများတွင် သီလရှင်ဆရာကြီးများနှင့်တွဲ၍ ဆောင်ရွက်ခဲ့ပါသည်။ တောင်ငူ၊မန္တလေး၊လှိုင်ကော်၊ချောင်းဦးကျောင်းများတွင် အကူအညီပေးခဲ့ပါသည်။ ၁၉၉၂ခုနှစ်တွင် မြတ်မင်္ဂလာစာစောင်တွင် မိဘမဲ့မိန်းကလေးငယ်များစောင့်ရှောက်ရေးကျောင်း ဆောင်းပါးကို ရေးပို့လိုက်ရာ ရပ်ဝေးရပ်နီးနှင့်နိုင်ငံခြားမှ အလှူငွေများ မြောက်မြားစွာ ပို့လှူကြပါသည်။ မြတ်မင်္ဂလာ၌ လစဉ်အလှူငွေများကို ဖော်ပြခဲ့၍ ဆယ်နှစ်ခန့်ရှိသောအခါ အခြားမိဘမဲ့ကျောင်းများပါ တိုးလာ၍ (၁၂)ကျောင်း၌ ရန်ပုံငွေများ ရကြပါသည်။ ဤဆောင်းပါးရေးလိုက်၍ အလှူငွေများကို သိန်းချီရသလို လူကိုယ်တိုင်နိုင်ငံခြားမှလာ၍ လိုအပ်သော ရေစက်၊မီးစက်၊အဆောက်အဦများ ဆောက်လုပ်ပေးကြသဖြင့် ကျွန်မမှာ လွန်စွာဝမ်းသာကြည်နူးရပါသည်။ ဆောင်းပါးလေးတစ်စောင် ရေးလိုက်ရသည့်အတွက် အကျိုးများပုံကို ဝမ်းသာရပါသည်။ သို့အတွက် ဆက်လက်၍ ရာဇဝင် ဗုဒ္ဓဝင်စာများကို ရေးလိုသည့်ဆန္ဒရှိလာပါသဖြင့် စာအုပ်များကို ရှာဖွေစုဆောင်းခဲ့ပါသည်။ သို့ပါ၍ ၁၉၉၂ခုနှစ်မှာပင် စတင်ရေးသားပြုစုခဲ့ပါသည်။ အထူးသဖြင့် စစ်ကိုင်းကောင်းမှုတော်ဘုရားကြီးသမိုင်းနှင့်ဆင်ဖြူများရှင် ဘုရင့်နောင်၏ဇာတိအမှန်တို့နှင့် ဒုတိယမြန်မာနိုင်ငံတော်တည်ပြီး သာသနာပြုခဲ့ပုံများကို ပြည်သူများသို့ တင်ပြလိုခြင်း ဖြစ်ပါသည်။

ကြိုးစားပြီး စုဆောင်းရေးသားခဲ့ရာမှ ယခု ၂၀၀၄ခုနှစ်မှ စာအုပ်ဖြစ်လာပါတော့သည်။ စာအုပ်ထုတ်လုပ်ရန်နှင့် ပုံနှိပ်ရေးဖြစ်မြောက်ရန်ကို

http://www.dhammadownload.com

အကူအညီပေးကြသည့် မိတ်ကောင်းဆွေကောင်းများကို တွေ့ရှိရပြီး ဦးခင်မောင်အေး(C.B Bank)မှ ငွေကြေးထုတ်ကာ စာအုပ်ထုတ်လုပ်မည်ဟု တာဝန်ခံ အကူအညီပေးသဖြင့် အောင်မြင်ရ၍ များစွာဝမ်းသာကျေးဇူးတင်ရပါတော့သည်။ ယခုအသက်(၇၇)နှစ်ရှိသော်လည်း စာရေးတုန်း၊ဖတ်တုန်းပင် ရှိနေပါသည်။ တိုင်းပြုပြည်ပြု သာသနာပြု၍ ကိုယ့်တိုင်းပြည် ကိုယ့်လူမျိုး၊ကိုယ့်ဘာသာ၊ကိုယ့်ယဉ်ကျေးမှုတွေကို လေးစားစွာထိန်းသိမ်းကြရန်နှင့် လူငယ်လူရွယ်မျိုးဆက်သစ်တွေကို ကိုယ့်လူမျိုးယဉ်ကျေးမှုအမွေအနှစ်တွေကို လက်ဆင့်ကမ်း ထိန်းသိမ်းကြစေလိုသောဆန္ဒဖြင့် တင်ပြအပ်ပါသည်။

(မြန်မာလူမျိုးတို့၏ နှလုံးရည် လက်ရုံးရည်၊ ဇာတိမာန်၊ ရဲရဲနီတဲ့သတ္တိ၊ ကတိသစ္စာကိုစောင့်ပုံများအား နှောင်းလူငယ်များ အားကျအတုယူနိုင်ကြပါစေသတည်း)

အမျိုးကိုချစ်ကြပါ၊ ဘာသာကို လေးစားကြပါ၊
မြန်မာ့ယဉ်ကျေးမှုကို ထိန်းသိမ်းကြပါ။

ကေတုနန်းညွှန့်နွယ်
တောင်ငူမြို့

❖ ❖ ❖

http://www.dhammadownload.com



စစ်ကိုင်းမြို့ ကောင်းမှုတော်စေတီ

http://www.dhammadownload.com



စတုမဟာရာဇ် နတ်မင်းကြီးလေးပါး ပဲနောက်အဆင်းရှိသော
ကျောက်သပိတ်လေးလုံးကို မြတ်စွာဘုရားထံ လှူဒါန်းပုံ

http://www.dhammadownload.com



မြတ်စွာဘုရားလက်တော်ဖြင့် သပိတ်လေးလုံးကိုဆင့်လျက်
အဓိဋ္ဌာန်ပြု၍ နှိပ်လေလျှင်

http://www.dhammadownload.com



အနားလေးရစ်ရှိသော တစ်လုံးတည်းသော သပိတ်တော် ဖြစ်လာပုံ

http://www.dhammadownload.com



ဗုဒ္ဓမြတ်စွယ်တော်

http://www.dhammadownload.com

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

## ဗုဒ္ဓ၏အနားလေးချိုးသပိတ်တော်

ဂေါတမမြတ်စွာဘုရားသခင် စတုမဟာရာဇ်နတ်မင်းကြီးလေးပါး အလှူဦးလှူသော အနားလေးရစ်ရှိ 'ကျောက်သပိတ်တော်'သည် မြတ်စွာဘုရားသခင် ကိုယ်တော်တိုင် ပရိနိဗ္ဗာန်ဝင်စံခါနီးဆဲဆဲတွင် လူတို့ကိုးကွယ်ရစ်ကြစေရန် လူတို့၏လက်သို့ ကိုယ်စားတော်အဖြစ် ပေးအပ်ခဲ့သည်မှာ 'ယခုအခါတွင် ဘယ်မှာကိန်းဝပ်တော်မူနေပါသနည်း'ဟူ၍ သိလိုပါသဖြင့် ရှာဖွေလေ့လာခဲ့ရာ မှန်နန်းရာဇဝင်တော်ကြီးတွင် 'မြန်မာပြည်သို့ ဗုဒ္ဓ၏ အနားလေးရစ်သပိတ်တော်နှင့် လက်ဝဲအောက်စွယ်တော်စစ်မြတ်သည် ဓာတ်တော်မွေတော်မှာ ဆံတော်ရှစ်ဆူနှင့်တကွ ဟံသာဝတီဆင်ဖြူများရှင် ဘုရင့်နောင်မင်းတရားကြီးလက်ထက်တော်သို့ သီဟိုဠ်ကျွန်း(သီရိလင်္ကာ)မှ ဓမ္မပါလမင်းက သီဟိုဠ်ကျွန်း(သီရိလင်္ကာ)၌ သာသနာတော်ပြုပေးပါရန် အကူအညီတောင်းစဥ်က ဆက်သလာသော'အကြောင်း ပါရှိပါသည်။

၎င်းအပြင် တိုက်တိုက်ဆိုင်ဆိုင် ပညာရှင်ကြီးများ ရေးမှတ်ထားခဲ့သော စာအုပ်ဟောင်းများမှ ဗုဒ္ဓပရိနိဗ္ဗာန်စံဝင်ပြီးနောက် ဗုဒ္ဓ၏သပိတ်တော်ကို လူတို့အား ကိုးကွယ်ရန် ပေးထားခဲ့ပုံနှင့် ယခုတိုင် အဆင့်ဆင့်ကိုးကွယ်ပူဇော်ကြပုံကို တွေ့ရပြန်သောအခါ လွန်စွာဝမ်းသာမိပြန်သည်။ ထိုမှတဖန် တောင်ငူရာဇဝင်ကြီးနောက်ပိုင်း၌ 'မြန်မာပြည်သို့ ကြွရောက်လာပြီးနောက် ယနေ့တိုင်ပင် ပြည်သူလူအများ ပူဇော်ကိုးကွယ်ခွင့်ရစေရန် မြန်မာပြည်၌ ကိန်းဝပ်စံပါယ်နေတော်မူကြောင်း'ကိုပါ အစ,အလယ် ပြည့်စုံစွာ ဖတ်ရှုရပါသဖြင့် ကွင်းဆက်များကို တစ်ပါတည်းစုပေါင်းကာ မိမိကဲ့သို့ပင် အများပြည်သူတို့ ဝမ်းမြောက်ဝမ်းသာ သဒ္ဓါကြည်ညိုဖူးစေခြင်း၊ ပုံတော်ကို ဂုဏ်တော်ထင်နိုင်အောင် အာရုံထားစေခြင်းနှင့် မဖတ်ရသေးသောသူများ ဖတ်

http://www.dhammadownload.com



မှက် သိစေချင်ခြင်း၊ ဖတ်ပြီးသားသူများ ထပ်မံသတိရကြည်ညိုပွားများစေနိုင်ပါသဖြင့်လည်းကောင်း၊ဤစာအုပ်မှတစ်ဆင့် နောင်လာနောက်သားများ သိရှိကြည်ညိုနိုင်စေရန် လက်ဆင့်ကမ်းထိန်းသိမ်းသွားစေလိုခြင်းများကြောင့် ပြန်လည်စုပေါင်း၍ တပေါင်းတည်း တင်ပြရခြင်း ဖြစ်ပါသည်။

အနှားလေးရစ်သပိတ်တော်နှင့် ဗုဒ္ဓ၏လက်ဝဲအောက် စွယ်တော်စစ်ပါ မြန်မာပြည်သို့ ကြွရောက်တော်မူခဲ့ပြီး အဆုံးသတ်တွင် ကိန်းဝပ်စံပါယ်တော်မူသောဌာနကိုပါ ရေးသားဖော်ပြပါမည်။ အနှားလေးရစ်သပိတ်တော်သမိုင်းနှင့် လက်ဝဲအောက်စွယ်တော်သမိုင်း စာအုပ်အဆုံးတွင် ရေးသားဖော်ပြပါမည်။ စောင့်မျှော်တော်မူကြပါရှင်။

ဒေါ်ခင်ကြည်

ဒေဝွဝန်ဆောင်

ဆေးထုမထီး၊ဆောင်မြို့။

❖ ❖ ❖

http://www.dhammadownload.com

# ဝိနယသာသနံ စိရံ တိဋ္ဌတု

## ဒုဋ္ဌဝါဒီချေ တနိုင်ပြည်ပြုရိုးဟာပြုတော်မူသည့်

## ဗုဒ္ဓမြတ်အနုသာသနာရေးသြဝါဒရှိသော ကျောက်တိပိဋကတ်တော်

ပုဗ္ဗေနိဝါသဉာဏ်တော်၊ ဒိဗ္ဗစက္ခုဉာဏ်တော်၊ အာသဝက္ခယဉာဏ်တော်၊ သဗ္ဗညုတဉာဏ်တော်တို့ ရရှိအောင်မြင်တော်မူပြီးသော အနန္တဂုဏ်တော်ရှင် ဂေါတမမြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီးသည် သက္ကရာဇ် ၁၀၃–ခုနှစ်၊ ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့အကုန် နေအရုဏ်တက်သည်နှင့်တပြိုင်နက် လောကသုံးပါး၏ အထွဋ်အထိပ် ဘဝိဿရ ဘုရား အဖြစ်သို့ ရောက်ရှိတော်မူသည်။

ဘုရားဖြစ်တော်မူပြီးနောက် ဘုရားရှင်တို့၏ဓမ္မတာအတိုင်း ခုနစ်ဌာနတို့တွင် တစ်ဌာနတွင် ခုနစ်ရက်ကြာမျှဖြင့် (၄၉)ရက်တိတိ သတ္တသတ္တာဟ စံတော်မူသည်။ (၁) ရွှေပလ္လင်တော်ဂသတ္တာဟ၊ (၂) အနိမိသသတ္တာဟ၊ (၃) ရတနာစင်္ကြံ ရတနာစင်္ကမသတ္တာဟ၊ (၄) ရတနာရွှေအိမ် ရတနာဃရသတ္တာဟ၊ (၅) အဇပါလညောင်ပင်၊ (၆) မုစလိန္ဒရေအိုင်၊ (၇) လင်းလွန်းပင် ဤခုနစ်ဌာနတို့၌ ('ဈာန်သုခ'၊'ဖလသုခ'တို့ဖြင့်သာ (၄၉)ရက် ကာလပတ်လုံး လွန်တော်မူ၏။) ရက်စေ့သော အရုဏ်တက်အချိန်၌ မြတ်စွာဘုရားသည် မျက်နှာတော်သစ်လိုသော နှလုံးတော်ဖြစ်သည်ကို သိကြားမင်းသိ၍ ကြံ့ဇသီး၊ ကွမ်းရိုးဒန်ပူ၊ အနဝတတ်ရေတို့ကို ကပ်လှူလာလေသည်။ မျက်နှာတော်သစ်ပြီးသော် မဟာဗောဓိပင်မှ အလံ(၄၀)ကွာ လင်းလွန်းပင်ရင်း၌ ထက်ဝယ်ဖွဲ့ ခွေ ထိုင်နေတော်မူစဉ် ရာမညတိုင်း၊ ဥက္ကလာဇနပုဒ် ပေါက္ခရဝတီမြို့မှ တဖုဿနှင့်ဘလ္လိက ကုန်သည်ညီနောင်တို့က ဘုရားပွင့်တော်မူနေပြီဖြစ်

http://www.dhammadownload.com



ကြောင်းကို နတ်တို့ညွှန်ပြပြောဆိုသဖြင့် ကြွက်ကျစ်မုန့်၊ ပျားဆုပ်မုန့်၊ ပျား ရည်စသည်တို့ကို ယူဆောင်ကာ လာရောက်ကပ်လှူကြရာဝယ် 'အလှူခံစရာ မည်သည့်ဝတ္ထုပစ္စည်းဖြင့် လျှော်ကန်အံ့နည်း၊ ရှေးဘုရားတို့သည် အဘယ်ဝတ္ထုဖြင့် အလှူခံသနည်း'ဟု ဆင်ခြင်ရှုတော်မူသော် ရှေးရှေးဘုရား တော်ဘုရားတို့သည် 'သပိတ်'တော်ဖြင့် အလှူခံတော်မူကြသည်ကို မြင်တော် မူသဖြင့် (သပိတ်တော်)ကို အောက်မေ့လျက် ထိုမုန့်ဆွမ်းကို ခံလိုသောအကြံ ဖြစ်လေသော် စတုမဟာရာဇ်နတ်မင်းကြီးလေးပါးတို့သည် ဣန္ဒနီလာကျောက် ညိုဖြင့်ပြီးသော သပိတ်လေးလုံးကို ကပ်လာကြ၏။ ဘုရားသခင်သည် ထို သပိတ်ကို လက်မခံချေ။ ယင်းသို့ခံယူတော်မမူသော် ပဲနောက်အဆင်းရှိသော ကျောက်သပိတ်လေးလုံးကို လှူကြပြန်သည်။

ထိုကျောက်သပိတ်လေးလုံးကို လက်ခံတော်မူလျက် 'လေးလုံးသော သပိတ်တို့ကို အဓိဋ္ဌာန်ပြု၍ ဆင့်ပြီးသော် နှိပ်လျှင် အနားလေးရစ်ရှိသော တစ်လုံးတည်းသော သပိတ်တော်ဖြစ်လာသဖြင့်' ထိုသပိတ်တော်နှင့် ဆွမ်းဦး ကို အလှူခံတော်မူလေသည်။ (အဖိုးထိုက်ရတနာပစ္စည်းများသည် ရဟန်း တို့နှင့် မအပ်စပ်မှောင်သောအခါ ရသေ့ရဟန်းတို့ သုံးစွဲခြင်းဖြင့် ကိုယ်ကျင့် တရားများ ညှိုးနွမ်းစေအံ့သော အန္တရာယ်မြင်ပြီးဖြစ်၍ လက်ခံတော်မမူ ခြင်းဖြစ်သည်)

ကုန်းဘောင်ခေတ် စွယ်စုံကျော်ထင်ကျမ်း၌ ကျည်းကန်ရှင်ကြီး မေးမြန်းချက်ကို ကျီးသဲလေးထပ်ဆရာတော် ဖြေထားသည်မှာ—

(မေး) "သပိတ်လေးလုံး လက်နှင့်ဖုံး
တစ်လုံးတည်းဖြစ် ဘယ်နေ့တည်း"
"နတ်လေးယောက်လုံး လှူစည်းရုံး
မြင့်ဆုံးဘယ်နတ် သပိတ်တည်း"

http://www.dhammadownload.com



(ဖြေ) "လောကပါလ နတ်မင်းကြီးလေးပါး သပိတ်တော်ကို လှူသောနေ့မှာ ဝါဆိုလဆန်း ငါးရက်နေ့ဖြစ်ပါသည်။ နောက်ဆုံးရောက်သော ကုဝေရ နတ်မင်းကြီး၏ သပိတ်ဖြစ်ပါသည်။

ဂေါတမမြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီးသည် ဘုရားဖြစ်တော်မူသောနေ့မှစ၍ ပရိနိဗ္ဗာန်ပြုအံ့သောအချိန်ထိ ထို'အနားလေးရစ်သပိတ်တော်'ကိုသာ အသုံးပြုတော်မူပါသည်။ (၄၅)ဝါကာလပတ်လုံးတွင် သတ္တဝါအများအား ကောင်းကျိုးချမ်းသာဖြစ်စေရန် လှည့်လည်ချီးမြှင့်ရာတွင်လည်းကောင်း၊ ဆွမ်းတော်အလှူခံရာတွင်လည်းကောင်း၊ တန်ခိုးပြာဋိဟာပြတော်မူသောအခါများတွင်လည်းကောင်း၊ တရားဟောတော်မူရာတွင်လည်းကောင်း ကြိမ်ဖန်များစွာ အခါခါထုတ်ဖော်ရည်ညွှန်းပြဆိုသည့်အခါတွင်လည်းကောင်း နတ်မင်းကြီးလေးပါးလှူသော အနားလေးရစ်ဖြင့်ပြီးသော 'သပိတ်တော်'ဟု အခါများစွာ ကြိမ်ဖန်များစွာ အသုံးပြုတော်မူခဲ့သည်။ ပရိနိဗ္ဗာန်စံဝင်အံ့ဆဲဆဲ နောက်ဆုံးအချိန်ထိ သောက်တော်ရေကြည်ကို ထိုသပိတ်တော်ဖြင့်သာ သုံးဆောင်တော်မူသည်။ ပရိနိဗ္ဗာန်စံဝင်ပြီးသည့်နောက် လူအများအပေါင်းတို့အား ကိုးကွယ်ရန် ကျန်ရစ်စေသော 'သပိတ်တော်'သည်လည်း ယင်းသပိတ်တော်ပင် ဖြစ်လေသည်။ နောက်ထပ် မည်သူတစ်ဦးတစ်ယောက်ကမှ ဗုဒ္ဓရှင်တော်မြတ်ဘုရားအား သပိတ်တော်လှူသည်ဟူ၍ မတွေ့ရပေ။

မြတ်စွာဘုရားသခင်၏ သပိတ်တော်ကို အသုံးပြုခဲ့ပုံများနှင့် ပရိနိဗ္ဗာန် စံဝင်ပြီးနောက် လူနတ်ဗြဟ္မာအပေါင်းတို့ကို အံ့ဖွယ်တန်ခိုးပြာဋိဟာပြတော်မူသည့်အကြောင်းအရာများကို ရေးသားဖော်ပြပါအံ့။

http://www.dhammadownload.com

## ပထမအကြိမ် သပိတ်တော်တန်ခိုးပြာဋိဟာပြုခြင်း

သုံးလောကထွဋ်ထား သဗ္ဗညုတရှင်တော်မြတ်ဘုရားသည် နတ်ဗြဟ္မာအပေါင်းတို့က လျှောက်ထားတောင်းပန်ကြသဖြင့် လူနတ်ဗြဟ္မာသတ္တဝါအပေါင်းတို့အား အပါယ်တံခါးပိတ်၍ နိဗ္ဗာန်တံခါးပွင့်စေသောငှာ ကျွတ်ထိုက်သောသူတို့အား 'တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးမည်'ဟု ပဋိညာဉ်ပေးတော်မူပြီးသော် ဗာရာဏသီ မိဂဒါဝုန်တောအုပ်ဆီသို့ ကြွတော်မူသည်။

မိဂဒါဝုန်တော၌ ကျေးဇူးရှိပေဖူးသော ပဉ္စဝဂ္ဂီငါးဦးတို့အား တရားဦးဟောအံ့ဟု ကြံစည်၍ ကြွတော်မူရာ လမ်း၌ဥပကအမည်ရှိသော တက္ကဒွန်းနှင့် တွေ့ကြသည်။ ထိုတက္ကဒွန်းက "ငါ့ရှင် သင်၏ဣန္ဒြေတို့သည် နှစ်လိုကြည်ညိုဖွယ်ရှိပေသည်။ သန့်ရှင်းစင်ကြယ် သပ္ပာယ်လျက် ပြည့်ဖြိုးအေးမြ ပြိုးပြိုးပြက်ပြက်မျှ ထွန်းတောက်ပသည့် အရောင်းလည်းရှိပေ၏။ အဘယ်သူကို ရည်မှန်းလျက် ရဟန်းပြုဘိသနည်း"၊ "သင်ကား အဘယ်အမည်ရှိသနည်း"ဟု မေးသော် စောဗုဒ္ဓမြတ်စွာဘုရားက "ချစ်သား ဥပက–ငါကား ကိလေသာရန်ကို နှိမ်နင်းဖျက်ဆီး၍ တည်သဖြင့် အလုံးစုံ ဘုံသုံးပါး၌ဖြစ်သော တရားအပေါင်းကို သိတော်မူ၍ တောဘုမကာ ဓမ္မစပ်သိမ်းတို့၌ ကပ်ငြိခြင်းမှ ကင်းတော်မူ၏။ အလုံးစုံသော အကုသိုလ်တရားတို့ကို ပယ်ရှားစွန့်ခွာ၍ တဏှာ၏ကုန်ရာ နိဗ္ဗူတာအောင်ဘုံကို အာရုံပြုဘိသဖြင့် ကိလေသာအပေါင်းတို့မှလွတ်၏။ ချစ်သား ဥပက–စတုဘူမက ဓမ္မအလုံးစုံကို အလိုလိုသာ ငါသိတော်မူရကား လောကသုံးပါး၌ ထင်ရှားပြစရာ ငါ့ဆရာသည် အဘယ်မှာ ရှိတော့အံ့နည်း။ ငါ့အမည်ကား ငါးပါးသောမာရ်ကို ပယ်လှန်အောင်ဘိ၍ 'အနန္တဇိန'မည်သတည်း"ဟု ဟောတော်မူ၏။

http://www.dhammadownload.com



ဥပကကြီးသည် "အသင်ဂေါတမ၊ ဟုတ်ပေရာ၏။ သို့ရာတွင် သင်ကား ယခုအခါ ဘယ်သို့ကြွအံ့နည်း"ဟု မေးပြန်လေသော် 'ချစ်သားဥပက သမုဒ္ဒရာ ဂင်္ဂါသဲလုံးမျှ ပွင့်တော်မူကြကုန်သောဗုဒ္ဓတို့ဓမ္မတာ 'ဓမ္မစကြာ'ဟူသော တရားစည်ကြီးကို တီးတော်မူခြင်းငှာ ဗာရာဏသီပြည်အနီး မိဂဒါဝုန်တောအုပ်ကြီးဆီသို့ ငါကြွတော်မူအံ့"ဟု မိန့်တော်မူလေသော် "ဟုပေယျအာဝုသော ငါ့အရှင် ဟုတ်ပေရာ၏"ဟူသော စကားကိုဆိုလျက် ခေါင်းညိတ်ပြီးလျှင် ခရီးလွှဲ၍ ဝင်္ဂမည်သော ဇနပုဒ်သို့ သွားလေ၏။

ရင်းနောက် ဥပကသည် ဘုရားရှိရာ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်သို့ကြွ၍ ရဟန်းပြုပြီး တစပဉ္စက ကမ္မဋ္ဌာန်းကို ပေးတော်မူရာ ဥပကရဟန်းသည် လွန်စွာကြိုးစားအားထုတ်သဖြင့် အနာဂါမ်မိဖိုလ်၌တည်ပြီးမှ အသက်အတိုင်းနေက စုတေခဲ့သော် 'အဝိဟာရဘုံ'၌ ပဋိသန္ဓေနေလေ၏။ ထိုဘုံ၌ဖြစ်သောခဏ၌ပင် အရဟတ္တဖိုလ်သို့ ရောက်တော်မူလေ၏။

(မဟာဗောဓိနှင့် ဗာရာဏသီပြည်ကား တစ်ဆယ့်ရှစ်ယူဇနာ ကွာပေးသည်။ ရှေးဘုရားတို့ ဓမ္မစကြာကိုဟောခြင်းငှာ မိဂဒါဝုန်သို့ ကြွသော် ကောင်းကင်ခရီးဖြင့် ကြွကုန်၏။ ငါတို့၏ဘုရားသခင်မှာ ဥပက၏ အနာဂါမ်ဖြစ်လတ္တံ့သော ဥပနိဿယ ကိုရည်၍ ခြေဖြင့်ကြွတော်မူကာ အပင်ပန်းခံတော်မူရှာသည်)

## ပဉ္စဝဂ္ဂီငါးဦးတို့အား ဓမ္မစကြာတရားဦးဟောတော်မူခြင်း

မြတ်စွာဘုရားသခင်သည် မိဂဒါဝုန်တောသို့ ဝင်ရောက်တော်မူသည်တွင် ပဉ္စဝဂ္ဂီငါးဦးတို့က အဝေးမှကြွလာသော မြတ်ဗုဒ္ဓကိုမြင်လျှင် "ရှင်ကြီးဂေါတမသည် ဘုရားအဖြစ်သို့ ရလိုခြင်းငှာ ဒုက္ကရစရိယာကိုကျင့်သည်၊ ဘုရားမဖြစ်မီတွင်ပင် ဤအကျင့်မှထွက်၍ ဆွမ်း,,သက်န်း, ကျောင်းများရ

http://www.dhammadownload.com



အောင်ရှာလျက် မြို့ရွာအရပ်ရပ်သို့လှည့်လည်သည်၊ အကျင့်ပျက်သောသူဖြစ်သည်၊ ခရီးဦးကြိုဆိုခြင်း၊ နေရာခင်းခြင်း၊ သောက်ရေ သုံးရေ တည်ထားခြင်းစသော ဝတ်တို့ကို မပြုလုပ်လင့်"ဟု အရှင်းချင်း ကတိကဝတ်ထားကြသည်။ ပဥ္စဝဂ္ဂီငါးဦးတို့၏အနီးသို့ ဗုဒ္ဓရောက်လာသောအခါ ပဥ္စဝဂ္ဂီငါးဦးအချင်းချင်း ကတိကဝတ်မတည်နိုင်တော့ဘဲ မြတ်ဗုဒ္ဓ၏ဘုန်းတော်ကြောင့် စိတ်နှလုံးယိုင်ယိမ်း တုန်လှုပ်လာကြကာ တစ်ဦးက 'သပိတ်တော်'ကို လှမ်းယူသည်။ တစ်ဦးက 'သင်္ကန်းတော်'ကို လှမ်းယူသည်။ အချို့က ခြေဆေးရေ တည်လင့်သည်။ တစ်ယောက်က နေရာထိုင်ခင်းကို ခင်းလင့်သည်။ ထိုအချက်တို့ကို ထောက်၍ မြတ်ရှင်စောဗုဒ္ဓသည် မိဂဒါဝုန်သို့ကြွတော်မူသည့်အချိန်မှစ၍ နတ်မင်းကြီးလေးပါးလှူသော 'အစားလေးရစ်သပိတ်တော်'စတင်ဆောင်ယူပြီးဖြစ်ကြောင်း ပထမဦးဆုံးအချိန်အဖြစ် ထင်ရှားဖြစ်လေသည်။

## ဗုဒ္ဓ၏သပိတ်တော် ထိန်းပြခြင်း

ကပ္ပါသိကတောအုပ်ကြီးအတွင်း ဘဒ္ဒဝဂ္ဂီမင်းသား ညီနောင်သုံးကျိပ်တို့အား တရားထူးတရားမှန်ကို ပြသတော်မူပြီးနောက် ဗုဒ္ဓသည် ဥရုဝေလတောအုပ်၌ ဥရုဝေလကဿပ၊ နဒီကဿပ၊ ဂယာကဿပ စသော ရသေ့ညီနောင်သုံးဦးနှင့်တကွ ရသေ့ပေါင်းတစ်ထောင်ကို တန်ခိုးပြာဋိဟာ ပြတော်မူ၍ အကျွတ်တရား ရစေရာတွင် ပထမဦးစွာ ဥရုဝေလကဿပနှင့်တွေ့တော်မူသောအခါ အစားလေးရစ်'သပိတ်တော်'နှင့် တန်ခိုးပြာဋိဟာ ပြတော်မူသည်ကို ဗုဒ္ဓဝင်၌ အကျယ်တဝင့်ပြဆိုထားသည်။

ဥရုဝေလကဿပရသေ့တို့၏အကျင့်မှာ ကိလေသာကုန်ခမ်းအောင် ပင်ပန်းစွာ ကစား၍ ရေငုပ်, ကြိုးခုန်, မီးကင်, ဖယ်ခုပ် စသည့်အမှုကို ပြုလုပ်သောသူတို့တည်း။ ဗုဒ္ဓသည် ဥရုဝေလရသေ့ကဿပ၏ ကျောင်းသခ်မ်း

http://www.dhammadownload.com



သို့ ကြွရောက်တော်မူပြီးလျှင် ဥရုဝေလကဿပရသေ့ကို "အို–ရှင်ကဿပ၊ သင့်အား အကယ်၍ ဝန်မလေးခဲ့ပါမူ သင်၏မီးတင်းကုပ်၌ ယနေ့တစ်ည တာမျှ ငါဘုရား သိတင်းသုံးနေထိုင်လိုပါသည်"ဟု ခွင့်ပန်စကား မိန့်ကြား တော်မူသည်။

ဥရုဝေလကဿပက "အို–ရဟန်းကြီး၊ ကျွန်ုပ်အတွက် တာဝန်လေး မှုမရှိပါ၊ အထူးမှာကြားလိုသည်ကတော့ ဤမီးတင်းကုပ်၌ ကြမ်းတမ်းလှ၍ တန်ခိုးကြီးမားလျက် ထက်မြက်လျင်မြန်ပြင်းထန်သည့် အဆိပ်ရှိသော နဂါး မင်းကြီးရှိပါသည်၊ ထိုနဂါးမင်းသည် သင်ရဟန်းကြီးကို မညှဉ်းပန်းမနှိပ်စက် စေချင်ပါ"ဟူ၍ ပြန်ပြောဆို၏။ သုံးကြိမ်မြောက် ခွင့်ပန်ကြားသော်လည်း နဂါးရန်ကို စိုးရိမ်ကြောင်းကိုသာ ပြောသည်။ ထိုအခါ ရှင်တော်ဗုဒ္ဓက "အို–ကဿပ၊ ထိုနဂါးကြီးသည် ငါဘုရားကို ညှဉ်းပန်းနှိပ်စက်မှု ကေန်မပြုနိုင်ပါ၊ ငါတိုက်တွန်းလိုသည်မှာ သင်ကသာ ငါဘုရားကို မီးတင်းကုပ်၌ နေထိုင် ခွင့်ပြုပါလော့"ဟု ဆို၏။ ထိုအခါမှပင် ဥရုဝေလကဿပသည် "အို– ရဟန်းကြီး၊ အလိုရှိတိုင်းသာ ချမ်းသာစွာ နေထိုင်ပါလော့"ဟု ခွင့်ပြု စကားပြန်ကြားပြောဆိုလေသည်။

ထိုအခါ မြတ်ဗုဒ္ဓသည် မီးတင်းကုပ်အတွင်းဝင်၍ မြက်များကိုခင်း ကာ ကိုယ်ကိုမတ်တတ်ထားလျက် ထက်ဝယ်ဖွဲ့ခွေထိုင်နေတော်မူပြီးလျှင် 'အာနာပါနကမ္မဋ္ဌာန်းအာရုံကိုရှေ့ရှု၍' 'သတိ'ကို ဖြစ်စေကာ နေတော်မူလေ ၏။ နဂါးကြီးသည် မီးတင်းကုပ်ထဲသို့ ဗုဒ္ဓဝင်လာသည်ကိုမြင်လျှင် လွန်စွာ အမျက်ထွက်လျက် ဗုဒ္ဓကို ဖွဲပြာကဲ့သို့ မှုန့်မွှန့်ညက်ညက်ပျက်စီးရန် ရည်သန် ၍ ဗုဒ္ဓရှိရာသို့ နဂါးငွေ့များကို အရှိန်ပြင်းစွာ တလှလှမှုတ်လေ၏။

ဗုဒ္ဓသည် ငါကား နဂါး၏အရိုးအသား အကြောများကို နာကျင် စေမှုမရှိဘဲ သူ၏တန်ခိုးကို ငါ့တန်ခိုးဖြင့် အုပ်မိုးဖိလွှမ်းကုန်ခမ်းစေရမူ ကောင်းလေစွာဟု အကြံဖြစ်၍ နဂါး၏ကိုယ်ခန္ဓာကို မနာကျင်စေရန် တန်ခိုး

http://www.dhammadownload.com



တော်ဖြင့်ပြု၍ နဂါးလွှတ်သောအခိုးထက် သာလွန်ပြင်းထန်သောအခိုးကို လွှတ်တော်မူသည်။ နဂါးသည် အမျက်လွန်စွာထွက်ရကား မီးတောက်မီးလျှံများကို လွှတ်ပေ၏။ ဗုဒ္ဓက ဆထက်သာသော မီးလျှံကို လွှတ်တော်မူရာ ဗုဒ္ဓနှင့်နဂါး နှစ်ဦးသားတို့၏ အပြန်အလှန်လွှတ်ကြသည့် ကြီးမားလှသော မီးတောက်မီးလျှံများကြောင့် မီးတင်းကုပ်တစ်ခုလုံး လင်းထိန်နီရဲလျက် မီးဟုန်းဟုန်းတောက်လုမတတ်ရှိလေ၏။ ထိုအခါ ဥရုဝေလကဿပနှင့် ရသေ့ပေါင်းတစ်ထောင်တို့သည် မီးတင်းကုပ်ကို ချဉ်းကပ်ဝိုင်းအုံကြလျက် "အို- အချင်းရသေ့တို့၊ အလွန်အမင်းအဆင်းလှသော ရဟန်းကြီးကို နဂါးမင်းကြီးသည် ညှဉ်းပန်းနှိပ်စက်ပါပေါ့တကား၊ ရဟန်းကြီးခမျာ သေရှာတော့မည်" ဟု စိုးရိမ်ပူပန်လျက် ကြည့်နေကြကုန်၏။



http://www.dhammadownload.com



ထိုညဦးသုံးယာမ်ပတ်လုံး နဂါးမာန်ကိုနှိမ်နင်းတော်မူပြီးလျှင် နဂါးကြီးမှာ မာန်စွယ်ချလေတော့သည်။ မိုးသောက်သောအခါ ဗုဒ္ဓသည် ကိုယ်တော်မြတ်၏တန်ခိုးတော်ဖြင့် နဂါး၏တန်ခိုးကို ကုန်ခမ်းစေပြီးလျှင် '**ဗုဒ္ဓ၏သပိတ်တော်**'အတွင်းသို့ နဂါးကိုထည့်တော်မူကာ ယူဆောင်ခဲ့ပြီး "အို–ကဿပ၊ ဤကား သင်ပြောသော သင်တို့နဂါးမင်းကြီးပေတည်း"ဟုပြောကြားပြသပြီးလျှင် သပိတ်တော်အတွင်းမှ ခွေနေသော နဂါးကိုမြင်ကြလျှင် ရသေ့တစ်ထောင်တို့ လွန်စွာအံ့ဩချီးမွမ်းကြာခါ ရှင်တော်မြတ်ဘုရားကို ရိုသေစွာလက်အုပ်မိုး၍ ရှိခိုးကြကုန်၏။ ဥရုဝေလရသေ့ကြီးနှင့် ရသေ့တစ်ထောင်တို့သည် မြတ်ဗုဒ္ဓ၏ဟောပြတော်မူသော တရားတော်တို့ကို နာကြားကြကုန်သည်။ ဗုဒ္ဓဘုရား၏မဂ်ဖိုလ်ရောက်တရားကို နာကြားကြရသည်၏အဆုံး၌ ရသေ့အားလုံး ရဟန္တာများ ဖြစ်ကြကုန်သတည်း။

ဤသို့လျှင် နတ်မင်းကြီးလေးပါးလှူသော '**အနားလေးရစ်ရှိ သပိတ်တော်**'ဖြင့် တန်ခိုးပြာဋိဟာပြတော်မူကာ ပထမအကြိမ် သပိတ်တော်ကို အသုံးပြုခြင်းဖြစ်ပါသည်။

## ဗုဒ္ဓ၏ အနားလေးရစ်သပိတ်တော်နှင့်ညှိတော်အားချွတ်ခြင်း

မြတ်စွာဘုရားသခင်သည် ရာဇဂြိုဟ်ပြည်သို့ ပထမဦးစွာကြွတော်မူရခြင်းမှာ တောထွက်တော်မူလာစဉ်က ရာဇဂြိုဟ်ပြည်သို့ရောက်တော်မူရာဝယ် ဗိမ္ဗိသာရမင်းကြီးက အလောင်းတော်ကို ရဟန်းဘဝတွေ့စဉ်က လျှောက်လိုက်သော "ဘုရားဖြစ်တော်မူပါလျှင် အကျွန်ုပ်ပြည်သို့ ရှေးဦးပထမ ကြွခဲ့ပါဘုရား"ဟု လျှောက်ထားခြင်းကြောင့်ဖြစ်သည်။ ကြွရောက်တော်မူလျှင် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ဥယျာဉ်အတွင်း၌ ကျောင်းဆောက်၍ ရေစက်ချလှူသည်။ ဗုဒ္ဓသည် ဝေဠုဝန်ကျောင်း၌ သီတင်းသုံးနေတော်မူကြောင်းကို

http://www.dhammadownload.com



ခမည်းတော် သုဒ္ဓေါဒနမင်းကြီး ကြားသိတော်မူလျှင် ကပိလဝတ်ပြည်သို့ကြွလာတော်မူရန် ပင့်လျှောက်လာသောကြောင့် သက္ကရာဇ်(၁၀၄)ခု၊တပေါင်းလမှ ကပိလဝတ်ပြည်သို့ကြွတော်မူသည်။ ဗုဒ္ဓရှင်တော်မြတ် ကြွလာပြီဆိုသော သတင်းကိုကြားရန် ကာလုဒါယိထေရ်သည် သုဒ္ဓေါဒနမင်းကြီးထံ ကောင်းကင်ခရီးဖြင့်ကြွသွား သတင်းပို့နှင့်သည်။ မင်းကြီးသည် ဆွမ်းဘောဇဉ်စီစဉ်ပြီးလျှင် သားဘုရားအား ကပ်လှူပေးပါရန် ကာလုဒါယိမထေရ်ထံ ပန်ကြားသဖြင့် ကပိလဝတ်ပြည်သို့ရောက်သည်အထိ မိမိ၏နန်းတော်မှ ဆွမ်းကိုသာ ယူဆောင်၍ သားဘုရားအား ကပ်လှူပေးပါရန် ထပ်ဆင့်မေတ္တာရပ်ခံခဲ့သည်။ ဤသို့လျှင် နေ့စဉ်ပင် ကောင်းကင်ခရီးဖြင့် ယူဆောင်ကပ်လှူသဖြင့် ကာလုဒါယိအား 'ကုလပ္ပသာဒ'ဧတဒဂ်ထားတော်မူသည်။

ဗုဒ္ဓသည် တစ်နေ့လျှင် တစ်ယူဇနာကြွချီခြင်းဖြင့် ကပိလဝတ်ပြည်သို့ နှစ်လမြောက်သောနေ့၌ ဆိုက်ရောက်တော်မူသည်။ နိဂြောဓသာကီဝင်မင်းတို့၏ဥယျာဉ်တော်အလယ်၌ ဆွေတော်မျိုးတော်များက ဗုဒ္ဓအား ကျောင်းဆောက်လှူဒါန်းကြသည်။ ကပိလဝတ်ပြည် နိဂြောဓရုံကျောင်းတော်၌ ဆွေတော်မျိုးတော်များ အဖူးအမြော်လာကြသည်ကို တရားဟောကြားတော်မူပြီးသောအခါ ဆွေတော်မျိုးတော်တို့သည် ဦးခေါင်းညွတ်ကျိုး ရှိခိုး၍သာ အသီးသီးပြန်ကြကုန်သည်။ တစ်ဦးတစ်ယောက်သောသူကမျှ "ဆွမ်းအလှူခံတော်မူပါ"ဟု မပင့်မလျှောက်မိကြပေ။ ခမည်းတော်မင်းကြီးသည်လည်း "ငါ့သား ဘုရားသည် ငါ့နန်းတော်သို့သာ နေ့စဉ်နေ့တိုင်း ဆွမ်းစားကြွမှာပဲ"ဟု ယူဆ၍ ဆွမ်းစားမပင့်မိဘဲ နန်းတော်သို့ပြန်ခဲ့၏။ ထိုညဥ့်ကုန်မြောက်၍ နံနက်အလင်းသို့ရောက်သောအခါ "ရှေးရှေးက ပွင့်တော်မူပြီးကုန်သော နောင်တော်ဗုဒ္ဓဘုရားသို့သည် ဖွားတော်မူရာ မြို့ဒေသသို့ရောက်တော်မူသည့် အခါတွင် အဘယ်သို့လျှင် ဆွမ်းခံဝင်ကြလေကုန်သနည်း။ အိမ်စဉ်လျှောက်၍ ဆွမ်းခံကြသလော၊ သို့တည်းမဟုတ် မင်းစိုးရာဇာ အထက်တန်းလွှာကို

http://www.dhammadownload.com



မှ ရွေး၍ဆွမ်းခံကြသလော၊ သို့တည်းမဟုတ် မျက်နှာကြီးငယ်မရွေး အိမ်စဉ် မပြတ်ဆွမ်းခံရပ်လေသလော" ပုဗ္ဗေနိဝါသာနုဿတိအဘိညာဉ်ဖြင့် ဆင်ခြင်ကြည့် ရှုတော်မူသည်။ ရှေးက နောင်တော်ဘုရားတို့သည် မျက်နှာကြီးငယ်မလိုက် မရွေးမူ၍ အိမ်စဉ်မပြတ် ဆွမ်းခံခဲ့ကြသည်ကို မြင်တော်မူသည်။

ယခုငါလည်း ရှေးက နောင်တော်ဗုဒ္ဓတို့ကျင့်စဉ်ကို လိုက်နာကျင့် သုံးရမည်။ နောင်သောအခါ ငါ၏တပည့်သားရဟန်း သံဃာများသည်လည်း ငါ၏အတုကိုယူကြပြီးလျှင် အယုတ်အလတ်အမြတ်မရွေး အိမ်စဉ်လှည့်၍ ဆွမ်းရပ်ကာ ရဟန်းသံဃာတို့၏ကျင့်ဝတ်ကို ပြုကျင့်ကြလိမ့်မည်ဟု အကြံ ဖြစ်သဖြင့် မြို့တံခါးအဝင်အဝ အဖျားစွန်ကျသောအိမ်မှသည် တဲကုတ်အိမ် ငယ် အနိမ့်အမြင့်မရွေး အိမ်ရှေ့တိုင်း၌ 'နတ်မင်းကြီးလေးပါး လှူအပ်သော အနားလေးရစ်ကျောက်သပိတ်တော်'ကို ပိုက်၍ ဗုဒ္ဓဘုရားဆွမ်းရပ်ခဲ့သည်။

ဤသည်ကား ဒုတိယအကြိမ် အနားလေးရစ်သပိတ်တော်ကိုပိုက် ၍ အိမ်စဉ်လှည့်လည်လျက် ပထမဆုံးဆွမ်းခံရပ်တော်မူသော ဗုဒ္ဓဝင်ကျမ်း လာ အကြောင်းအရပ်ဖြစ်ပါသတည်း။

## ညီတော်နန္ဒမင်းသားလေးအား ကျွတ်စေသော သပိတ်တော်

ဗုဒ္ဓဘုရားသည် နတ်မင်းကြီးလေးပါးလှူသော အနားလေးရစ်ကျောက် သပိတ်တော်ဖြင့် ညီတော်နန္ဒမင်းသားအား ရဟန်းဘဝသို့ရောက်အောင် ဆောင်ကြဉ်းလာခဲ့ပုံကို ဗုဒ္ဓဝင်အရ ထုတ်နုတ်ဖော်ပြပါသည်။

မြတ်စွာဘုရားသခင်သည် ကပိလဝတ်နေပြည်တော်သို့ ရောက်တော် မူ၍ သုံးရက်မြောက်သောနေ့၌ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးသည် သား တော်နန္ဒမင်းသားအား အိမ်ရှေ့မင်းအဖြစ်အပ်နှံရန်အတွက် မင်းသားငယ် ကာလက ထုံးဖွဲ့ရင်းရှိသော ဥဿျှောင်ဆံထုံးကို ဖြည်ခြင်းမင်္ဂလာ၊ အိမ်ရှေ့ မင်းတို့၏ ဦးသျှောင်ထုံးမင်္ဂလာ၊ အိမ်ရှေ့မင်းဟူ၍ ကမ္ဗည်းတံဆိပ်ခပ်နှိပ်ထား

http://www.dhammadownload.com



သည့် ရွှေပြားသင်းကျစ်တော်ကို နဖူး၌စည်းတပ်ခြင်းမင်္ဂလာ၊ အိမ်ရှေ့စံနန်းတော်အပ်နှင်းပွဲမင်္ဂလာ၊ နမတော်ဇနပဒကလျာဏီနှင့် လက်ထပ်ထိမ်းမြားခြင်းမင်္ဂလာ၊ အိမ်ရှေ့ထီးဖြူစိုက်မင်္ဂလာ စသောမင်္ဂလာတို့ကို ဆင်ယင်ကျင်းပပြုလုပ်စေလေသည်။ ထိုအခါ မြတ်စွာဘုရားသည် ရွှေနန်းတော်သို့ကြွသွားတော်မူ၍ အနမောဒနာမင်္ဂလာစကားတရားဟောကြားတော်မူသည်။ ထို့နောက် နေရာမှ ထတော်မူကာ ညီတော်မင်းသားအား 'သပိတ်တော်'ကို ပွေ့စေပြီးလျှင် ကျောင်းတော်သို့ပြန်ရန် ထွက်ကြွတော်မူလာခဲ့သည်။

ရွှေနန်းတော်ဆောင်ခန်းမ၌ပင် မြတ်စွာဘုရားသည် သပိတ်တော်ကို ကိုယ်တော်တိုင်ယူရန်ဖြစ်သော်လည်း ညီတော်ကို ရဟန်းပြုပေးလိုသည့်အတွက် နန္ဒမင်းသား၏လက်မှ သပိတ်တော်ကို ယူ တော်မမူခဲ့ချေ။ နန္ဒမင်းသားသည်လည်း နောင်တော်ဘုရား၌ အလွန့်အလွန်ချစ်ကြောက်ရိုသေလှသဖြင့် "နောင်တော်မြတ်စွာဘုရား၊ အရှင်မြတ်ဘုရား၏ သပိတ်တော်ကို ယူတော်မူပါဘုရား" ဟူ၍ မလျှောက်ဝံ့ဘဲရှိနေလေ၏။ နန္ဒမင်းသားသည် စောင်းတန်းလှေခါးဦးရောက်လျှင် ယူတော်မူလိမ့်မည်ဟု ကြံစည်အောက်မေ့ကာ သပိတ်တော်ကို ပွေ့ချီလျက်သာ လိုက်ပါရလေ၏။ လှေခါးဦးသို့ရောက်သော်လည်း မယူချေ။ မင်းသားသည် လှေခါးအောက်ခြေသို့ရောက်သော် ယူလိမ့်မည်ဟုယူဆသော်လည်း မြတ်စွာဘုရားက ယူတော်မမူချေ။ သို့နှင့်ပင် မင်းနန်းရင်ပြင်သို့ရောက်တော်မူလျှင် ယူတော်မူလိမ့်မည်။ ထိုမှကြွသွားမြဲကြွသွားတော်မူလေသည်။ ဤသို့လျှင် နန်းမြို့မှလွန်သော်လည်း နောင်တော်ဘုရားက သပိတ်တော်ကို ယူတော်မမူလျှင် နန္ဒမင်းသားသည် အလိုမရှိဘဲ လိုက်ပါရသဖြင့် ပြန်လည်ဆုတ်ခဲ့လိုပါသော်လည်း နောင်တော်ဘုရား၌ လွန်စွာရိုသေလေးစားရကား "သပိတ်တော်ကို ယူတော်မူပါ"ဟု မလျှောက်ဝံ့ရှာဘဲ ဤအရပ်သို့ရောက်လျှင် ယူတော်မူလိမ့်မည်ဟူ၍သာ ယူလိမ့်နိုးနိုး မျှော်ကိုးလျက် နောက်တော်မှ လိုက်ပါသွားရှာလေ၏။

http://www.dhammadownload.com



ထိုအခါ နမတော် 'ဇနပဒကလျာဏီ'မင်းသမီးလေးက လေသာနန်း တံခါးဝရပ်ပြီးလျှင် "အို–မောင်တော်ဘုရား၊လျင်မြန်စွာ ပြန်လာတော်မူခဲ့ပါ ဘုရား"ဟု မှာကြားပြောဆိုလိုက်သောအသံကလေးကိုကြားယောင်လျက်သာ နန္ဒမင်းသား၏အသည်းကြား၌ တံကျင်လျှိုသကဲ့သို့ ဖြစ်ပါဘိ၏။ သို့နှင့်သာ တဖြည်းဖြည်း နောင်တော်မြတ်ဘုရား၏ကျောင်းတော်သို့ရောက်ခဲ့ရသည်။ ဤသို့လျှင် မြတ်စွာဘုရားသည် ညီတော်နန္ဒမင်းသားအား သူ့လက်မှသပိတ်တော်ကို ယူတော်မမူဘဲသာလျှင် ကျောင်းတော်သို့ရောက်အောင် ခေါ်ဆောင်ခဲ့၏။ ကျောင်းတော်သို့ရောက်လျှင် "ညီတော်နန္ဒ၊ ရဟန်းပြုနိုင်ပါမည်လော" ဟု မေးတော်မူလျှင် နန္ဒမင်းသားလည်း ဘုရားရှင်၌ ရိုသေကြောက်ရွံ့ခြင်းကြောင့် မပြုလိုပါဟု မဆိုဝံ့ရကား "ပြုပါမည်ဘုရား"ဟုသာ လျှောက်ထားလိုက်၏။ ဘုရားရှင်သည် ရှင်သာရိပုတ္တရာကိုခေါ်တော်မူ၍ ညီတော်နန္ဒမင်းသားကို ရဟန်းပြုစေသည်။

သို့ဖြစ်၍ ဗုဒ္ဓရှင်တော်မြတ်သည် 'သပိတ်တော်'ကို ညီတော်နန္ဒမင်းသားအား ပွေ့ယူစေကာ ကျောင်းတော်သို့ရောက်သည်အထိ လိုက်ပါစေပြီး ရဟန်းပြုပေးရာတွင် တတိယအကြိမ် သပိတ်တော်ကို အသုံးပြုခဲ့လေသည်။

## သရက်ဖြူပင်၌ တန်ခိုးပြခြင်း

ဗုဒ္ဓသည် ကဏ္ဍမ္ဗသရက်ဖြူပင်၌ တန်ခိုးပြာဋိဟာပြတော်မူရာတွင် ဤ'သပိတ်တော်'ကို ဖော်ပြပါရှိသည်မှာ ဗုဒ္ဓသည် အစဉ်သဖြင့် ဒေသစာရီ ကြွတော်မူရာဝယ် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်သို့ရောက်၍ သီတင်းသုံးနေတော်မူစဉ် တိတ္ထိတို့သည် မိမိတို့ကိုးကွယ်နေသောသူတို့ထံမှ အလှူခံပြီး၍ မဏ္ဍပ်ဆောက်လုပ်ကြပြီးလျှင် (ဤမဏ္ဍပ်၌ ငါတို့သည် တန်ခိုးပြာဋိဟာပြသမည်)ဟု ဝါကြွားပါလွှားနေကြသည်။

http://www.dhammadownload.com



ပဒေသနဒီကောလသမင်းကြီးသည် ဗုဒ္ဓထံတော်ပါးသို့သွား၍ "မြတ်စွာဘုရား၊ တပည့်တော်တို့လည်း အရှင်မြတ်ဘုရားအတွက် ပြာဋိဟာမဏ္ဍပ်ကို ဆောက်လုပ်ပါရစေဘုရား"ဟု ခွင့်တောင်းလေရာ "မြတ်သောမင်းကြီး၊ သိကြားနတ်မင်း ဆောက်လုပ်လိမ့်မည်"ဟု မိန့်ကြားတော်မူသည်။ မင်းကြီးက "အဘယ်အရပ်၌ တန်ခိုးပြာဋိဟာပြတော်မူပါမည်နည်း"ဟု ဗုဒ္ဓအား မေးလျှောက်ပြန်သောအခါ "မင်းကြီး၊ ကဏ္ဍမ္ဗသရက်ဖြူပင်အနီး၌ ပြသကြကုန်အံ့"ဟု မိန့်ကြားတော်မူသည်။ ထိုအခါ တိတ္ထိတို့သည် ဗုဒ္ဓသရက်ပင်အနီး၌ ပြာဋိဟာပြမည်ကိုကြားသော် အလွန်ကြောက်လန့်တုန်လှုပ်ကြ၍ သာဝတ္ထိပြည် ပတ်ဝန်းကျင်တွင်ရှိသော သရက်ပင်အားလုံးကို ပင်ပေါက်မျှမကျန်အောင် ခုတ်လှဲနုတ်ပစ်ကြလေသည်။

ဝါဆိုလပြည့်နေ့၌ ဗုဒ္ဓရှင်တော်မြတ်ဘုရားသည် ရဟန်းအပေါင်းခြံရံလျက် သာဝတ္ထိပြည်အတွင်းသို့ ဆွမ်းခံဝင်တော်မူလေသည်။ ထိုအချိန်၌ပင် ကောသလမင်းကြီး၏ သရက်ဥယျာဉ်မှူးဖြစ်သော ကဏ္ဍသည် သရက်ပင်တစ်ပင်ထက်၌ ခါချဉ်ထုပ်ဟောင်းအတွင်းမှ သရက်သီးမှည့်တစ်လုံးကို တွေ့၍ ဆွတ်ခူးယူပြီးနောက် မင်းကြီးထံဆက်အံ့ဟု ယူဆောင်လာခဲ့၏။ လမ်းခရီး၌ ဗုဒ္ဓဆွမ်းခံကြွလာသည်နှင့်ကြုံနေရကား ဗုဒ္ဓအား ကြည်ညိုစိတ်လွန်ကဲလာကာ ဤသရက်သီးကို ဗုဒ္ဓအား လှူဒါန်းဆက်ကပ်ရမူ ငါ့အတွက် ဘဝသံသရာကျင်လည်သမျှ အကျိုးစီးပွားဖြစ်ထွန်းရာလေသည်ဟု အကြံရ၍ မဆိုင်မတွပင် ဗုဒ္ဓအား သရက်သီးကို ဆက်ကပ်သည်တွင် ဗုဒ္ဓသည် ရှင်အာနန္ဒာမထေရ်ကို ကြည့်တော်မူလေသည်။ ရှင်အာနန္ဒာမထေရ်သည် မိမိအား ဗုဒ္ဓကြည့်တော်မူသည်နှင့်ပင် ဗုဒ္ဓသည် ကဏ္ဍ၏သရက်သီးကို လက်ခံတော်မူမည့်ဆန္ဒရှိကြောင်း သိရှိပြီးဖြစ်ရကား စတုမဟာရာဇ်နတ်မင်းကြီးလေးပါးတို့လှူသော 'အနားလေးရစ်ရှိ ကျောက်ညိုသပိတ်တော်'ကို အိမ်မှထုတ်၍ ဗုဒ္ဓ၏လက်တော်သို့အပ်လေလျှင် ဗုဒ္ဓသည် ထိုသရက်သီးကို သပိတ်တော်ဖြင့်

http://www.dhammadownload.com



ပလှူခံတော်မူသည်။

သပိတ်တော်ကို စတုတ္ထအကြိမ်အဖြစ် သရက်သီးကိုအလှူခံယူတော်မူပြီးနောက် ထိုသရက်ဥယျာဉ်အနီး၌ပင် ရပ်တော်မူသောအခါ ညီတော်အာနန္ဒာသည် မိမိပခုံးထက်၌တင်ယူခဲ့သော သင်္ကန်းကိုခင်းပေးသည်။ ဗုဒ္ဓသည် ထိုအခင်းတွင်ထိုင်တော်မူ၍ သရက်သီးကို ဘုဉ်းပေးတော်မူသည်။ ပြီးလျှင် သရက်စေ့ကို ထိုဥယျာဉ်မှူးအား ဤနေရာ၌စိုက်လော့ဟု အပ်တော်မူသည်။ ဥယျာဉ်စောင့်လည်း မြေတူး၍စိုက်လေသည်။ ဗုဒ္ဓသည် စိုက်ရာမြေကွက်၌ 'သပိတ်တော်'မှရေဖြင့် လက်ဆေးတော်မူသည်။ လက်ဆေးရေ မြေသို့ကျလျှင် မီးပုံမှတက်သော မီးနိုက်ခဲ့သို့ ထွန်းတုံးခန့်ပမာဏပင်စည်ရှိ တံရှိသော သရက်ပင်သည် အညှောက်၊အခက်တို့ဖြင့် သီးပွင့်ဝေဆာ ကြီးထွားစွာ ထွက်လာလေသည်။ ဗုဒ္ဓသည် ထိုသရက်ပင်အနီး၌ပင် ရေအစုံ မီးအစုံဖြင့် တန်ခိုးပြာဋိဟာပြတော်မူသည်။ အထူး ထူး အဆန်းဆန်း အံ့မခန်းလောက်သော တန်ခိုးပြာဋိဟာမျိုးစုံကို ပြတော်မူသည်။

သရက်ပင်ပေါက်လာသောအကြောင်းချင်းရာများကို ကောလသမင်းကြီးနှင့် နန်းတွင်းသူ နန်းတွင်းသားအများ ကြားသိကြရာတွင် ဝမ်းမြောက်ဝမ်းသာစွာ သွားရောက်ကြည့်ရှုကြကုန်၏။ ပြာဋိဟာပြပွဲသို့ လူအပေါင်း၊ ရဟန်းများနှင့်တိတ္ထိအပေါင်းတို့သည် လာရောက်တအံ့တသြကြည့်ရှုကြကုန်သည်။ သရက်ပင်မှကြွေကျသောအသီးတို့ကို စားသောက်ကြ၍ လူတို့သည် ပစေ့အဖတ်တို့ဖြင့် တိတ္ထိတို့အား ပစ်ခတ်ကြကာ ဟယ်-တိတ္ထိတို့ ငါတို့ဆရာဂေါတမနှင့်တန်ခိုးပြိုင်၍ ပြမည်ဟု သင်တို့ကြွေးဝါးကြသော်လည်း အထူးတလည်အစ်စုံတစ်ရာကိုမျှ ငါတို့မမြင်ကြရ၊ သရက်ပင်များသာ ပြွတ်ပြွတ်ပြွန်း၍ ဖြွန်းတီးပစ်ကြသည်ဟု ဆဲရေးကြသည်။ တိတ္ထိတို့လည်း မိမိတို့မဏ္ဍပ်ထဲသို့ ပြေးဝင်စုဝေးကာသာနေကြရသည်။ သိကြားမင်းလည်း လေနတ်သားအားခေါ်၍ မလျော်သောအကြံရှိသည့် တိတ္ထိတို့၏မဏ္ဍပ်ကို လေမုန်တိုင်းဖြင့်ခတ်၍

http://www.dhammadownload.com



ဖျက်ဆီးတော့လော့ဟုစေ၏။ တိတ္ထိတို့အပေါ်၌သာ မိုးကောလေပါ ပြဘိဟု မိန့်မှာသည်။

ဘုရားရှင်သည် သုံးဆယ့်ခြောက်ယူဇနာမြေအရပ်၌ ခြေရာစပ်မျှ ပရိသတ်တို့ စည်းဝေးရောက်လာကြသည်ကိုမြင်လျှင် (ထက်ဝန်းကျင်သော စကြာဝဠာတိုက်အလုံးကို ဖုံးကွယ်ခြင်းမရှိ ပကာတိမြင်စေတတ်သော လောက ဝိဝရဏ တန်ခိုးတော်ကို ဖွင့်တော်မူ၍ စကြာဝဠာတစ်တိုက်လုံး ဟင်းလင်း ပွင့်သဖြင့် အားလုံးမြင်ကြရ၏) လက်ဝဲရံ လက်ယာရံနှင့် ရဟန္တာမြတ်များ, ရဟန္တာမများကို မိမိတို့တန်ခိုးပြပါရစေဟု အမျိုးမျိုးတန်ခိုးတွေကို ထုတ်ဖော် ကာ ခွင့်တောင်းကြသော်လည်း ခွင့်ပြုတော်မမူဘဲ ကိုယ်တော်တိုင်သာ ပြာဋိ ဟာများကို ပြတော်မူသည်။ မြတ်စွာဘုရားသည် 'ကိုယ်တော်ပွားနိမ္မိတဗုဒ္ဓ တစ်ဆူ'ကို ကိုယ်တော်နှင့်အသွင်တူစွာ ဖန်ဆင်းတော်မူ၍ ကိုယ်တော်မြတ် စင်္ကြံကြွသော် နိမ္မိတဘုရားအလောင်းသည် ထိုင်၏။ ကိုယ်တော်တိုင် ထိုင်ဘိ သော် နိမ္မိတဘုရားရပ်တော်မူသည် စသည်လည်းကောင်း၊ထူးခြားသောပြဿနာ, နက်နဲသောတရားစကားတွေကို နိမ္မိတဗုဒ္ဓက မေးသော် ဗုဒ္ဓကိုယ်တော်တိုင် ဖြေတော်မူသည်။ ထိုအခါ ဟောကြားသောတရားတော်ကို နာကြားကြရ သဖြင့် အကုဋေမကသော လူနတ်ဗြဟ္မာတို့သည် 'ဓမ္မာဘိသမယ'ကို ရကြ လေကုန်သတည်း။

ဤသို့ တန်ခိုးပြာဋိဟာ အကြီးအကျယ်ပြတော်မူသောအခါ၌လည်း 'အနားလေးရစ်ရှိ သပိတ်တော်'ကို အသုံးပြုကြောင်း ထုတ်ဖော်ရေးသား မှတ်တမ်းတင်ထားကြလေသည်။ ဤကား စတုတ္ထအကြိမ် သပိတ်တော်ကို အကြောင်းပြုသည်။

http://www.dhammadownload.com

## ဥရုဝေလတောသို့ ဆွမ်းခံကြွတော်မူခြင်း

မြတ်စွာဘုရားသခင်သည် သတ္တမဝါတော်ကို တာဝတိံသာနတ်ပြည်၌ ဝါကပ်တော်မူကာ မယ်တော်မိနတ်သားအား နတ်ပြဟ္မာအပေါင်းတို့နှင့်တကွ အဘိဓမ္မာတရားတော်ကို ဝါတွင်းကာလပတ်လုံး နေ့ရောညဥ့်ပါ ဟောတော်မူသည်။ (ဗုဒ္ဓ၏ခန္ဓာတော်သည် မည်သို့သောအကြောင်းကြောင့် မျှတနိုင်သနည်းဆိုသော်) လူတို့ပြည်၌ အချိန်အခါကိုမှတ်တော်မူ၍ ဤဗိမ္ဗိ ဒိပ်ကျွန်း၌ နေဝန်းတက်ချိန်သင့်သောအခါတွင် 'သွင်ပြင်ဟန်ပန် သရုပ်ဝါ ရည်တူမျှသော သွင်ပြင်တူ နိမ္မိတဘုရားရုပ်ပွားတော်တစ်ပါးကို ဖန်ဆင်းတော်မူ၍ ငါ၏ကိုယ်စား ဤဘုရားသည် ဤမျှလောက်သောတရားကို ဟောကြားစေသတည်း'ဟု စိတ္တာန်တော်မူလျက် ပဉ္စာကမ္ဗလာကျောက်ဖျာနေရာ၌ ကောင်းစွာထားတော်မူခဲ့ပြီးနောက် ကိုယ်တော်စစ်မှာမူကား 'သင်္ကန်း–သပိတ်'ပြင်ဆင်လျက် နတ်ပြည်မှဆင်းသက်ခဲ့၍ ဟိမဝန္တာတော အနောတတ်ရေအိုင်၏အနီး နံ့သာပင်ရင်း၌ ခင်းထားအပ်သော ဆေးဒန်းမြင်းသီလာ ကျောက်မြေပေါ် ဝယ် ရပ်တော်မူသည်။ ထိုအခါ ဟိမဝန္တာတွင်နေကြကုန်သော နတ်များ,နဂါးများတို့သည် ဗုဒ္ဓကြွရောက်နေသည်ကို သိရှိကြည်ညိုရကား နာလတာမည်သော ကွမ်းရိုးဒန်ပူကို ကပ်လှူကြသည်။ ဗုဒ္ဓသည် နဂါးတို့ကပ်လှူသော ကွမ်းရိုးဒန်ပူကို အလှူခံတော်မူပြီးလျှင် ကျောက်ဖျာပေါ်၌ရပ်၍ အလွန်နီမြန်းသော သင်္ကန်းအစုံကို ဝတ်ရုံသပ္ပါယ်တော်မူသည်။ ထို့နောက် 'နတ်မင်းကြီးလေးပါးလှူဒါန်းသော အနားလေးရစ်ကျောက်သပိတ်တော်'ကို ယူဆောင်တော်မူပြီးလျှင် မြောက်ဥတ္တရကုရုကျွန်းသို့ ဆွမ်းခံကြွတော်မူသည်။

မြောက်ကျွန်းသူကျွန်းသားတို့သည် ဗုဒ္ဓအား နတ်သုဒ္ဓါကဲ့သို့သော ဆွမ်းခဲဘွယ်ဘောဇဉ်တို့ကို လှူကြသည်။ ဗုဒ္ဓအား ယင်းသို့လှူကြရသဖြင့် သဒ္ဓါကြည်ဖြူရွှင်မြူးကြကုန်၏။ ဗုဒ္ဓသည် မျှလောက်ရုံသောဆွမ်းကိုရလျှင် မြောက်ကျွန်းမှ ပြန်ကြွခဲ့ပြီး အနောတတ်ရေအိုင်အနီးတွင် ဆွမ်းဘုဉ်းပေး

http://www.dhammadownload.com



လေသည်။ ပြီးလျှင် ကျယ်ပြန့်လှသော စန္ဒကူးတောကြီးသို့ဝင်၍ နေ့သန့်တော်မူသည်။ ဗုဒ္ဓစံပါယ်တော်မူနေပြီဟု သိရှိသဖြင့် ဓမ္မသေနာပတိရှင်သာသာရိပုတ္တရာထေရ်သည် နံ့သာတောသို့ လျှင်စွာလာ၍ ခြေတော်ကို ဆုပ်နယ်ခြင်း၊ ယပ်လေခတ်ခြင်း၊ သောက်ရေသုံးရေကိုတည်ခြင်းစသော ဝတ်ကြီးဝတ်ငယ်ကိုပြု၍ ဆည်းကပ်စောင့်၏။ ဗုဒ္ဓက "ချစ်သား သာရိပုတ္တရာ၊ ငါ ယနေ့ ဤမျှသော အဘိဓမ္မတရားကို နတ်အပေါင်းတို့အား ဟောခဲ့ပြီ"ဟု တရာအကျဉ်းကို မိန့်ကြားနည်းပေးသည်။ ရှင်သာရိပုတ္တရာသည် မဟာတိက္ခပုဂ္ဂိုလ်ဖြစ်ရကား နည်းအမြွက်မျှသင်ကြားနာယူရသည်နှင့်ပင် ကမ်းစွန်းမှရပ်တည်ကာ သမုဒ္ဒရာကိုညွှန်ပြသကဲ့သို့ နတ်တို့အား ဟောကြားသော အဘိဓမ္မတရားအကျယ်ကို သိမြင်လေ၏။

ဤကဲ့သို့ပင် ဗုဒ္ဓသည် 'သပိတ်တော်'ကို ကိုယ်တော်တိုင်ကိုင်ဆောင်၍ မြောက်ကျွန်းသို့ဆွမ်းအလှူခံကြွရာတွင် ကိုယ်တိုင်သုံးစွဲခဲ့ကြောင်း ဗုဒ္ဓဝင်၌ ထင်ရှားပြဆိုခဲ့သောအကြောင်းခြင်းရာ ဖြစ်ပါသည်။

ဤကား ပဌမအကြိမ် ဖော်ပြခြင်းဖြစ်၏။

## ဗုဒ္ဓသပိတ်၏ တန်ခိုးတော်

ဗုဒ္ဓမြတ်စွာသည် နတ်မင်းကြီးလေးပါးလှူသော အနားလေးရစ်သပိတ်တော်ကို အသုံးပြုကြောင်း အခါခါဖော်ပြထားသည်။ နောက်ဆုံးတွင် ရွှေပန်းထိမ်သည် 'စုန္ဒ'၏သား ပြွမ်းဆွမ်းကို ဘုဉ်းပေးပြီးသောအခါ ကြမ်းတမ်းပြင်းထန်သော ဝမ်းသွားရောဂါဖြစ်၏။ နာကျင်ကိုက်ခဲလှသဖြင့် (ဗုဒ္ဓသည် 'သတိရှိတော်မူ၍သာ အမှတ်မဲ့မဟုတ်မူ၍သာ'ဝေဒနာကို သည်းခံနိုင်သဖြင့် မပင်ပန်းလှဘဲ ရှိတော်မူ၏) မြတ်ဗုဒ္ဓသည် ညီတော်အား "အာနန္ဒာ၊ ကုသိနာရုံပြည်သို့ ငါတို့သွားကြကုန်အံ့"ဟု မိန့်ကြားတော်မူလျှင် ရှင်အာနန္ဒာ

http://www.dhammadownload.com



သည် "ကောင်းပါပြီ မြတ်စွာဘုရား"ဟု ဝန်ခံပြီး ရဟန်းသံဃာများနှင့် ကုသိနာရုံပြည်သို့ကြွတော်မူကြလေသည်။ ကုသိနာရုံပြည်သို့ ကြွရာလမ်းခရီးတွင် ခေတ္တရပ်နားလျက် သစ်ပင်တစ်ပင်အရင်း၌ကပ်ပြီးလျှင် "အာနန္ဒာ၊ ငါ၏ဒုကုဋ်ကို လေးထပ်ခေါက်၍ ခင်းလော့၊ ငါသည် ပင်ပန်းနွမ်းနယ်လှပြီ၊ ဤနေရာ၌ ထိုင်နေဦးအံ့"ဟု မိန့်တော်မူသည်။ ရှင်အာနန္ဒာက "ကောင်းလှပါပြီဘုရား"ဟု ဝန်ခံ၍ ဒုကုဋ်တော်ကို လေးခေါက်ထပ်၍ခင်းပေး၏။ ဤသို့နေတော်မူပြီးလျှင် ဗုဒ္ဓသည် ရှင်အာနန္ဒာကိုခေါ်ပြန်၍ "ချစ်သားအာနန္ဒာ ငါ၏သပိတ်တော်ကိုယူ၍ သောက်ရေကို ဆောင်ယူပါချေ၊ ငါသည် ရေငတ်လှ၏"ဟု မိန့်ဆို၏။

"မြတ်စွာဘုရား၊ ယခုပင် ငါးရာသောလှည်းတို့သည် မြစ်ငယ်ကို ဖြတ်ကူးသွားကြကုန်၏။ လှည်းများသွားကြသောကြောင့် မြစ်အတွင်းရှိ အနည်းငယ်မျှသောရေတို့သည် နောက်ကျိနေပါပြီ။ ရှေ့မနီးမဝေးအရပ်တွင် ရှိ ကကုဓချောင်းသည် ကြည်လင်သောရေရှိပါ၏၊ ချိုမြိန်ပါ၏၊ အေးမြဖြူစင်လှပါ၏။ မွေ့လျော်ဘွယ်ကောင်းသော,ဆိပ်ကမ်းရှိသော ထိုကကုဓချောင်းသို့ရောက်သောအခါမှပင် ရေသောက်တော်မူပါ။ ကိုယ်တော်လည်း အေးချမ်းအောင်ပြုတော်မူပါဘုရား"ဟု လျှောက်ထားခဲ့၏။ နှစ်ကြိမ်မြောက်ရေယူခိုင်းပြန်သည်။ ရှင်အာနန္ဒာလည်း ရှေးနည်းအတိုင်း လျှောက်ပြန်၏။ သုံးကြိမ်မြောက်စေခိုင်းပြန်သည်၊ ထိုအခါ "အာဏာတော်ကို မလွန်ဆန်ပါပြီဘုရား" ဟု ရှင်အာနန္ဒာသည် ဝန်ခံ၍ သပိတ်တော်ကိုယူလျက် လှည်းများဖြတ်သွားသောမြစ်ငယ်သို့ ရေခပ်ဆင်းသည်။ ရေမှာအနည်းငယ်သာရှိ၍ လှည်းများဖြတ်သွားသောကြောင့် နောက်ကျိစွာစီးဆင်းနေသည်။ ထိုမြစ်ရေကို ရှင်အာနန္ဒာက 'ဗုဒ္ဓ၏သပိတ်တော်'ကို ရေ၌ချ၍ခပ်ယူလိုက်သောအခါ အံ့ဩဘွယ်ရာ ရေသည် မနောက်ကျိတော့ဘဲ သန့်ရှင်းကြည်လင်စွာစီးဆင်းလာသည်။ ထိုအခါ ရှင်အာနန္ဒာသည် "မြတ်စွာဘုရား၏ကြီးကျယ်လှစွာတန်ခိုး

http://www.dhammadownload.com



တော်သည် အံ့ဘွယ်ရှိပေစွ၊ မဖြစ်စဖူး ထူးကဲလှပေစွ။ ငါးရာသောလှည်းတို့ ဖြတ်ကူးကြသဖြင့် အနည်းငယ်သာရှိသောရေသည် နောက်ကျိစွာစီးဆင်းနေသော ဤမြစ်ရေသည် ဗုဒ္ဓ၏သပိတ်တော်နှင့် ခပ်ယူလိုက်သောအခါ မနောက်ကျိတော့ဘဲ သန့်ရှင်းစင်ကြယ်စွာ စီးဆင်းနေဘိသည်တကား၊ အံ့သြဘွယ်ကောင်းလေစွ"ဟု များစွာအံ့သြခြင်းဖြစ်လျက် 'သပိတ်တော်'ဖြင့် သောက်ရေကြည်ကိုယူလျက် မြတ်စွာဘုရားထံတော်သို့ လျှင်မြန်စွာဆောင်ယူခဲ့၍ "ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ အရှင်ဘုရား၏ကြီးကျယ်တော်မူသော တန်ခိုးအာနုဘော်သည် အံ့ဘွယ်ရှိပါပေ၏။ မဖြစ်စဖူးမြဲထူးကဲလှပါပေ၏။ လှည်းများဖြစ်ကူးသွားသောကြောင့် နောက်ကျိနေသော အနည်းငယ်မျှရှိသော မြစ်ရေသည် တပည့်တော် အရှင်ဘုရား၏သပိတ်တော်ဖြင့် ရေခပ်သောခဏ၌ပင် သန့်ရှင်းကြည်လင်စင်ကြယ်စွာ စီးမြဲစီးနေပါတော့သည် အရှင်ဘုရား။ ဤကြည်လင်အေးမြသောရေကို သောက်တော်မူပါဘုရား"ဟု ဗုဒ္ဓအား သပိတ်တော်ဖြင့် ခပ်ယူလာသောမြစ်ရေကို ကပ်၏။ ဗုဒ္ဓသည် နှစ်မြို့က်စွာ သောက်တော်မူလေ၏။

ဤကား မြတ်ဗုဒ္ဓ၏ သပိတ်တော်သည် ထူးဆန်းအံ့သြဘွယ်ရာ တန်ခိုးပြသည်မှာ ခြောက်ကြိမ်မြောက်ဖြစ်ပါသည်။ ဗုဒ္ဓဝင်ကျမ်း၌ ဗုဒ္ဓသက်တော်ထင်ရှားရှိစဉ်ကာလအတွင်း အနားလေးရစ်သပိတ်တော်သည် နောက်ဆုံးသောက်တော်ရေကြည်ကို သုံးဆောင်ရာတွင် အသုံးပြုရာ၌ သပိတ်တော်၏ထူးခြားသောတန်ခိုးတော်၏အဖြစ်ဆန်းတစ်ရပ်ကို ဖော်ပြထားခြင်းဖြစ်၏။

http://www.dhammadownload.com

# သပိတ်တော်ကို လူတို့ကိုးကွယ်စေရန် လူတို့ဝေသာလီသို့ချီးမြှင့်ခြင်း

ဝေသာလီပြည် လစ္ဆဝီမင်းတို့သည် ဘုရားရှင်အား လွန်စွာကြည်ညို ကြသည်ဖြစ်၍ ဗုဒ္ဓပရိနိဗ္ဗာန်စံဝင်တော်မူလျှင် အတူတကွလိုက်၍သေတော့ မည်ဟု လျှောက်ထားကြသောအခါ ဗုဒ္ဓက လစ္ဆဝီမင်းတို့ လျှောက်ကြားချက် ကို လက်ခံတော်မမူချေ။ ဗုဒ္ဓသည် လစ္ဆဝီမင်းတို့မလိုက်နိုင်စေရန် ကိုယ် တော်မြတ်နှင့် လစ္ဆဝီမင်းတို့အကြားတွင် ချောင်းကြီးတစ်ခုကို ဖန်ဆင်းတော် မူသည်။ လစ္ဆဝီမင်းတို့လည်း ချောင်းကြီးကို ဖြတ်ကူးခြင်းငှာ မတတ်နိုင်ဘဲ ဖြစ်ကုန်၍ ပူဆွေးငိုကြွေး ပူပန်ဆင်းရဲကြကုန်၏။ သို့ရာတွင် ဗုဒ္ဓသည် ကိုယ်တော်တိုင် (၄၅)ဝါကာလပတ်လုံး ကိုယ်နှင့်မကွာ ကိုင်ဆောင်အသုံးပြု တော်မူခဲ့သော နတ်မင်းကြီးလေးပါးတို့လှူအပ်သော အနားလေးရစ်ရှိ ကျောက် ညိုသပိတ်တော်ကို "နောင်သောအခါ လူနတ်ဗြဟ္မာသတ္တဝါတို့အား တန်ခိုး ပြာဋိဟာပြ၍ ကယ်ချွတ်နိုင်စေသတည်း'ဟု အဓိဋ္ဌာန်ပြုကာ လစ္ဆဝီမင်းတို့အား **'ပူဇော်ရစ်ကြလော့'**ဟု ဗုဒ္ဓ၏သပိတ်တော်ကို နောက်ဆုံးချီးမြှင့်လျက် တိုင်း ပြည်သို့ပြန်စေလေ၏။ ၎င်းနောက် ဗုဒ္ဓသည် ဆက်လက်၍ ကုသိနာရုံပြည် သို့ ကြွသွားတော်မူလေသည်။

ထိုနေရာတွင် ယင်းအဖြစ်အပျက်များကို ကျောက်၌ထုထွင်းရေးသား လျက် စာတန်းထိုးထားသော **'ကျောက်စာတိုင်ကြီး'**တစ်တိုင်စိုက်ထူကာ အ မှတ်အသားပြုခဲ့ကြသတည်း။

တရုတ်ရဟန်းတော်ကြီး ဖာဟီယန်သည် နယ်လှည့်ခရီးစဉ်စာတန်း ၌ အောက်ပါအတိုင်း ဖော်ပြမှတ်တမ်းတင်ထားသည်ကို တွေ့ရှိရပြန်ပါသည်။ ရဟန်းတော်ကြီးဖာဟီယန်သည် ကုသိနာရုံမှ အရှေ့တောင်ဘက်သို့ ၁၂- ယူဇနာ ဆက်လက်သွားသောအခါ လွန်စွာထူးခြားမှတ်သားဘွယ်ရာဖြစ်သော

http://www.dhammadownload.com



နေရာတစ်ခုသို့ ရောက်ပြန်လေသည်။ ထိုနေရာ၌ တရုတ်ဘုန်းတော်ကြီး ကိုယ်တိုင် အထက်ပါအတိုင်း ကျောက်စာတိုင်ကြီးများကို မြင်တွေ့ခဲ့ရကြောင်း အကိုးအကားနှင့်တကွ စိတ်ဝင်စားဘွယ်ရာ မှတ်တမ်းတင်၍ ဖော်ပြထားခဲ့ပြန်သည်။ ထိုအချက်ကို ဗုဒ္ဓဝင်ကျမ်းများတွင် မတွေ့ရသော်လည်း ဖာဟီယန်က ကျောက်တိုင်နှင့်တကွ စာတန်းကို ကိုယ်တိုင်တွေ့မြင်ခဲ့ရကြောင်း ကမ္ဘည်းစာတန်းနှင့်တကွ ကိုးကားရေးမှတ်ထားသည့်အတွက် ဗုဒ္ဓ၏အနှာလေးရစ်သပိတ်တော်ကို လူတို့ကိုးကွယ်ဆည်းကပ်စေရန် လူတို့၏လက်တွင်းသို့ထည့်သွင်းချီးမြှင့်ခဲ့ခြင်းမှာ အမှန်ပင်ဖြစ်၍ ဤနည်းကြောင့်သာလျှင် ယခုတိုင် လူတို့လက်ထက်၌ 'ဆည်းကပ်ကိုးကွယ်ကြရသဖြင့် ာန်ခိုးပြာဋိဟာကိုပြကာ ဘေးအန္တရာယ်အပေါင်းတို့ကို ကာကွယ်ပေးခြင်း'နှင့် နောက်ဆုံး မြန်မာပြည်သို့ကြွတော်မူကာ ယခုတိုင် သက်သေထင်ရှားကိုးကွယ်ဆည်းကပ်နေကြရသတည်း။

ဗုဒ္ဓရှင်တော်မြတ်ဘုရားသည် နောက်ဆုံးပရိနိဗ္ဗာန်ပြုခါနီးအချိန်၌ ဗုဒ္ဓဘာသာဝင် လစ္ဆဝီမင်းနှင့်လူအများလက်သို့ "နောင်တွင် ငါ၏ကိုယ်စားကိုးကွယ်ရစ်ကြလော့"ဟု ဗုဒ္ဓပရိနိဗ္ဗာန်ပြုမည်ကို လွန်စွာပူဆွေးသောကရောက်နေကြသော လူတို့၏လက်တွင်းသို့ ကိုယ်စားတော်သပိတ်ကို ချီးမြှင့်တော်မူခြင်း ဖြစ်ပါသတည်း။ နောက်ဆုံး(၇)ကြိမ်မြောက် သပိတ်တော်ကို အသုံးပြုခြင်း ဖြစ်ပါသည်။

❖❖❖

http://www.dhammadownload.com

# ထေထိယပိုင်း

## အဂ္ဂတသတ်မင်းနှင့်ဓာတ်တော်တိုက်

သက္ကရာဇ်(၅၀၀)ခုနှစ်တွင် သီဟိုဠ်ကျွမ်း ရှင်မဟာဗုဒ္ဓဃောသ ပြုစုရေးသားသော 'သုမင်္ဂလဝိလာသိနီကျမ်း'တွင် ဗုဒ္ဓသပိတ်တော်အကြောင်း ဖော်ပြချက်များကို အစောဆုံး လင်္ကာဒီပ သီဟိုဠ်ကျွန်း၌ စတင်တွေ့ရှိလာခဲ့သည်။ ထိုကျမ်းတွင် ဗုဒ္ဓပရိနိဗ္ဗာန်ပြုပြီးနောက် ဓာတ်တော်များမှ အချို့ကို သာလျှင် ရှစ်ပြည်ထောင်မင်းအပေါင်းတို့အား ခွဲဝေပေးခဲ့သည်ဟု အနိုင်အမာ ဖွင့်ဆိုထားလေသည်။ ကျန်ဓာတ်တော်များကို အဇာတသတ်မင်းယူ၍ စေတီပုထိုးများတည်ထားကိုးကွယ်ရာတွင် 'မြတ်ဗုဒ္ဓသပိတ်တော်'လည်း ပါဝင်သည်ဟု ဆိုသည်။ ဗုဒ္ဓ၏မဟာပရိနိဗ္ဗာနသာဒုကိဠနု ပူဇော်ပွဲကြီးတွင် ရှေ့ဆောင်ဦးအဖြစ် တင်မြှောက်ခြင်းခံရသော ရှင်မဟာကဿပမထေရ်ကြီး၏ ဩဝါဒကိုခံယူလျက် အဇာတသတ်မင်းသည် ဓာတ်တော်များကိုစ၍ စေတီတည်ပြန်သေးသည်။

ဗုဒ္ဓ၏သွားတော်လေးဆယ်၊ ဆံတော်သုံးကုဋေခြောက်သန်း၊အမွေးတော် ကိုးကုဋေတို့ နတ်အပေါင်းတို့ ခွဲဝေယူကြပြီးလျှင် စကြာဝဠာအဆင့်ဆင့်သို့ ပင့်ဆောင်ကိုးကွယ်ထားကြသည်။ ဗုဒ္ဓ၏အသုံးအဆောင် ပရိဘောဂများကို စေတီတည်၍ ကိုးကွယ်ကြရာ၌ (၁) စတုမဟာရာဇ်နတ်မင်းကြီးလေးပါး လှူဒါန်းသော ပဲနောက်အဆင်းရှိ ကျောက်သပိတ်တော်၊ တောင်ဝှေးတော်၊ သင်းပိုင်တော်တို့ကို ဂုရုတိုင်း၌ စေတီတွင် ဌာပနာသည်။ (၂) ပဲခွပ်၊ အပ်၊ အပ်ချည်များကို ဣန္ဒပတ္တနဂိုရ်ပြည်သို့ ယူဆောင်လျက် ဌာပနာ၍ စေတီတည်ထားသည်။ (၃) အပေါ်လွှမ်းခင်းနှီးကို ကပိလဝတ်ပြည်၌ ဌာပနာ၍ စေတီတည်သည်။ (၄) မွေ့ကရိဏ်း၊ ရေစစ်၊ ခါးပန်းကြိုးများကို ပါဋလိပုတ်ပြည်၌ စေတီတည်၍ ဌာပနာသည်။ (၅) ရေသနုတ်တော်ကို

http://www.dhammadownload.com



စမွာပြည်၌ ဌာပနာ၍ စေတီတည်သည်။ (၆) ဥဏှာလုံမွေးရှင်တော်မြတ်ကို ကောသလတိုင်း သာဝတ္ထိပြည်၌ ဌာပနာ၍ စေတီတည်ထားကိုးကွယ်ကြသည်။ (၇) ကိုယ်ဝတ်ဒုကုဋ်တော်ကို ဗြဟ္မာပြည်တွင် စေတီတည်၍ ဌာပနာထားသည်။ သိဒ္ဓတ္ထမင်းသား တောထွက်ပြီးနောက် ပါလာသည့် အဝတ်တန်ဆာများကို ဗြဟ္မာတို့ ပင့်ဆောင်စေတီတည်ထား၍ 'ဒုဿစေတီ'ဟု အမည်တွင်ခဲ့သဖြင့် ထိုစေတီနှင့်ပါဆိုလျှင် ဗြဟ္မာပြည်၌ စေတီနှစ်ဆူဖြစ်သည်။ (၈) ဦးရစ် သို့မဟုတ် ခေါင်းပေါင်းတော်ကို တာဝတိံသာနတ်တို့သည် တာဝတိံသာ၌ပင် စူဠာမဏိစေတီတော်တွင် ဦးသျှောင်ဆံတော်မြတ်နှင့်အတူ ဌာပနာ၍ ကိုးကွယ်ကြသည်။ (၉) နိသီဒိုင်ကို အဝန္တိတိုင်း ဥဇ္ဇေနီပြည်၌ ဌာပနာ၍ စေတီတည်သည်။ (၁၀) ပွတ်ခုံ၊ ပွတ်ကျည်၊ ရေစစ်တို့ကို ဝိဒေသတိုင်း မိတ္ထိလာပြည်တွင် စေတီတည်သည်။ (၁၁) အယောခါးပတ်တော်ကို ဒေဝတိုင်းတွင် စေတီတည်သည်။ ထိုမှကြွင်းသော ပရိက္ခရာများကို မဇ္ဈိမဒေသ မြို့ရွာအသီးသီးတွင် စေတီများတည် ဌာပနာ၍ ကိုးကွယ်ကြသည်။

သို့ဖြစ်ပါ၍ မြတ်ဗုဒ္ဓပရိနိဗ္ဗာန်ပြုပြီးနောက် ကြွင်းကျန်သောဓာတ်တော်များနှင့် ပရိဘောဂများသည် အနှံ့အပြားရောက်ကုန်၏။ ဤတွင် ရှင်မဟာကဿပမထေရ်မြတ်သည် သသနာတော်မှေးမှိန်ပါက ဗုဒ္ဓဓာတ်တော်များနှင့်တကွ ပရိဘောဂများအတွက် အန္တရာယ်ဖြစ်ချေတော့မည်ကို ကိုးကွယ်လိုသော သူတော်စင်အပေါင်းတို့ ကိုးကွယ်ခွင့်မရကြသော် နှလုံးမသာမယာဖြစ်ချေတော့မည်ဟု ကြံတင်မြင်အပ်သဖြင့် အဇာတသတ်မင်းကြီးနှင့် တိုင်ပင်ကာ စီစဉ်သည်။

"မင်းမြတ်၊ ယခုအခါ ဓာတ်တော်များနှင့်တကွသော ပရိဘောဂများသည် အရပ်ရှစ်ပါး၌ အနှံ့အပြားရောက်နေချေပြီ၊ နောင်သောအခါ ဗုဒ္ဓအားရည်စူး၍တမ်းတ သက္ကာရပြုလိုကြသော သူတော်ကောင်းတို့သည် တောင့်တ

http://www.dhammadownload.com



နဲ့သော် မဖူးမြော် မပူဇော်ရသဖြင့် စိတ်မချမ်းမသာဖြစ်ကြရချေမည်။ ဓာတ်တော်များ၊ ပရိဘောဂများတို့ကို ပင့်ဆောင်၍ တစ်နေရာတည်း တစ်ပေါင်းတည်း စေတီတည်ထားလျက် ဌာပနာလော့"ဟု ရှင်မဟာကဿပကြီးက နောင်အနာဂတ်၌ သာသနာငါးထောင်တည်ရှိစေနိုင်ခြင်းငှာ မိန့်ကြားတော်မူ၏။

"ဤသို့ဆိုလျှင် ကောင်းပါပြီ အရှင်ဘုရား၊ ဓာတ်တော်များ၊ ပရိဘောဂများကိုသာ ပင့်ဆောင်ပေးတော်မူပါ၊ ဘုရားတပည့်တော်သည် ယခုပင်လျှင် ဌာပနာတိုက်တည်ရမည့်အရပ်ကို ရွေးချယ်ပြင်ဆင်ပါမည်"ဟု အဇာတသတ်မင်းက ပြန်လည်လျှောက်ထားလေသည်။

ရှင်မဟာကဿပမထေရ်မြတ်သည် ကုသိနာရုံ, ဝေသာလီပြည်, ပါဝါပြည်, ကပိလဝတ်ပြည်, အလ္လကပ္ပ, ဝေနဒီကပ, ဥဇ္ဇေနီ, ဒေဝပြဂ်, မိတ္ထိလာပြည်, ပါဋလိပုတ်ပြည်, ကုရု, ဣန္ဒပတ္တနဂိုရ် စသော တိုင်းပြည်အသီးသီး၌ အုပ်စိုးကြကုန်သော ဓာတ်တော်မွေတော်များနှင့် ဗုဒ္ဓပရိဘောဂများကို စေစုရကြကုန်သည့် မင်းများထံကြွသွားလျက် အကျိုးအကြောင်းမိန့်ကြားလျှင် "မင်းမြတ်တို့၊ မင်းမြတ်တို့ ကိုးကွယ်ပူဇော်ရုံမျှ ဓာတ်တော်မွေးတော် ပရိဘောဂများကိုချန်၍ ကျန်ဓာတ်တော်များ, ပရိက္ခရာတော်များကို ရာဇဂြိုဟ်ပြည်သို့ ပင့်ဆောင်ပါရစေ"ဟု မေတ္တာရပ်ခံတော်မူ၏။ ထိုမင်းတို့သည်လည်း ရှင်မဟာကဿပမထေရ်ကြီး၏ဂုဏ်တော် သိက္ခာတော်ကို လေးစားကြည်ညိုကြသောအားဖြင့် ဓာတ်တော်, မွေတော်, ပရိက္ခရာတော်များကို ဝမ်းမြောက်စွာပင် ပေးအပ်ခဲ့ကြသည်။ ရှင်မဟာကဿပမထေရ်သည် တန်ခိုးတော်ဖြင့် ပင့်ဆောင်တော်မူလေသည်။

ရာမရွာ၌ ကိန်းဝပ်သော ဓာတ်တော်များကို နဂါးတို့စောင့်ရှောက်ကိုးကွယ်နေကြသဖြင့် အန္တရာယ်မရှိ။ နောင်သောအခါ၌ လင်္ကာဒီပကျွန်း,

http://www.dhammadownload.com



သီဟိုဠ်ကျွန်း၊ မဟာဝိဟာရကျောင်းတိုက်တွင် 'မဟာစေတီ'တည်သောအခါ ထိုဓာတ်တော်များကို နဂါးတို့ပို့ဆောင်ဌာပနာကြမည်ဟု ကြိုတင်သိမြင်တော်မူသဖြင့် ပင့်ဆောင်ရန် အားမထုတ်တော့ဘဲ ရာဇဂြိုဟ်ပြည်သို့ကြွတော်မူခဲ့၏။ ရာဇဂြိုဟ်၏အရှေ့တောင်ထောင့် သင့်တင့်မြင့်မြတ်သောနေရာ၌ ရပ်၍ "ဤနေရာ၌ကျောက်ဖျာရှိလျှင် ကွယ်စေ၊ မြေကြီးသည် စင်ကြယ်စေ၊ ရေမထွက်သည်လည်းဖြစ်စေ"ဟု အဓိဋ္ဌာန်ပြုတော်မူသည်။ အဓိဋ္ဌာန်ပြုပြီးနောက် အဇာတသတ်မင်းအား ထိုနေရာကို ညွှန်ပြပြီးလျှင် တူးစေ၏။ ထိုမှထုတ်ယူသောမြေကို အုတ်များဖုတ်စေသည်။ အသီတိမဟာသာဝကကြီးတို့က စေတီများတည်ကြ၏။ "ဤအရပ်၌ မင်းကြီးသည် အဘယ်အမှုကို ပြုလုပ်လေသနည်း"ဟု မေးသူတို့ရှိလာသော် "မဟာသာဝကကြီးများ၏စေတီတော်များတည်ထားစေ၏"ဟု ဖြေကြား၏။ (ဓာတ်တော်ဌာပနာတိုက်ကြီး တည်ရန်အတွက် ပြုလုပ်နေသည်ဟု မဖြေကြရ)အထူးလျှို့ဝှက်ထားကြရ၏။

နိုင်ငံတော်ဗုဒ္ဓသာသနာ့မဟာဗုဒ္ဓဝင်တွင် အဇာတသတ်မင်းကြီး ဌာပနာတိုက် တည်ဆောက်ပုံနှင့်ပတ်သက်၍ အောက်ပါအတိုင်း အကျယ်တဝင့်ဖော်ပြထားလေသည်။

ရှင်မဟာကဿပမထေရ် ညွှန်ပြသည့်မြေနေရာ၌ တူးဖော်ရာတွင် အတော်ရှစ်ဆယ်နက်သောအခါတွင် တွင်းကြီးအောက်မြေပြင်၌ ကြေးပြားကြီးကို ခင်းစေ၏။ ထိုကြေးပြားပေါ်တွင် ထူပါရာမစေတီအိမ်ပမာဏရှိသော ကြေးနီတိုက်အိမ်ကြီးကို ဆောက်စေလျက် အဆင့်ဆင့်ငုံနိုင်လောက်သော စန္ဒကူးရွှေကြုတ်ရှစ်လုံးကိုလည်းကောင်း၊ စန္ဒကူးရွှေစေတီရှစ်ဆူကိုလည်းကောင်း ထုလုပ်စေ၏။ ထို့နောက်မှ အလုံးစုံသော ဌာပနာမည့် သီရိရဓာတ်တော်များကို ရွှေဦးစွာ စန္ဒကူး ဝါကြုတ်၌ထည့်၍ ထိုကြုတ်ကို အခြားစန္ဒကူးကြုတ်ကြီး၌ထည့်လျက် ထိုကြုတ်ကိုဖန် အခြားစန္ဒကူးကြုတ်၌ အဆင့်ဆင့်စန္ဒကူးရွှေကြုတ်ရှစ်လုံးကို တစ်လုံးတည်းဖြစ်အောင် စန္ဒကူးကြုတ်ကြီး၌ထည့်

http://www.dhammadownload.com



သည်။ တစ်ဖန် စန္ဒကူးရွှေစေတီရှစ်ဆူတွင် အဆင့်ဆင့်ရှစ်ဆူကို တစ်ဆူတည်း ဖြစ်အောင် ထည့်ရ၏။ ၎င်းစန္ဒကူးစေတီရှစ်ဆူတွင် အဆင့်ဆင့်ထည့်ရပြန်၏။ ၎င်းနောက် ဆင်စွယ်ရှစ်လုံးတွင် ထည့်သွင်းပြီး ဆင်စွယ်ရှစ်ဆူဖြင့် မျိုးရပြန်ပြီး တဖန် ရတနာခုနစ်ပါးစီခြယ်သည့် ကြုတ်ရှစ်လုံး၊ ၎င်းမှ ရတနာခုနစ်ပါးစီခြယ်သော စေတီရှစ်ဆူတွင် ထည့်ရပြန်၏။ ထိုရတနာစေတီကို ရွှေကြုတ်ရှစ်လုံး၌ထည့်၍ တဖန် ရွှေစေတီရှစ်ဆူတွင် အဆင့်ဆင့်ထည့်ပြီးသော် ငွေကြုတ်ရှစ်လုံး၌၊ ၎င်းနောက် ငွေစေတီရှစ်ဆူ၌ ထည့်ရပြန်၏။ ငွေစေတီရှစ်ဆူကို မြသားကြုတ်ရှစ်လုံး၌ တဖန်၊ မြသားစေတီရှစ်ဆူ၊ ၎င်းမှ ပတ္တမြားစေတီရှစ်ဆူ၊ ၎င်းပတ္တမြားနီကြီးကို မသာရဂလ်ကျောက်(ပတ္တမြားပြောက်)ကြုတ်ရှစ်လုံး၌ အဆင့်ဆင့်ထည့်၍ တဖန် ပတ္တမြားပြောက်စေတီရှစ်ဆူ၌ထည့်၊ ၎င်းနောက် ပတ္တမြားပြောက်ကြီး၌ထည့်၍ တဖန် ဖလ်ကြုတ်ရှစ်လုံး၊ ၎င်းကို ဖလ်စေတီရှစ်လုံး၌ အဆင့်ဆင့်ထည့်ရပြန်၏။ သို့နှင့် အလုံးစုံပြီးဆုံးသောအခါဝယ် ကြုတ်စေတီအားလုံး၏ အထပ်ထပ်တွင် အပြင်အကျဆုံး အထက်ဆုံးဖလ်စေတီသည် သီဟိုဠ်ကျွန်းရှိ ထူပါရာမစေတီတော်ကြီးတမျှ ပမာဏရှိလေသည်။ ဖလ်စေတီ၏အထက်၌ တဖန် ရတနာခုနစ်ပါးဖြင့်ပြီးသော စေတီအိမ်ကို ဆောက်လုပ်စေ၍ ထိုစေတီအိမ်အထက်၌ ရွှေစေတီအိမ်, ငွေစေတီအိမ်, ကြေးနီစေတီအိမ်များ အဆင့်ဆင့်ဆောက်လုပ်စေ၏။

ကြေးနီစေတီအိမ်အထက်တွင် ရတနာခုနစ်ပါးကို သဲအမှတ်သုံး၍ ကြဲဖြန့်လေ၏။ ထို့နောက် ရေမှာပွင့်သောပန်း၊ ကုန်းမှာပွင့်သောပန်း အပွင့်တစ်ထောင်စီကို ကြဲဖြန့်၏။ ဗုဒ္ဓလောင်းလျာဖြစ်တော်စဉ်အခ ငါးရာငါးဆယ် ဇာတ်တော်များ၊ အသီတိမဟာသာဝကကြီးများ၊ ဗုဒ္ဓလောင်းလျာ ခမည်းတော်သုဒ္ဓေါဒနမင်းကြီး၊ မယ်တော်မဟာမာယာဒေဝီ၊ ဖွားဖက်တော်ခုနစ်ဦး စသည့် ဗုဒ္ဓနှင့်လည်းကောင်း၊ ဗုဒ္ဓသာသနာနှင့်သော်လည်းကောင်း ပတ်သက်သည့် ကြည်ညိုကိုးကွယ်ဖွယ်ရာများကို ဌာပနာတိုက်၌ ထည့်သွင်းသင့်သမျှကို ရွှေ

http://www.dhammadownload.com



ရုပ်တုများသွန်းလုပ်ထည့်ရသည်။ ရွှေမြူတာအိုးငါးရာ၊ ငွေမြူတာအိုးငါးရာကို ရေအပြည့်ထည့်ထားရသည်။ ရွှေတံခွန်ငါးရာကို စိုက်ထူထားရသည်။ ရွှေဆီမီးခွက်ငါးရာ၊ ငွေဆီမီးခွက်ငါးရာတို့ကို နံ့သာဆီအပြည့်ထည့်ထားပြီးလျှင် ဘွဲ့ဖြူချည်ဆီမီးစာများကို မီးခွက်၌ ထည့်၍ထားရသည်။

"ပန်းများမညှိုးစေကုန်၊ နံ့သာများအနံ့မပျက်စေကုန်၊ ဆီမီးများမငြိမ်းစေပါစေကုန်သတည်း"ဟု အရှင်မဟာကဿပမထေရ်ကြီးက အဓိဋ္ဌာန်ပြုတော်မူကာ တစ်ခုသောရွှေပြားတွင် "နောင်သောအခါ ပိယဒါသမည်သော မင်းသားသည် ထီးဖြူတော်စိုက်၍ အသောကအမည်ယူ၍ မင်းဖြစ်လိမ့်မည်။ အသောကမင်းသည် ဤဓာတ်တော်များကို ဇမ္ဗူဒိပ်ကျွန်းအနှံ့ပြန့်အောင် ပို့ဆောင်၍ သာသနာတော်ကို ကျယ်ပြန့်ထွန်းတောက်စေလိမ့်မည်"ဟု ရေးသားကာ တံဆိပ်ခပ်နှိပ်လျက် စေတီအတွင်း၌ထား၏။

အဇာတသတ်မင်းကြီးသည် အလုံးစုံသော ပြုဘွယ်ရာကိစ္စများ ပြီးစီးသောအခါ မိမိဝတ်ဆင်ထားသော အဖိုးထိုက်တန်သည့် တန်ဆာပလာများကိုချွတ်၍ ပူဇော်ပြီးလျှင် ရတနာခုနစ်ပါးတို့ဖြင့် မွမ်းမံထားသော စေတီအိမ်တံခါးမှစ၍ အဆင့်ဆင့်တံခါးများကို ပိတ်ခဲ့တော်မူကာ ခိုင်ခံ့သောသော့၊ မင်းတုံးစသည်များကို ပြုလုပ်ထား၍ 'ပြည်တန်ပတ္တမြား'ကိုလည်း အပြင်ဘက်၌ထားခဲ့၏။

"နောင်သောအခါ ဤဌာပနာများကိုတွေ့သော၊ ဆင်းရဲသောမင်းများသည် ဤပတ္တမြားကိုထုခွဲ၍ ပူဇော်ကြလော့"ဟူသောစာတန်းကို ကျောက်ပြားတွင် ထုထွင်းရေးသားထားခဲ့သည်။

ဤတွင် 'လူမင်းဘုန်းကြီး နတ်မင်းမနေသာ'၊'ဘုရားသာသနာအတွက် သိကြားကူရမည်'ဆိုသည့်စကားအတိုင်း သိကြားမင်းသည် ဝိသကြုံနတ်သားတို့အားခေါ်၍ "ဝိသကြုံ အဇာတသတ်မင်းကြီးသည် ဗုဒ္ဓ၏ဓာတ်တော်များ၊ ပရိက္ခရာတော်များ၊ ပရိဘောဂများကို ဌာပနာ၍ စေတီတိုက်ပြီး

http://www.dhammadownload.com



လေပြီ၊ ထိုနိုင်မာလှစွာသော ဌာပနာတိုက်သို့ သင်သွား၍ လုံလောက်သော အစောင်အရှောက်များကို ချထားခဲ့ချေ"ဟု မိန့်ကြားစေလွှတ်ခဲ့၏။ ဗိသုကြွ သည် သားရဲစက်ယန္တရားများနှင့်တကွ ဘီလူးရုပ်တွင် ဖန်အဆင်းရှိသော သံလျက်များကို ဆွဲစေကာ ဓာတ်တော်တိုက်၏ပတ်လည်၌ စောင့်ကြပ်စေ ၏။ အရှိန်အဟုန်ပြင်းစွာ လည်ပတ်နေသော စက်ယန္တရားကိုလည်း ခလုတ် တစ်ခုတည်းဖြင့် ဖွဲ့ချည်ထား၏။ အလုံးစုံသောအကာအကွယ် စက်ယန္တရား များ ပြုလုပ်ခဲ့ပြီးသော် ဗိသုကြွနတ်သားသည် နတ်ပြည်သို့ပြန်လေ၏။

(တစ်နည်း) ရောမတိုင်းသား စက်ယန္တရားအတတ်ကို ဘူတဝါဟန ကျွမ်းကျင်သူတစ်ယောက်အား မင်းကြီးက အကာအကွယ်အစောင်အရှောက် စက်ရုပ်ခလုတ်တို့ကို တပ်ဆင်စေသည်ဟုလည်း ဆိုလေသည်။ ထိုရောမ တိုင်းသားတို့သည် စက်ယန္တရားအရုပ်ပြုလုပ်ရာတွင် အလွန်ကျွမ်းကျင်ကြ သည်။

အဇာတသတ်မင်းကြီးက ဆက်လက်၍ ဌာပနာတိုက်ပတ်ဝန်းကျင် တွင် ကျောက်တံတိုင်းကြီးကိုပတ်၍ အထက်၌ကျောက်ဖျာကြီးတို့ဖြင့် ဖုံးအုပ် ပိတ်ကာ မြေပြင်နှင့်တပြေးညီပြုပြီးမှ ထိုအထက်တွင် 'ကျောက်စေတီကြီး' တည်ထားတော်မူလေသည်။

အသောကမင်းဟူ၍ မဖြိုမဒေသ၌ပေါ်ပေါက်လာသည့်အချိန်အထိ နိုင်ခံ့တည်မြဲ၍ သူယုတ်တို့၏အန္တရာယ်ပြုနိုင်စွမ်းခြင်းငှာ မတတ်နိုင်ရာသည်။ ဌာပနာတိုက်တော်ကြီးကို အဇာတသတ်မင်းကြီးပြုလုပ်ရာတွင် ဘုရားရှင်ဆန္ဒ ပြုခဲ့သည်ဖြစ်၍ သာသနာတော်အတွက် သိကြားမင်းကလည်း ကူညီဆောင် ရွက်ခဲ့ရသည်။ ဤသို့လျှင် ဗုဒ္ဓ၏ဓာတ်တော်မွေတော်များကို ဌာပနာခဲ့ကြောင်း ပြောဆိုရာတွင် အသောကမင်းကြီးဌာပနာတိုက်ဖွင့်သောအခါ 'ဗုဒ္ဓ၏သပိတ် တော်, သင်းပိုင်တော်, တောင်ဝေှးတော်များကိုပါ ဌာပနာတိုက်တွင်းကပင် တွေ့ရှိသဖြင့် ထိုအချိန်ကပင် အဇာတသတ်မင်းသည် ဗုဒ္ဓ၏ပရိဘောဂ,ပရိက္ခရာ

http://www.dhammadownload.com



များကိုပါ ဓာတ်တော်မွေတော်များနှင့်တစ်ပါတည်း ဌာပနာခဲ့သည်'ဟု ယူဆရမည်ဖြစ်၏။ မြတ်စွာဘုရားနှင့်တကွ ရဟန္တာအရှင်မြတ်များ၏ 'အနာဂတံသ' ရွှေဉာဏ်တော်ဖြင့် မြော်မြင်သိရှိကြသည့်အတိုင်း အဓိဋ္ဌာန်ပြုကာ ဗျာဒိတ်ထားတော်မူခဲ့ကြသည့်မင်းများဖြစ်ကြသည်နှင့်အညီ သာသနာပြုခွင့်ရကြသဖြင့် အောင်မြင်ခြင်းလည်း ရှိကြပါသေးသတည်း။

ရှင်မဟာကဿပမထေရ်မြတ်ကြီး အနာဂတံသဉာဏ်တော်ဖြင့် ဆင်ခြင်ကြည့်ရှုကာ မိန့်ကြားခဲ့သော စကားများမှာလည်း နှစ်ပေါင်းကြာမြင့်လတ်သောအခါ လူအပေါင်းတွင် မေ့ပျောက်ကုန်ကြ၏။ ဓာတ်တော်နှင့်တကွသော ဗုဒ္ဓ၏ပရိဘောဂ, ပရိက္ခရာတော်များသည် ဌာပနာထားရှိရာနေရာမှာလည်း ပေါင်းမြက်သစ်ပင်များ ဖုံးလွှမ်းကာ တောအတိဖြစ်နေတော့၏။ အဇာတသတ်မင်းကြီးဌာပနာတိုက်ကြီးသည် နောက်နှစ်ပေါင်း(၂၀၀)ကျော်ကြာမြင့်သောအခါတွင်ကား 'အသောကမင်းကြီး'သည် ထင်ရှားပေါ်ပေါက်လာခဲ့လေပြီ။

## ဗုဒ္ဓသဝိတ်တော်နှင့် အသောကမင်း

'သိရိဓမ္မာသောကမင်းကြီး'သည် ကမ္ဘာ့သမိုင်းတွင် ဖြစ်စဉ်အကြောင်းအရာ တစ်ပြိုတစ်ခေါင်းကြီးတွေ့ရသောအခါ ထောင်ပေါင်းများစွာသော ပြည့်ရှင်မင်းများ၊ အရှင်သခင်များ၊ ဘုန်းတန်ခိုးတေဇာပြည့်လျှမ်းသူများ၊ မဟာမျိုးမဟာနွယ် မင်းသားများနှင့်တကွသော တန်းတူရည်တူများအနက် အသောကမင်းတစ်ဦးတည်းသာလျှင် ကောင်းကင်ပြင်၌ သောက်ရှူးကြယ်ကြီးပမာ ထွန်းလင်းတောက်ပလျက်ရှိလေသည်ဟု ဖော်ကျူးရေးသားခဲ့ကြသည်။

ခရစ်နှစ်မစတင်မီ နှစ်ပေါင်း(၃၀၀)လောက်ကပင် ပါဋလိပုတ်ပြည်၌ စန္ဒဂုတ်မင်း နတ်ရွာစံခဲ့ပြီးနောက် သားတော်ဗိန္ဒုသာရမင်း ထီးနန်းစိုးစံခဲ

http://www.dhammadownload.com



သည်။ ဗိန္ဒုသာရကမင်း၏သားတော်(၁၀၀)ကျော်တွင် အသောကမင်းသား လည်း တစ်ပါးအပါအဝင်ဖြစ်လေသည်။ ဥဇ္ဇေနီပြည်တွင် ဘုရင်ခံအဖြစ် ခန့်ထားခြင်း ခံရသည်။ မင်းသားဘဝနှင့် အသောကအား 'ဝိဒိစ'သို့မဟုတ် သူသည် ဒေါသအလွန်ကြီးလှသောကြောင့် လူအများက သူ့နာမည်ရင်းရှေ့ မှ 'ကန္ဒ'အမည်တပ်၍ (ကန္ဒအသောက)ဟု ခေါ်ကြသည်။ သူသည် သာကီဝင် သူဌေးသမီး(ဝေဒိသဒေဝီ)နှင့် ထိမ်းမြားခဲ့၍ နောင်သောအခါ ရှင်မဟိန္ဒထေရ်လောင်း သားတော်နှင့် သင်္ဃမိတ္တာထေရ်လောင်း သမီးတော် တို့ကို ဖွားမြင်ရရှိခဲ့သည်။ ဗိန္ဒုသာရမင်း နတ်ရွာလားအံ့ဆဲဆဲတွင် ပါဋလိ ပုတ်ပြည်သို့ရောက်လာပြီးလျှင် မြို့ကိုသိမ်းယူပြီးနောက် မိမိ၏ညီအရင်းတစ် ဦးသာချန်၍ မင်းသားအားလုံးကို သတ်ခဲ့သည်။ ဤတွင် တိုင်းပြည်က မကျေနပ်သောကြောင့် လေးနှစ်ကြာစောင့်နေရပြီးကာမှ ဘိသိက်တော်ခံယူ ရသည်။

အသောကမင်းကြီးသည် ရင်း၏(၁၃)နှစ်မြောက်သော ကမ္ဗည်း ကျောက်စာမှတ်တမ်းအရ ကလိင်္ဂတိုင်း(ယခု-ဩရိဿနယ်)ကို တိုက်ခိုက်ရာ ဂလိင်္ဂတိုင်းသား ထောင်သောင်းနှင့်ချီ၍ သေကြေပျက်စီးလျက် သိန်းသန်း မကသောလူတို့ အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ကြရသည်။ ထိုစစ်ပွဲကြီးပြီးသည့်နောက်တွင် အသောကရာဇာသည် သေကြေပျက်စီးနေသော လူသေများ၊ ဖမ်းဆီးရမိထား သော သုံ့ပန်းများ၊ ဒါဏ်ရာရသူများ၊ ခြေလက်မရှိတော့သည့် စစ်ကြောင့် ဒုက္ခရောက်နေကြသော အိုးမဲ့အိမ်မဲ့ဒုက္ခသည်များကို ကိုယ်တိုင်မျက်မြင်တွေ့ ရဖန်များသောအခါ နောင်တကြီးစွာ ရခဲ့သည်။ သူ့ဘဝလမ်းကြောင်းသည် လည်း လမ်းပြောင်းလဲသွားခဲ့သည်။ ထိုစစ်ပွဲကြီးကို အောင်နိုင်ပြီးသည့်နောက် ပိုင်းတွင် မင်းကြီးသည် စစ်တိုက်ခိုက်မှုကို လုံးဝစွန့်လွှတ်လိုက်သူ စစ်ဘုရင် မင်းဆိုလျှင် အသောကမင်းကြီးတစ်ပါးတည်းသာ ကမ္ဘာ့သမိုင်း၌ မှတ်တမ်း တင်ထားသည်ကို တွေ့ရှိရသည်ဟု ကမ္ဘာ့သမိုင်းကိုပြုစုခဲ့သော စာရေးဆရာ

http://www.dhammadownload.com



ကြီး(အိပ်ချ်-ဂျီ-ဝဲလ်)က ရေးသားမှတ်တမ်းတင်ခဲ့ပါသည်။ အသောကမင်းနှင့်ပတ်သက်သောအကြောင်းအရာများသည် အိန္ဒိယသမိုင်း၌ ကြွယ်ဝလှသည်။ ဗုဒ္ဓဝင်၌ထူးခြားများပြားစွာ ဖော်ပြခြင်းခံရသော မင်းကြီးဖြစ်ပေသည်။ မျိုးရိုးစဉ်လာအရ ဗြဟ္မဏအယူဝါဒ၌ ယုံကြည်လာခဲ့သော အသောကမင်းသည် နိဂြောဓသာမဏေငယ်ကိုအကြောင်းပြု၍ ဗုဒ္ဓဝါဒကို သက်ဝင်ယုံကြည်သည်ဟု ကျမ်းဂန်များ၌ ပြဆိုလေသည်။ မဲတီးဆရာတော်ရေးသားသော ထေရဝါဒသာသနာအဘက်အလင်းပြဝံသဒီပနီကျမ်း၌ ရေးသားပုံကို ကောက်နုတ်ဖော်ပြပါမည်။

တစ်နေ့သ၌ အသောကမင်း၏နောင်တော် သုမနမင်း၏သားတော် (၇)နှစ်အရွယ်ရှိသော 'နိဂြောဓ'သာမဏေကို 'မဟာဝရုဏ'ရဟန္တာထေရ်က ရဟန်းပြုပေးရာတွင် ဆံရိတ်သောအဆုံး၌ အရဟတ္တဖိုလ်သို့ရောက်လေ၏။ ထိုနိဂြောဓသာမဏေသည် တစ်နေ့သောနံနက်ခင်းတွင် ဥပဇ္ဈာယ်ဆရာအား ဝတ်ပြုပြီးနောက် သပိတ်, သင်္ကန်းကိုယူ၍ အမိသုမနဒေဝီအိမ်သို့သွားမည်ဟု တောင်တံခါးဝဖြင့်ဝင်၍ အရှေ့တံခါးမှထွက်ကာ ငြိမ်သက်သောဣန္ဒြေဖြင့် ကြွတော်မူ၏။ ထိုအချိန်မှာ အသောကဘုရင်သည် လေသာတံခါး၌ရပ်လျက်ရှိစဉ် နိဂြောဓသာမဏေငယ်ကို မြင်လေသည်။ ရှေးဘဝများစွာက ကုန်သည်ညီနောင်ဖြစ်ခဲ့ဖူးကြ၍လည်းကောင်း၊ ဣန္ဒြေတော်ငြိမ်သက်တည်ကြည်စွာဖြင့် ကြည်ညိုဖွယ်ဖြစ်၍လည်းကောင်း မြင်သည်နှင့်ပင် ကြည်ညိုလှသည်ဖြစ်၍ နန်းတွင်းသို့ပင့်ဖိတ်တော်မူသည်။ နိဂြောဓသည် မင်းကြီးအား သပိတ်ပေး၍ မိမိမှာမူ ရာဇပလ္လင်ပေါ်တက်၍ထိုင်နေ၏။ မင်းကြီးသည် ယာဂုခဲဘွယ်များကိုဆက်ကပ်လျက် ရှင်နိဂြောဓသည် မျှတရုံဘုဉ်းပေးပြီးနောက် မင်းကြီးအား ဓမ္မပဒကျမ်းလာ အပ္ပမာဒဂ်ကို အနုမောဒနာပြုအံ့သောငှာ ဟောၵ၏။ မင်းကြီးက "အရှင် ဘကျွန်ုပ်သိပါပြီ"ဆိုလျက် တစ်နေ့ချင်း ဆွမ်းရှစ်ဝတ်လေး ကြိမ်ပေးလှူလေ၏။ ထိုနေ့မှစ၍ အသောကမင်းကြီးသည် ဗုဒ္ဓ၏သာသနာ

http://www.dhammadownload.com



တော်ကို ကြည်ညိုခြင်းများစွာဖြစ်ကာ ဗုဒ္ဓ၏အယူဝါဒများကို ယုံကြည်လေးစားစွာဖြင့် ခံယူကျင့်သုံးတော်မူသည်။ နောက်တွင် သားတော်သမီးတော်များဖြစ်သော ရှင်မဟိန္ဒဦးစီးကာ ကိုးတိုင်းကိုးဌာနသို့ အကြီးအကျယ်ဆုံးသာသနာပြုတော်မူသော သာသနာ့ဒါယကာမင်းကြီးအဖြစ်ခံယူကာ ဘဝနိဂုံးချုပ်သည်အထိ ဗုဒ္ဓသာသနာတော်ကြီးကိုပြုခဲ့သည်မှာ ယနေ့တိုင်ပင် ထင်ရှားကျော်ဇောလျက်ရှိနေပေသေးသည့် အထွတ်အထိပ်ဆုံးသာသနာပြုမင်းကြီးဖြစ်ပေသတည်း။

## ဗုဒ္ဓရှင်တော်မြတ်၏သုဘဟေဒ်မှာဒိတ်တော်

အရှင်ဥပဂုတ္တမထေရ်နှင့် အသောကမင်းကြီးတို့သည် ပါဋလိပုတ်ပြည်တွင် ထင်ရှားသော ရဟန္တာနှင့်သာသနာပြုမင်းအဖြစ် ပေါ်ပေါက်လာမည်ကို ဗုဒ္ဓကိုယ်တော်တိုင် ဗျာဒိတ်စကားမိန့်ကြားတော်မူခဲ့ကြောင်း မိနုတ္တပကာသနီကျမ်း၌ ပြဆိုထားသည်မှာ–

တစ်နေ့သောအခါ မြတ်ဗုဒ္ဓသည် ရာဇဂြိုဟ်ပြည်သို့ ဆွမ်းခံဝင်၏။ ထိုအခါ၌ သူငယ်တစ်ချို့သည် မြေကိုတူးဆွကာ ကစားနေကြစဉ် 'ပိယဒဿီ' အမည်ရှိသော သူဌေးသားသည် ဗုဒ္ဓကြွလာသည်ကို မြင်သောခဏ လွန်စွာကြည်ညိုလာသည်ဖြစ်၍ လူအများဆွမ်းလောင်းလှူကြသလို သူ့လက်ထဲ၌ရှိနေသော မြေမှုန့်ကိုလှူရန် ဗုဒ္ဓထံသို့ပြေးသွား၏။ ဗုဒ္ဓသည် သူငယ်ကိုမြင်တော်မူသောအခါ ရှင်အာနန္ဒာအားကြည့်၏။ ရှင်အာနန္ဒာသည် ဗုဒ္ဓအား သပိတ်တော်ကိုအပ်သည်တွင် ပိယဒဿီသူဌေးသားလေးလှူသော မြေမှုန့်ကို ခံယူ၍ ရှင်အာနန္ဒာသို့ သပိတ်ပြန်ပေးလျက် ပြုံးတော်မူသည်။ အကြောင်းကို ရှင်အာနန္ဒာက မေးလျှောက်သောအခါ–

"အာနန္ဒာ၊ ပိယဒဿီသည် မြေမှုန့်လှူရသောအကျိုးကြောင့် နတ်

http://www.dhammadownload.com



ပြည်၌ နတ်သားဖြစ်၍ သာသနာတော်(၂၁၈)ခုနှစ်သို့ ရောက်သောအခါ ပါဋလိပုတ်ပြည်၌ မိန္ဒုသာရမင်း၏သားတော်ဖြစ်ပြီး 'အသောက'အမည်ဖြင့် မင်းပြုလိမ့်မည်။ ထိုမင်းသည် သာသနာတော်၌ ကြည်ညိုလှသဖြင့် ခုနစ်လ, ခုနစ်ရက်တိုင်တိုင် အလှူကြီးပေးသောအခါ မာရ်နတ်က ဖျက်ဆီးရန်ကြံလာသဖြင့် 'ဥပဂုတ္တတိဿ'နာမ်ထေရ်သည် တန်ခိုးဖြင့် မာရ်နတ်၏ရန်ကို တားဆီးလိမ့်မည်"ဟု ဗျာဒိတ်တော်ပေးခဲ့လေသည်။

## ဓာတ်တော်များရ၍ သာသနာပြုခြင်း

အသောကမင်းကြီးသည် အသောကာရာမကျောင်းတော်ကြီးသို့သွား၍ ရဟန်းတော်ခြောက်သောင်းတို့အား စည်းစေးစေလျက် ကြီးစွာသောအလှူပြုလျက် ပစ္စည်းလေးပါး ဒါယကာခံယူတော်မူ၏။ ထို့နောက် မင်းကြီးက "အရှင်ဘုရားတို့၊ ဗုဒ္ဓမြတ်စွာဟောကြားတော်မူခဲ့သော တရားတော်များသည် အဘယ်မျှများပြားလှပါသနည်း"ဟု မေးလျှောက်၏။ ရဟန်းတော်တို့က "မင်းကြီး၊ ဗုဒ္ဓဟောကြားတော်မူခဲ့သော တရားတော်များကား ဓမ္မဝိနယနှစ်ပါး၊ ပိဋကတ်သုံးပါး၊ နိကာယ်ငါးပါး၊ အင်္ဂါကိုးပါး၊ ဓမ္မက္ခန္ဓာအားဖြင့် ရှစ်သောင်းလေးထောင်ရှိသည်"ဟု မိန့်တော်မူခဲ့လေသည်။ ဤတွင် အသောကမင်းကြီးသည် ဗုဒ္ဓ၏တရားတော်များ၌ အလွန်ကြည်ညိုရကား ဓမ္မက္ခန္ဓာတစ်ပါးစီကိုရည်စူးလျက် စေတီပေါင်းရှစ်သောင်းလေးထောင်တည်လိုသောဆန္ဒဖြစ်တော်မူ၍ ရှစ်သောင်းလေးထောင်သော စေတီတော်များ၌ဌာပနာရန် ဗုဒ္ဓဓာတ်တော်များ ရနိုင်သော် ကောင်းလေစွဟု တောင့်တ၏။ ထိုအခါ ရဟန်းတော်တို့က အဇာတသတ်မင်းသည် ဗုဒ္ဓ၏သရီရဓာတ်တော် မွေတော်မြတ်များနှင့် ပရိဘောဂ, ပရိက္ခရာတော်များကို လျှို့ဝှက်စွာဌာပနာတိုက်ပြုလုပ်ထားခဲ့သည်။ ထိုဓာတ်တော်များကို မင်းကြီးရရှိ၍ စေတီတည်နိုင်လိမ့်မည်ဟု မိန့်တော်မူသည်။

: http://www.dhammadownload.com



အသောကမင်းကြီးသည် အသပြာထောင်ထုပ်ကို ဆင်ပေါ်တင်ပြီးနောက် မြို့တွင်းမြို့ပြင် လှည့်လည်စေလျက် "ဓာတ်တော်ဌာပနာတိုက်တည်ရာ နေရာကို ပြနိုင်သောသူယူစေ"ဟု ကြေညာ၏။ တစ်နေ့သော် အသက်(၂၀၀)ရှိ ထေရီမကြီး(ဝါ)ရဟန္တာမကြီးဟုလည်းဆိုသည်က မိမိသိကြောင်းပြောလာသဖြင့် မင်းကြီးက ထေရီမကြီးအား ပင့်ဖိတ်ပြီးမေးရာ–

"မင်းကြီး၊ ကျွန်ုပ်ငါးနှစ်အရွယ် သာမဏေငယ်ဝဘတုန်းက ဆရာဖြစ်သူနှင့် ဆီမီး ပန်းနံ့သာကိုင်လျက် ထိုနေရာသို့လိုက်ပါခဲ့ရဖူးပါသည်။ ကျွန်ုပ်ဆရာသည် ထိုနေရာ၏ နိမ့်ရာအရပ်၌ထိုင်လျက် ပန်းနံ့သာ ဆီမီးများပူဇော်သဖြင့် "ပူဇော်ထိုက်သော မြတ်သောနေရာဟု ပြောသောကြောင့် ရှိခိုးပူဇော်ခဲ့ရဖူးပါသည်"ဟု လျှောက်သည်။

အသောကမင်းကြီးသည် ထိုရဟန်းမကြီးပြောပြသောနေရာသို့သွား၍ မှူးမတ်မိုလ်ပါအပေါင်းခြံရံကာ ပူဇော်သက္ကာရပြုပြီးနောက် တူးဖော်သည်တွင် ကျောက်ဖျာအမိုးကိုမြင်၍ ဟုတ်၏ဟုယူဆသည်။ ယင်းမှတဖန် အုတ်ကြွပ်မိုး, သံအမိုး, ကြေးနီအမိုး, ကြေးဖြူအမိုး, သလဲဖြူအမိုး, သလဲနက်အမိုးမှစ၍ အဆင့်ဆင့်တွေ့၍ ထုတ်ယူပြီး နောက်ဆုံး၌ ရတနာအတိပြီးသော ပြဿဒ်၏တံတိုင်းကြီးခုနစ်ထပ်အတွင်း တဝင်းဝင်းတလက်လက်တောက်နေသော ဓားလှံ,သန်လျက်ဆွဲကိုင်ကာ အသက်ရှိသောသူများကဲ့သို့ ပြေးလွှားကာကွယ်နေသော ယန္တရားရုပ်များကိုတွေ့လျက် ချီးမွမ်းအံ့သြလျက်သာနေကြရသည်။ မည်သူမျှရုပ်တန့်အောင် မလုပ်နိုင်ကြ။

မင်းကြီးသည် အကြံရ၍ ယခင်က ထိုယန္တရားအတတ်ကို စီရင်တတ်သူမရှိဘဲ မထားနိုင်။ ဘူတာဝါဟနယန္တရားအတတ်၌ တတ်သူ၏အဆက်အနွယ်ကိုရှာလျှင် ရနိုင်ကောင်းသည်ဟု မင်းကြီးက အကြံရရာ ဆင်ပေါ်၌ အသပြာထောင်ထုပ်ကိုတင်စေ၍ "ဌာပနာတိုက်မှ ယန္တရားကို ဖျက်နိုင်သူယူစေ"ဟု ရာဇဗြိုဟ်ပြည်တဝိုက် လှည့်လည်ကြေညာစေ။ ရောမ,ခေါ်မတိုင်း

http://www.dhammadownload.com



တို့မှ ယန္တရားအတတ်ကို သင်ကြားခဲ့၍ ဒွာပနာတိုက်နှင့် ယန္တရားဆင်ပေးခဲ့ဖူးသောသူ၏ အဆက်အနွယ် သားမြေးတို့ကြားသောအခါ ငွေတစ်ထောင်ထုပ်ကိုယူကာ မင်းကြီးထံသွားကြသည်။ ရောမတိုင်း၌ ဘူတဝါဟနယန္တရားအတတ်ကို တတ်ကြသူတို့သည် မိမိတို့၏အမည်ကို ပေါင်တွင် ဆေးမင်ထိုး၍ စာရင်းပြုထားခဲ့သည်ဆို၏။ အခြားတစ်ပါးသောနိုင်ငံသို့ထွက်သွားလျှင် ပညာပြန့်ပွားသွားမည်စိုး၍ ယန္တရားဖြင့် လိုက်သတ်လေ့ရှိသည်။ ပါဋလိပုတ်ပြည်သားတစ်ဦးသည် ရောမတိုင်း၌ပင် အဖိုးထိုက်တန်လှသောပညာကို ငါသွား၍သင်ပြီး ငါတို့ပြည်သို့ဆောင်ယူခဲ့မည်ဟူသောအကြံဖြင့် သွားရောက်ခဲ့ပြီးနောက် ယန္တရားအတတ်ကိုတတ်သော ဆရာကြီးသမီးအား ဥစ္စာရွှေငွေပေးနေရင်းဖြင့် အကျွမ်းတဝင်ဖြစ်ကာ ဇနီးအဖြစ် ရယူခဲ့၏။ ဤတွင် ဆရာကြီးက သမက်ဖြစ်ခဲ့သောသူကို ယုံကြည်ပြီး အလုံးစုံသောပညာရပ်များကို သင်ကြားပေး၍ တတ်မြောက်သောအခါ ပေါင်၌စာရင်းကို ထိုးထား၏။ ပါဋလိပုတ်ပြည်သားဇနီးမောင်နှံ၌ သားယောက်တစ်ဦးထွန်းကားခဲ့၍ နှစ်လရှည်ကြာသဖြင့် အရွယ်ရောက်သောအခါ အဖေက သားအား-

"ငါ့သား၊ ငါပါဋလိပုတ်ပြည်သို့ပြန်ဦးမည်။ ရောမတိုင်းသားတို့သည် သူတို့ပညာမပြန့်ပွားစေလိုသဖြင့် ငါသွားကြောင်းသိလျှင် ငါ့အား ယန္တရားဖြင့် လိုက်သတ်ကြလိမ့်မည်။ ငါ့သားကတော့ ငါသေသည်ကိုတွေ့လျှင် ငါ့ပေါင်ကိုဖြတ်၍ ပေါင်းအတွင်းဝယ်ထားရှိသော အတတ်ပညာကို ထုတ်ယူပါလေ။ ထိုသို့ပညာကိုထုတ်ယူပြီးလျှင် ပါဋလိပုတ်ပြည်သို့သွား၍ ရသောပညာဖြင့် အသက်မွေးလေ"ဟု မှာထားခဲ့၏။ ပါဋလိပုတ်ပြည်သား ထွက်ပြေးသည်ကို သိသည်နှင့်တစ်ပြိုင်နက် ရောမတိုင်းသားတို့သည် ယန္တရားလွှတ်၍ လိုက်သတ်၏။ သားသည် ဖခင်မှာခဲ့သည့်အတိုင်း ပေါင်မှအတတ်ပညာကိုယူပြီးလျှင် ပါဋလိပုတ်ပြည်သို့သွားရောက်နေထိုင်လေသည်။ ထိုပုဂ္ဂိုလ်အား အဇာတသတ်မင်းကြီးသည် ရာဇဂြိုဟ်ပြည်သို့ခေါ်၍ ဓာတ်တော်

http://www.dhammadownload.com



ဌာပနာတိုက်၌ ယန္တရားဆင်စေခဲ့သဖြင့် အသောကမင်းကြီးလက်ထက်ရောက်သောအခါ ထိုပုဂ္ဂိုလ်၏မြေးမြစ်တို့သည် မိမိတို့အဘိုးများမှ အဆင့်ဆင့်တတ်မြောက်လာသော ပညာစွမ်းဖြင့် ဌာပနာတိုက်၏ယန္တရားများကို ဖျက်ဆီးနိုင်စွမ်းခြင်းပင်ဖြစ်သည်။

ယန္တရားကြီးပျက်စီးသွားသောအခါ တံတိုင်းကြီးခုနစ်ထပ်ကို တွေ့ပြန်သဖြင့် အစဉ်အတိုင်းဖယ်ရှားလျက် ဓာတ်တော်များ၊ ပရိဘောဂနှင့် ပရိက္ခရာများထားရာ ပြဿဒ်ကို ရဟန်းသံဃာပါသမျှနှင့် မှူးမတ်ပရိသတ်တို့နှင့်အတူ အသောကမင်းကြီးသည် လက်ယာရစ်သုံးကြိမ်လှည့်လည်၍ ဖူးမြော်ကြည်ညိုလေသည်။ ရှင်မဟာကဿပမထေရ်ကြီး အဓိဋ္ဌာန်ပြု၍ထွန်းညှိခဲ့သော (ဆီမီးလေးတိုင်မှာ မီးမငြိမ်းဘဲ လင်းနေသည်)ကို တွေ့ရပြန်သည်။ အဓိဋ္ဌာန်ဖြင့် လှူဒါန်းထားခဲ့သော ပန်းများလည်း မညှိုးနွမ်းဘဲ လတ်လတ်ဆတ်ဆတ်ကဲ့သို့ပင် လန်းဆန်းမွှေးကြိုင်လျက်ရှိနေသည်ကို တွေ့ကြရ၍ လွန်စွာအံ့ဩဝမ်းမြောက်ကြည်နူးကြကုန်၏။ ဗုဒ္ဓရှင်တော်မြတ်ဘုရားဂုဏ်တော်တန်ခိုးတော်များသည်လည်းကောင်း၊ တပည့်သားရဟန္တာထေရ်ရှင်မြတ်ကြီးတို့၏ တန်ခိုးတော်များသည်လည်းကောင်း အံ့ဩချီးကျူးဖွယ်ရာပင် ဖြစ်ပါတော့သည်တကားဟု လွန်စွာကြည်ညိုမြတ်နိုး ရှိသေကြကုန်သတည်း။

❖❖❖

http://www.dhammadownload.com

# စေတီပေါင်း ၈၄၀၀၀ တည်ခြင်း

အသောကမင်းကြီးတို့ ပြဿဒ်တော်အတွင်းသို့ ဝင်နိုင်သောအခါ မှူးမတ်ပရိသတ်အစုံဖြင့် ဝင်တော်မူစဉ် ရွှေစင်အတိဖြင့်လုပ်ထားသော မြင်းရုပ်ကိုတွေ့ပြန်သဖြင့် ယန္တရားကြည်ဖြင့် ဖွင့်ရသည်။ ရွှေမြင်း၏ဝမ်းတွင်း၌ ဝဇီရစိန်ကဲ့သို့ ထွန်းလင်းတောက်ပနေသော မြတ်ဗုဒ္ဓ၏ဓာတ်တော်များကို ဖူးတွေ့ရသဖြင့် မင်းကြီးသည် လွန်စွာဝမ်းမြောက်တော်မူလေ၏။ ထို့နောက် မြတ်ဗုဒ္ဓ၏ဓာတ်တော်များ၊ ပရိက္ခရာတော်များကို အထူးထူးအခြားခြားသော ပူဇော်ခြင်းဖြင့် 'ပူဇော်လျက် မြို့တွင်းသို့ပင့်ဆောင်ကာ ပြဿဒ်ဦးကင်း၌ ထားလေသည်။ ယင်းသို့ ဓာတ်တော်မွေတော်များကိုပင့်၍ ကြီးကျယ်စွာသော အခမ်းအနားဖြင့် မိမိရွှေနန်းတော်သို့ပင့်ဆောင်တော်မူခဲ့သည်။ "ဓာတ်တော်များ လက်ဝယ်ရရှိသောအခါ ဇမ္ဗူဒိပ်ကျွန်းအလုံးတို့၌ အမြဲကိုးကွယ်ကြစေ မြင်းဌာ သိရိရဓာတ်တော်တစ်ဘို့ကို ရှစ်သောင်းလေးထောင်သော မြို့နိုင်ငံတို့၌ တစ်မြို့လျှင် စေတီအိမ်တစ်ဆူကျစီ တည်လေ"ဟု ဓာတ်တော်များကို ဝေငှပေး၍ 'ကိုးဆယ့်ခြောက်ကုဋေ'သော အသပြာငွေတို့ကိုပါ အမတ်တို့အား အပ်ပြီးလျှင် စေတီတည်စေသည်။ ထိုစေတီကျောင်းတို့ကို ဆောက်လုပ်စေသောအခါ တန်ခိုးအာနုဘော်ကြီးတော်မူသော 'ဣန္ဒာဂုတ္တ'အမည်ရှိသော ရဟန္တာမြတ်ကြီးကို တောင်းပန်၏။ ရဟန္တာမြတ်ကြီးလည်း မိမိ၏တန်ခိုးစွမ်းအင်ဖြင့် ကူညီစောင်မ၏။

မြို့ရွာပေါင်း ရှစ်သောင်းလေးထောင်တို့တွင် စေတီတည်သောအခါ အားလုံးတစ်ပြိုင်နက် လကို ရာဟုဖမ်းသောနေ့တွင် စတည်စေ၍ လကို ရာဟုလက်မှလွတ်သောနေ့တွင် တစ်နေ့တည်းတစ်ပြိုင်တည်း ဌာပနာပိတ်စေ၏။ (မင်းကြီးသည် အဝိဇ္ဇာမှောင်ကြီးမှလွတ်လိုသောဆန္ဒဖြင့် လကို ရာဟုလွတ်သောနေ့ကို ရည်ရွယ်သည်) တစ်နည်းမှာ (ဤနေ့ကို အားလုံးတစ်ပြိုင်တည်း အချိန်တူညီမှုရှိစေရန်လည်းဖြစ်သည့် အမှတ်အသားပင်ဖြစ်ပေသည်)

http://www.dhammadownload.com



ထိုအခါ ရှစ်သောင်းလေးထောင်သောမင်းတို့သည် ရဟန်းရှင်လူအများ ပူဇော်စေရန် ဓာတ်တော်များကို ပွဲလမ်းသဘင်ကြီးစွာခံ၍ ပူဇော်ခံကြစေသည်။ စေတီများတည်ပြီးကြောင်း မင်းအပေါင်းတို့သည် ဆက်စာနှင့်တကွ အသောက မင်းကြီးထံသို့ သွားကြရာ ကမ္ဘည်းဆက်စာနှင့်တကွ အမတ်တို့အားလုံး တစ်ပြိုင်နက်တည်း တက်ရောက်ကြသည်။

တစ်ဖို့သော ဓာတ်တော်တို့ကို ပါဋလိပုတ်ပြည်၌ပင် မြစ်နားဝယ် တကောသခွဲအရပ်၌ လက်ဝါးပြင်ကဲ့သို့ ညီညွတ်စေ၍ အထူးထူးသော ရတနာတို့ဖြင့် တန်ဆာဆင်လျက် မဟာစေတီတော်ကြီးကို တည်တော်မူသည်။ တည်ပြီးလျှင် ဓာတ်တော်များကို ပွဲလမ်းသဘင်ကြီးစွာခံလျက် အပူဇော်ခံစေသည်။ (ထိုပွဲတော်ကို ခုနစ်လ ခုနစ်တက်တိုင်တိုင် ကြီးစွာသော ပူဇော်ပွဲကြီးကို ပြုတော်မူသည်)

ထိုကဲ့သို့ပူဇော်ပွဲကို တိုင်းသူပြည်သားတို့အား ရှစ်ပါးသီလကိုဆောက် တည်စေရမည်ဟု အမိန့်တော်မှတ်တော်မူသည်။ ထိုအခါ အနုမောဒနာပွဲအား အန္တရာယ်စဉ်းငယ်မျှမရှိစိမ့်သောငှာ အရိယာသံဃာတော်တို့ထံ အသောက ရာမကျောင်းသို့လာ၍ သံဃာတော်တို့အား ရိုသေစွာရှိခိုး၍ သံဃာထေရ် မြတ်ကြီးအား ဤသို့လျှောက်၏။ "အရှင်ဘုရား၊ ကျွန်ုပ်၏ကောင်းမှုများကို အန္တရာယ်ရှိငြားအံ့၊ တန်ခိုးအားဖြင့် တားမြစ်ခြင်းကို စွမ်းနိုင်သော ရဟန်း တစ်ပါးကို ပေးတော်မူပါ"ဟု လျှောက်ထားသည်။ သံဃာထေရ်ကြီးလည်း "မင်းကြီး၊ တန်ခိုးရှိသော ရဟန်းကို ရှာဦးအံ့"ဟု မိန့်ကြားတော်မူသည်။

ရဟန်းသံဃာအပေါင်းတို့သည် စည်းဝေးတိုင်ပင်ကြသည်ရှိသော် (မာရ်နတ်သားသည် ကောင်းမှု၏အန္တရာယ်ကို ပြုအံ့သည်။ မချွတ်ဖြစ်သည်) ထိမာရ်နတ်ကို တားမြစ်ခြင်းငှာ ငါ့ရှင်အားထုတ်ပါဟုဆို၏။ ထိုမှတဖန် ငါ့ရှင်အားထုတ်ပါဟု သံဃာအစဉ်အတိုင်း တိုက်တွန်းကြသော်လည်း တစ် ယောက်သောရဟန်းမျှ ဆုံးမမည်သူမထွက်။ ဤကဲ့သို့ သုံးရက်မြောက်သော

http://www.dhammadownload.com



နေ့၌ သံဃာအစည်းအဝေးပြုသောကာလ နဂါးပြည်မှ နဂါးတစ်ယောက်သည် သံဃာတို့ကို ရှိခိုးအံ့ဟု လာ၍ရှိခိုးနေစဉ် ကောင်းကင်မှလာသော ဂဠုန်မင်း သည် နဂါးကိုမြင်၍ ဖမ်းအံ့သောငှာ မြေသို့သက်လာသော် လေ၏အဟုန် ဖြင့်သိသောကြောင့် နဂါးမင်းလည်း ကြောက်လန့်လှ၍ သံဃာထေရ်ကြီး၏ ခြေထောက်တော်ကြားသို့ တိုး၍ဝင်ပြီး "ကျွန်ုပ်၏အသက်ကို ကယ်ပါ"ဟု လျှောက်ထားတောင်းပန်၏။ သံဃာထေရ်လည်း ဒုတိယထေရ်ကို ဤသို့ဆို လေ၏။ "ငါသည် ဓရာဒုဗ္ဗလဖြစ်၍ ဈာန်ဝင်စားခြင်းငှာ မတတ်နိုင်။ အရှင် သည် နဂါးမင်းကို ဂဠုန်မင်းဘေးမှ ကယ်ပါ"ဟုဆို၏။ ဒုတိယထေရ်လည်း တတိယထေရ်ကို ထို့အတူတိုက်တွန်း၏။ ဤနည်းဖြင့် အဆင့်ဆင့်တိုက်တွန်း သော် ခုနစ်နှစ်အရွယ်သာရှိသော သာမဏေငယ်တစ်ဦးက "ကျွန်ုပ် ဂဠုန်ကို ဆုံးမပါမည်"ဟုဝန်ခံ၍ မျှော်လင့်ကာနေ၏။ ဂဠုန်လည်း နဂါးထိတ်အယက် တသွှမ်းလောက်ရောက်လျှင် သံဃာကြီးတို့က "ငါ့ရှင်သာမဏေ ထပါလော့- ထပါလော့"ဟု တိုက်တွန်းကြ၏။ သာမဏေငယ်လည်း စတုတ္ထဈာန်ကို မြန်စွာဝင်စား၍ အဓိဋ္ဌာန်ပြုလျှင် သံဃာတော်တို့၏အစည်းအဝေးနှင့်ဂဠုန် မင်း၏အကြား၌ ကျောက်ဖျာကြီးဖန်ဆင်း၍စံ၏။ ဂဠုန်မင်း၏ လျင်မြန်ခြင်း အဟုန်သည်ကုန်၍ ထုလှစွာသော ကျောက်ဖျာကြီးခံသဖြင့် ပြေးလေသတည်း။ နဂါးမင်းလည်း သံဃာတို့နှင့်သာမဏေကို ကျေးဇူးတင်ကာ ကြည်ညိုစွာ ရှိခိုးလျက် နဂါးပြည်သို့ပြန်သွားလေ၏။

## မာရ်နတ်မင်းနှင့် ရှင်ဥပဂုတ္တထေရ်မြတ်ကြီးတော်

ရဟန်းအပေါင်းတို့လည်း သာမဏေကို ဤသို့မိန့်တော်မူကုန်၏။ "သာမဏေ၊ သင်သည် ငါတို့တောင်းပန်သည်ကို တစ်ကြိမ်တည်းဖြင့် ဝန် မခံသည်ဖြစ်၍ ဒဏ်ထားလိုသည်"ဟု ဆို၏။ "အဘယ်ဒဏ်ကို ထားလို သနည်း"ဟု သာမဏေက လျှောက်လျှင် "သီရိဓမ္မာသောကမင်းကြီးသည်

http://www.dhammadownload.com



ခုနစ်လ ခုနစ်ရက်ပတ်လုံး စေတီပူဇော်ပွဲကိုပြုသောအခါ မာရ်နတ်သည် ကောင်းမှု၏အန္တရာယ်ကို ပြုလတ္တံ့၊ ထိုမာရ်နတ်ကို သင်နိုင်အောင်တားပါ" ဟု မိန့်ကုန်၏။ သာမဏေက "အကျွန်ုပ်မတတ်နိုင်၊ အကျွန်ုပ်ထက် တန်ခိုးကြီးမားသော ရဟန်းကို ညွှန်းပါအံ့၊ ထိုအရှင်သာ တတ်နိုင်ပါလတ္တံ့"ဟု လျှောက်၏။ "အဘယ်သူနည်း"ဟုမေးသော် မဟာသမုဒ္ဒရာအတွင်း၌ ရေအစုကိုထွင်း၍ ရတနာပြသာဒ်ကိုဖန်ဆင်းလျက် ထိုပြာသာဒ်ထက် နေတော်မူသော 'တိဿနာဂ'အမည်ရှိသော ရှင်ဥပဂုတ္တထေရ်သည် ချာန်သမာပတ်တို့ဖြင့် များစွာနေ့တက်တို့ကို လွန်စေ၍ အစာမစားဘဲနေတော်မူသည်။ ထိုအရှင်နှင့်တူသော မာရ်နတ်ကို ဆုံးမနိုင်သောသူသည် မရှိပြီ၊ ထိုအရှင်ဆုံးမမည့်အကြောင်းကိုလည်း ဘုရားသခင် ဤသို့ဗျာဒိတ်ကြားတော်မူခဲ့ပါသည်။

"ချစ်သား အာနန္ဒာ၊ ဤပိယဒဿီ သတို့သားသည် ငါဘုရားအား မြေမှုန့်လှူရသောအကျိုးအားကြောင့် နတ်ပြည်၌ စံစားပြီးသော် သာသနာ (၂၁၈)နှစ်ရောက်သောအခါ ပါဋလိပုတ်ပြည်၌ ဓိန္နသာရမင်း၏ တစ်ရာတစ်ယောက်သောသားတော်တို့တွင် 'အသောက'မည်သော ဗလစကြာမင်းဖြစ်လတ္တံ့။ ထိုအခါ ငါ၏သာသနာတော်၌ သဒ္ဓါခြင်းအားကြီးသဖြင့် ခုနစ်လ ခုနစ်ရက်တိုင်တိုင် အလှူကြီးကိုပေး၍ မိမိကိုယ်ကို နံ့သာဆီဖြင့်ဆွတ်သော ဝါဂွမ်းဖြင့်ရစ်၍ မီးညှိကာပူဇော်လတ္တံ့။ ထိုအခါ မာရ်နတ်များသည် ဖျက်ဆီးအံ့သည်ကို ရှင်ဥပဂုတ္တတိဿနာဂမည်သော မထေရ်သည် တန်ခိုးအားဖြင့် တားပေးလတ္တံ့ဟု ဗျာဒိတ်စကားကြားတော်မူသည်"ဟု လျှောက်ထားသည်။

ယင်းသို့သော သာမဏေဆိုသောစကားကို ကြားလျှင် များစွာသော သံဃာတော်တို့ ဝမ်းမြောက်ဝမ်းသာ သာဓုအနုမောဒနာခေါ်တော်မူကြ၍ ရဟန်းတော်နှစ်ဦးအား "ရှင်ဥပဂုတ္တတိဿနာဂကို သွားပင့်ချေ"ဟု စေလိုက်၏။ ထိုရဟန်းနှစ်ဦးတို့သည် မြေကိုငုပ်လျှိုး၍သွားသဖြင့်ရောက်လျှင် ပြာသာဒ်အပြင်က အသုံးပြုကြသည်။ ရှင်ဥပဂုတ္တလည်း သမာပတ်မှထ၍ 'အကြောင်း

http://www.dhammadownload.com



အသို့နည်း"ဟုမေး၏။ ရဟန်းတို့ကလည်း "သံဃာတို့အစည်းအဝေး ပင့်လို သည်"ဟုလျှောက်၏။ သံဃာတို့ကို ရိုသေသဖြင့် "ငါလာခဲ့အံ့၊ ငါ့ရှင်တို့ ကြွနှင့်လော့"ဆို၍ လွှတ်လိုက်ပြီးသော် မိမိသည် တန်ခိုးအဟုန်ဖြင့် လျင်စွာ လာ၍ သံဃာတော်တို့အစည်းအဝေး၌ မထေရ်တို့ကို ရှိခိုးနေလေ၏။ ရှေ့က နှင်သော ရဟန်းနှစ်ပါးတို့က နောက်မှရောက်လာကြ၏။ ရှင်ဥပဂုတ္တကိုမြင် လျှင် "ဤအရှင်ကား တန်ခိုးကြီးပေစွ။ ငါတို့နောက်မှလိုက်လာလျက် ဦးစွာ ရောက်နှင့်ပေသည်"ဟု အံ့သြကြကုန်၏။ သံဃာထေရ်တို့ကလည်း "ငါ့ရှင် ဥပဂုတ္တ သင်သည် လဆန်း, လဆုတ်ပက္ခတို့၌ ဥပုသ်ပြုခြင်းကိုလည်းကောင်း၊ သံဃာအစည်းအဝေးကိုလည်းကောင်း၊ မရောက်မလာ မိမိချမ်းသာကိုအလေး ပြုဘိ၏။ သံဃာအမှုကို အလေးမပြု။ ဤကဲ့သို့နေရာ၌ မြတ်စွာဘုရားသည် မဟာကပ္ပိနထေရ်ကိုကဲ့ရဲ့တော်မူဖူး၏။ ထို့ကြောင့် သင့်ကိုဒဏ်ဝတ်ထားခြင်း ငှာထိုက်၏"ဟု ဆိုကုန်၏။ ရှင်ဥပဂုတ်သည် ဦးခေါင်းနှင့်တကွ ရေချိုးပြီး သော် ကောကနဒမည်သော ကြာပန်းကို တန်ဆာဆင်သကဲ့သို့ "အရှင်တို့ ထားသောဒဏ်ကို ဦးဖြင့်ခံပါအံ့။ အဘယ်ဒဏ်ကိုပေးလိုကြပါသနည်း"ဟု မေး၏။ သံဃာထေရ်လည်း "ငါ့ရှင်ဥပဂုတ်၊ သသနာ့ဒါယကာဖြစ်သော အသောကမင်းကြီးသည် ရဟန်းတို့အလုပ်အကျွေးဖြစ်သည်။ ယခုအခါ ခုနစ်လ ခုနစ်ရက်တိုင်တိုင် စေတီကျောင်းပူဇော်ပွဲပြုလိုသည်။ ထိုအခါ မာရ်နတ်လာ၍ ကောင်းမှုအန္တရာယ်ကိုပြုလတ္တံ့။ ထိုမာရ်နတ်ကို ငါ့ရှင် ဆုံးမပါ"ဟု မိန့်ကြား ၏။ ရှင်ဥပဂုတ်က "ကောင်းပါပြီ"ဟု ဝန်ခံ၍ ဆွမ်းမဘုဉ်းပေးခဲ့ရသေး ကြောင်းကိုဆိုလျှင် ရဟန်းတစ်ဦးက "အကျွန်ုပ်အား ရှေးကောင်းမှုကြောင့် ဆွမ်းလေးသပိတ်ကို နေ့တိုင်းမပြတ်ရသည်။ တစ်သပိတ်ကို ကျွန်ုပ်ဖို့ချန်၍ သုံးသပိတ်ကို အလိုရှိတိုင်းသုံးဆောင်ပါ"ဟု လျှောက်၏။ ရှင်ဥပဂုတ်က "အဘယ်ကောင်းမှုကြောင့် သင်ရသနည်း"ဟုမေးလျှင် "အကျွန်ုပ် ရှေးအခါ က ဤပါဋလိပုတ်ပြည်၌ သူဌေးသားဖြစ်၍ မိဘချစ်ခင်မြတ်နိုးသော တစ်ဦး တည်းသောသားဖြစ်လျက် ခင်ပွန်းကောင်းနှင့် ပေါင်းမိ၍ ရဟန်းပြုပြီး သီလ

http://www.dhammadownload.com



ဘာဝနာကို လွန်စွာအားထုတ်၏။ မိဘတို့က နေ့တိုင်းဆွမ်းစားပင့်သဖြင့် အဆွေခင်ပွန်း ရဟန်းလေးပါးအား ပင့်ခေါ်၍ ဆွမ်းလုပ်ကျွေးသည်။ ဤကောင်းမှုကြောင့် ဆွမ်းလေးသပိတ်ရသည်"ဟု မိန့်၏။ ရှင်ဥပဂုတ်က "သင်၏ဆွမ်းသည် မစင်ကြယ်၊ သား၏ချစ်ခြင်းဖြင့်လှူသော ကောင်းမှုအကျိုးသာဖြစ်သည်။ သဒ္ဓါ၍လှူသောဆွမ်းမဟုတ်၍ ငါအလိုမရှိ"ဟု မိန့်ဆို၏။ ထိုသို့ဆိုလျှင် ရဟန်း၄-၅ပါးက ဆွမ်းလှူသော်လည်း မသန့်ရှင်းဟူ၍ လက်မခံဘဲ ပယ်ပြီးလျှင် မိမိဘာသာဆွမ်းခံကြွ၏။

တစ်နေ့သ၌ အသောကမင်းကြီးသည် ကျောင်းသို့လာပြီး သံဃာထေရ်ကြီးထံကပ်၍ "အရှင်ဘုရား၊ အကျွန်ုပ်၏ကောင်းမှုအဖွဲ့ရာယ်ကို ပြုလတ္တံ့သော မာရ်နတ်အား မြစ်နိုင်သောရဟန်းကို ရပါပြီလား"ဟု မေးလျှောက်သည်။ "မင်းကြီး၊ ရပါပြီ၊ တစ်ယောက်ကို မဆိုထားဘိ၊ တစ်သောင်းသော မာရ်နတ်ကိုလည်း ဆီးတားနိုင်သော တန်ခိုးအာနုဘော်ရှိသော 'တိဿနာဂဥပဂုတ္တ'အမည်ရှိသောသူသည် ဤရဟန်းပင်တည်း"ဟု ပြောလေသော် မင်းကြီးသည် အနီးသို့ကပ်၍ ဖူးလေလျှင် အဆင်းမလှသောရဟန်းကိုမြင်လျှင် ဤအရှင် တတ်နိုင်ပါအံ့လောဟုကြံလျက် နန်းတော်သို့ပြန်လာ၏။

နံနက်မိုးသောက်သော် စူးစမ်းပါအံ့ဟုကြံပြီး နေလင့်၏။ ရှင်ဥပဂုတ္တသည် နန်းတော်သို့ဆွမ်းခံဝင်ရာ မင်းကြီးဆွမ်းလှူလိုက်၍ ကြွသောကာလ အမုန်ရစ်သောဆင်တစ်စီးကို လွှတ်လိုက်၏။ ဆင်လိုက်၍ အနီးသို့ရောက်သောအခါ အရှင်မြတ်သည် မင်းကြီးက လွှတ်လိုက်သောအဖြစ်ကို သိသဖြင့် ကြွစဉ်ပင် အဓိဋ္ဌာန်တော်မူလျှင်ထိုဆင်သည် ကျောက်တိုင်ကျောက်ရုပ်ကဲ့သို့ ဖြစ်၍ နှာမောင်းချီ၍ရပ်၏။ ရှင်ဥပဂုတ္တက မကြည့်ဘဲ ကြွမြဲကြွသည်။ မင်းကြီးသည် မှူးမတ်တို့နှင့်တကွ ဆင်၏အနီးသို့သွားကြည့်ရာ ကျောက်တိုင်ကျောက်ရုပ်ဖြစ်နေသည်ကိုမြင်လျှင် ထိုအရှင်၏တန်ခိုးအာနုဘော်တော်ကို အံ့သြကြကုန်၏။ ကြန်အင်လက္ခဏာနှင့်ပြည့်စုံသောဆင်သည်လျှင် ကျောက်

http://www.dhammadownload.com



တိုင်ဖြစ်ချေသည်။ မာရ်နတ်ကိုကား မချုတ်ဆုံးမနိုင်လတ္တံ့။ ဝမ်းမြောက်ဝမ်းသာ အခြံအရံတို့နှင့်လိုက်လေ၏။ အနီးသို့ရောက်သော် "အရှင်ဥပဂုတ္တ၊ အရှင်ကိုနှိပ်စက်လို၍ မပြုပါ၊ စူးစမ်းလို၍သာ ပြုပါသည်၊ အပြစ်ကိုသည်းခံတော်မူပါ"ဟု တောင်းပန်ကာ ကန်တော့သည်။ အရှင်ဥပဂုတ္တသည် "မင်းကြီး ချမ်းသာသောကိုယ်ရှိပါစေ၊ ဆင်လည်း ပြကတေ့အတိုင်းဖြစ်ပါစေ"ဟု မိန့်တော်မူလျှင် ဆင်သည် မိမိနေရာသို့သွားလေသည်။ ထိုအခါ များစွာသော လူအပေါင်းတို့က ဝမ်းမြောက်ဝမ်းသာဖြစ်ကြကုန်၏။

သီရိဓမ္မာသောကမင်းကြီးသည် စေတီကျောင်း ၈၄ဝဝဝတို့ကို ပူဇော်ခြင်းငှာ မြို့အလုံးကိုစည်လည်စေသည်။ "ဤနေ့မှစ၍ ခုနစ်ရက်လွန်လျှင် စေတီပူဇော်ပွဲဖြစ်လတ္တံ့၊ ပြည်တွင်းပြည်ပ၌နေကြကုန်သော လူအပေါင်းတို့သည် သုံးပါးသော သရဏဂုံနှင့် ရှစ်ပါးသီလမြဲတ်ကို ဆောက်တည်ကြ၍ စေတီပူဇော်ကြကုန်"ဟု နှိုးဆော်စေသည်။ ခုနစ်ရက်လွန်သောနေ့၌ တန်ဆာဆင်အပ်သော အင်္ဂါဘိဏီမျှသော စစ်အင်္ဂါအပေါင်းခြံရံလျက် သိကြားမင်း၏နေရာ တာဝတိံသာနတ်ပြည်ကဲ့သို့ ကျက်သရေရှိသော နေပြည်တော်ကို လက်ယာရစ်သုံးပတ်လှည့်ပြီးမှ အသောကာရာမကျောင်းတော်သို့သွား၍ ရဟန်းတို့အလယ်၌နေပြီးမှ မဟာစေတီ၏ထက်ဝန်းကျင် ယူဇနာခွဲအရပ်ကို ဆီမီးထွန်းညှိစေ၏။ စေတီတော်ကို ရှိခိုးပူဇော်ခြင်းငှာ လာကုန်သော ရဟန်းသံဃာအပေါင်းသည်လည်း စည်းဝေးကြကုန်၏။

အင်္ဂါဘိဏီဆိုရာ၌ အရေအတွက်ကား-

၁။ ဆင်တစ်စီးတွင် ဆင်စီးသူရဲတစ်+ကုန်လည်စီးတစ်+နောက်ပုံစီးလုံ့ထမ်းတစ်+ လက်ယာနှင့်လက်ဝဲနှစ်+ ဆင်ခြေဖုံးလေး+ ဆင်ကြီးစောင့်တစ်+ဆင်၏ကံကျေးတစ်+ပေါင်းသော် တစ်ကျိပ်သုံးယောက်တည်း။

http://www.dhammadownload.com



၂။ ရထားတစ်စီးတွင် ရထားစီးသူရဲတစ်+နားပန်ဆောင့်လက်ယာတစ်+လက်ဝဲတစ်+လုံထမ်းလက်ယာတစ်+လက်ဝဲတစ်+ ပေါင်း ငါးယောက်တည်း။

၃။ ဆင်တစ်စီးကို ရထားတစ်ရာရုံသည်။ ရထားတစ်စီးကို မြင်းတစ်ရာရုံသည်။ မြင်းတစ်စီးကို သူရဲကောင်းတစ်ရာရုံသည်။ သူရဲကောင်းတစ်ယောက်ကို သမီးကညာ တစ်ရာ ရုံသည်။ သမီးကညာ တစ်ယောက်ကို အလုပ်အကျွေးမိန်းမ တစ်ရာရုံသည်။

သို့ဖြစ်၍ ဆင်ကိုးထောင်+ရထားကိုးသိန်း+မြင်း ကိုးကုဋေ+သူရဲကောင်း ကုဋေကိုးရာ+သမီးကညာကုဋေ ကိုးသောင်း+အလုပ်အကျွေးမိန်းမ ကုဋေ ကိုးသန်း အလုံးစုံပေါင်းသော် အကျောဘိဏီဖြစ်သည်။

ဤအကျောဘိဏီကြီးကား မင်းတို့၏ စစ်တိုက်အင်္ဂါကျင်းပရာ၌ သုံးစွဲခေါ်ဝေါ်ရိုးတည်း။

(ဗဟုသုတဖြစ်စေရန် ဖော်ပြပါသည်)

ထိုအခါ ရဟန်းသံဃာတော်တို့လည်း ကုဋေရှစ်ဆယ်တိုင်တိုင် စည်းဝေးမိကြ၏။ မိန်းမ, ယောကျ်ား, ရဟန္တာတို့ကို ရွေးကောက်ရေတွက်သော် တစ်သိန်းရှိ၏။ ထိုရောက်လာသူအသီးသီးတို့ ဆိမ်းထွန်းညှိသောအခါ မီးသေစိမ့်သောငှာ မာရ်နတ်သားသည် ပြင်းစွာသောလေကို လာစေ၏။ ရှင်ဥပဂုတ္တလည်း တန်ခိုးတော်ဖြင့် လေကို အဝေးသို့လွှင့်၏။ တစ်ဖန် မာရ်နတ်သားက သဲမိုး, ကျောက်ရစ်မိုး, ကျောက်ဖျာမိုး, မီးကျီးမိုး, ချေးမိုးတို့ကို အစဉ်အတိုင်း ရွာစေသည်။ ရှင်ဥပဂုတ္တလည်း အဓိဋ္ဌာန်တန်ခိုးဖြင့် စကြာဝဠာတံတိုင်းအပ၌ စွန့်ပေ၏။ မာရ်နတ်သားသည် မိမိလွှတ်သော လက်နက် မရောက်သည်ကိုမြင်လျှင် ကြီးစွာသောအမျက်ထွက်၍ ဥဿဘ

http://www.dhammadownload.com



နွားဟန်ဆောင်ဖန်ဆင်း၍ ဆိမ်းကိုငြိမ်းစေရန် ပြေးလာ၏။ ရှင်ဥပဂုတ္တက ကျားဟန်ဖန်ဆင်း၍ ကြောက်မက်ဖွယ်အသံကိုမြည်လျက် လိုက်၏။ လူအပေါင်းတို့လည်း ကြည့်ကြကုန်၏။ မာရ်နတ်သားက တဖန်ဦးခေါင်းခုနစ်လုံးရှိသော နဂါးဟန်ဆောင်၍ ကျားကိုကိုက်အံ့သောငှာ လိုက်၏။ ရှင်ဥပဂုတ္တက ကျားအသွင်မှ ချက်ချင်း ဂဠုန်အသွင်ဖန်ဆင်း၍ နဂါးကိုဖမ်း၏။ မာရ်နတ်သားက ဘီလူးကြီးဟန် ဖန်ဆင်း၍ ထန်းပင်လောက်ရှိ တောက်ပြောင်လှသော သံလှတံကိုကိုင်လျက် ဦးခေါင်းကိုရိုက်အံ့သောငှာ လိုက်၏။ ရှင်ဥပဂုတ္တက ၎င်းထက်ကြီးသော ဘီလူးကြီးအသွင်ဆောင်ကာ ဝင်းဝင်းညီးသော သံလုံတံနှစ်ချောင်းကိုင်၍ ရိုက်တော့ဟန် လိုက်၏။ ထိုအခါ မာရ်နတ်လည်း အလွန်ကြောက်ရွံ့သည်ဖြစ်၍ အရောင်အဆင်းနှင့်ပြည့်စုံသော လူ၏အသွင်ကို ဖန်ဆင်းလျက် ရှင်ဥပဂုတ္တရှေ့မှာ ရပ်လာ၏။ ထိုအခါ ရှင်ဥပဂုတ္တက ပိုးလောက်အတိပြည့်သော စက်ဆုတ်ရွံရှာဖွယ်ရှိသော ခွေးသေပုတ်ကောင်ကို လည်ပင်း၌ဆွဲ၍ (တစ်စုံတစ်ယောက်သော နတ်သိကြားဗြဟ္မာတို့သည် မချွတ်နိုင်စေသတည်း)ဟု အဓိဋ္ဌာန်ပြုတော်မူ၍ မာရ်နတ်ကိုလွှတ်လိုက်၏။

မာရ်နတ်သည် စိတ်ဆင်းရဲရွံရှာစက်ဆုတ်ကြီးစွာဖြစ်၍ စတုလောကပါလနတ်မင်းကြီးထံသွား၍ (ချွတ်ပါ)ဟုဆို၏။ နတ်သားတို့က "အဘယ်သူဆွဲသနည်း"ဟုမေးလျှင် "ရှင်ဥပဂုတ္တမထေရ်ဆွဲကြောင်း"ဆိုသော် "ထိုအရှင်ဆွဲသည်ကိုမူ ကျွန်ုပ်တို့မချွတ်နိုင်ပါ"ဟုဆိုလျှင် တဖန် သိကြား, သုယာမ, သန္တုသိတ, သုနိမ္မိတ, ဝသဝတ္တီနတ်မင်းတို့၏ အထံမှာသွား၍ "ချွတ်ပါ ချွတ်ပါ"ဟု တောင်းပန်၏။ နတ်မင်းတို့လည်း "ထိုအရှင်သည် ငါတို့ထက်တန်ခိုးကြီးလှပါဘိ၏။ ငါတို့မချွတ်နိုင်"ဟုဆိုကြ၏။ မာရ်နတ်သားလည်း ဗြဟ္မာဘုံသို့သွား၍ "အကျွန်ုပ်အား သနားကြပါသဖြင့် ဤခွေးသေကောင်ပုတ်ကို ချွတ်ပေးပါ"ဟု တောင်းပန်သည်။ ဗြဟ္မာမင်းတို့လည်း "မြတ်စွာဘုရား၏တပည့်သားတော်ကြီးဖြစ်သော ရဟန္တာမြတ်က ဆွဲထားသည်ကို ငါတို့

http://www.dhammadownload.com



မချွတ်နိုင်၊ သင်သွား၍ ထိုအရှင်အား တောင်းပန်ချေ။ ထိုအရှင်မြတ်ပင် လျှင် ဖြေချွတ်လတ္တံ့."ဟု ဆိုလိုက်ကြ၏။ ထိုစကားကိုကြားသောအခါ မာရ်နတ်သည် ရှင်ဥပဂုတ္တထံသို့လာ၍ "အရှင်ဘုရား၊ အကျွန်ုပ်ရှုံးပါပြီ၊ ဤခွေးသေကောင်ပုတ်ကို ချွတ်တော်မူပါ"ဟု လျှောက်၏။ ရှင်ဥပဂုတ္တသည် မာရ်နတ်သားကိုခေါ်၍ တောင်ကြီးတစ်လုံးအပါးသို့သွားပြီးသော် မာရ်နတ်၏လည်ပင်း၌ဆွဲထားသော ခွေးသေကောင်ပုတ်ကို ချွတ်ပြီးလျှင် ခါးပန်းတော်ကို ရှည်အောင် ဖန်ဆင်းတော်မူ၍ ခါးပန်းဖြင့်ချည်ပြီးမှ တောင်၌မြဲမြဲစွာချည်လျက် "မာရ်နတ်သား၊ သင် တစ်ပါးသို့မသွားလင့်၊ ဓမ္မာသောကမင်း၏ပူဇော်ပွဲ မပြီးမချင်း ဤအရပ်၌နေရစ်"ဟု မိန့်တော်မူလျှင် မာရ်နတ်သားလည်း ဆိတ်ဆိတ်သာခံနေရ၏။ ခုနစ်လ ခုနစ်ရက်လွန်က ဓမ္မာသောကမင်းကြီး၏စေတီပူဇော်ပွဲပြီးသောအခါမှ မာရ်နတ်ရှိရာသို့သွားပြီး အသံကိုနားထောင်သော် မာရ်နတ်သားလည်း ဘုရားရှင်၏ကျေးဇူးတော်ကို အောက်မေ့မိသဖြင့် ဤသို့ဆို၏ -

"ငါသည် ရှေးသောအခါက မြတ်စွာဘုရားအား များစွာသော ဖောက်ပြန်မှုများကိုပြုခဲ့သည်။ မြတ်စွာဘုရားသည် ငါ့အား တစ်စုံတစ်ရာသော အပြစ်ကို ပြုတော်မမူ၊ ယခုသာဝကသည် သနားခြင်းမရှိသည်ဖြစ်၍ ငါ့အား ညှင်းပန်းနှိပ်စက်ဘိ၏"ဟု မြည်တမ်းလျက် တောင်ဝှမ်းကို အစဉ်လှည့်ပတ်နေ၏။ တဖန် အကြံဖြစ်သည်မှာ "ငါသည် ရှေးရှေးသောဘဝကလည်း ရဟန္တာဖြစ်ရအောင် ပုညအစု အကောင်းမှုအထူးကိုလည်း ဆည်းပူးခဲ့လှပြီ၊ ဤကုသိုလ်တို့၏အာနိသင်ကြောင့် နောင်သောအခါ ဘုရားဆုကို ရလိုပါ၏ သတ္တဝါတို့အား သနားခြင်းမရှိသော သာဝက မဖြစ်လိုပါ"ဟု မြည်တမ်းကာနေရှာ၏။ လွန်စွာစိတ်ဆင်းရဲခြင်းဖြစ်နေရှာတော့သည်။

ထိုသို့မြည်တမ်းနေစဉ်တွင်ပင် အရှင်ဥပဂုတ္တလည်း အဆောတလျင်လာ၍ ခါးပန်းတော်ကိုဖြည်ပြီးမှ "မာရ်နတ်သား၊ ငါ့အားသည်းခံလော့၊ ငါ

http://www.dhammadownload.com



သည် သင်၏အကျိုးကိုလည်း ဖြစ်စေပြီ၊ မင်းကြီး၏ကောင်းမှုကိုလည်း အနန္တရာယ်ကင်းစေပြီ၊ ယနေ့မှစ၍ သင်သည် ဘုရားဆုကိုယူပေသူဖြစ်သော ကြောင့် သင့်ကို ပူဇော်ထိုက်ပေသည်"ဟုဆို၏။ ထိုအခါ မာရ်နတ်သားက အရှင်ဥပဂုတ္တကို "သင်တို့သာဝကသည် သနားခြင်းမရှိဘဲ ကဲ့ရဲ့ဘွယ်အတိ သာများ၏။ ထို့ကြောင့် အကျွန်ုပ်သည် သာဝကအဖြစ်ကို မဖြစ်လိုပြီ၊ သာဝကသည်ကား သင်ကဲ့သို့ သနားခြင်းမရှိသည်သာတည်း"ဟု ဆိုလေ သည်။ ရှင်ဥပဂုတ္တကလည်း "မာရ်နတ်၊ သင်သည် နှလုံးမသာမရှိနှင့်၊ ငါ၏ အာနုဘော်တော်ကြောင့်ပင် သင်သည် မာနတရားတွေကျ၍ သင်ဘုရားဆုကို တောင်းပေသည်၊ တောင်းသည့်အတိုင်းလည်း မချွတ်ကေန်ဖြစ်လတ္တံ့၊ ဘုရား သခင်ကလည်း ဗျာဒိတ်တော်စကားကို ကြားတော်မူဖူးခဲ့သည်"ဟု မိန့်ဆိုပြီး လျှင် ဆက်လက်၍ မာရ်နတ်အား "မာရ်နတ်၊ ဘုရားဖြစ်တော်မူသောအခါ က သင်သည် မြင်ဖူးခဲ့ရသည်၊ ငါမမြင်ဖူးရပါ၊ မြတ်စွာဘုရားကိုယ်တော် ဟန်ကို သာဝကအခြေအရံနှင့်တကွ ငါ့အား ဖန်ဆင်း၍ပြပါ"ဟု ဆိုလေ သော်–

မာရ်နတ်သားက "အရှင်ဥပဂုတ္တက အကျွန်ုပ်ကို မရှိခိုးမူကား ပြ ပါအံ့'ဟုဆိုလျှင် အရှင်ဥပဂုတ္တက "ကောင်းပြီ"ဟု ဝန်ခံ၍ လျင်မြန်စွာ သံ ဃာတော်တို့ကို စည်းဝေးစေ၏။ မြတ်စွာဘုရားအသွင်တော်ကို ဖူးမြင်လိုသော ရဟန်းရှင်လူတို့သည် ပန်းနံ့သာစွဲကိုင်လျက် လာကြကုန်ပြီး ရဟန်းတို့ကို ခြံရံ၍ လိုက်ကြကုန်၏။ မာရ်နတ်သည် တစ်ခုသောတောအုပ်သို့ဝင်၍ ပြန် ထွက်လာသောအခါ (သုံးဆယ့်နှစ်ပါးသော လက္ခဏာတော်ကြီး၊ ရှစ်ဆယ် သောလက္ခဏာတော်ငယ်တို့ဖြင့် တင့်တယ်စွာတန်ဆာဆင်အပ်သော တစ်လံ မျှလောက်သော ရောင်ခြည်တော်အဝန်းဖြင့် တောက်ထွန်းသော ဘုရားသခင် ၏အသွင်တော်ကို ဖန်ဆင်းလျက် လက်ယာရံ လက်ဝဲရံ အဂ္ဂသာဝကအစုံ၊ ရှစ်ကျိပ်သော မဟာသာဝကတို့ ဓယမ်းပုံနှင့်တကွ အလုံးစုံတောက်ပသော

http://www.dhammadownload.com



ဘုရားအသရေတော် အဆင်းတော်ကို ဖန်ဆင်း၍ပြလေ၏) ရှင်ပဂုတ္တမထေရ်လည်း မတုန်မလှုပ်သော သက်ဝင်ကြည်ညိုခြင်းဖြစ်၍ မာရ်နတ်သားအား ပေးအပ်သော ပဋိညာဉ်ကို မအောက်မေ့နိုင်တော့ဘဲ ငေးမောလျက် မိန်းမောကာ သဒ္ဓါကြည်ညိုအလွန်တိုးပွားရကား ငါးပါးသောပီတိခြင်း၊ ရှိခိုးခြင်းတို့ဖြင့် ရှိသေစွာရှိခိုးတော်မူ၏။ ပါလာသမျှသော မင်းမှူးမတ် ပရိသတ်အပေါင်းတို့နှင့် ရဟန်းပရိသတ်အပေါင်းတို့သည် အလွန်ဝမ်းမြောက်ကြည်ညိုသဒ္ဓါဖြစ်ကာ အဖန်ဖန်ရှိခိုးကြကုန်၏)

မာရ်နတ်သားက ဘုရားအသွင်ကို ကွယ်စေ၍ "အရှင်ဥပဂုတ္တ၊ အဘယ်ကြောင့် အကျွန်ုပ်ကို ရှိခိုးသနည်း"ဟု မေး၏။ ရှင်ဥပဂုတ္တက "သင့်ကို ငါရှိမခိုးပါ၊ မျက်မှောက်ဖြစ်သော သာဝကရှစ်ကျိပ်နှင့်တကွသော ဘုရားသခင်အသွင်ကိုသာ ငါရှိခိုးသည်"ဟု ဆို၏။ ထိုအခါမှစ၍ မာရ်နတ်သားသည် သာသနာ၌ သဒ္ဓါနူးညံ့စွာဖြစ်၍ မိမိနေရာသို့ပြန်လေ၏။

ဤတွင် အလျဉ်းသင့်၍ ရှင်ဥပဂုတ္တအကြောင်းကို ငယ်သူများဗဟုသုတအလို့ငှာ ဓိနတ္တပကာသနီကျမ်းတော်မှ ထုတ်နုတ်ဖော်ပြလိုက်ပါသတည်း။

ထိုအခါ 'ရှင်ဥပဂုတ္တ'နှင့်ရဟန္တာအပေါင်းတို့သည် ဤသို့ကြံကြကုန်၏။ မင်းကြီးသည် မိမိပြုသော ရှစ်သောင်းလေးထောင်သော စေတီကျောင်းအလုံးစုံတို့ကို အကုန်မြင်ရသည်ရှိသော် ဘုရားသခင်သာသနာတော်၌ အတိုင်းထက်အလွန် ကြည်ညိုခြင်းဖြစ်လတ္တံ့ဟုကြံလျက် မိမိရျာန်ကို ဝင်စားကြပြီးလျှင် (ဣဒ္ဓိအဘိညာဉ်ဖြင့် ရပ်ထက်ဝန်းကျင် မင်းလွင်ဖြူဖွေး ညစ်ကြေးကင်းစင်စေ၍ အကြွင်းမဲ့ဖြစ်စေတတ်သော 'လောကဝိဝရဏ'မည်သော တန်ခိုးပြာဋိဟာကို ပြုလေ၏။ မင်းကြီးသည် အသောကရာမကျောင်းထက်ရပ်ပြီးလျှင် ထက်ဝန်းကျင်သောအရပ်မျက်နှာတို့ကို ရှုမျှော်သော် သမုဒ္ဒရာအပိုင်းအခြားရှိသော ဇမ္ဗူဒိပ်ကျွန်းအလုံးကိုလည်းကောင်း၊ ၈၄၀၀၀သောအရပ်ရပ်မှ စေတီကျောင်းတော် ကောင်းမှုတော်တို့ကိုလည်းကောင်း လက်ဝါးပြင်တွင်

http://www.dhammadownload.com



တင်၍ကြည့်ဘိသကဲ့သို့ ဖူးမြင်တော်မြင်ရသော်၊ အတိုင်းထက်အလွန် နှစ်သက်ဝမ်းမြောက်ခြင်းရှိတော်မူသည်ဖြစ်၍ ဖမ္ဗူဒိပ်တစ်ကျွန်းလုံး၌ ရအပ်သော မင်းစည်းစိမ်ဖြင့် ပူဇော်တော်မူသည်။ ထိုအခါ သိရိဂုတ်ဓာတ်စေတီမြတ်တို့မှ ဖြစ်တော်မူသော ၈၄၀၀၀သော စေတီတော်များမှ ကောင်းကင်ယံ၌ မြတ်စွာဘုရား အဆူဆူပွင့်သကဲ့သို့ ဓာတ်တော်မွေတော်များသည် ရောင်ခြည်တော်အသွယ်သွယ်တို့ဖြင့် တန်ခိုးပြာဋိဟာပြကော်မူသည်မှာ အံ့ဘွယ်မကုန်နိုင်အောင် ချီးကျူးထောပနာပြုကြ၍ ရှိခိုးပူဇော်ကြသည်။ ဤသို့မမိုတ်မသုန်သောမျက်စိဖြင့် ခုနစ်ရက်လုံးလုံး ပူဇော်တော်မူပြီးမှ မှူးတော်မတ်တော်များ ခြံရံလျက် လက်အုပ်ချီကာ လက်ယာရစ်သုံးပတ်လှည့်၍ စေတီတော်ကို ပူဇော်ပြီးမှ သံဃာတော်တို့အား ဆွမ်းလုပ်ကျွေး၍ တရားတော်ကို ကြည်ညိုစွာနာယူတော်မူပြီးသောအခါ ဝမ်းမြောက်ကြည်နူးစွာဖြင့် နန်းတော်သို့ပြန်လေ၏။

အသောကရာဇာသည် ဓာတ်တော်မွေတော်များမှ အချို့အဝက်ကို စေတီတည်၍ နိုင်ငံအသီးသီးသို့ ဓာတ်တော်များနှင့်တကွ အသပြာငွေတို့ကို မှူးမတ်များသို့ပေးအပ်ကာ စေတီကျောင်းတော် ရှစ်သောင်းလေးထောင် တည်တော်မူခဲ့ပြီးနောက် (ဗုဒ္ဓသပိတ်တော်၊ သင်္ကန်းတော်၊ ပရိက္ခရာတော် စသော ပရိဘောဂများကိုမူကား မိမိကိုယ်တော်တိုင် ကျောင်းတော်ကြီးဆောက်လုပ်ကာ လှူဒါန်းပြီးလျှင် ရတနာပလ္လင်ပေါ်တွင်ထား၍ ကိုးကွယ်တော်မူလေသည်)

ထိုအချိန်မှစ၍ ထူးခြားသော ဥပုသ်သီတင်းနေ့များတွင် ပါဋလိပုတ်ပြည်သူပြည်သားတို့သည် 'သပိတ်တော်'ထဲသို့ ပန်းများထည့်လှူပူဇော်ကြသည်။ မရှိဆင်းရဲသားများထည့်လှူသောပန်း အနည်းငယ်ပင်ဖြစ်လင့်ကစား သပိတ်တော်ထဲ၌ ပန်းများပြည့်နေပါက လှူကျူသည့်အပြင် နှုတ်ခမ်းနှင့်အညီ ရှိနေသည်။ တဖန် သူဌေးသူကြွယ်များက ရွှေခွက်၊ ငွေဖလားကြီးများစွာနှင့် ပန်းများစွာတို့ကိုထည့်၍ ဗုဒ္ဓ၏သပိတ်တော်အတွင်းသို့ သွန်းလောင်းပူဇော်ပြန်

http://www.dhammadownload.com



သော်လည်း ဤမှုများပြားလှသောပန်းတို့သည် သပိတ်နှင့်မကန် လျှံထွက်ကျသည်ဟူ၍မရှိပေ။ ပန်းများသည် သပိတ်တော်၏နှုတ်ခမ်းနှင့်အညီသာလျှင် တည်နေဘိသဖြင့် အဆန်းတကြယ်ပင် ရပ်ဝေးရပ်နီးများသို့ ကျော်ကြားကာ သဒ္ဓါကြည်ညိုသူများ နေ့စဉ်မစဲ အမြဲမပြတ် ပြည့်ကြပ်စွာဖူးမြော်နေကြသည်ဟု အိန္ဒိယပြည်တွင် ယခုတိုင်ကျော်ကြားလျက်ရှိနေသည်ကိုထောက်သော် တရုတ်ရဟန်းတော် ဖာဟီယန်သည်လည်း သက္ကရာဇ် တစ်ဆယ်ရာတွင် သွားရောက်ဖူးမြော်စဉ်က ဗုဒ္ဓသပိတ်တော်ကို ပန်းများဖြင့်ပူဇော်ရာ၌ မြင်တွေ့ခဲ့ရသော ယင်းအဖြစ်အပျက်များကို ကိုယ်တိုင်အတွေ့အကြုံကိုပင် မှတ်တမ်းတင်ခဲ့ခြင်း ဖြစ်ပေသည်။

အသောကမင်းကြီးသည် ဗုဒ္ဓ၏သပိတ်တော်ကို အိမ်နီးချင်း ဗုဒ္ဓဘာသာ သာသနာတော်ပြန့်နှံ့ရာဒေသများက ပူဇော်ခွင့်ပြုရန် ပန်ကြားလာသောအခါတွင် ရဟန်းသံဃာတော်များထံ အပ်နှံ၍ ရဟန်းသံဃာတော်များက ပို့ဆောင်ပေးရင်း ကာလအပိုင်းအခြားအားဖြင့် ပူဇော်ခွင့်ပြုတော်မူသည့်သာဓကများလည်း ရှိခဲ့လေသည်။ ရှင်မဟာကဿပကြီး၏အကြံပြုချက်အရ အဇာတသတ်မင်းကြီး ဌာပနာခဲ့သော ဗုဒ္ဓသပိတ်တော်သည် အသောကမင်းကြီးလက်ထက်မှသည် ပြန်လည်တူးဖော်ထုတ်ခဲ့၍ သာသနာတော်စည်ပင်ရာ နိုင်ငံများသို့ လှည့်လည်အပူဇော်ခံရင်း တန်ခိုးပြဋ္ဌိဟာပြခဲ့သည်မှာ နောက်ပိုင်းတွင် ဖတ်ရှုကြရပါဦးမည်။ ထူးဆန်းအံ့ဩဖွယ်ရာဂုဏ်အတိနှင့်ပြည့်စုံတော်မူသော ဗုဒ္ဓရှင်တော်မြတ်ဘုရား၏ သပိတ်တော်ပင်တည်း။

ဗုဒ္ဓသပိတ်တော် ထင်ရှားရှိစဉ်အချိန်မီ၍ ယခုတိုင်အောင် ဘုရားသာသနာ၌ အသောကမင်းကြီး၏ စွန့်ကြဲခြင်းနှင့်တူသော စွန့်ကြဲခြင်းသည် မရှိ။ မင်းကြီး၏စွန့်ကြဲခြင်းသည်သာလျှင် ကြီးမြတ်သည်ဟု ရှင်မောဂ္ဂလိပုတ္တတိဿထေရ်က အသောကမင်းကြီးအမေးတစ်ရပ်ကို ဖြေတော်မူခဲ့သည်။ "ဤမှုလောက်သောဒါနပြုရသဖြင့် သာသနာတော်အမွေကို ခံရပါအံ့လော"

http://www.dhammadownload.com



ဟူ၍ မင်းကြီး၏အမေးနှင့်ပတ်သက်၍ "မင်းကြီး၊ ဤသို့ပစ္စည်းကိုစွန့်ကြကာမျှဖြင့် သာသနာ့အမွေအဖြစ်သို့ မဖြစ်သေး။ ဤမြေမှသည် ဗြဟ္မာဘုံတိုင်အောင် ပစ္စည်းလေးပါးတို့ကိုစုပုံ၍ လှူဒြားသော်လည်း ဘုရားရှင်သာသနာ၌ အမွေခံမဖြစ်သေးချေ"ဟု ရှင်မောဂ္ဂလိပုတ္တတိဿထေရ်က ပြောခဲ့သေး၏။ ထို့ကြောင့် သာသနာ့အမွေခံနိုင်လေအောင် အသောကမင်းကြီးသည် မိမိ၏ရင်၌ဖြစ်သော သားနှင့်သမီးကို ရဟန်းပြုပေးခဲ့၏။ သားတော် မဟိန္ဒမင်းသားကား ကမ္မဝါစာအဆုံး၌ ပဋိသမ္ဘိဒါလေးပါးနှင့်တကွ ရဟန္တာဖြစ်၏။ သမီးတော် သင်္ဃမိတ္တာမူကား အသက်(၁၈)နှစ်သာရှိသေး၍ သာမဏေပြုရ၏။

အသောကမင်းကြီးပင် နတ်ရွာမစံမီအချိန်ကာလ အတန်ကြာရဟန်းဝတ်ခဲ့၍ ဘီစီသက္ကရာဇ် ၂၂၆-ခုနှစ်တွင် နတ်ရွာစံခဲ့သည်။ ဗုဒ္ဓသပိတ်တော်သည်လည်း ပါဋလိပုတ်ပြည်၌ပင်လျှင် မောရိယမင်းဆက်ကုန်သည်အထိ ကိန်းဝပ်တော်မူလျက် ကုသျှန်မင်းများလက်ထက်ရောက်သောအခါမှပင် ပုရုသျှပူရ(ပက်သျှဝါ)မြို့သို့ ပြောင်းရွှေ့ကိန်းဝပ်တော်မူသည်ဟု အိန္ဒိယပြည်တွင် ယုံကြည်ရင်းရှိနေကြလေသည်။

## လင်္ကာဒီပသို့သပိတ်တော်ပင့်ခြင်း

လင်္ကာဒီပသည် သီဟိုဠ်ကျွန်း အနုရာဓပူရမြို့တွင် ဗုဒ္ဓသပိတ်တော် ကိန်းဝပ်ခဲ့သည်။ ကာလအပိုင်းအခြားဖြင့်သာ ကိန်းဝပ်တော်မူပြီးလျှင် သပိတ်တော်ကို အနုရာဓပူရတွင် ဌာပနာပြီး စေတီတည်ထားသည်ကို လင်္ကာဒီပဗုဒ္ဓဘာသာဝင်များက လက်ခံကြသည်။ တရုတ်ရဟန်းတော် ဖာဟီယန်သည် (သာသနာနှစ် ဆယ်ရာစုနှစ်)၌ အိန္ဒိယပြည် ဗုဒ္ဓပွင့်တော်မူရာဒေသများသို့ ထပ်မံဖူးမြော်ကြွရောက်ခဲ့စဉ်က လင်္ကာဒီပသီဟိုဠ်ကျွန်း၌ ဗုဒ္ဓသပိတ်တော်ကို

http://www.dhammadownload.com



မဖူးခဲ့ရသေးပေ။ ပုရှသျှပူရ(ဝါ)(ပက်သျှဝါမြို့)တွင် ကိန်းဝပ်လျက်ရှိသည်ကို တပ်အပ်သေချာစွာ ဖူးတွေ့ခဲ့ရပြီးဖြစ်၍ ထင်ရှားစွာ ကိုယ်တွေ့မှတ်တမ်း တအုပ်တွင် မှတ်တမ်းတင်ထားသည့်အချက်က ထင်ရှားရှိနေသည်။

အနုရာဓပူရမြို့သည် ဘုရင်ပဏ္ဍုကာဘာရ(သီဟိုဠ်သမိုင်း၌ တွေ့ရသော အမည်)အုပ်စိုးစဉ်က ဗုဒ္ဓသာသနာတော်ထွန်းကားရာအရပ်မဟုတ်သေးဘဲ (သက္ကရာဇ်–၂၆၀)လောက်တွင် နန်းတက်သော(ပဏ္ဍုကာဘာရ၏မြေးတော်)ဒေဝါနံပိယတိဿလက်ထက်ရောက်သောအခါတွင်မှ ပါဋလိပုတ်ပြည် အသောက မင်းကြီး၏သားတော် မဟိန္ဒထေရ် ကြွရောက်၍ သာသနာပြုတော်မူသဖြင့် ဗုဒ္ဓသာသနာတော်ထွန်းကားခဲ့လေသည်။ ရှင်မဟိန္ဒထေရ် လင်္ကာဒီပသီဟိုဠ် ကျွန်းသို့ရောက်၍ သာသနာတော်ပြုပုံကိုလည်း (ပဲထီးဆရာတော်)စီရင်သော ထေရဝါဒသာသနာဆက် အလင်းပြဝံသဒီပနိ၌ ပြဆိုထားချက်ကို တင်ပြပါဦးမည်။

## ဗျာဒိတ်တော်

"သာသနာသက္ကရာဇ် ၂၃၅–ခုနှစ်တွင် ဒေဝါနံပိယတိဿ မင်းပြု၍ ပထမဘိသိက်ခံသည့်နေ့၌ သိကြားမင်းသည် ရှင်မဟိန္ဒထေရ်ထံသို့ကပ်၍ အရှင်ဘုရား၊ သီဟိုဠ်ကျွန်း၌ မုဋသိဝမင်းသည် အနိစ္စရောက်ပါပြီ။ ယခု သားတော် ဒေါနံပိယတိဿ မင်းပြုနေပါပြီ။ ဗုဒ္ဓသည် အရှင်အား ဗျာဒိတ်တော်ထားခဲ့ပါသည်။ သီဟိုဠ်ကျွန်း၌ မုဋသိဝမင်းကြီးနတ်ရွာစံ၍ သားတော် ဒေဝါနံပိယတိဿမင်းသား မင်းပြုသောကာလ ငါ၏သားတော် မဟိန္ဒသည် တမ္ဗပဏ္ဏိသီဟိုဠ် တစ်နိုင်ငံလုံးကို သမ္မာဒိဋ္ဌိမျက်စိအမြင်ဖွင့်ပေးကာ သာသနာ ပြုလိမ့်မည်။ ထိုအခါ သိကြားကလည်း ကူညီစောင်မရမည်ဟု သဗ္ဗညုတ မြတ်စွာဘုရားသခင်သည် ဘုရားဖြစ်တော်မူဦးစ ဗောဓိမဏ္ဍိုင်၌ စံနေတော်

http://www.dhammadownload.com



မှုသောအချိန်တွင်းကပင်လျှင် ဗုဒ္ဓစက္ခုဖြင့် သုံးလောကလုံး ကြည့်ရှုတော်မူပြီး ဗျာဒိတ်စကား မြွက်ကြားတော်မူခဲ့ပါသည်ဖြစ်၍ ဒကာတော်လည်း အရှင်မြတ်အား လိုအပ်သမျှ ကူညီစောင်မပါမည် အရှင်မြတ်ဘုရား။ သီဟိုဠ်ကျွန်းသို့ကူးရန် အချိန်တန်ပါပြီ"ဟု လူမင်းဘုန်းကြီး နတ်မင်းမသေသော ဘုရားသာသနာ သိကြားကူရမည်ဆိုသည့်အတိုင်း သိကြားမင်းက လာရောက်လျှောက်ထားလေသည်။

ထိုအချိန်၌ အသောကမင်းကြီးသည် လက်ဘဒီပသီဟိုဠ်ကျွန်း ဒေဝါနံပိယတိဿမင်းထံ ဘိသိက်ခံစေသောငှာ မင်းမြှောက်တန်ဆာငါးပါးနှင့်လက်ဆောင်ပဏ္ဏာများ ပို့၏။ ရတနာသုံးပါးဆည်းကပ်ကိုးကွယ်ရန်ကိုလည်း တရားလက်ဆောင် ရွှေပေရွှေလွှာကိုပါ ရေးလိုက်သည်မှာ "အကြည်တော် ဒေဝါနံပိယတိဿ အကျွန်ုပ်ကား ဘုရားတရားသံဃာ ရတနာမြတ်သုံးပါးကို ကိုးကွယ်ဆည်းကပ်၍ မြတ်ဘုရားသာသနာတော်၌ ဥပါသကာအဖြစ် ခံယူထားပါသည်။ အကြည်တော်လည်း ပဋ္ဌာန်းသံသရာနှစ်ဖြာ စီးပွားများထက်များအောင် ရတနာသုံးပါးကို ဆည်းကပ်ရန် တရားပင်ဖြစ်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သလိုက်ပါသည် အကြည်တော်"ဟူသော သဝဏ်လွှာပါးပြီး သံတမန်စေလွှတ်လျက် မိတ်ဖွဲ့နေခိုက်ဖြစ်၍ ဥဇ္ဇေနီပြည်၌ ခြောက်လဆိုင်းငံ့တော်မူရသည်။

တိဿမင်း ဒုတိယဘိသိက်ခံ၍ တစ်လလွန်သောအခါမှ မဟိန္ဒထေရ်, သံဃာထေရ်, ဣဋ္ဋိယထေရ်, ဥတ္တိယထေရ်, သဒ္ဒသာလထေရ်, သမ္ဗလထေရ်, သုမသာမဏေနှင့် ဘဏ္ဍုကဥပါသကာသည် စသော ရှစ်ဦးသောပုဂ္ဂိုလ်တို့ သာသနာသက္ကရာဇ်(၂၃၆)ခုနှစ်တွင် သီဟိုဠ်သို့ကူး၍ မိဿကတောင်ထိပ်၌ သီတင်းသုံးနေခဲ့၏။

http://www.dhammadownload.com

## ရှင်ဗြဲမဟိန္ဒထေရ်သြဘာသနာပြုခြင်း

သိကြားမင်းလျှောက်ထားချက်ကို လက်ခံတော်မူကာ သာသနာတော်သက္ကရာဇ်(၂၃၆)ခုနှစ် နယုန်လပြည့်နေ့တွင် နောက်ပါသံဃာတော်မြတ်များ ခြံရံကာ (ယခုဆံချိုမြို့ ဆံချိုစေတီများရှိရာ)ဝေဒိသကတောင်မှ ရွှေဟင်္သာမင်းအလား ကောင်းကင်သို့ပြန်ပျံကြွကာ သီဟိုဠ်ကျွန်းရှိ အနုရာဓနေပြည်တော်၏အရှေ့ ရှစ်မိုင်ခန့်ဝေးသော 'မိဿကတောင်ထိပ်'သရက်ပင်များရှိရာ ကုန်းမြင့်နေရာသို့ သက်ဆင်း၍ နား-နေတော်မူသည်။

ဇေဋ္ဌနက္ခတ်နှင့်စန်းယှဉ်သော နယုန်လပြည့်နေ့ကား သီဟိုဠ်တစ်ကျွန်းလုံး ဇေဋ္ဌနက္ခတ်သဘင် ရေကစားပွဲတော်ကြီး ကျင်းပလေ့ရှိသောနေ့ဖြစ်သည်။ မင်းကြီးမှာ တစ်ကျွန်းလုံး ပွဲသဘင်ကျင်းပရန် နှိုးဆော်စေပြီးလျှင် နောက်ပါအခြံအရံ လူလေးသောင်းနှင့်အတူ မိဿကတောင်ဆီသို့ တောကစားထွက်ခဲ့သည်။ တောင်စောင့်နတ်မင်းကြီးသည် မင်းကြီးအား မထေရ်မြတ်နှင့်တွေ့စေချင်၍ သမင်ယောင်ဆောင်ပြီး မနီးမဝေးတွင် သစ်ညွန့်များကို စားဟန်ပြုနေသည်ကိုမြင်၍ သမင်ပြေးလျှင် ပစ်မည်ဟု လေးညှိတင်ပြီး အသံပေးလိုက်သည်။ သမင်လန့်၍ ကုန်းမြင့်သို့တက်ပြေးလျှင် မင်းကြီးလိုက်သည်တွင် မျက်ခြည်ပြတ်သွားသဖြင့် ဟိုဟိုဒီဒီရှာဖွေကြည့်လိုက်ရာ မလှမ်းမကမ်းသရက်ပင်ပျိုအောက်၌ သီတင်းသုံးနေသော မထေရ်ကိုမြင်လျှင် အဖော်များနှင့်ကွဲကာ တစ်ယောက်တည်းလာသည်ဖြစ်၍ ရဟန်းတော်များများကိုမြင်လျှင် ကြောက်လန့်သွားမည်စိုး၍ တန်ခိုးဖြင့်ကွယ်ကာ တစ်ပါးတည်းသာ အမြင်ခံပြီး သီဟိုဠ်ဘာသာဖြင့်–

"အမောင်တိဿ၊ ~~ရှိ~~ အမောင်တိဿ၊ ဤဘက်သို့လာခဲ့လော့"ဟု သာယာအေးဆေးသောအသံဖြင့် ခေါ်လိုက်သည်။ မင်းကြီးသည် ဒီတိုင်းပြည်မှာ ငါ့ငယ်နာမည်ကို ခေါ်တဲ့သူမရှိ၊ အဝတ်စများကို ဖန်ရည်ဆိုးကာ စပ်

http://www.dhammadownload.com



ချုပ်၍ဝတ်ထားသူက ငါ့ငယ်နာမည်ကို ခေါ်ဆိုဘိ၏။ လူသားမှဟုတ်ပါလေစ၊ နတ်များလေလာဟု မင်းကြီးက အသံလာရာဆီသို့လှမ်းကြည့်ရင်း ကြောက်ရွံ့တွေဝေနေ၏။ "မြတ်သောမင်းကြီး၊ ငါတို့ကား လူနတ်ပြဟ္မာသတ္တဝါတို့ နှစ်ဖြာစီးပွား ချမ်းသာများရန် တရားသဖြင့် ညွှန်ပြဆုံးမလေ့ရှိသော သကျသာကီဝင် ဂေါတမဘုရားရှင်၏ တပည့်သာဝကရဟန်းတော်များ ဖြစ်ကြလေသည်။ တကာတော်မင်းကြီးအား သနားစောင့်ရှောက်ချီးမြှောက်ရန် ရည်ရွယ်၍ ဇမ္ဗူဒိပ်မှ ဤသီဟိုဠ်ကျွန်းသို့ ကြွလာတော်မူကြခြင်းဖြစ်သည်"ဟု မိန့်တော်မူခြင်းကို ကြားရမှ ကြောက်စိတ်ပြေသွားသည်။ မင်းကြီးသည် အသောကမင်းကြီး၏လက်ဆောင်ပဏ္ဏာများနှင့်တကွ ရာဇဘိသေက ရာဇပဝေဏီ ညွှန်ကြားကူညီချက်အရ အဘိသိက်ခံပွဲပြုလုပ်သည်မှာ တစ်လမျှသာရှိသေးသည်။ အသောကမင်းကြီး မှာထားပြောကြားသော တရားလက်ဆောင်များကိုလည်း ဖတ်ရှုကြားနာထားရသည်မှာ မကြာလှသေးသဖြင့် "ဘုရားသားတော် သံဃာတော်များဟူသည် ဤသို့ပါတကား"ဟု ရိပ်စားမိလေသည်။ လက်နက်လေးမြားတို့ကိုချထားပြီး မထေရ်မြတ်အပါးသို့ ရဲရဲတင်းတင်းချဉ်းကပ်လျက် ဝမ်းမြောက်ဝမ်းသာ မေးမြန်းလျှောက်ထားဝံ့တော့၏။

## မင်းကြီး အသိဉာဏ်ရှိ–မရှိစမ်းခြင်း

ထိုအခိုက် မင်းချင်းများရောက်လာကြသည်ဖြစ်၍ မထေရ်မြတ်အနီးတွင်ရှိနေသော သာသနာပြုအဖွဲ့ဝင် ရဟန်းတော်များကို တန်ခိုးဖြင့် မြင်ခွင့်ပေးလိုက်တော်မူသည်။ တည်ငြိမ်အေးချမ်းစွာ စင်္ကြံလှည့်ချ၍ အနီး၌ထိုင်နေကြသော ရဟန်းသာမဏေတို့ကို မြင်ရပြန်သောအခါတွင် မင်းကြီးအံ့အားသင့်ကာ ဤသို့လျှောက်ထားပြန်၏။

http://www.dhammadownload.com



မင်းကြီး။ ဒီအရှင်မင်းမြတ်တွေကော ဘယ်တုန်းက ကြွလာကြပါသလဲ အရှင်ဘုရား။

မထေရ်။ မင်းကြီး၊ ငါနှင့်အတူတကွပင် လာကြသူများ ဖြစ်ကြသည်။

မင်းကြီး။ အရှင်ဘုရား၊ ဇမ္ဗူဒိပ်မှာ အရှင်ဘုရားများကဲ့သို့ အခြားရဟန်းတော်များကော ရှိကြပါသေးသလားဘုရား။

မထေရ်။ မင်းကြီး၊ များစွာပင်ရှိကြပါသေးသည်။ ယခုအခါ ဇမ္ဗူဒိပ်ကျွန်းတစ်ကျွန်းလုံး သင်္ကန်းရောင်များ ဖုံးလွှမ်းကာ ရဟန်းသံဃာတော်များ လှုးလားယှက်သန်းလျက်ရှိပေ၏။ လူ့စိတ်အလိုကို သိမြင်နိုင်၍ တန်ခိုးကြီးမားသော အရှင်, ဘုရားရှင်သားတော်တို့သည်များစွာပင် ရှိနေကြသည်။

မင်းကြီး။ အရှင်ဘုရား၊ ဘယ်ခရီးဖြင့်ကြွလာတော်မူကြပါသလဲဘုရား။

မထေရ်။ မင်းကြီး၊ ငါတို့လာသည်မှာ ရေလမ်းကလည်းမဟုတ်၊ ကုန်းလမ်းကလည်း မဟုတ်ပေ။

မင်းကြီး။ (ကောင်းကင်ခရီးဖြင့်ကြွလာကြောင်း သိရှိသွားကာ)

ဘယ်နေ့က ကြွလာတော်မူကြပါသလဲ။

မထေရ်။ ယနေ့နံနက်ပင် ဇမ္ဗူဒိပ်ကျွမ်း စေတီယတောင်ပေါ်ကျောင်းမှ ဆွမ်းဘုဉ်းပေးအပြီး ကြွလာကြသည် ဒကာတော်။

မင်းကြီးလည်း စိတ်သွားတိုင်းကိုယ်ပါလျက် လိုရာပြီးတော်မူကြသည် ကိုသိ၍ လွန်စွာအံ့သြလျက် ဆိတ်ဆိတ်နေလေ၏။

(ဤအမေးအဖြေသည် မဟာဝံသဋ္ဌကထာ၌)။ မထေရ်မြတ်က တရားနာနိုင်သော အသိဉာဏ်ရှိ-မရှိ စုံစမ်းလို၍ အနီးရှိ သရက်ပင်ကို ညွှန်ပြကာ မြေသူအဖြစ် အလှည့်ပေးလိုက်၏။

http://www.dhammadownload.com



မထေရ်။ မင်းကြီး၊ ဤအပင်ကို မည်သို့ခေါ်သနည်း။

မင်းကြီး။ သရက်ပင်ခေါ်ပါသည်ဘုရား။

မထေရ်။ ကောင်းပြီမင်းကြီး၊ ဤသရက်ပင်ကိုထား၍ အခြားသရက်ပင် ရှိ–မရှိ။

မင်းကြီး။ ရှိပါသည်ဘုရား၊ သရက်ပင်များ များစွာရှိပါသည်။

မထေရ်။ ဤသရက်ပင်ကိုလည်းကောင်း၊ အခြားသရက်ပင်များကိုလည်း ကောင်း ဖယ်ထား၍ အခြားသစ်ပင်များ ရှိပါသေးသလား မင်းကြီး။

မင်းကြီး။ ရှိပါသည်ဘုရား၊ သို့သော် ထိုအပင်များမှာ သရက်ပင်ကား မဟုတ်ကြပါဘုရား။

မထေရ်။ ကောင်းပြီမင်းကြီး၊ အခြားသရက်ပင်များကို လည်းကောင်း၊ သရက်ပင်မဟုတ်သော သစ်ပင်များကိုလည်းကောင်း ဖယ်ထား လျှင် အခြားသစ်ပင်ဟူ၍ ရှိနိုင်သေးသလော။

မင်းကြီး။ (အနီးရှိ မှလသစ်ပင်ကို လက်ညှိုးထိုးပြလျက်) မှန်လှပါ ဤ သရက်ပင်တစ်ပင်သာ ရှိပါသည်ဘုရား။

မထေရ်မြတ်သည် မင်းကြီး၏ ဉာဏ်ရည်ဉာဏ်သွားကို ကောင်းချီး စကားမြွက်ကြားပြီးလျှင် ဆွေမျိုးရှိ–မရှိ၊ ဆွေမျိုး မတော်သူ ရှိ–မရှိ၊ ဆွေ မျိုးမတော်သူမှတစ်ပါး အခြားသောသူ တစ်စုံတစ်ယောက် ရှိ–မရှိ ဆက်လက် မေးတော်မူသည်။

မင်းကြီး။ တပည့်တော်သာလျှင် ဖြစ်ပါကြောင်း လျှောက်ထားလေ၏။

မထေရ်မြတ်သည် တရားဟောလျှင် မုချနားလည်နိုင်သူဖြစ်ကြောင်း သိတော်မူ၍ ကောင်းချီးသာဓုပေးကာ 'စူဠဟတ္ထိပဒေါပမသုတ္တန်'ကို ဟော

http://www.dhammadownload.com



တော်မူသည်။

ယင်းသုတ္တန်ကား မူလပဏ္ဏာသပါဠိတော်၌လာ၏။ ဘုရားလောက်ပညာရှိသူမှ ဘုရားရှင်၏ပညာကို သိနိုင်ပုံ၊ ချီးကျူးကြတာထက် ပိုလွန်နေပုံ၊ ဝါဒပြိုင်သူတိုင်း တပည့်ခံသွားကြပုံ၊ ဗြဟ္မဏပဏ္ဍိတ်တစ်ဦးနှင့် ပရိဗိုဇ်တစ်ဦးဆွေးနွေးစန်းကို အစချီ၍ ရတနာသုံးပါးဂုဏ်ကျေးဇူးကို သီလမှအစ ဈာန်မဂ်ဖိုလ် ကျင့်စဉ်များအထိ အပြည့်အစုံပါဝင်အောင် ဆင်ခြေရာဥပမာဖြင့် ဟောတော်မူသော ဒေသနာဖြစ်သည်။

ဒေဝါနံပိယတိဿမင်းကြီးသည် ယင်းသုတ္တန်ဒေသနာကို နာကြားရသည်မှစ၍ အခြွေအရံ မင်းလေးသောင်းနှင့်တကွ သမာဓိဋ္ဌိ(ဗုဒ္ဓဘာသာဝင်သရဏဂုံတည်သူ)များ ဖြစ်သွားကြသည်။

'ဗုဒ္ဓမ်–ဆရဏမ်–ဂစ်ချာမိ'ဟူသောအသံများမှာ တစ်တောတစ်တောင်လုံး ညံသွားလေတော့သည်။

အရှင်မဟိန္ဒထေရ်နှင့်အတူပါလာသူ 'ဘဏ္ဍုကဥပသကာ'ကိုကပ်ကာ မင်းကြီးက မေးသည်မှာ "အမောင်၊ အမောင်တို့ဆရာ ရဟန်းများရဲ့အမည်နာမ, နေရပ်, ဌာနများကို တဆိတ်ပြောပြပါဦး"ဟု စုံစမ်းမေးမြန်းလေသည်။ 'အသောကမင်းကြီး၏ သားတော်နှင့်မြေးတော်များဖြစ်ကြောင်း'ကို ဘွဲ့အမည်များနှင့်ပြောပြသောအခါ မင်းကြီးမှာ ခေါင်းနဘမ်းကြီးလျက် ကြက်သီးထကာ လွန်စွာဝမ်းသာအားရပီတိဖြစ်တော်မူလေ၏။ လူချင်းမတွေ့ရသေးသော်လည်း ခင်မင်ရင်းနှီးလေးစားလျက်ရှိသော အသောကမင်းကြီး၏သားတော်, မြေးတော်, ရဟန်းတော်များဖြစ်ကြ၍ အရတော်ကြောင်း ကျူးရင့်ပြောဆို၍ နန်းတော်သို့ပြန်သွားသည်။ နက်ဖြန်ဆွမ်းကပ်ရန်အတွက် နန်းတော်တွင် စီမံဆောင်ရွက်တော်မူသည်။ ဉယျာဉ်တော်များတွင် ကျောင်းဆောက်လုပ်ရန် လှူဒါန်းတော်မူသည်။

http://www.dhammadownload.com



ထိုနေ့ညတွင်ပင် ဘဏ္ဍာကြဥပသကာအား မိဿကတောင်၌ ရဟန်းပြုပေးတော်မူသည်။ 'ကျွန်းသီဟိုဠ်မြေ၌ ပထမဦးဆုံး ရှင်ရဟန်းပြုရသူဖြစ်သည်။ ရဟန်းပြုပြီးနောက် မကြာမြင့်မီပင် ရဟန္တာဖြစ်တော်မူသည်'။

## ၅၀ ပသာဒိက ကျွန်းလုံးကြည်ညိုမှုဖြစ်ပွားရေး

အရှင်မဟိန္ဒမထေရ်မြတ်သည် မိဿကတောင်ဝန်းကျင်၌ရှိသော နတ်များအား တရားဟောလိုသဖြင့် တူတော်(သုမနသာမဏေကလေး)အား တရားနာပိတ်စေရန် ကြွေးကြော်နိုင်းတော်မူလေသည်။ (အဘယ်မျှလောက်ကြာအောင် ကြွေးကြော်ရမည်နည်း)ဟု လျှောက်မေးရာ တစ်ကျွန်းလုံးကြားအောင် ကြွေးကြော်နိုင်းတော်မူလေလျှင် တူတော်သာမဏေငယ်သည် စတုတ္ထစျာန် ဈာန်ဝင်စားကာ တစ်ဇုံသောကျောက်ဖျာကြီးပေါ်မှာတက်၍ ကြွေးကြော်လိုက်၏။ သာမဏေငယ်၏အသံမှာ ယူဇနာသုံးရာအဝန်းရှိသော သီဟိုဠ်တစ်ကျွန်းလုံး ပဲ့တင်ထပ်သွားလေတော့သည်။ (ထိုကျောက်ဖျာကြီးမှာ ယခုတိုင်ထင်ရှားရှိနေသေးသည်) မင်းကြီးမှာ နန်းတော်သို့မရောက်သေးဘဲ လမ်းခုလပ်ရေအိုင်အနီး၌ ညစာပွဲတော်တည်ခိုက်ဖြစ်၍ ရုတ်တရက်လန့်ဖျပ်သွားကာ အရှင်မြတ်များအား တစ်စုံတစ်ခုသော ဘေးဥပါဒ်တွေ့နေပြီအထင်ဖြင့် မင်းချင်းတစ်ယောက်ကို အမြန်အထောက်စုံစမ်းစေသည်။ သာမဏေငယ်၏အသံကိုကြားရသဖြင့် ဘုမ္မစိုးနတ်များမှအစ အကနိဋ္ဌပြဟ္မာ့ပြည်တိုင်အောင် နတ်ဗြဟ္မာများ အဆင့်ဆင့်တရားနာရန် ကြွေးကြော်ကြ၏။ မိဿကတောင်ပေါ်သို့ နတ်ဗြဟ္မာများ မရေမတွက်နိုင်အောင် လာရောက်စုဝေးကြ၏။ အရှင်မြတ်သည် (သမစိတ္တသုတ္တန်)၊ (အင်္ဂုတ္တရ ဒုက သမစိတ္တဝဂ်)ကို ဟောတော်မူရာ တရားထူးရသော နတ်ဗြဟ္မာအရေအတွက်ကား အတိုင်းမသိရှိ၍ ဂဠုန်၊ နဂါးအများပင် သရဏဂုံတည်ကြလေသည်။ (အရှင်သာရိပုတ္တရာ

http://www.dhammadownload.com



ယင်းသုတ္တန်ကို ဟောတော်မူစဉ်ကကဲ့သို့ဖြစ်လေ၏) အနုရာဓနေပြည်တော်မှစ၍ တစ်ကျွန်းလုံး တစ်ယောက်စကားတစ်ယောက်နားဖြင့် ထူးဆန်းအံ့ဩဖွယ်ရာကောင်းသော မထေရ်များအကြောင်းကိုသာ တစ်ညလုံး ဝိုင်းဖွဲ့ပြောဆိုနေကြလေသည်။ မင်းကြီးနှင့်တကွ နန်းတွင်းသူနန်းတွင်းသားအပေါင်းတို့ကလည်း နံနက်ဆွမ်းကပ်ရန် ချက်ပြုတ်ကြရင်း တစ်ညလုံး မအိပ်ဘဲ ဆွေးနွေးရင်း မိုးလင်းရန်သာ စိတ်ဆောနေကြသည်။

## အတိတ်ထူးမိတ်ထူးကြီးများ

နယုန်လပြည့်ကျော်တစ်ရက်နေ့ မိုးလင်းလျှင် မင်းစီးရထားတို့ ပြုပြင်မွမ်းမံစေ၍ မိဿကတောင်သို့ ရထားထိန်းအား အပင့်လွှတ်လိုက်ရာ "ငါတို့ရထားကိုမစီး ရှေ့ကသာသွားနှင့်"ဟု မထေရ်များက ပြန်လွှတ်၍ ရထားထိန်း ပြန်လာရ၏။ မင်းကြီးက အခမ်းအနားဖြင့်ကြိုဆိုရန် စိတ်ဆော၍ အရှေ့ပြင်သို့ထွက်လာ၏။ ရထားခွက်ချည်း ပြန်လာတာကိုတွေ့ရသဖြင့် စိတ်မကောင်းဖြစ်ကာ ရထားထိန်းအား မေးတော်မူရာ "အရှင်မင်းကြီး၊ နောက်မှလိုက်လာမည်ဆိုသော မထေရ်များ မိမိအလျှင် မြို့တံခါးနား၌ သက်နှင်းရုံနေနှင့်ကြသည်ကို ဖူးမြင်ခဲ့ရ၍ အံ့ဩဖွယ်ကောင်းလှကြောင်းနှင့် ရထားမစီးကြကြောင်း" သံတော်ဦးတင်နေစဉ်တွင် မထေရ်များ အရှေ့တံခါးက ကြွတော်မူလာသည်ကို မင်းကြီးမြင်လျှင် အဆောတလျင်ပင် မဏ္ဍပ်တွင် ပြင်ဆင်ထားသော နံ့အမြင့်များကို ဖယ်ရှားစေလိုက်၏။ ယမန်နေ့က တရားနာစဉ်တွင် (ဥစ္စာသယန မဟာသယန)အကြောင်းကို သိရှိသဘောပေါက်လာခြင်းကြောင့်ဖြစ်သည်။ ကောင်းကင်မှ မထေရ်များ သက်ဆင်းရာဌာန၌ 'ပထမစေတီ'အမည်ဖြင့် ဦးစွာစေတီတော်တည်တော်မူ၏။

မင်းကြီးသည် ရှင်မဟိန္ဒလက်တော်မှ သပိတ်တော်ကို လှမ်းယူကြို

http://www.dhammadownload.com



'ဆိုကာ လမ်းမတော်ကြီးအတိုင်း မြို့တွင်းမှနန်းတော်အထိ ပင့်ဆောင်တော်မူ၏။ မထေရ်မြတ်သည် မြေပြင်အပြည့်မျှခင်းထားသော အခင်းများကိုကြည့်ကာ "ငါတို့ပြုသောသနာသည် အနိုင်အမာ တစ်ကျွန်းလုံးတည်လိမ့်မည်"ဟု နှလုံးပြုကာ ထိုင်တော်မူသည်။ မင်းကြီးကိုယ်တိုင် ဆွမ်းကပ်တော်မူ၍ နန်းတွင်းသူနန်းတွင်းသား မင်းမိဖုရားများ တရားအတူနာယူကြသည့် ပေတဝတ္ထု၊ ဝိမာနဝတ္ထုနှင့် သံစ္စသံယုတ်များကို ဟောတော်မူရာ ညီတော်အိမ်ရှေ့မင်းသား မဟာနာဂ၏ကြင်ယာတော်မိဖုရားကြီး 'အနုဠာဒေဝီ'နှင့်တကွ အမျိုးသမီးငါးရာ သောတာပန်တည်ကြလေသည်။ 'ကျွန်းသီဟိုဠ်၏ ပထမဆုံးလူသား အရိယာများ ဖြစ်ကြပေသည်'

တစ်ယောက်စကားတစ်ယောက်နားကြား၍ မြို့သူမြို့သားများ ဖူးမြော်ကြရန် နန်းတော်တံခါးမုခ်ဝ၌ ကြိတ်ကြိတ်တိုးမျှ ဝိုင်းအုံကာ ခွင့်တောင်းလာကြသည်။ မင်းကြီး ကြားသိရာတွင် အခက်အခဲမရှိအောင် ဆင်တင်းကုပ်ကို သဲဖြူများခင်း၍ မျက်နှာကျက်ဗိမာန်များနှင့် တင့်တယ်စွာချက်ချင်းပြင်ဆင်စေသည်။ ထိုအခါ သီလနှင့်ငရဲခန်းကိုပြသော 'ဒေဝဒူတသုတ္တန်'တရားကို ဟောတော်မူရာ လူပေါင်းတစ်ထောင် သောတာပန်တည်ကြသည်။ ဤတရားပွဲကြီး ပြီးသွားသော်လည်း လူအုပ်ကြီးမှာ တစ်အုပ်ပြီးတစ်အုပ် နေကြဆဲပင်ဖြစ်သဖြင့် မင်္ဂလာဆင်တင်းကုပ်၌မဆံ့တော့ပြန်ရာ နန္ဒဥယျာဉ်တော်၌ နေရာအခမ်းအနားပြင်ဆင်စေ၍ ခင်းကျင်းစေပြန်၏။ ထို၌ 'အာသိဝိသောပမသုတ္တန်'ကို ဟောတော်မူရာ လူပေါင်းတစ်ထောင် သောတာပန် သောတာပတ္တိမဂ်ဉာဏ်အလင်းရကြပြန်သည်။ 'ဆာဓု–ဆာဓု–ဆာဓု'ဟူသောအသံကြီးမှာ တစ်ခဲနက်လှိုက်လှဲစွာ မြည်ဟိန်းသွားလေတော့သည်။

မင်းကြီးသည် မေဃဝန်ဥယျာဉ်တော်ကိုပင့်၍ စံနန်းတော်၌ ကျိန်းစက်တော်မူရန် သံဃာအားရည်မှန်း၍ ရွှေကရားဖြင့် မထေရ်မြတ်လက်၌ ရေသွန်းချ၍ ရေစက်ချလှူဒါန်းရာ မြေငလျင်ကြီးစွာလှုပ်သဖြင့် မင်းကြီး

http://www.dhammadownload.com



ကြောက်ရွံ့ထိတ်လန့်သွားသဖြင့် မေးလျှောက်ရာ ဤသီဟိုဠ်ကျွန်း၌ ဘုမ္မိ နက်သန်ဖြစ်သော ဤမကာမေဃဝန်ဥယျာဉ်တော်၌ပင် ရှေးဦးစွာ သာသနာ ပြုကျောင်းတော်ကြီး မဟာဝိဟာရ တည်ဆောက်ရမည်ဖြစ်ကြောင်း နိမိတ် ကောင်းဖြစ်၍ သာသနာကောင်းစွာ တည်မည်လို့ ကောင်းချီးသာခုပေးခြင်း ပင်ဖြစ်ကြောင်း၊ ရာဇဂြိုဟ်ပြည်၌ ဝေဠုဝန်ကျောင်းတော်ကြီးကို ဗိမ္ဗိသာရ မင်းကြီး ဝေဠုဝန်ဥယျာဉ်တော်၌ တည်ဆောက်စဉ်ကလည်း ဤသို့ပင် ကောင်းချီးသာခုပေးကြောင်း ဟောပြောရာ 'အနုဋ္ဌာစသော မိဖုရားငါးရာတို့ သကဒါဂါမိဖိုလ်'၌ ဆိုက်ရောက်ကြလေသည်။

မထေရ်မြတ်သည် နောက်ပါသံဃာများနှင့်အတူ တရားဟောအပြီး တွင် ဥယျာဉ်တော်အတွင်း လှည့်လည်ကြည့်ရှုတော်မူသည်။ ၈ံကျောင်းတော် မုခ်ဝသို့ရောက်လျှင် မင်းကြီးက မုလေးပန်းရစ်ဆုပ်ကို မထေရ်မြတ်အား ကပ်လှူလိုက်၏။ ထိုနေရာ၌ပင် မထေရ်မြတ်က ကြဲဖြန့်တော်မူရာ ပန်းများ မြေသို့ခသည်နှင့်တစ်ပြိုင်နက် လျှင်ကြီးတစ်ကြိမ် ပြင်းစွာလှုပ်ပြန်လေ၏။ ပရိသတ်များပင် ကတိမ်းကပါးတအံ့တသြဖြစ်ကြရ၏။ မင်းကြီးက လက် အုပ်ချီလျက် မထေရ်မြတ်သို့လျှောက်ထားပြန်ရာ မထေရ်မြတ်က-

"တကာတော်မင်းကြီး၊ ဤနေရာကား ဘဒ္ဒကမ္ဘာ၌ ပွင့်တော်မူပြီး ကြကုန်သော ကကုသန်, ကောဏာဂုံ, ကဿပ ဘုရားသုံးဆူတို့၏ ဗောဓိ ပင်လက်ယာတောင်ကိုင်းများ ကူးယူစိုက်ပျိုးရာဌာနဖြစ်သကဲ့သို့ ငါတို့ဘုရား ရှင် ဂေါတမ၏ ဗောဓိပင်တောင်ကိုင်းကို ဒက္ခိဏာသာခါ ကိန်းဝပ်ဖြစ်ထွန်း မည့်နေရာလည်းဖြစ်ကြောင်း ကောင်းချီးနိမိတ်ပင် ဖြစ်ပေသည်"ဟု မိန့်တော် မူလေသည်။

အခြား သိမ်, ကျောင်း, ဆွမ်းစားဆောင် ဆောက်မည့်နေရာများကို လည်း ပန်းများကြဲဖြန့်တော်မူရာတွင်လည်း မြေငလျင်ကြီးစွာလှုပ်၏။ ထိုသို့

http://www.dhammadownload.com



လှည့်လည်တော်မူစဉ် ဥယျာဉ်မှူးသည် ပေါ်ဦးစသရက်သီးမှည့်တစ်လုံးကို ယူလာ၍ မင်းကြီးအား ဆက်၏။ မင်းကြီးသည် ဦးဦးဖျားဖျား မထေရ်မြတ်ကို ကပ်လှူလိုက်၏။ မထေရ်မြတ်ဘဉ်းပေးပြီးလျှင် အစေ့ကို ထိုနေရာ၌ စိုက်ပျိုးရန် မိန့်တော်မူရာ မင်းကြီးကိုယ်တိုင်စိုက်ပျိုး၍ မထေရ်မြတ်က အပေါ်မှ ရေလောင်းချပေးတော်မူသည်။ သရက်စေ့မှာ အညှောက်အညွန့်များ ချက်ချင်းထွက်ပေါ်လာကာ အရိပ်အာဝါသကောင်းသော သရက်ပင်ကြီး အသီးအပွင့်များနှင့်တကွ ဖြစ်ပေါ်လာလေရာ အားလုံးမြင်မြင်သမျှ အံ့သြ ကြည်ညိုဝမ်းမြောက်ကြ၍ လှူမဆုံးဖြစ်နေကြရ၏။ (ယခု ရေမြပြဿဒ်ကြီး၏အရှေ့ဘက် ကျယ်ပြန့်သောမြေကွက်လပ်နေရာဟုဆို၏) ဆက်လက်၍ ကြွတော်မူပြန်ရာ ဥယျာဉ်မှူးကပ်လှူသော စကားပန်းကို ကြဲဖြန့်ပြန်ရာ ပိုမို၍ သည်းထန်စွာမြေလျှင်လှုပ်ပြန်သည်။ ထိုနေရာကား ရှေးဘုရားရှင်သုံးဆူတို့ 'သမာပတ်ဝင်စား'ရာ၌ (မဟာစေတီတည်မည့်နေရာ)ဖြစ်ကြောင်း မိန့်တော်မူ၏။ ဂေါတမဘုရားရှင်၏ဓာတ်တော် တဒေါဏ(တစ၀ိတ်ခန့် ကျိန်းဝပ်ရာသံတော် ၁၂၀ ရှိ)(ဟေမမာလီ)တည်သော မဟာစေတီကြီး ဖြစ်ပေါ်မည်ကို မိန့်တော်မူလေသည်။ မင်းကြီးက သူကိုယ်တိုင်တည်ထားကိုးကွယ်လိုပါသည်ဟု လျှောက်လေလျှင် မြေးတော် 'ဒုဋ္ဌဂါမဏီအဘယမင်း' ပြုလတ္တံ့ဟု မိန့်တော်မူ၏။ မထေရ်မြတ်က ယင်းဗျာဒိတ်ကျောက်စာတိုင် ရေးကူးထားတော်မူသည်။

မင်းကြီး၏ညီတော် 'မဟာနာဂ' ၎င်း၏သားတော် ကာကဝဏ္ဏတိဿ၊ ၎င်း၏သားတော် 'ဒုဋ္ဌဂါမဏီ'ဖြစ်၏။ အခြားကုန်းမြင့်တစ်နေရာကား ဘုရားသုံးဆူတို့၏ (ရေစစ်တော် ကကုသန်ဘုရား၊ (ကောဏဂုံဘုရား၏ ခါးပန်းကြိုးတော်)၊ (ကဿပဘုရား၏ ရေသနုပ်တော်)များတည်ရာ ဘုရားရှင်တိုင်း သီတင်းသုံးတော်မူရာ 'ထူပါရုံစေတီ'တည်မည့်နေရာ ဖြစ်ကြောင်း အကျယ်ဟောပြတော်မူသည်။

http://www.dhammadownload.com



ဥယျာဉ်မှ နန်းတော်သို့ကြွ၍ ဆွမ်းဘုဉ်းပေးပြီးသော နန္ဒနဥယျာဉ် ကျောင်းတော်သို့ကြွ၍ 'အဂ္ဂိက္ခန္ဓောပမသုတ္တန်'ကို ဟောတော်မူရာ လူတစ်ထောင် 'သောတာပတ္တိမဂ်ဉာဏ်'ရကြလေ၏။ သုံးရက်မြောက်သောနေ့၌ 'အာသီဝိသောပမသုတ္တန်'ကို ဟောတော်မူရာ ရှေးနည်းအတူ လူတစ်ထောင် အကျွတ်တရားနာရသည်။

## သုဓမ္မာဗြဟ္မာစာအိမ်တွင်မြေမှာနေ

အရှင်မြတ်ဘုရား–တပည့်တော်တို့သည် မြတ်စွာဘုရားရှင်၏ ဉာဏ်ကမ္ဘဝါ အာဏာစက်တော်အတွင်းမှာသာ နေထိုင်ကြပါသည်။ အနုရာဓနေပြည်တော်တစ်ခုလုံးကို အတွင်းပြု၍ အမြန်သိမ်သမုတ်တော်မူပါဟု လျှောက်လျှင် လေးရက်မြောက် နောက်တစ်နေ့မှာပင် စ၍နေပြည်တော်တစ်ခုလုံး တံခွန်ကုက္ကား မုလေးပွား စသည်တို့ဖြင့် မွမ်းမံပြင်ဆင်စေ၍ မင်းကြီးမှာ မင်းမြောက်တန်ဆာငါးပါးတို့ဖြင့်ဆင်လျက် မျိုးမတ်မိုလ်ပါခြံရံကာ ဆင်နှစ်ကောင်ကသော ထွန်ကြီးကို လှည့်ပတ်မောင်းနှင်၍ သိမ်နယ်နိမိတ်ကို သတ်မှတ်လေသည်။ ပြီးလျှင် မထေရ်မြတ်များက သိမ်သမုတ်ပေးကြသည်။ ထိုနေ့နံနက်ပိုင်းမှာ နန္ဒနဥယျာဉ်တော်၌ 'အနမတဂ္ဂသုတ္တန်'ဒေသနာကို ဟောတော်မူရာ လူတစ်ထောင်တို့ အကျွတ်တရားရကြသည်။ ရှင်မဟိန္ဒမထေရ်မြတ်သည် ငါးရက်မြောက်နေ့၌ 'ခဇ္ဇနီယသုတ္တန်'၊ ခြောက်ရက်မြောက်နေ့၌ 'ဂေါမယပိဏ္ဍိကသုတ္တန်'၊ ခုနစ်ရက်မြောက်နေ့၌ 'ဓမ္မစက္ကပဝတ္တနသုတ္တန်' တို့ကို ဟောကြားတော်မူရာ ရှေးနည်းအတူ တစ်ပွဲလျှင် လူတစ်ထောင်စီ အကျွတ်တရားရကြသည်ဖြစ်ရာ စုစုပေါင်း(၈၅၀၀)ရှိလေပြီ။

မင်းကြီးလည်း ထိုယာယီသိတင်းသုံးတော်မူရာ မဟာမေဃဝန်ဥယျာဉ်တော်တွင် 'မဟာဝိဟာရ'ကျောင်းတိုက်တော်ကြီးကို ကျောင်းရံများစွာဖြင့်

http://www.dhammadownload.com



သံဃာ့အရံကြီး တည်ဖန်လျှုဒါန်းတော်မူ၏။ 'လောဟပါသာဒ'ခေါ် ဘုံခုနစ်ဆင့်ရှိသော ကြေးပြသာဒ်ကြီးကိုလည်း ဆောက်လုပ်လှူဒါန်းလေသည်။ ဤနည်းအားဖြင့် ၂၆ရက်လုံးလုံး မဟာမေဃဝန်ဥယျာဉ်တော်၌ သီတင်းသုံးတော်မူကြသည်။

(မဟာဝံသသို့ လိုက်၍ပြသည်)

ရှင်မဟာမဟိန္ဒမထေရ်မြတ်သည် ဒကာတော်မင်းကြီးနှင့်တကွ တကာ–တကာမအပေါင်းတို့အား "မဟာအပ္ပမာဒသုတ္တန်"ကို ဟောတော်မူပြီး "ဘုရားအဆုံးအမဖြစ်သော ဤတရားတော်ကို လက်ကိုင်ထားပြီး ဖြစ်ပေါ်ဆဲရုပ်နာမ်တရားများကို အမြဲမပြတ် ရှုမှတ်ပွားများပြီး မမေ့မလျော့ ကြိုးစားအားထုတ်ရစ်ကြ"ဟု မိန့်မှာတော်မူပြီး ဝါဆိုခါနီး ဤမိဿကတောင်သို့ ကြွတော်မူလေသည်။

မင်းကြီး၏တူတော် မဟာအရိဋ္ဌအမတ်နှင့် ညီတော်နောင်တော် ငါးကျိပ်ငါးဦးတို့သည် သာမဏေသုခရဟန်းဘဝကို အားကျကြည်ညိုကာ နောင်တော်မင်းကြီးအား ခွင့်ပန်၍ ရဟန်းပြုကြရာ ဆံချပြီးသည်နှင့် အားလုံး အရဟတ္တဖိုလ်သို့ရောက်တော်မူကြကုန်၏။ 'ပထမဦးဆုံးသော လင်္ကာဒီပသီဟိုဠ်စံတော်ဝင် အရှင်မြတ်များ ဖြစ်တော်မူကြသည်'။

မင်းကြီးသည် မထေရ်မြတ်များ ဝါဆိုတော်မူရန် မိဿကတောင်သရက်ပင်ကုန်းမြင့်၌ ရဟန္တာအရှင်မြတ် ခြောက်ကျိပ်နှစ်ပါးတို့ သီတင်းသုံးရန် လိုဏ်ဂူ ၆၂ ဂူနှင့်တကွ သိမ်, တန်ဆောင်း, ရေတွင်းရေကန် စသည်များကို ချက်ချင်းဆောက်လုပ်လှူဒါန်းတော်မူသည်။ ဝါတွင်းသုံးလပတ်လုံး ရဟန္တာအရှင်မြတ် ၆၂ ပါး သပိတ်ကိုယ်စီလွယ်ကာ မိဿကတောင်ပေါ်မှ နေ၍ အရဏ်နှင့်တကွ ဆွမ်းကြွတော်မူ၍ အနုရာဓနေပြည်တော်ကြီး၌ ဆွမ်းခံလှည့်လည်တော်မူရာ မင်းနှင့်တကွ ပြည်သူတို့ ကြည်ညိုအားရ သဒ္ဓါကြည်ဖြူ သွတ်ထက်ငါ ပူဇော်ကြလေသည်။

http://www.dhammadownload.com

## ဗုဒ္ဓ၏သပိတ်တော်အစ ပြန်လည်ပေါ်လာခြင်း

တန်ဆောင်မုန်းလပြည့်နေ့ ပဝါရဏာပြုပြီး၍ နန်းတော်တွင် ဆွမ်းဘုဉ်းပေးပြီးလျှင် "မင်းကြီး၊ ဘုရားရှင် မဖူးမတွေ့ရသည်မှာ ကြာလေပြီ၊ ဘုရားရှင်အား ဖူးမြော်ရန် ဇမ္ဗူဒိပ်သို့ ပြန်ကြွလိုကြောင်း" မိန့်တော်မူရာ မင်းကြီးက ဘုရားရှင်ပရိနိဗ္ဗာန်စံပြီဟု မိန့်ဆိုသည်ကို သတိရ၍ လျှောက်ထားရာ ဓာတ်တော်မွေတော်များသည် ဘုရားရှင်ကိုယ်စား ဘုရားရှင်ပင်ဖြစ်ကြောင်း၊ ဓာတ်တော်များပင့်ကာ စေတီတည်ထားကိုးကွယ်စေလိုကြောင်းကို ပရိယာယ်ဖြင့် မိန့်တော်မူခြင်း ဖြစ်သည်။

"ကောင်းပါပြီအရှင်ဘုရား၊ တကာတော်လည်း စေတီတည်ထားကိုးကွယ်လိုပါသည်။ နေရာရွေးချယ်ပေးတော်မူပါ။ နောက်တစ်ကြိမ် ဓာတ်တော်မွေတော်များကိုကော အဘယ်မှာ ရနိုင်ပါသလဲဘုရား"ဟု လျှောက်ထား၍ မထေရ်မြတ်က တူတော် သုမနသာမဏေနှင့်တိုင်ပင်ရန် မိန့်တော်မူလေသည်။ မင်းကြီးက သာမဏေတို့ကို ထိုအကြောင်းလျှောက်ထားလေလျှင် သုမနသာမဏေက "တကာတော်မင်းကြီး၊ ဒီကိစ္စကို မကြောင့်ကြပါနှင့်၊ ကိုရင် ဆောင်ရွက်ပေးပါ့မယ်" စသည်ဖြင့် မိန့်တော်မူ၏။ ယနေ့ည တန်ဆောင်မုန်းလပြည့် ညချမ်းအခါ မဟာနာဂဝန်ဥယျာဉ်တော်၌ မင်္ဂလာဆင်တော်ဖြင့် စောင့်ကြိုရန် အသေးစိတ်မှာကြားပြီးနောက် မိဿကတောင်သို့ ပြန်ကြွတော်မူနှင့်ကြသော မထေရ်များနောက်သို့ အမိလိုက်၍ ဦးရီးတော်မထေရ်မြတ်၏ ဩဝါဒအမိန့်ကို နာယူ၍ ချက်ချင်းပင် ပါဋလိပုတ်နေပြည်တော် ဘိုးတော်အသောကမင်းကြီး၏ နန်းတော်သို့ ကောင်းကင်ခရီးဖြင့် ကြွတော်မူလေသည်။

ဘိုးတော် အသောကမင်းကြီးထံမှ ဗုဒ္ဓ၏ သပိတ်တော်နှင့်တကွ သရီရဓာတ်တော်များကို ပင့်ဆောင်၍ သုမနသာမဏေသည် ကြွသွားပြီးလျှင် ထိုဓာတ်တော်သပိတ်ကို ဟိမဝန္တာ၌ ထားခဲ့ပြီးနောက် တာဝတိံသာသို့ကြွား

http://www.dhammadownload.com



မင်းထံသို့ ကြွသွားတော်မူပြန်သည်။ (မဟာဝံသအလို)

"တကာတော်သိကြားမင်း၊ ငါတို့အား သီဟိုဠ်ကျွန်းသို့ကြွပါဟု တိုက်တွန်းလျှောက်ထားခဲ့ပြီး အဘယ်ကြောင့် မေ့လျော့နေပါသလဲ"ဟု ဦးရိုးတော်မထေရ်မြတ်က မှာကြားသည့်အတိုင်း မိန့်တော်မူရာ သိကြားမင်းမှာ ပျာပျာသလဲကြီးဆိုဦးချလျှက် "မမေ့ကြောင်းပါဘုရား၊ လိုရာအမိန့်ရှိတော်မူပါ"ဟု လျှောက်ထားတောင်းပန်သဖြင့် တာဝတိံသာ၌ လက်ျာစွယ်တော်နှင့် လက်ျာညှပ်ရိုးတော် ဓာတ်နှစ်မျိုးတွင် ညှပ်ရိုးတော်ဓာတ်ကို ပေးလှူလိုက်ရန် မိန့်လေလျှင် သိကြားမင်းသည် တစ်ယူဇနာရှိ မြကျောက်ဖျာဖြင့်ပြီးသော စူဠာမဏိစေတီတော်ကိုဖွင့်လှစ်၍ ညှပ်ရိုးတော်ဓာတ်ကိုယူကာ လှူလိုက်လေသည်။

သုမနသာမဏေသည် ညှပ်ရိုးတော်နှင့် ဓာတ်တော်သပိတ်ကို ပိုက်ယူကာ ကောင်းကင်ခရီးဖြင့် ပင့်ဆောင်၍ ဦးရိုးတော်အား ဆက်ကပ်လိုက်လေသည်။ မိဿကတောင်သည် ထိုအခါမှစ၍ 'စေတီယတောင်'ဟုတွင်သည်။ ရှင်မဟိန္ဒသီတင်းသုံးရာဌာနဖြစ်၍ သီဟိုဠ်သားတို့က (မဟိန္ဒလေ့တောင်)ဟုခေါ်ကြသည်။ မထေရ်မြတ်သည် ဓာတ်တော်သပိတ်ကို ချန်ထား၍ ညှပ်ရိုးတော်မျှကိုသာ ပင့်ဆောင်ပြီးလျှင် သံဃာတော်များနှင့်အတူ မဟာနာဂဝန်ဥယျာဉ်တော်သို့ ကြွတော်မူသည်။

သုမနသာမဏေမှာကြားခဲ့သည့်အတိုင်း မင်းကြီးသည် နံနက်ကပင် ဥပုသ်သီလဆောက်တည်၍ အနုရာဓနေပြည်တော် လမ်းမကြီးများနှင့် မဟာနာဂဝန်ဥယျာဉ်တော်၌ တံခွန်ကုက္ကား မုလေးပွား၊ ပန်း၊ ရေအိုးများဖြင့် တန်ဆာဆင်ထားစေ၏။ မင်္ဂလာဆင်တော်ရတနာကိုလည်း ကကြိုးတန်ဆာဆင်စေပြီးနောက် ဆင်အဖက်၌ ထီးဖြူမိုးပြီ မင်းကြီးကိုယ်တိုင် ဓာတ်တော်ထည့်ရန် ရတနာပန်းတောင်းကိုပိုက်၍ ထွက်ချီတော်မူသည်။ ရှစ်ပါးသီလဆောက်တည်ထားကြသော မှူးမတ်မိုလ်ပါ ပရိသတ်များနောက်

http://www.dhammadownload.com



တော်မှ ဝင်းခင်း၍လိုက်ပါလာကြသည်။ ကချေသည် သဘင်သည်များက ခမွတေးများသီကျူးကာ တီးမှုတ်ကခုန်၍ ခြံရံလိုက်ပါကြရကုန်သည်။

မင်းပရိသတ်များ ရောက်ပြီးနောက် ခဏတွင်ပင် မထေရ်မြတ်များ ရောက်ရှိလာကြသည်။ သံဃာတော်မြတ်များသည် မထေရ်မြတ်အပါး ဝိုင်းရံကာ တည်ငြိမ်စွာ မြတ်သောနေရာတို့၌ သီတင်းသုံးနေတော်မူကြစဉ် မင်းကြီးသည် ဓာတ်တော်ထည့်ရန် ရတနာပန်းတောင်းကိုပိုက်၍ ညှပ်ရိုးတော်ဓာတ်ကို လက်ဝယ်ကိုင်ဆောင်ထားသော မထေရ်မြတ်အား အဝေးမှပင် ဦးညွတ်လာစဉ် "ထိုဓာတ်တော် မွေတော်သည် သုံးလောကထွတ်ထား ဘုရားရှင်ကိုယ်တော်မှ ဓာတ်တော်မွေတော်အစစ်တကယ်ဖြစ်ပါမူကား ဤမင်္ဂလာဆင်တော်သည် စကားမဆိုရဘဲ သူ့အလိုလို ပုဆစ်တုပ်၍ မြေ၌ဝပ်ပါစေ၊ ဆင်တော်ရတနာ၏အထက်မှ ထီးဖြူတော်လည်း အလိုလိုပွင့်ပါစေ၊ ဓာတ်တော်မွေတော်လည်း ဤရတနာပန်းတောင်းအတွင်းသို့ ကြွရောက်စံပယ်တော်မူကာ ရတနာပန်းတောင်းနှင့်တကွ ငါ၏ဦးခေါင်းထက်၌ ကြွရောက်၊တည်နေကိန်းဝပ်ပါစေသား'ဟု မင်းကြီးအဓိဋ္ဌာန်ပြုတော်မူသည်နှင့်တစ်ပြိုင်နက် မင်္ဂလာဆင်တော်သည် မြေ၌တုပ်ပျပ်၍ဝပ်လေ၏။ ထီးဖြူတော်လည်း အလိုလိုပွင့်လေ၏။ မထေရ်မြတ်လက်တော်မှ ညှပ်ရိုးတော်ဓာတ်မြတ်သည် မင်းကြီးကိုင်ထားသော ရတနာပန်းတောင်း၌ကြွပြောင်းကာ ပန်းတောင်းနှင့်တကွ မင်းကြီး၏ ဦးထိပ်၌ ကြွရောက်၍ တည်နေတော်မူလေ၏။ ဘုန်းတော်အာနုဘော်နှင့်ပြည့်စုံတော်မူသော ဘုရားရှင်၏ညှပ်ရိုးတော်အစစ်၏ တန်ခိုးတော်သည်လည်း အံ့ချီး၍မကုန် တန်ခိုးပြာဋိဟာပြတော်မူသည်။

ဖူးမြင်ကြရသော မင်းပရိသတ်များသည် ရုတ်တရက်အံ့သြအံ့အားသင့်နေကြသည်။ မမြင်စဖူး ထူးကဲလှသည့် မင်းကြီးမှာ ကြက်သီးတဖြန်းဖြန်း ပီတိလွှမ်း၍ ရှင်လန်းတက်ကြွစွာ "ဘုရား–ဘုရား"ဟူ၍သာ လှိုက်လှိုက်လှဲလှဲ တဆိုကျူးရင့်နေတော့သည်။ အတန်ကြာဖူးမြော်ပြီးမှ မင်းကြီး၏မေး

http://www.dhammadownload.com



လျှောက်ချက်အရ မထေရ်မြတ်က ဓာတ်ရတနာပန်းတောင်းကို ဆင်ဦးကင်း၌ သီတင်းသုံးစေရန် ညွှန်ကြားမိန့်တော်မူလိုက်သည်။ မင်းကြီးကိုယ်တိုင် ဆင်ဦးကင်းသို့တက်၍ ဓာတ်တော်ပန်းတောင်းကို တင်လိုက်သည်နှင့်တစ် ပြိုင်နက် မင်္ဂလာဆင်တော်သည် ကြိုးကြာသံကဲ့သို့ ကျူးရင့်ကာ ရှင်မြူးစွာ တက်ကြွနေလေ၏။ ထိုအခိုက် ကောင်းကင်တခို၌ ရတ်တရက်တိမ်လိပ်များ တရိပ်ရိပ်တက်လာကာ စွတ်စိုစေလိုသူကိုသာ စွတ်စိုစေနိုင်သော ပေါက္ခရဝဿ ခေါ် အခါမဲ့မိုးကြီး သည်းထန်စွာရွာသွန်းချလိုက်သည်။ မဟာပထဝီမြေကြီး သည် တဒီးဒီးအော်မြည်ကာ သွက်သွက်ခါ တုန်ဟီး၍ ကောင်းချီးပေးလေ သည်။ ထိုပူဇော်ပွဲ၌ တောတောင်စောင့်နတ်များသည် အချိန်မဟုတ်ဘဲ ပန်း, သော်သီးပင်များကို သီးပွင့်စေလျက် ဝမ်းမြောက်ဝမ်းသာ သဒ္ဓါအဟုန်တက် ကြွကြကာ ပူဇော်ကြကုန်လေသတည်း။

❖❖❖

## သပိတ်တော်ပွား

ရှင်မဟိန္ဒထေရ်သည် လင်္ကာဒီပသီဟိုဠ်ကျွန်း၌ သာသနာထွန်းကား ရန်အတွက် ကြိုးပမ်းသာသနာပြုတော်မူသည်။ ပါဋလိပုတ်ပြည် သီရိဓမ္မာ သောကမင်းကြီးသည် အဇာတသတ်မင်းကြီးထားခဲ့သော ဓာတ်တော်တိုက် ကိုဖွင့်၍ ဓာတ်တော်မွေတော် ပရိဘောဂများကို ယူစဉ်ကရရှိခဲ့သော ဗုဒ္ဓ၏ သပိတ်တော်ကိုပါ လင်္ကာဒီပသီဟိုဠ်ကျွန်းသို့ ကာလအခိုက်အတန့်အားဖြင့် သတ်မှတ်ပေးလျက် 'ပူဇော်လေ'ဟု စေတနာထက်သန်စွာဖြင့် ပေးအပ်မှာ ကြားလိုက်သည်ဖြစ်ပေသည်။ မင်းကြီးသည် ညှပ်ရိုးတော်ဓာတ်တော်နှင့်တကွ သော ဓာတ်တော်မွေတော်တို့ကိုရရှိပြီး စေတီတည်ထားကိုးကွယ်ခွင့်ကို ရရှိ ၍ ဝမ်းမြောက်လှသော်လည်း တန်ခိုးတေဇော်အာနုဘောတော်အားဖြင့် ကြီး မားလှသော 'ဗုဒ္ဓ၏အနားလေးရစ်ရှိသော သပိတ်တော်'မှာ လင်္ကာဒီပသီဟိုဠ်

http://www.dhammadownload.com



ကျွန်း၌ ကာလအနိုက်အတန့်အားဖြင့်သာ ကိန်းဝပ်စံပယ်မည်ဖြစ်ရကား စိတ်နှလုံးမသာမယာရှိရပြန်သည်။ သို့ဖြစ်၍ သပိတ်တော်ပြန်ကြွသွားပါက ဖြေဆည်ဘွယ်ရာဖြစ်ရလေအောင် လင်္ကာဒီပကျွန်း၏ အဖိုးထိုက်တန်သည့် အကြီးဆုံးသော ကျောက်မြတ်ရတနာကြီးများကို ရှာဖွေစေလျက် ရရှိသော အခါတွင် ကျွမ်းကျင်လိမ္မာသော ကျောက်ဆစ်ကျောက်သွေးပညာရှင်များတို့ကို ခေါ်ယူပြီးလျှင် 'ဗုဒ္ဓ၏အနားလေးရစ်သပိတ်တော်'နှင့် တစ်ထေရာတည်းတူသော သပိတ်တော်ပုံတူကို ပြုလုပ်စေသည်။ ပြီးလျှင် ဗုဒ္ဓသပိတ်တော်ကို လင်္ကာဒီပကျောက်စိမ်းသပိတ်တော်ပေါ်၌ တင်လေသည်။ ဤသို့လျှင် ဗုဒ္ဓသပိတ်တော်ကို အကြိမ်ကြိမ်ပူဇော်ပြီးနောက်မှ မှူးမတ်များအား ပါဋလိပုတ်ပြည်ဘုရင် အသောကမင်းကြီးထံ ပြန်ပို့ရန် စေလွှတ်ရာ၌ တိဿမင်းနှင့်တကွသော ပြည်သူအပေါင်းတို့ လိုက်ပါပို့ဆောင်ကြလေသည်။ မင်းကြီးမှာ 'သပိတ်တော်ပွား'ကိုသာလျှင် ကြည်ညိုပူဇော်တော်မူရ၏။

ပါဋလိပုတ်ပြည်သို့သွားကြသော မှူးမတ်တို့အား 'မဟာဗောဓိပင်ကိုင်း'ကို ပင့်ဆောင်ခဲ့ရန် မှာကြားလိုက်သည့်အပြင် မိဖုရားကြီးအနုလာဒေဝီနှင့် အမျိုးသမီးများကလည်း ပဗ္ဗဇ္ဇစရိယပြုပေး၍ သာသနာ့ဘောင်သို့ဝင်လိုသောဆန္ဒရှိကြသည်တွင် ရဟန်းတော်များက ဘိက္ခုနီအဖြစ် ပြုပေးခွင့်မရှိလေသောကြောင့် အသောကမင်းကြီးက လင်္ကာဒီပသီဟိုဠ်ကျွန်းသို့ ဘိက္ခုနီများကိုလည်း သာသနာပြုလွှတ်ပေးတော်မူရန် ပန်ကြားလိုက်လေသည်။

သို့ဖြစ်၍ အသောကမင်းကြီးသည် သမီးတော် သိင်္ဃမိတ္တာဘိက္ခုနီနှင့်အဖွဲ့အား သာသနာပြုစေလွှတ်တော်မူရာတွင် မဇ္ဈိမဒေသဂယာရှိ မဟာဗောဓိပင်မှ တောင်ဘက်ကိုင်းကို အဓိဋ္ဌာန်ပြု၍ ဆေးဒါန်းမြင်းသီလာဖြင့်ရစ်သားပြီးသော် တိဿမင်းအား ကောင်းစွာကိုးကွယ်ရန် ပေးအပ်လိုက်လေသည်။

http://www.dhammadownload.com



မဟာဗောဓိပင်၏တောင်ကိုင်းကို အသောကမင်းကြီး ခိဋ္ဌာန်၍ သီဟိုဠ်သို့ပို့ခြင်းကို ဖွားဘက်တော်ဗောဓိပင် မဟာဗောဓိပင်အကြောင်း အကျယ်ဆက်လက်ရေးသားတင်ပြပါမည်။ အကျယ်ကို ဖတ်ကြည့်ပါက လွန်စွာထူးဆန်းကြည်ညိုအံ့ဩဖွယ်ကောင်းလှပါပေသည်။ ယခုအခါဆိုလျှင် အနုရာဓပူရရှိ သီရိမဟာဗောဓိပင်သည် ထိုအချိန်မှသည် နှစ်ပေါင်း(၂၂၀၀) ရှိပြီဖြစ်၍ ကမ္ဘာပေါ်၌ အသက်အကြီးဆုံးသစ်ပင်အဖြစ် အသိအမှတ်ပြုကာ ထားကြရသည်။

ဒေါဝေါန်ပီယတိဿမင်းကြီးသည် လက်ာဒီပအဖိုးထိုက် ဗုဒ္ဓညှပ်ရိုးတော်ဓာတ်နှင့် ဓာတ်တော်အချို့ကိုထည့်ပြီးလျှင် အထူးထူးသော ရွှေငွေရတနာများနှင့်တကွ ကြီးစွာသော ဌာပနာတိုက်ကြီးကို ပြုလုပ်စေပြီးလျှင် ဌာပနာကာ ကျောက်ဖျာထပ်ထပ်ဖြင့် ခိုင်ခံ့စွာပိတ်စေ၏။ ဌာပနာတိုက်ပေါ်တွင် စပါးများစုပုံထားသည့်ပုံသဏ္ဌာန်အတိုင်း 'ဒဂါဗပုထိုးတော်ကြီး' ကို တည်သည်။ သက္ကရာဇ် ၁၈၄၀ ခုနှစ်တွင် ယင်းပုထိုးတော်ကြီးကို ယခုအခါဖူးမြော်ရသည့်ပုံစံအတိုင်း ခေါင်းလောင်းပုံစံပြန်လည်ပြုပြင်တည်ဆောက်ထားလေသည်။ တိဿမင်းကြီးသည် ပုထိုးတော်ပတ်လည်၌ ကျောက်တိုင်များ ပတ်လည်စိုက်ထူသည်။ အမည်ကမ္ပည်းကို 'ဓာတ်တော်မွေတော်ကျောင်း' ဟူ၍ ခေါ်တွင်စေခဲ့သည်။

## သပိတ်တော်ကို ဖူးခဲ့ရသူ ဖာဟီယန်

မဇ္ဈိမဒေသ အိန္ဒိယနိုင်ငံသို့ ဗုဒ္ဓစာပေပရိယတ္တိများကို သင်ကြားရန်နှင့် ဗုဒ္ဓဖြစ်တော်ထင်ရှားသောနေရာ စေတီပုထိုးများအား ဖူးမြော်ရန် ဂန္ဓလရာဇ်တရုတ်ပြည်ကြီးမှ ဘုရားဖူးရဟန်းရှင်လူများစွာ လာရောက်ကြသည့်အနက် အထင်ရှားဆုံးမှာ တရုတ်ရဟန်းတော်ကြီး ဖာဟီယန်ဖြစ်၍ သာသနာ

http://www.dhammadownload.com



သက္ကရာဇ် (၁၀)ရာစုတွင် ဗုဒ္ဓပွင့်တော်မူရာ အိန္ဒိယပြည်သို့တစ်ယောက်တည်း ဝိုတိသဲကန္တာရကြီးကို ခြောက်နှစ်ကြာဖြတ်ကျော်လာခဲ့၍ အိန္ဒိယပြည်တွင် (၇)နှစ်ကြာမှ ဘုရားဖူးခြင်း၊ ပညာသင်ခြင်း၊ လေ့လာခြင်းများပြုပြီး ပိဋကတ်တော်များကို ယူဆောင်သွားကာ မဇ္ဈိမဒေသ ဘုရားဖူးအတွေ့အကြုံ အသွားအပြန်ခရီးစဉ်များကို ကိုယ်တိုင်မှတ်တမ်းတင်ခဲ့လေသည်။ ရဟန်းတော် ဖာဟီယန်၏ခရီးစဉ်မှတ်တမ်းသည် ဗုဒ္ဓဘာသာဝင်များအဖို့ အဖိုးတန်မှတ်တမ်းဖြစ်သလိုပင် သမိုင်းသုတေသီများအတွက်လည်း ကိုးကားမှီငြမ်းပြုစရာ မှတ်တမ်းတစ်စောင်ဖြစ်ပေသည်။ ရဟန်းတော်ကြီး ဖာဟီယန်နှင့်အတူ တရုတ်ရဟန်းတော်များလည်း လမ်းခရီးဆုံရင်းတွေ့ရင်းနှင့် မဇ္ဈိမဒေသသို့လိုက်ပါခဲ့သည်။ ရဟန်းဖာဟီယန်သည် မဇ္ဈိမဒေသသို့ရောက်ခါမှ သူ့အရင်ဦးစွာရောက်နှင့်နေသော တရုတ်ဘုန်းတော်ကြီးအချို့ကိုပင် တွေ့ရကြောင်း သူ့မှတ်တမ်းအရ သိရပေသည်။

ဖာဟီယန်နှင့်တကွသော ဂျကာပိုယွန်နှင့်စင်ချင် စသောတရုတ်ဗုဒ္ဓဘာသာ ရဟန်းတော်များရောက်ရှိန်တွင် မဇ္ဈိမဒေသ၌ ဗုဒ္ဓသာသနာတော်သည် စည်ပင်သာယာလျက်ရှိလေသည်။ ဗုဒ္ဓ၏ပရိဘောဂစေတီမှာ ဓာတုဒေတီများလည်း စေ့စေ့ငငပြည့်စုံစွာ ဖူးမြော်ခဲ့ကြရသည်။ ယင်းသို့ဖူးမြော်ကြရသည်တွင် ဗုဒ္ဓ၏အစွယ်လေးရစ်သပိတ်တော်လည်း အပါအဝင်ဖြစ်၏။ လက်ာဒီပသိဟိုဠ်ကျွန်းနိုင်ငံများသို့ ရဟန်းတော်ဖာဟီယန်ရောက်သောအခါတွင် သပိတ်တော်သည် အနုရာဓပူရမြို့တော်တွင် မရှိတော့ပေ။ ပုရုသျှပူရမြို့(ပက်သျှဝါ)၌ ကိန်းဝပ်စံပယ်လျက်ရှိသည်ကို မဇ္ဈိမဒေသအိန္ဒိယနိုင်ငံသို့ရောက်စဉ်က ဖူးတွေ့ရသည်။ ရဟန်းတော်ဖာဟီယန်မှတ်တမ်းတွင် သူဖူးတွေ့ရသော မနိသျှကမင်းကြီး၏ စေတီတော်နှင့်ဗုဒ္ဓသပိတ်တော်အကြောင်းကို အောက်ပါအတိုင်း ရေးမှတ်ထားခဲ့သည်။ (၁၀)ရာစုတွင်ဖြစ်၍ စေ့ငှာစွာဖူးတွေ့နိုင်သေးသည်။

http://www.dhammadownload.com



ဗုဒ္ဓသက်တော်ထင်ရှားရှိစဉ်ကပင် ဗုဒ္ဓသည် ညီတော်ရှင်အာနန္ဒာ အပါအဝင် ရဟန္တာမြတ်ဆယ်ပါးနှင့်အတူတကွ ဂန္ဓာရတိုင်းသို့ ဒေသစာရီ ကြွချီလာခဲ့သည်။ ပုရုသျှပူရမြို့နေရာသို့ရောက်သောကာလ ညီတော်အရှင် အာနန္ဒာအားခေါ်၍ "အာနန္ဒာ၊ ဤနေရာအရပ်တွင် ငါမရှိသည့်နောက် သာသနာတော်စည်ပင်လိမ့်ဦးမည်။ မနိသျှကအမည်ရှိသောမင်းသည် လွန်စွာမှ ဘုန်းတန်ခိုးကြီးလျက် ငါ၏တရားကို သက်ဝင်ယုံကြည်ပြီးလျှင် သာသနာတော်စည်ပင်ပြန့်ပွားအောင် ကြိုးစားအားထုတ်ပေလိမ့်မည်"ဟု ဗျာဒိတ်ပေးတော်မူလေသည်။

ကုသျှန်အင်ပါယာသည် ကမ္ဘာ့သမိုင်းတွင် အကြောင်းအချက်များစွာဖြင့် စိတ်ဝင်စားဖွယ်ရာဖြစ်၏။ ကုသျှန်အင်ပါယာသည် ဗုဒ္ဓသာသနာတော်ထွန်းကားရာဒေသများ စုပေါင်းထားရာဖြစ်၍ ကနိသျှကဧကရာဇ်ဘုရင်ကြီးသည်လည်း ဗုဒ္ဓဘာသာ သာသနာတော်ကြီးကို ချီးမြှင့်ပြီးလျှင် ဗုဒ္ဓတရားတော်များ၌ များစွာအာရုံပြုလေးစားသူ၊ မှတ်သားနာယူလေးစားသူဖြစ်၏။ ကုသျှန်များသည် မွန်ဂိုအဆက်အနွယ် သို့မဟုတ် မွန်ဂိုလူမျိုးများနှင့်နီးစပ်သူများဖြစ်၏။ ကနိသျှကလင်း သာသနာတော်၌ စတင်ကြည်ညိုလေးစားလာ အဖြစ်အပျက်ကို ဖာဟီယန်၏မှတ်တမ်းမှ ကောက်နုတ်ပြရလျှင် မိနတ္တပကာသနိကျမ်း၏နောက်ကွယ်မှ တကယ့်ဖြစ်ရပ်ဆန်းများကို မှတ်တမ်းတင်ခဲ့ကြသည်ဖြစ်ကြောင်း ဖော်ပြပါရှိပါသည်။

လူမင်းဘုန်းကြီး နတ်မင်းမနေသာ ဘုရားသာသနာအတွက် သိကြားကူရမည်ဟူသော စကားရှိသည်နှင့်အညီ တစ်နေ့သောအခါ သိကြားမင်းသည် နွားကျောင်းသားဟန်ဆောင်၍ (ဝါ)နွားကျောင်းသားသဏ္ဌာန်ဖန်ဆင်း၍ မင်းကြီးလာအံ့သောလမ်းမကြီး၏ဗဟိုတွင် စေတီငယ်တစ်ဆူကို တည်လေသည်။ မင်းကြီးသည် လမ်းမကြီး၏အလယ်၌ နွားကျောင်းသားတစ်ဦး စေတီငယ်တည်နေသည်ကိုတွေ့လေသော် ထူးခြားသောအပြုအမူဖြစ်၍ အမြင်ဆန်းနေ

http://www.dhammadownload.com



သဖြင့် သူငယ်အား "နွားကျောင်းသား၊ ငါသွားသောလမ်းလယ်သို့ထွက်၍ အဘယ်သို့သော အမှုကိစ္စကို ပြုလုပ်နေရသလဲ"ဟု မေး၏။ နွားကျောင်းသားက "အရှင်မင်းကြီး၊ ကျွန်တော်မျိုးသည် ဗုဒ္ဓမြတ်စွာအား အများပြည်သူတို့ သတိရပူဇော်နိုင်စေအံ့သောငှာ စေတီငယ်တစ်ဆူကို တည်ပါသည်"ဟု ကနိသျှကမင်းကြီးအား လျှောက်ထားလေ၏။

ကနိသျှကမင်းကြီးသည် နောက်တမလွန်ဘဝပေါင်းများစွာကပင် ဗုဒ္ဓသာသနာတော်ကို ထောက်ပံ့ရန် စည်ပင်ရန် ဆုပန်ခဲ့သော မင်းယောကျ်ားဖြစ်ရကား 'စေတီ'ဟူသောစကားကိုကြားသောတခဏာ၌ တစ်ကိုယ်လုံးတုန်လှုပ်၍ သဒ္ဓါပဟုန်ကြွပြီး နိုးကြားလာလေရာ "ကောင်းလေစွ-ကောင်းလေစွ" ဟု သာဓုခေါ်လျက် နွားကျောင်းသားယောင်ဆောင်ကာ သိကြားမင်းတည်သွားသောစေတီကိုငုံ၍ စေတီကြီးတစ်ဆူတည်တော်မူလေသည်။ စေတီတော်ကြီးကို ပြည်သူအများ ကြည်ညိုသဒ္ဓါပွားကြရလေအောင် အဖိုးတန်ရတနာများဖြင့် မွမ်းမံတပ်ဆင်လှူဒါန်းသည့်အပြင် ဉာဏ်တော်အမြင့်ပေမှာ ၄၀၀ ရှိသဖြင့် ရှေးအစဉ်အဆက် ပြည်သူအပေါင်းတို့က ကမ္ဘာပေါ်တွင် အကြီးဆုံးစေတီတော်ကြီးဖြစ်သည်ဟု ချီးကျူးကြလေသည်။

ကနိသျှမင်းကြီး၏ ကောင်းမှုဖြစ်သော ယင်းစေတီတော်ကြီးမှာ တရုတ်ရဟန်းတော် ဖာဟီယန်ဖူးရစဉ်က တင့်တယ်သပ္ပာယ်ခမ်းနားလျက် ရှိနေသကဲ့သို့ပင် နှောင်နှစ်ပေါင်း(၂၀၀)ကြာမှ တရုတ်ရဟန်းတော်(အုအန်ဆိုင်)ပက်သျှဝါမြို့သို့ရောက်ရှိလာသောအချိန်တွင်လည်း စေတီတော်ကြီးမှာ ထိုဒေသ၏ကျက်သရေဆောင် သာသနာ့အဆောက်အဦး ဗိမာန်တော်ကြီးအဖြစ် မားမားမတ်တည်ရှိနေသေးသည်ကို ဖူးမြော်ကြရသေးသည်။

ကနိသျှကမင်းသည် ထို့နောက်တွင် ဗုဒ္ဓဘာသာကို လွန်စွာကြည်ညိုလေးစားသော မင်းဖြစ်၍ စတုတ္ထသင်္ဂါယနာပွဲကြီးကို ကိုယ်တိုင်ကြပ်မတ်ကွပ်ကဲ ထောက်ပံ့ကျင်းပခဲ့လေသည်။ ယင်းစတုတ္ထသင်္ဂါယနာပွဲကို လက်ာ

http://www.dhammadownload.com



ဒီပသီဟိုဠ်ကျွန်း မင်း(၁၈)ဆက်လောက်ပင်ဖြစ်သည်။ ဝဋ္ဋဂါမဏိမင်းလက်ထက်ကျင်းပသော စတုတ္ထသင်္ဂါယနာပွဲပြီး ပြီးစီးခဲ့ပြီးသည့်နောက် နှစ်ပေါင်း(၂၀၀)ခန့်ကြာသောအခါမှ ကျင်းပခြင်းဖြစ်သည်။ ကနိဿျကမင်းသည် ဗုဒ္ဓ၏သာသနာတော်တွင်း၌တွေ့နေရသော အယူအဆမှားယွင်းမှုများ၊ အညစ်အကြေးများကို ဖယ်ရှားသုတ်သင်ပေးပါဟု ဗုဒ္ဓကျမ်းဂန်တတ်ကျွမ်း၍ သိက္ခာသမာဓိရှိသော ဆရာတော်ကြီးများအား ပင့်ဖိတ်၍ သင်္ဂါယနာတင်ပေးပါရန် လျှောက်ထားသည်။ ထိုအခါ သမရိုးကျဂိုဏ်း၏ဂိုဏ်းခွဲ သဗ္ဗတိတ္ထိဝါဒဂိုဏ်းသည် လက်အောက်ခံဂိုဏ်းခွဲများနှင့် စုစည်းပေါင်းပြီးနောက် သင်္ဂါယနာတင်ကြရာ ကနိဿျကမင်းက လိုအပ်သော အလုံးစုံသောဝတ္ထုပစ္စည်းများကို လှူဒါန်းလေသည်။ ထိုစတုတ္ထသင်္ဂါယနာတင်ပွဲတော်ကြီးကို မဟာယာနဗုဒ္ဓဘာသာဂိုဏ်းမှသာလျှင် အသိအမှတ်ပြု၍ ထေရဝါဒဂိုဏ်းဝင်များက သီဟိုဠ်ကျွန်းစတုတ္ထသင်္ဂါယနာပွဲကိုသာ အသိအမှတ်ပြုကြသည်။

ကနိဿျကမင်းသည် ထိုသို့လျှင် သာသနာတော်သန့်ရှင်းအောင်ဆောင်ရွက်လျက် ဗုဒ္ဓဓာတ်တော်မွေတော်များကို စုဆောင်းရှာဖွေ၍ စေတီပုထိုးများ တည်ထားကိုးကွယ်လေသည်။ တစ်နေ့သောအခါ အလွန်ထူးခြားဆန်းကြယ်သော အိပ်မက်မြင်မက်လေ၏။

မင်းကြီးသည် နန်းတော်တွင်း၌ ရဟန်းတော်များ တစ်ထောင်တို့ကို ဆွမ်းဆက်ကပ်၍ တရားနာနေသည်။ ထိုကောင်းမှုကြောင့် မင်းကြီးစိတ်ရွှင်လန်းချမ်းမြေ့သည်ဖြစ်၍ တစ်ကိုယ်တည်း ဥယျာဉ်တော်သို့ထွက်၍နေစဉ်ရဟန္တာတစ်ပါးသည် ကောင်းကင်မှဆင်းသက်လာပြီး မင်းကြီးအနီး၌ရပ်သည်။ မင်းကြီးက "အဘယ်မည်သောကိစ္စကြောင့် ကြွလာပါသနည်း"ဟု မေးလျှောက်၏။ ရဟန္တာအရှင်မြတ်က-

"မင်းကြီး၊ မင်းကြီးအုပ်ချုပ်သောတိုင်းပြည် တစ်ခုသောထိုနေရာတွင် မြတ်ဗုဒ္ဓ၏သပိတ်တော်၊ သင်္ကန်းတော်၊ တောင်ဝှေးတော်တို့သည် ရှိ

http://www.dhammadownload.com



၏။ ထိုဗုဒ္ဓ၏ပရိက္ခရာတော်၊ ပရိဘောဂပစ္စည်းများကို နတ်အပေါင်းတို့ စောင့်ကြပ်လျက်ရှိကုန်၏။ မင်းကြီးမှတစ်ပါး ဗုဒ္ဓ၏ပရိဘောဂပစ္စည်းများကို တစ်ပါးသူတို့ယူဆောင်ခြင်းငှာ မပြုနိုင်။ မင်းကြီးသည်သာလျှင် ပူဇော်ထိုက်ကိုးကွယ်ထိုက်သောပုဂ္ဂိုလ်ဖြစ်၍ သွားရောက်ပင့်ယူကိုးကွယ်ပါလေ"၍ဟု မိန့်ကြား၍ ကောင်းကင်ခရီးမှပင် ပြန်ကြွသွား၏။

မင်းကြီးနိုးသောအခါ အိပ်မက်အတိုင်းသာမှန်လျှင် ငါ့အဖို့ ထူးခြားကောင်းမြတ်သောအကျိုးများ ရမည်ဟု ဝမ်းသာအားရဖြစ်ပြီးလျှင် ရေချိုးနံ့သာထုံသင်းစေ၍ သန့်စင်ကြယ်စွာသော အဖိုးထိုက်အဝတ်တန်ဆာများကို ဝတ်ဆင်ပြီးသော် ဆင်တော်ရတနာအပေါင်းစီခြယ်အပ်သော ရထားကိုပြင်၍ ဆင်မြင်းမိုလ်ပါ မြောက်မြားစွာခြံရံကာ ရဟန္တာမြတ်ညွှန်ပြခဲ့သောနေရာသို့ ထွက်ခွာသွားလေသည်။

မင်းကြီးရှာဖွေသောအခါ ရဟန္တာမြတ်မိန့်ကြားခဲ့သည့်အတိုင်းပင် (၁)ဗုဒ္ဓ၏အနားလေးရစ်သပိတ်တော်၊ (၂)တောင်ဝှေးတော်၊ (၃) သင်္ကန်းတော်များကို ဂူကြီးတစ်ခုအတွင်း၌ ကောင်းစွာပြင်ဆင်ထားအပ်သော ပလ္လင်တော်ပေါ်တွင် ဖူးမြော်ရသောအခါ များစွာဝမ်းသာအားရနှင့် သစ္စာအဓိဋ္ဌာန်ပြု၍ ပင့်ဆောင်ခဲ့သည်။ ထို့နောက် မြို့တော်တွင် ဆန်းကြယ်လှစွာသော မျှော်စင်ကြီးကို တည်ဆောက်၍ ထိုမျှော်စင်ကြီးပေါ်တွင် ရတနာခုနစ်ပါး စီခြယ်အပ်သော ပလ္လင်ပြုလုပ်၍ သပိတ်တော်၊ သင်္ကန်းတော်၊ တောင်ဝှေးတော်များကို တင်ထားလျက် မိမိနှင့်တကွသော ပြည်သူအပေါင်းတို့ ကိုးကွယ်ခဲ့ကြလေသည်။

လက်သျှဝါမြို့သို့ တရုတ်ရဟန်းတော်ကြီး ဖာဟီယန်ရောက်သွားသောအချိန်တွင် သံဃာတော်(၇၀၀)မျှလောက် သီတင်းသုံးနေသော ကျောင်းတော်ကြီး၌ သပိတ်တော် ကိန်းဝပ်စံပယ်လျက်ရှိနေသည်ကို ဖူးတွေ့ခဲ့ရသည်။

ယင်းကျောင်းတော်ကြီးမှ ရဟန်းတော်တို့လည်း ပြည်သူပြည်သား

http://www.dhammadownload.com



ဒါယကာ ဒါယိကာမအပေါင်းနှင့်တကွ နေ့စဉ်မှန်းတည့်ရောက်သောအခါ ရဟန်းတစ်ပါးက ထိုသပိတ်တော်ကိုပိုက်၍ ကျောင်းအပြင်သို့ပင့်ယူကာ ရတနာမျိုးစုံစီခြယ်အပ်သော ပလ္လင်ပေါ်သို့တင်၍ ပန်းများ၊ လှူဖွယ်ပစ္စည်းများနှင့် ပူဇော်ကြသည်။ ဗုဒ္ဓသပိတ်တော်ကို ကောင်းကင်၌ ကြယ်များစွာထွက်ပေါ်လာသည့်ညဦးအချိန်တွင် စောစောက ပင့်ဆောင်ယူလာသော ရဟန်းကပင် ကျောင်းတွင်းသို့ ပြန်လည်ပင့်ဆောင်၍ လုံခြုံစွာထားလိုက်၏။

ဗုဒ္ဓသပိတ်တော်ကို ဖာဟီယန်ဖူးတွေ့စဉ်အချိန်က သပိတ်တော်၏ ပမာဏမှာ ဆွမ်း ၂ ပြည်ချက်ကျော်မျှ ဝင်ဆံ့မည်။ အရောင်တော်များမှာလည်း ရှုမငြီးဘွယ်ရာ အမျိုးမျိုးပြောင်းလဲတောက်ပနေလျက် (ဗုဒ္ဓသည် လေးလုံးသောသပိတ်များကို တစ်လုံးတည်းဖြစ်အောင် ပေါင်းစပ်ထပ်၍ နှိပ်ထားသဖြင့် အနားလေးရစ်ကို ထင်ရှားစွာတွေ့ရ၏) သပိတ်တော်သည် အထူအားဖြင့် တစ်လက်မကို ငါးပုံပုံလျှင် တစ်ပုံမျှသာဖြစ်၏။ လွန်စွာမှ ချောမွတ်တင့်တယ်သဖြင့်လည်း သာမန်လူသားတို့ပြုလုပ်ထားသောလက်ရာ မဟုတ်ဟု ထင်ရှားစွာ ယုံကြည်နိုင်သည်။

ဗုဒ္ဓသပိတ်တော်နှင့်ပတ်သက်သောအကြောင်းအရာထူးများကို ကျောင်းတော်ရှိ ရဟန်းတော်များက ပြောပြသည့်အတိုင်း ရဟန်းတော် ဖာဟီယန်က ဤသို့မှတ်တမ်းတင်ထားရှိခဲ့ပြန်သည်။ ဗုဒ္ဓသပိတ်တော်မှာ အံ့ဘွယ်အသွယ်သွယ် ထူးခြားဆန်းကြယ်သောအကြောင်းအရာဖြစ်ရပ်ဆန်းများကို ဖော်ပြရာ၌–

ကနိသျှကမင်းကြီး နတ်ရွာစံပြီးနောက် ထိုမင်းလက်ထက်တွင် စုစည်းခဲ့သော နိုင်ငံတော်ကြီးသည် ထိုမင်း၏အဆက်အနွယ်များ ကနိသျှကမင်း၏လက်ထက်က နယ်စားပယ်စားဖြစ်ခဲ့သော မှူးငယ်မတ်ငယ်များ စသည်တို့သည် တသီးတခြား တိုင်းငယ်ပြည်ငယ်များ ထူထောင်၍ အုပ်ချုပ်ခဲ့ကြ၏။ ယင်းနယ်ပယ်များအနက် ဂန္ဓာရတိုင်း၏အနောက်မြောက်ဘက်၌ တည်

http://www.dhammadownload.com



ရှိသော 'အေဖတာလိုက်'ပြည်မှ ဘုရင်သည် ပုရသျှရမြို့(ပက်သျှဝါမြို့)၌ ကိန်းဝပ်စံပယ်လျက်ရှိနေသော ဗုဒ္ဓသပိတ်တော်သည် တန်ခိုးတေဇောအာနုဘော်ကြီးမားလှသဖြင့် သပိတ်တော်ကို ကိုးကွယ်ထားနိုင်ခြင်းဖြင့် ခပ်သိမ်းသောဘေးအန္တရာယ်တို့မှ လွတ်ကင်းချမ်းသာလျက် တိုင်းပြည်သည်လည်း စည်ပင်သာယာဝပြောနိုင်ကြောင်း သတင်းစကားများကြားရသောအခါတွင် မိမိနိုင်ငံသို့ပင့်ဆောင်ကိုးကွယ်လိုသောကြောင့် ပုရသျှပူရမင်းထံ သဝဏ်လွှာပါး၍ အကြောင်းကြားခဲ့သည်။ ပုရသျှပူရမင်းက "သပိတ်တော်ကို မိမိအနေဖြင့် ပေးပိုင်ခွင့်မရှိပါ။ ဗုဒ္ဓသပိတ်တော်သည် သာသနာတော်ထွန်းပြောင်ပွင့်လင်းရာတိုင်းပြည်များသို့ ရဟန္တာအရှင်သူမြတ်တို့ ပင့်ဆောင်၍ ကာလအပိုင်းအခြားအားဖြင့် ကိန်းဝပ်စံပယ်အပူဇော်ခံပါသည်။ မင်းမြတ်ဆန္ဒပြင်းပြခဲ့သော် ကိုယ်တိုင်ကြွရောက်ပင့်ဆောင်ပါ။ မိမိက ကောင်းစွာကြိုဆိုလက်ခံပါမည်"ဟု စေလွှတ်လိုက်သော သံတမန်မှူးမတ်တို့မှ တဆင့်အကြောင်းကြား ပြန်ကြားလိုက်သည်။

အေဖတာလိုက်မင်းကလည်း "ကောင်းပါပြီ၊ ထိုက်တန်သောလူ့ဘွယ်ဝတ္ထုပစ္စည်းများနှင့် ကျွန်ုပ်ကိုယ်တိုင် လာရောက်ပင့်ဆောင်ပါမည်"ဟု သပိတ်တော်အား ပူဇော်ရန် ပသျှဝါမြို့ရှိ ဘုရင်အား ဆက်သရန် လက်ဆောင်ရွှေငွေရတနာတို့ကို စုဆောင်းပြင်ဆင်ပြီးလျှင် ဆင်မြင်းဗိုလ်ခြေများစွာခြံရံလျက် ခရီးချီတက်လာခဲ့သည်။

ပက်သျှဝါဘုရင်မင်းမြတ်သည် အေဖတာလိုက်ဘုရင်အား ကောင်းစွာကြိုဆိုပြီးသော် သပိတ်တော်ကိန်းဝပ်တော်မူရာ ကျောင်းတိုက်သို့ခေါ်ဆောင်သွားပြီးလျှင် ဖူးမြော်ပင့်ဆောင်ပါဟု ခွင့်ပြု၏။ ဗုဒ္ဓမြတ်စွာအား ကြည်ညိုသည်ဖြစ်၍ မိမိနိုင်ငံ၌လည်း သာသနာတော်စည်ပင်ထွန်းကားစေရန် စီမံဆောင်ရွက်တော်မူလျက်ရှိသော အေဖတာလိုက်ဘုရင်သည် သပိတ်တော်အား ရှိခိုးဦးခိုက်၍ ပင့်ယူသည်တွင် အလွယ်တကူရှိလင့်ကစား သပိတ်တော်ကို

http://www.dhammadownload.com



ဝိုက်၍ ဆင်ယဉ်ကျောက်ကုန်းပေါ်တင်ထားအပ်သော ပြဿဒ်ပေါ်သို့တက်ပြီးနောက် ဆင်ကိုဝပ်နေရာမှ ထစေသောအခါ ဆင်မှာမထနိုင်တော့ဘဲ အင်အားမရှိတော့သည့်အလား ပင်ပန်းနွမ်းနယ်လျက်သာရှိတော့သည်။ အေဖတာလိုက်ဘုရင်သည် ဆင်ယဉ်အား ထ,ရန်အကြိမ်ကြိမ်အမိန့်ပေးသော်လည်း မထနိုင်တော့သည်နှင့် ဆင်ပေါ်မှဆင်း၍ ကြီးမားနိုင်ခံ့သော လေးဘီးတပ်လှည်းယာဉ်ကြီးသို့ တဖန်နေရာပြောင်းပြီးလျှင် သန်စွမ်းလှသည်ဆိုသော ဆင်ကြီးရှစ်ကောင်ကို ရွေးထုတ်၍ဆွဲစေပြန်၏။ ထိုအကြိမ်တွင်လည်း လှည်းယာဉ်ကြီးမှာ နေရာမှမရွေ့ပေ။ ထူးဆန်းလှပေသည်ဟု အံ့ဩကြရသည်။

ထိုအခါတွင်မှ ဘုရင်သည် မိမိတိုင်းပြည်သို့ သပိတ်တော်ကို ပင့်ဆောင်ရန် အချိန်ကာလမကျသေး၍သာ ဤကဲ့သို့အခက်အခဲများနှင့် ကြုံရပေသည်။ နောင်သောအခါတွင် မိမိနိုင်ငံ၌ တန်ခိုးဣဒ္ဓိပါဒ်နှင့်ပြည့်စုံသော ရဟန္တာများ ပေါ်ပေါက်လာပါက သပိတ်တော်ကို ပင့်ပေးပါရန် မေတ္တာရပ်ခံရပါတော့မည်ဟု ပက်သျှဝါဘုရင်အား မိန့်ကြားလေသည်။ ယူဆောင်လာခဲ့သော လှူဘွယ်ဝတ္ထုများ၊ ပန်းနံ့သာများဖြင့် သပိတ်တော်အား ပူဇော်ပြီးလျှင် သပိတ်တော်အား လုံခြုံစွာဆက်လက်စောင့်ရှောက်နိုင်ရန် တပ်ကူအဖြစ်စစ်သည်မိုလ်ပါတပ်ကိုထားခဲ့၍ သပိတ်တော်အား အစဉ်ကိန်းဝပ်ရန် ခိုင်ခံ့ကြီးကျယ်သော ကျောင်းကြီးတစ်ဆောင်ကိုလည်း ဆောက်လုပ်လှူဒါန်းခဲ့သည်။ ပက်သျှဝါမြို့သို့ မိမိလာရောက်၍ သပိတ်တော်ကို ပင့်ဆောင်သောနေရာမှာလည်း အမှတ်အသားအဖြစ် စေတီတော်တစ်ဆူတည်ထားခဲ့သည်။

ဗုဒ္ဓသပိတ်တော်နှင့်ပတ်သက်သော အံ့ဩဘွယ်ရာ အခြားအကြောင်းအရာများကိုလည်း ဖာဟီယန်သည် သူ၏မှတ်တမ်း၌ များစွာပင် ရေးသားခဲ့သေးသည်။

'သပိတ်တော်'သည် ဆင်းရဲချမ်းသာမရွေး စေတနာသဒ္ဓါတရားတက်ကြွစွာနှင့် လှူဒါန်းသောသူတို့အား ပို၍ပင် သဒ္ဓါတရားတက်ကြွအောင်

http://www.dhammadownload.com



နှစ်သိမ့်သည်မှာ ဆင်းရဲသူတို့သည် သပိတ်တော်အား ပန်းများဖြင့်ပူဇော်လို သောကြောင့် မိမိပိုင်ဆိုင်သော ငွေစအနည်းငယ်ဖြင့် တစ်ပွင့်စ နှစ်ပွင့်စ ဝယ်၍ လောင်းလှူလိုက်သောအခါ 'တန်ခိုးတော်ကြီးမားလှသော သပိတ် တော်ထဲသို့'ကျရောက်သွားသော ဆင်းရဲသူတို့၏ပန်းများသည် သူ့အလိုအ လျောက်သာလျှင် များပြား၍ သပိတ်တော်၏နှုတ်ခမ်းအရောက် လျှံတက် လာ၏။ တဖန် ကြွယ်ဝချမ်းသာသူတို့ကလည်း သဒ္ဒါတရားအလျောက် ပန်း များကို တောင်းကြီး, တောင်းငယ်၊ ခြင်းကြီး ခြင်းငယ်များဖြင့် မြောက်မြား စွာဝယ်ယူ၍ သပိတ်တော်တွင်းသို့လှူဒါန်းကြသည်။ သို့ရာတွင် ပန်းတင်း ပေါင်း ရာထောင်မကသောပန်းများကို သပိတ်တော်တွင်းသို့ထည့်သွင်းပူဇော် သော်လည်း သပိတ်တော်သည် ပန်းများဖြင့်ပြည့်လျှံ၍ နောက်ထပ်လှူဒါန်း ပူဇော်သူများမှာ စိတ်ပျက်သွားရသည်မရှိ။ မည်မျှပင် ပန်းများကိုထည့်၍ ပူဇော်စေကာမူ သပိတ်နှုတ်ခမ်းမှ လျှံတက်ထွက်ကျမသွားပေ။ ပြည့်ပြည့်သာ ရှိနေပါသည်။ ဤကဲ့သို့ ဘုန်းတော်အနန္တနှင့်ပြည့်စုံတော်မူသော ဗုဒ္ဓ၏သပိတ် တော်ကို ရဟန်းတော်ဖာဟီယန်သည် အခြားသောတရုတ်ရဟန်းတော်များ နှင့်အတူ ထူးခြားသော ဗုဒ္ဓသပိတ်တော် တန်ခိုးတော်တို့ကို အံ့ဩဘွယ်ရာ များစွာအား မျက်ဝါးထင်ထင် ဖူးတွေ့ရသောပုဂ္ဂိုလ်ဖြစ်ရာ အလွန်ပင်ကုသိုလ် ကံထူးသော ပုဂ္ဂိုလ်တစ်ဦးဖြစ်ပေသည်။ တရုတ်ရဟန်းတော်များအနက် ဗိုယွန်း စင်ချင် စသော ရဟန်းတော်သည် ဗုဒ္ဓသပိတ်တော်ကို ဖူးမြော်ပြီးနောက် နေရပ်ဌာနသို့ တရုတ်ပြည်ကြီးသို့ ပြန်ကြ၏။ ဗိုချင်ဗိုတာနှင့် ဘိုချင်ရဟန်း တော်တို့မှာကား ဥဒယာနတိုင်းပြည်မှ ဗုဒ္ဓအရိပ်တော်, ဗုဒ္ဓဦးခေါင်းခွံဓာတ် တော်များကို ဖူးမြော်ကြရန် နာဂရာဟာရမြို့သို့ ဆက်လက်သွားကြသည်။

ရဟန်းတော် ဖာဟီယန်ရောက်ရှိသောအချိန်တွင် သာသနာတော်စည် ပင်မြဲမြံပြန့်ပွားလျက် သာသနာတော်ကိုချီးမြှင့်ထောက်ပံ့ရင်း တိုးတက် ကျယ်ပြန့်အောင် ဆောင်ရွက်နေချိန်ဖြစ်ရကား ဗုဒ္ဓ၏ဓာတ်တော်မွေတော်များ

http://www.dhammadownload.com



မှသည် ပရိက္ခရာနှင့်ပရိဘောဂပစ္စည်းများအထိ ပြည့်စုံစွာဖူးတွေ့နေကြရသေးသည်။ ထို့ကြောင့်ပင် ဖာဟီယန်ခရီးစဉ်မှတ်တမ်းတွင် အချို့သောဖူးမြင်ခဲ့ရသည့် ဓာတ်တော်မွေတော်များမှအစ ဗုဒ္ဓ၏ပရိဘောဂစေတီတော်များမှ တန်ခိုးတော်ပါဒ်ပြနေပုံအကြောင်းအရာများမှ ဗုဒ္ဓဘာသာဝင်များအဖို့ ယုံကြည်စွာလက်ခံနိုင်လောက်သည်ဖြစ်သည်။ ထိုအချိန်ကာလ၌ လူတွေ့ ရဟန်းရှင်လူအများအားဖြင့် သာသနာတော်ကို အလေးပြုကြသေးသည်။ တရားကိုယ်စီ လက်ကိုင်ထားကြကာ ဗုဒ္ဓကိုမမေ့မပျောက်နိုင်သေးဘဲ တရားတော်ကို လိုက်နာကျင့်သုံးကြသူ များဆဲပင်ဖြစ်ပေသည်။ သို့ဖြစ်၍ တရားရှိသူ များသဖြင့် ဗုဒ္ဓ၏ပရိက္ခရာတို့သည်လည်းကောင်း၊ ဓာတ်တော်မွေတော်တို့သည်လည်းကောင်း ဘုရားရှင်ကဲ့သို့ တန်ခိုးပြာဋိဟာ ပြတော်မူခြင်းဖြစ်သည်။ ဘုန်းတော်အနန္တတို့နှင့်ပြည့်စုံတော်မူသော ဗုဒ္ဓရှင်တော်မြတ်ဘုရားကြီး ဖြစ်တော်မူပေသည်။

## သာမိထိုပြန့်ပွါးသော သာသနာတော်

ရဟန်းတော် ဖာဟီယန် လင်္ကာဒီပသီဟိုဠ်ကျွန်းသို့ရောက်ခဲ့စဉ်က မဇ္ဈိမဒေသမှ ကြားသိခဲ့ရသော ဗုဒ္ဓသပိတ်တော်သည် တစ်နေရာတည်း၌ ကိန်းဝပ်မနေဘဲ ဗုဒ္ဓသာသနာသည် စည်ပင်ပြန့်ပွားရာ တိုင်းပြည်နိုင်ငံများသို့ အချိန်ကာလအပိုင်းအခြားထားကာ ကိန်းဝပ်စံပျော်ရင်း ဗုဒ္ဓဘာသာဝင်တို့အား သဒ္ဓါကြည်ရွှင် လှူဒါန်းပူဇော်ခြင်း စိတ်ကုသိုလ်တရားများ ပွားနိုင်လေအောင် ဖြည့်ဆည်းပေးခဲ့သည်ဟုပင် ယုံကြည်နေကြသည်။ ဗုဒ္ဓ၏သားတော်များဖြစ်သော ရဟန်းတော်တို့သည် အခါအားလျော်စွာ ဗုဒ္ဓ၏သပိတ်တော်ကို ဆောင်ကြဉ်းလျက် တစ်နိုင်ငံမှတစ်နိုင်ငံ တစ်မြို့မှတစ်မြို့သို့ ဒေသစာရီကြွချီခဲ့ကြရာ များစွာသောဗုဒ္ဓဘာသာနိုင်ငံများမှ ဗုဒ္ဓဘာသာဝင်များသည် မိမိ

http://www.dhammadownload.com



တို့ထံတွင် 'သပိတ်တော်သီတင်းသုံးခဲ့သည့်'အကြောင်းများကို သားစဉ်မြေးဆက် တစ်ဆင့်စကားတစ်ဆင့်နားဖြင့် ပြောကြသည်ဖြစ်သော်လည်း အချို့မှတ်တမ်းအထောက်အထားများမှာ မှေးမှိန်လျက်ရှိနေသည်။

ဗုဒ္ဓသပိတ်တော်သည် ဂန္ဓာရတိုင်းမှသည် ထိုစဉ်က ဗုဒ္ဓဘာသာ သာနာတော်ပြန့်ခဲ့သည့် ပါးရှားပြည်(ယခု-အီရန်နိုင်ငံ)အထိ ဒေသစာရီကြွ ချီကိန်းဝပ်တော်မူခဲ့သည်ဟုဆို၏။ သို့ရာတွင် စစ်မက်အကြိမ်ကြိမ်ဖြစ်ပွားမှုကြောင့် မှတ်တမ်းစာပေကျမ်းများသည် ပျက်စီးမီးလောင်ဆုံးရှုံးရသည်ကား ထင်ရှား၏။

ပါကစ္စတန်နိုင်ငံနှင့် နယ်ချင်းစပ်ကျောချင်းကပ်လျက်ရှိသော အာဖ ဂန်နစ္စတန်နိုင်ငံသည် ဗုဒ္ဓဘာသာဝင်များနေထိုင်ရာ နိုင်ငံဖြစ်ခဲ့ဖူးသည်။ ထိုနိုင်ငံ၌ ဗုဒ္ဓသပိတ်တော် ကာလအတော်အတန်ကြာ ကိန်းဝပ်စံပယ်ခဲ့သည်ဟု လူအများနှုတ်ဖျား၌ ပြောဆိုကျန်ရစ်ခဲ့သည်။

ဗုဒ္ဓဆင်းတုတော်ကြီးများ သီတင်းသုံးရာ မြစ်ဝှမ်းဟု ယခုတိုင်ထင်ရှားသော ဘာမီယန်မြစ်ဝှမ်းသည် ဗုဒ္ဓဘာသာ သာသနာထွန်းကားရာ အေးချမ်းသောဒေသဖြစ်ခဲ့၏။ အာဖဂန်နစ္စတန်နိုင်ငံ၏မြို့တော်ဖြစ်သော 'ကာဘူးလ်မြို့'အနောက်ဘက် မိုင်(၁၅၀)ကွာဝေးသော ဟိန္ဒူကွတ်ရှိ တောင်တန်းတစ်လျှောက် မြောက်မြားလှစွာသော ကြည်နူးနှစ်လိုဖွယ်ကောင်းသော မြစ်ဝှမ်းများအနက် တစ်ခုအပါအဝင်ဖြစ်၍ တောင်ကျစမ်းချောင်းငယ် 'ဘာမီယန်'ကို အစွဲပြု၍ ယင်းဒေသတဝိုက်မှ ရှေးခေတ်ယဉ်ကျေးမှုကို 'ဘာမီယန်ယဉ်ကျေးမှု'ဟု သမိုင်း၌တွင်လေသည်။ ကျောက်ဆောင်ငယ်ကမ်းပါးများကို ကြည့်လိုက်လျှင် လှုများထွင်းထုထားသော အရွယ်အမျိုးမျိုးရှိသည့်ဂူများ၊ ရုပ်တော်မှုရုပ်ပွားတော်များအနက် 'ရှားမားမား'ခေါ် ရုပ်ပွားတော်မှာ ခရစ်နှစ် တစ်ရာစုကုန်ခါနီး'ကနိသျှက'မင်းထက်လက်မှာပင် ထုလုပ်ကိုးကွယ်ကြသည်ဟု ယုံကြည်ကြသည်။ အာဖဂန်နစ္စတန်နိုင်ငံမှသည် ပါးရှားနိုင်ငံ၏

http://www.dhammadownload.com



အထက်ပိုင်းနေရာများအထိ ကျယ်ဝန်းသောဒေသသည် ကနိဿျကမင်းကြီး လက်ထက်မှ နှစ်ပေါင်း(၃၀၀)အထိ ဗုဒ္ဓဘာသာထွန်းကားခဲ့ရာ ဗုဒ္ဓ၏သပိတ်တော်ကို ရဟန်းများက ပင့်ဆောင်လာခဲ့သဖြင့် ထိုဒေသတွင် ကိုးကွယ်ခွင့် ရခဲ့သည်။ စာပေကျမ်းဂန်များကပင် မှတ်တမ်းတင်ထားခဲ့သော်လည်း ပျောက်ပျက်ဆုံးရှုံးခြင်းရှိခဲ့ရာတွင် အဆင့်ဆင့်ဆက်နွယ်ကာ နှုတ်မှပြောသည်ကိုသာ ဒဏ္ဍာရီသဖွယ် ကျန်ရှိနေလေသည်။ သီရိဓမ္မာသောကမင်းကြီးလက်ထက်ကပင် ဗုဒ္ဓသာသနာကို ထိုဒေသ၌ ကျယ်ပြန့်ခဲ့၏။ 'ကန်ဒါဟာမြို့'နှင့် 'ပူလ်အီဒါရွှန်တာမြို့'အနီးတစ်ဝိုက်တွင် အသောကကျောက်စာတိုင်များ တွေ့မြင်ရခြင်းကပင် သက်သေထင်ရှားဖြစ်၏။ သက္ကရာဇ် တစ်ဆယ်ရာစုနှစ် ရောက်သောအခါတွင်ကား ဗုဒ္ဓဘာသာဝင်မရှိသလောက် သာသနာတော်မှာလည်း ထိုဒေသတွင် ဆိတ်သုဉ်းနေတော့သည်။

## သပိတ်တော်၏ ရေအာလျား

ကန်ဒါဟာတွင် အများသိနေကြသော ဒဏ္ဍာရီအသွင်ဆောင်နေပြီးဖြစ်သော'ဗုဒ္ဓသပိတ်တော်'ပုံပြင်တစ်ခုရှိလေသည်။ ထိုအချိန်၌ ထိုနေရာမှာ သာသနာမှေးမှိန်ကွယ်ပျောက်စပြုနေ၍ 'သပိတ်'ဟူ၍ပင် မသိကြ။ 'အလွန်ထူးဆန်းသောအိုး'ဟုသာ သိရှိနေကြသည်။ ကန်ဒါဟာသို့ ထူးဆန်းသော အနှားလေးရစ်ပါကျောက်အိုး(ကျောက်သားအိုး)ကို ဒေဝကျမ်းပညာရှိရဟန်းတော်များက ဘုရင်အား ဆက်သနိုင်ခဲ့သည်။ အကြောင်းကား ထိုကာလတွင် ကန်ဒါဟာဒေသ၌ မိုးလေဝသခေါင်းပါးပြီး လယ်ယာသီးနှံများပျက်စီးသဖြင့် လူအပေါင်းတို့ စားနပ်ရိက္ခာအခက်အခဲနှင့် တွေ့နေကြရဆဲဖြစ်သည်။ ကာလအတော်ကြာ မိုးခေါင်နေ၍ မိုးနတ်သားကို ပင့်ဖိတ်၍ ယဇ်ပူဇော်ကြသည်။ ဘုရင်မှာလည်း ပညာရှိများကို တိုင်းပြည်အနှံ့လိုက်လံရှာဖွေပြီးလျှင်

http://www.dhammadownload.com



ရာသီဥတုသင့်တင့်မျှညီမျှလျက် သီးနှံစိုက်ပျိုးအောင်မြင်အောင် မည်သို့ပြုလုပ်လျှင် ကောင်းပါမည်ကို အကြံပေးကြပါဟု တိုင်ပင်လေ၏။

ပညာရှိတစ်ဦးက ဂန္ဓာရတွင် အလွန်ထူးဆန်းသော'အိုး'တစ်လုံးရှိပါသည်။ ထိုအိုးကို ဒေဝပညာရှင်များက ထိန်းသိမ်းထားပြီးလျှင် (ဒုက္ခရောက်သောနေရာများသို့ ယူဆောင်၍ ဘေးဒုက္ခအပေါင်းမှကင်းဝေးလေအောင် ဆုတောင်းပေးကြသည်) ထို'အိုး'ကို ဒေဝပညာရှင်များထံသွားရောက်၍ အကူအညီပေးရန် ပြောဆိုငှားရမ်းယူလာနိုင်ပါက မိမိတို့နိုင်ငံ၌ အခက်အခဲဒုက္ခကြုံရသည်မှ ပျောက်ကင်းအောင် ဆုတောင်းပေးနိုင်ပါလိမ့်မည်ဟု ပြောကြသည်။ ဘုရင်မင်းကြီးသည် ဂန္ဓာရဒေဝပညာရှင်များထံသို့ မိမိထံမှပညာရှိများကို စေလွှတ်လိုက်သည်။ သို့ရာတွင် ထိုအိုးကိုဂန္ဓာရ၌ မတွေ့ရတော့ဘဲ ဂန္ဓာရပြည်တွင်ရှိသော တိုင်းသူပြည်သားတို့က ဘာမိယန်ဒေသ ပညာရှင်များသယ်ဆောင်သွားကြပြီဖြစ်ကြောင်း၊ ထိုပညာရှင်များသည် သန့်ရှင်းကြင်နာတတ်သောပုဂ္ဂိုလ်များဖြစ်၍ သူတို့အား အကျိုးအကြောင်းပြောပြလျှင် သီးနှံများပျက်စီး၍ ဘေးဒုက္ခရောက်တော့မည့်နေရာသို့ သူတို့ကိုယ်တိုင် ဆောင်ယူလာလိမ့်မည်ဖြစ်ကြောင်း ပြောပြကြသည်။

သို့နှင့် ကန်ဒါဟာမှလာသော မှူးမတ်တို့သည် ဘာမိယန်ဒေသသို့ပြန်လှည့်ကြပြီးနောက် ဘာမိယန်တွင် တရားအားထုတ်နေကြသော ဒေဝပညာရှင်တို့ကို ထူးဆန်း၍ လာဘ်လာဘကိုဖြစ်စေသော 'ကျောက်အိုးငယ်'ကို မိမိတို့ဘုရင်က ခေတ္တငှားရမ်းပါမည့်အကြောင်းပြောပြ၍ ကန်ဒါဟာ၌ပေါ်ပေါက်လတ္တံ့သော ဒုက္ခများ၏အန္တရာယ်ကို ပြောပြကြသည်။ ဘာမိယန်ကျောက်တောင်များရှိ လိုဏ်ဂူများတွင်နေခဲ့ကြသော ဒေဝပညာရှင်များသည် 'ရှားဆောက်လ်နှင့် ရှားမားမား'ရုပ်တုတော်ကြီးများကို တောင်စောင်းမှာ ထုလုပ်ကိုးကွယ်ထားကြသည်။ သူတို့သည် စစ်တိုက်ခြင်း၊ သတ်ဖြတ်ခြင်း၊ ယဇ်ပူဇော်ခြင်းစသောအလုပ်များကို မလုပ်ကြဘဲ အေးချမ်းစွာနေကြသည်။

http://www.dhammadownload.com



ကန်ဒါဟာမှ အကူအညီတောင်းလာသူတို့ကို ဘာမိယန်ပြည်ဘုရင်က "ကောင်းပြီ၊ ကျွန်ုပ်တို့ဆီကပုဂ္ဂိုလ်များနှင့်တကွ ကျောက်အိုးငယ်ကို ပို့ပေးပါမည်။ ကျွန်ုပ်၏ကျောက်အိုးငယ်နှင့် ပုဂ္ဂိုလ်များကိုသာ ကောင်းစွာစောင့်ရှောက်၍ အလိုဆန္ဒပြည့်ဝသောအခါမှပင် ပြန်ပို့ပေးပါ"ဟု မှာကြားသည်။

ထိုအခါ ကန်ဒါဟာမှ မှူးမတ်များက "ကောင်းပါပြီ၊ စိတ်ချပါ၊ ကျွန်ုပ်တို့အလိုဆန္ဒပြည့်ဝသောအခါမှပင် အဖိုးထိုက်တန်သော လက်ဆောင်ပစ္စည်းများနှင့်တကွ ပြန်ပို့ပါမည်"ဟု ဝန်ခံကြသည်။ ကျောက်အိုးငယ်နှင့်တကွ ဘာမိယန်နှင့်ကန်ဒါဟာမှ ပုဂ္ဂိုလ်များသည် လမ်းခရီးတစ်လျှောက်တောတောင်များကိုဖြတ်သန်း၍ ထွက်ခွာလာခဲ့ကြရာ တဖြည်းဖြည်းနှင့်ခြောက်သွေ့သောဒေသအနီးသို့ရောက်လုနီးလာကြသည်။ ဤတွင် ကန်ဒါဟာမှ အမတ်တစ်ဦးသည် "တောတောင်များမှကျနေသော ရေတံခွန်မှရေများသည် အေးမြလှ၏။ ထိုရေကို မိမိတို့နေရာသို့သယ်သွားရသော် ကောင်းလေစွ"ဟု တမ်းတလေ၏။ ထိုအခါ တစ်ဦးသော ဘာမိယန်မှပုဂ္ဂိုလ်က "ကျွန်ုပ်တို့နှင့်ပါလာသော ကျောက်အိုးငယ်ဖြင့် ထည့်သွားရသော် သင့်ပါလိမ့်မည်"ဟု အကြံပြုသည်။ ထိုအခါ ပထမပြောသောသူက "ကျောက်အိုးငယ်နှင့်ထည့်သွားသောရေသည် ရေကောင်းရေသန့်ကို တောင့်တနေကြသော ကျွန်ုပ်တို့မိတ်ဆွေများအဖို့ တစ်ဦးတစ်ဖွန်းစီသောက်ရုံနှင့် ခဏအတွင်း ကုန်သွားလိမ့်မည်"ဟု ပြော၏။ ထိုအခါ ဘာမိယန်မှပုဂ္ဂိုလ်က "ဟိုတောင်ပေါ်မှကျလာသော ရေတံခွန်ရဲ့သန့်စင်သော ရေကြည်ကို ကျောက်အိုးငယ်ဖြင့်ခံယူပါ၊ လုံးဝမသောက်ရသည်ထက် တစ်ဖွန်းစီလောက် သောက်ကြရသည်ကပင် မကောင်းပါလား"ဟု ပြန်ပြော၏။

ပထမလူက "ဝဝလင်လင်သောက်ရသည်ကသာ ကောင်းပါလိမ့်မည်၊ ဝဝလင်လင်မသောက်ရသော် ကျွန်ုပ်တို့အပြစ်သာ ဖြစ်ပါလိမ့်မည်"ဟု ဆိုပြန်၏။ ဤတွင် ဒုတိယလူက ပထမလူအား ရေတံခွန်ဆီခေါ်သွားကာ

http://www.dhammadownload.com



တသွင်သွင်ကျဆင်းနေသောရေကို ကျောက်အိုးငယ်ဖြင့် ခံယူစေ၏။ (ဤတွင် ကျောက်အိုးထဲသို့ကျသောရေသည် အိုးပြည့်သော်လည်း လျှံမထွက်ဘဲ အစဉ်တစိုက်သာလျှင် အိုးထဲ၌သာ ခိုကပ်လျက်ရှိသည်) ထိုအဖြစ်ဆန်းကို မြင်သောအခါ ဒုတိယလူသည် အံ့ဩခြင်းမက အံ့ဩပြီးလျှင် မိမိအဖော်များကို ခေါ်၍ပြပြီးသောအခါ အားလုံးကပင် မမြင်စဖူးထူးဆန်းပေစွဟု ထိတ်ထိတ်ပျာပျာဖြစ်သွားကြသည်။ ထိုမျှကြာအောင် ထည့်လာသောရေဖြင့် ခံသောအိုးသည် အင်မတန်လေးလံမည်ဟု ထင်သူကထင်၍၊ ရေအေးရေသန့်မြောက်မြားစွာ သယ်သွားနိုင်ခြင်းဖြင့်လည်း လူအများကို ဝေငှပေးနိုင်တော့မည်ဟု ဝမ်းသာသူက ဝမ်းသာကြသည်။ ကန်ဒါဟာမှသွေ့သည်မှူးမတ်တို့သည် ကျောက်အိုးငယ်မှာ လေးလံသွားတော့မည်ဖြစ်၍ မိမိတို့ဝိုင်းယူပေးမည်ဟု ပြောကြသည်။

"ကျွန်ုပ်တို့ သယ်သွားနိုင်ပါသည်"ဟုသာ ဘာမိယန်မှပုဂ္ဂိုလ်တို့က ပြောသော်လည်း မိမိတို့အား ထောက်ထားငဲ့ညှာ၍သာပြောသည်ဟု ယူဆကာ အတန်တန်တောင်းပန်နေရကား ဘာမိယန်မှပုဂ္ဂိုလ်တို့က "ကျွန်ုပ်တို့ဟန်ဆောင်ပြောနေခြင်းမဟုတ်ပါ၊ မယုံကြည်ပါက ကိုင်ယူကြည့်ပါ"ဟု ပြောသည်။ ထိုအခါ ကန်ဒါဟာမှ မှူးမတ်တို့သည် ကျောက်အိုးငယ်ကို လက်ပြောင်းယူကြသည်။ ကျောက်အိုးငယ်မှာ ရေအပြည့်ရှိနေလင့်ကစား ရေမရှိသကဲ့သို့ပင် ပေါ့ပါးနေသဖြင့် တစ်ယောက်တစ်လှည့်စီ ချီမ,ကြည့်ရင်း တအံ့တဩဖြစ်ကြရပြန်သည်။

ကန်ဒါဟာသို့ရောက်သောအခါ မြို့အဝင်မှသည် လမ်းတစ်လျှောက်အိမ်တိုင်းသို့ ရေများဝေငှပေးခဲ့ရာ ဘုရင့်နန်းတော်သို့ရောက်သည့်တိုင်အောင်ပင် ကျောက်အိုးငယ်မှရေသည် လျော့သည်ဟုမရှိဘဲ စမ်းရေအိုင်မှရေကဲ့သို့ သောက်မကုန်သုံးမကုန်အောင် ပြည့်မြဲသာရှိနေသည်။ ဘုရင်မင်းကြီးက များစွာအံ့ဩဝမ်းမြောက်လျက် နန်းတော်ထဲ၌ ကျောက်အိုးငယ်ကို ကောင်း

http://www.dhammadownload.com



စွာပြင်ဆင်ထားလေသည်။ ဝေဒပညာရှင်တို့ကလည်း မိမိတို့၏ကျမ်းစာများကို ရွတ်ဖတ်ကြခြင်းဖြင့် မကြာမီမှာပင် ကြီးစွာသောမိုးကြီး ရွာချလျှက် တိုင်းပြည်တွင်လည်း သီးနှံများစိုက်ပျိုးထွန်းကားလာလေတော့သတည်း။

ကန်ဒါဟာတွင် ကျောက်အိုးငယ်ကို ကာလအတန်ကြာထား၍ တိုင်းပြည်၌စိုပြည်စည်ပင်သာယာလာကာ ဘေးအန္တရာယ်အရိပ်နိမိတ် ကင်းရှင်းသောအခါ ဘာမိယန်မှပုဂ္ဂိုလ်များအား ဆုလာဘ်များ များစွာပေး၍ ကျောက်အိုးငယ်ကိုလည်း ဘာမိယန်ဒေသသို့ အဆောင်အယောင်များစွာနှင့် ပြန်ပို့ပေးလေသည်။ ဘာမိယန်ဘုရင်သို့လည်း ရွှေငွေကျောက်သံပတ္တမြားစသော အဖိုးတန်လက်ဆောင်တော်များကို ဆက်သလိုက်လေသည်။

ကန်ဒါဟာ, ဘာမိယန်ဒေသများတွင် သာသနာတော်ကွယ်ခဲ့သည်မှာ ကြာမြင့်ပြီဖြစ်သောကြောင့် ဗုဒ္ဓ၏သပိတ်တော်ကိုပင် 'ကျောက်အိုးငယ်' ဟုသာလျှင် မှတ်သားမိလျက် ထိုအချိန်က ရဟန်းတော်များကိုလည်း ဒေဝပညာရှင်များသာ ဖြစ်လိမ့်မည်ဟု ဝိုးတဝါးမှတ်သားမိသောအခြေတွင်သာ ရှိတော့သည်။ ဘာမိယန်ဒေသနှင့်တောင်ပိုင်းတစ်လျှောက် ပါးရှားပြည်အရောက် ဒေသများမှာ ခရစ်နှစ်(၇၅၉)ခုနှစ်အထိသာ ဗုဒ္ဓသာသနာစည်ပင်ခဲ့သည်။ တာတာစစ်သည်ဗိုလ်ပါတို့ ဝင်၍တိုက်ခိုက်သဖြင့် ယင်းဒေသများပျက်စီးခဲ့ရသည်။ သမိုင်းတစ်စောင်၏အဆိုမှာ ရှောလီမိုဟတ်သို့ တာတာစစ်တပ်များ ဝင်တိုက်စဉ်က ဂျင်ဂစ်ခန်၏မြေးဖြစ်သူ ကျဆုံးခဲ့ရသောကြောင့် ဒေါသကြီးလှသော မွန်ဂိုစစ်ဗိုလ်မှူးကြီးခန်သည် ကျူပြင်ခုတ် ကျူငယ်ပင်မကျန်စေရဆိုသောစကားအတိုင်း ဘုစုခရုမှအစ အိုမင်းမစွမ်းသူများပါမကျန် တွေ့ရာသရိုင်း ဓားမဆိုင်ဘဲ သတ်ဖြတ်ခဲ့ရာ အလောင်းချင်းထပ်လျက် တိုင်းပြည်ပျက်ခဲ့ရသည်။ နှစ်ပေါင်းအတန်ကြာသည်အထိ ဘာမိယန်ဒေသတွင် အရိုးများပုံလျက်ပင်ရှိသည်။ ခရစ်နှစ် (၉၇၆)ခုနှစ်တွင် ကဖန်အလတ်တာဂင်(ဂါစ်နာမင်းဆက်)ကို ထူထောင်သူသည် အဖော်သမက်

http://www.dhammadownload.com



ဆီဘက်တာဂင်နှင့်အတူ တောင်ဘက်ဒေသများသို့ဆင့်၍ တိုက်မိုက်ပြန်ရာ ဘာမီယန်ဒေသမှ ရှားဘုရင်အား စစ်အောင်နိုင်ခဲ့ပြီးလျှင် ဗုဒ္ဓဘာသာကို စွန့်လွှတ်စေသည်။

ဤသို့ဖြင့် အကြိမ်ကြိမ်အဖန်ဖန် စစ်ဒဏ်ကို ခံခဲ့ရသော ဘာမီယန်, ကန်ဒါဟာနှင့် ပါးရှားနိုင်ငံများတွင် ဗုဒ္ဓဘာသာသာသနာထွန်းကားစဉ်က 'ဗုဒ္ဓ၏အနှားလေးရစ် ကျောက်သပိတ်တော်'ကို ပင့်၍ပူဇော်ကြရာမှ ထူးခြားဆန်းကြယ်စွာ လူတို့တွေ့ကြုံရသောအကြောင်းအရာများလည်း ပျောက်ကွယ်ကုန်လျက် ကျန်ရစ်ခဲ့သော အကြောင်းအရာအပိုင်းအစများမှာလည်း မှန်းဆယူရလောက်အောင် မှုန်ဝါးဝါးဖြစ်နေလေသည်။

အိန္ဒိယပြည် မဒရပ်မြို့ အစိုးရပြတိုက်တွင် ပြသထားသော (၂)ရာစု အမရဝတီကျောက်ဆစ်ပန်းပုပညာရှင်များလက်ရာ(ဗုဒ္ဓသပိတ်တော်)ကို ပြည်သူလူထုအပေါင်းတို့က ကြည်ညိုလေးစားစွာ ဝမ်းသာအားရ ပင့်ဆောင်ပူဇော်နေဟန်ကို ကျောက်ပြားတွင် ထွင်းထုထားသည့်ပုံများ ရှိနေပါသေးသည်။

ရှေးခေတ်ဟောင်းမှ အနုပညာဖြင့် အမှတ်အသားများ၊ စေတီပုထိုးကျောင်းကန်များနှင့် ကျောက်စာတိုင်ကြီးများ၊ မော်ကွန်းကျောက်စာတိုင်ကြီးများ စသည်မှာလည်း ဆက်လက်ထိန်းသိမ်းမှုအင်အားနည်းပါးနေပြီဖြစ်ပါ၍ နှမြောတသ ဝမ်းနည်းစွာပင် ဖြစ်ပေတော့သတည်း။

ဤသို့လျှင် ဗုဒ္ဓပွင့်တော်မူရာဌာန အိန္ဒိယပြည် သီဟိုဠ်ကျွန်း တရုတ်ပြည်များသို့လှည့်လည် တန်ခိုးပြာဋိဟာပြ၍ လူများအား ကယ်တင်ခဲ့ခြင်းများကို ဖော်ပြပြီးဖြစ်ပါသဖြင့် မြန်မာပြည်သို့ ကြွရောက်တော်မူလာပုံနှင့် ယခုအခါ ဘယ်ဌာနတွင် ကိန်းဝပ်စံပျော်နေပါသနည်းဆိုတာကို သပိတ်တော်အကြောင်းအပြီးတွင် လက်ဝဲအောက်စွယ်တော်မြတ်အကြောင်းမှာ ကွင်းဆက်ဖြစ်နေ၍ ရှေးသားတင်ပြအဆုံးသတ်သောအခါ စာရှုပရိသတ်များနှင့်

http://www.dhammadownload.com



မြန်မာပြည်သူများ ကိုးကွယ်ဆည်းကပ်သဒ္ဓါကြည်ညိုစွာ ဖူးမြော်နိုင်ကြစေရန် အဆုံးသတ်တင်ပြရေးသားဖော်ပြမည်ဖြစ်ပါ၍ ဆက်လက်ဖတ်ရှုတော်မူကြပါရှင်။

သာသနာ့နေရောင် လရောင်ပမာ ထွန်းတောက်ပါစေသတည်း။

*ကိုးကားကျမ်းများ*

၁။ ဒိနဝ္တပကာသနီကျမ်း

၂။ မှန်နန်းရာဇဝင်တော်ကြီး

၃။ တရုတ်ဖာဟီယန်ရဟန်းတော်မှတ်တမ်း

၄။ ဗုဒ္ဓသပိတ်တော်

ဒေါ်ခင်ကြည်

ဝေဠုဝန်ဆောင်

အေးရာမထီ၊ တောင်ငူမြို့

❖❖❖

http://www.dhammadownload.com

'နမော တဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ'

## ဗုဒ္ဓ၏ဓါတ်တော် အံတော် သွားတော်သမိုင်း

ဗုဒ္ဓသည် သက္ကရာဇ် ၁၄၈ခု ဝါတော် ၄၅ ဝါ သက်တော် ၈၀ တွင် ဂေါတမမြတ်စွာဘုရားရှင်သည် မလ္လာမင်းတို့ စိုးစံရာ ကုသိနာရုံပြည်ကြီး၌ ပရိနိဗ္ဗါန်စံဝင်တော်မူခဲ့ပေရာ ဗုဒ္ဓဘာသာဝင်တိုင်းပြည်အသီးသီးမှ ဘုရင်များ စွာတို့သည် ဓာတ်တော်များကို ရယူရရေးမှာ အနုနည်းနှင့်မရလျှင် အကြမ်း နည်းအားဖြင့် ယူရ၍ စစ်သည်ဗိုလ်ပါများနှင့်တကွ ဆိုင်ရောက်လာကြကုန် သည်။

၁။ ရာဇဂြိုဟ်ပြည် အဇာတသတ်မင်းကြီး။

၂။ ဝေသာလီပြည် သာကီဝင်မင်း။

၃။ အလ္လာကပ္ပပြည် ဗလမင်း။

၄။ ရာမရွာ ကောလိယမင်း။

၅။ ပါဝါပြည် မလ္လာမင်း။

၆။ ကုသိနာရုံပြည် မလ္လာမင်း။

ကုသိနာရုံပြည်နှင့် မဝေးလှသောပြည်များကသာ ရောက်ရှိလာကြ ကုန်၏။ အဇာတသတ်အမှူးရှိသော ဓာတ်တော်တောင်းရန် ရောက်ရှိလာကြ သော ဘုရင်များ တပ်တော်များက တစ်ဘက်၊ ကုသိနာရုံပြည် တပ်တော် များက တစ်ဘက်နှင့် နောက်ဆုံးရာဇသံများပေးကြကာ တိုက်ခိုက်ယူကြတော့ မည့်ဆဲဆဲ 'ဒေါန'ပုဏ္ဏားဆရာကြီး၏ တရားပြကာ ဟောပြောဆုံးမမှုကြောင့် သွေးထွက်သံယိုမဖြစ်စေဘဲ ငြိမ်းချမ်းမှုကို ရရှိကြသည်။

http://www.dhammadownload.com



ဒေါနပုဏ္ဏားကြီးကား ထိုအခါက ဇမ္ဗူဒိပ်ကျွမ်းတွင် ၎င်း၏တပည့် မဖြစ်ဖူးသောဘုရင်ဟူ၍ မရှိသလောက်ဖြစ်ရကား ဩဇာညောင်းလှသော ကြောင့်သာ ကုသိနာရုံမြို့ကလေးနှင့်မလိုက်အောင် သံဃာပရိသတ်များလည်း ရှိ၏။ တပ်ထောင်တာဗိုလ်ထုနှင့် ရှစ်ပြည်ထောင်မင်းများအား ဖြန်ဖြေမှုကို နာယူကြပုံထောက်ခြင်းအားဖြင့် ဩဇာအာဏာရှိလှကြောင်း ထင်ရှားသည်။ ဒေါနပုဏ္ဏားကြီးက 'အညီအမျှရှစ်ပုံ,ပုံ၍ပေးမည်'ဟု ဝန်ခံထား၍ တာဝန် ယူကာ ဓာတ်တော်ထည့်သည့်ရတနာအိုးကိုဖွင့်လိုက်ရာ ပုဏ္ဏားကြီးနှင့်ရှေ့ တန်းရှိ မင်းရှစ်ဦးစလုံးမှာ ဓာတ်တော်များကို မြင်လျှင်မြင်ချင်း "အလိုလေး ရှေ့တုန်းကဆိုရင် ရွှေသားအဆင်းရှိတဲ့ ကိုယ်တော်မြတ်ကို မဖူးရတော့ပါ ကလားဘုရား"ဟု လွမ်းဆွတ်တသ သတိတရဖြစ်သည်။ အပြတ်ကျွမ်းမျှ ငိုကျွေးကြကုန်၏။ အမင်းမင်းတို့၏ ပူဆွေးငိုကျွေးနေကြသခိုက် ပုဏ္ဏား ဆရာကြီးသည် မြတ်စွာဘုရားသခင်၏ ဓာတ်တော်များကို ယူငင်ပူဇော်ချင် လှသဖြင့် အရေးအကြီးဆုံးသော–

၁။ လက်ျာအထက်စွယ်တော်မြတ်။ လက်ျာအထက်စွယ်တော်မြတ် ကို အမှတ်တမဲ့ယူငင်ကာ မိမိ၏ဦးရစ်ခေါင်းပေါင်းအကြားထဲ၌ ဝှက်ထား လိုက်လေသည်။ မည်သည့် မင်းပရိသတ်မျှမမြင်လိုက်ကြပေ။ သို့ရာတွင် သိကြားမင်း မြင်လိုက်သဖြင့် ဤပုဏ္ဏားကြီးလက်တွင် နောင်အရှည် ကိုး ကွယ်နိုင်မည့်အရေးကို မမြင်နိုင်သောကြောင့် တန်ခိုးဖြင့်ယူဆောင်ကာ 'တိဒသပုရ'(သုံးကျိပ်သုံးဦးပြည်)ခေါ်သော တာဝတိံသာနတ်ပြည်သို့ ယူဆောင်ကာ 'စူဠာမဏိ'စေတီတော်၌ ဉာပ်ရိုးတော်နှင့်အတူ ထည့်သွင်းဌာပနာ ၍ ကိုးကွယ်ကြသည်။ (ဓာတုဝင် ဒါဌာဝင်တို့၌ ပြတော်မူခဲ့ကြသည့်အတိုင်း ဖော်ပြပါသည်)

၂။ လက်ျာအောက်စွယ်တော်မြတ်။ လက်ျာအောက်စွယ်တော်မြတ် ကို ပရိသတ်အလစ်တွင် ပုဏ္ဏားကြီးက ခြေဖျား.အောက်တွင် ဝှက်ထားလိုက်

http://www.dhammadownload.com



သည်။ ထိုအခိုက် 'နာဂပူရ'ခေါ် နဂါးပြည်မှ ဇေယျသေနအမည်ရှိသော နဂါးမင်းက ဇေါတမမြတ်စွာဘုရားသခင် ပရိနိဗ္ဗာန်စံဝင်တော်မူကြောင်း ကြားသိရသဖြင့် နောက်ပါအခြွေအရံများနှင့်လာခဲ့ရာ ဓာတ်တော်ဝေပွဲကြီးနှင့် တွေ့ကြုံနေသည်တွင် ဒေါနပုဏ္ဏားကြီးဖွက်ထားလိုက်သော လက်ျာအောက်စွယ်တော်မြတ်အား ပုဏ္ဏားကြီးမသိအောင် ယူဆောင်သွားကာ နဂါးပြည်၌ မြို့တော်အလယ်တွင် ရတနာတို့ဖြင့် ခြယ်စီထားသောစေတီတော်ကြီးအတွင်းမှာ ဌာပနာ၍ တည်ထားကိုးကွယ်သည်။

၃။ လက်ဝဲအထက်စွယ်တော်မြတ်။ လက်ဝဲအထက်စွယ်တော်မြတ်ကို ဂန္ဓာရတိုင်းသား ရဟန်းတော်တစ်ပါးက မိမိပရိသတ်ဖြင့် ဝိုင်းရံကာ ပုဏ္ဏားကြီးဖွက်ထားသော ကိုယ်ဝတ်အကြားမှ အမှတ်တမဲ့ယူဆောင်လာကာ 'ဂန္ဓာရတိုင်း'စေတိယတော့င်၌ စေတီတည်ထားကိုးကွယ်သည်။

၄။ လက်ဝဲအောက်စွယ်တော်မြတ်။ ဗုဒ္ဓရှင်တော်မြတ်ဘုရား၏ အလောင်းတော်ကို မီးဟုန်းဟုန်းလောင်မြိုက်နေစဉ်အတွင်းမှာပင် 'ခေမ'အမည်ရှိသော ရဟန်းမြတ်သည် လက်ဝဲအောက်စွယ်တော်မြတ်ကို ထင်းမီးပုံထက်မှ မရအရယူငင်ပင့်ဆောင်တော်မူသည်။ ကြည်ညိုစိတ်ဖြင့် ကိုးကွယ်လိုသောကြောင့် မရ,ရတဲ့နည်းဖြင့် ပင့်ဆောင်ကြသည်။ ထို'ခေမ'အရှင်မြတ်ကား ဗုဒ္ဓရှင်တော်မြတ်ဘုရား၏ လက်ျာတော်ရံ ဋ္ဌာနန္တရဓမ္မသေနာပတိသာရိပုတ္တရာမထေရ်ကျော် ပုဂ္ဂိုလ်အမော်ကြီး၏တပည့်ရင်းတစ်ပါးပင် ဖြစ်တော်မူသည်ဟု ကျမ်းဂန်များ၌ ဖော်ပြပါရှိသည်။

ထိုအခါက ဘင်္ဂလားနယ်ရှိ မဟာနဒီမြစ်နှင့် ဂေါဒါဝရီမြစ်တို့၏ အကြားကို 'ကလိင်္ဂတိုင်း'ဟု ခေါ်ဆိုကြသည်။ ကလိဂတိုင်း ဖြဟ္မဒတ်မင်းကြီးမှာ ဗုဒ္ဓဘာသာဘုရင်ဖြစ်သော်လည်း ဘုရားရှင် ပရိနိဗ္ဗာန်စံဝင်တော်မူရာ ကုသိနာရုံပြည်သို့ မကြွရောက်နိုင်ခဲ့ပေ။ သို့သော် အရှင်မဟာခေမ ရဟန္တာမြတ်၏ ချီးမြှင့်တော်မူချက်အရ လက်ဝဲအောက်စွယ်တော်မြတ်ကို

http://www.dhammadownload.com



ကိုးကွယ်ပူဇော်မှုရလေသည်။ ကလိင်္ဂမြို့တော်တွင် လှပဆန်းကြယ်သော ကျောင်းတော်ကြီးကိုဆောက်လုပ်၍ ကိုးကွယ်ကြသည်။ ထိုအခါ အခြားသော ဗုဒ္ဓဘာသာနိုင်ငံများမှ လူအများ သွားရောက်ဖူးမြော်ကြကြောင်းနှင့် မြို့အမည်ကိုပင် 'ဒန္တပူရသွားမြို့တော်'ဟု ခေါ်ဝေါ်အသုံးပြု၍ ဂုဏ်ယူကြပြန်သည်။ အလွန်စည်ကားစွာ အမြို့မြို့မှလာရောက်ဖူးမြော်ကြသည်ဟု မှတ်တမ်းတင်ထားသည်။

❖❖❖

## လက်ဝဲအောက်စွယ်တော်မြတ် ဒေသစာရီစုထားချိမ့်

သာသနာသက္ကရာဇ်(၁)၊ မဟာသက္ကရာဇ်(၁၄၈)၊ ခရစ်မပေါ်မီ ဘီစီ (၅၄၀)ကျော်တွင် 'ကုသိနာရုံ'မှ 'ဒန္တပူရ'သို့ လက်ဝဲအောက်စွယ်တော်မြတ် ဆိုက်ရောက်ခဲ့ကြောင်း ထင်ရှားခဲ့ပေသည်။ ထိုကလိင်္ဂတိုင်းဘုရင် (၁) ဗြဟ္မဒတ်မင်းကြီး နတ်ရွာစံသောအခါ (၂) ကာသိရာဇာမင်း(သို့မဟုတ်) ကလိင်္ဂရာဇာမင်း၊ (၃) တိဏာသိရာဇာမင်း၏သားတော် သုနန္ဒမင်း၊ (၄) ထိုသုနန္ဒမင်း၏သားတော်မှအစ သားစဉ်မြေးဆက်တို့သည် စွယ်တော်မြတ်ကို ကိုးကွယ်ဆည်းကပ် ဆက်လက်ထားရှိခဲ့သည်ဟု (ဒါဌာဓာတုဝင်)စသောကျမ်းများ၌ ပြဆိုထားကြသည်။ အိန္ဒိယရာဇဝင်များအရ ဗြဟ္မဒတ်မင်းကြီး၏မြေး သုနန္ဒမင်းနှင့် မဂဓတိုင်း ရာဇဂြိုဟ်ပြည် အဇာတသတ်မင်း၏မြေး ဥဒယမင်းတို့သည် ထီးပြိုင်နန်းပြိုင်မင်းတို့ဖြစ်ကြကြောင်း ဖော်ပြသည်။ ထိုသို့ သားစဉ်မြေးဆက် ကိုးကွယ်လာကြရာ 'ဂုဟာသီဝ'မင်းလက်ထက်သို့ ဆိုက်ရောက်လာခဲ့ကြလေသည်။ ထိုမင်းလက်ထက်အထိ တိတ္ထိတက္ကဒွန်းအများပင် ရှိနေပေသေးသည်။ ထို့ကြောင့် ဂုဟာသီဝမင်းလက်ထက်တွင် တိတ္ထိတက္ကဒွန်းတို့အား ဗုဒ္ဓဘာသာရဟန်းတော်များအဖြစ်သို့ ကူးပြောင်းစေရုံမက မကူး

http://www.dhammadownload.com



ပြောင်းလိုသော တိတ္ထိတို့အား တစ်စုံတစ်ရာပေးကမ်းထောက်ပံ့မှုမပြုတော့ပေ။ ဂုဟာသိဝမင်းကိုယ်တိုင်ကပင် ပထမ၌ ဗြဟ္မဏဘာသာဝင်ဖြစ်ခဲ့ပြီး နောက်မှ ဗုဒ္ဓဘာသာသို့ ကိုးကွယ်ကူးပြောင်းခဲ့သည်ဟု ဆိုပါသည်။

ဗုဒ္ဓဘာသာသို့ မသက်ဝင်လိုသောတိတ္ထိတို့သည် မာဂဓတိုင်း ပါဋလိပုတ်နေပြည်တော်သို့ရောက်အောင် ရှောင်တိမ်းထွက်ခွာလာခဲ့ကြပြီး ပါဋလိပုတ်ပြည်ဘုရင် ပဏ္ဍုမင်းကြီးထံ ဝပ်စင်းခစားကြကာ ကုန်းတိုက်ချော စကားပြောကြားကြလေကုန်၏။ "အရှင်မင်းကြီး ဂုဟာသိဝမင်းကား ဂေါတမဗုဒ္ဓ၏ သူသေအရိုးကိုသာလျှင် အမြတ်တနိုးရိုကျိုး နေ့ညခယ ဆည်းကပ်ပါသည်၊ အခြားမင်းအပေါင်းတို့လို အရှင်မင်းကြီးအပေါ် ဝပ်စင်းခစားကြသလို ခစားခြင်း မရှိပါ"ဟု ကုန်းတိုက်ကြသည်။ ဗုဒ္ဓဘာသာဝင်မဟုတ်သော 'ပဏ္ဍုမင်း'သည် တိတ္ထိတို့၏ကုန်းစကားကို ယုံကြည်လာကာ ကလိင်္ဂတိုင်းမြို့တော်သို့ စစ်တပ်နှင့်ချီတက်ကာ ဝိုင်းရံခဲ့လေ၏။ ဂုဟာသိဝမင်းမှာ ဗုဒ္ဓဘာသာဝင်မင်းဖြစ်သည့်အတိုင်း လက်ဆောင်တော်များစွာဆက်သကာ သာယာချေင်သောစကားဖြင့် ဖြောင့်မှန်နူးညံ့သောစကားတို့ဖြင့်သာ မေတ္တာထား၍ ပဏ္ဍုဘုရင်ကြီး၏စိတ်ကို နူးညံ့စေခဲ့လေသည်။ ပဏ္ဍုဘုရင်သည် တစ်စုံတစ်ရာ ရန်ပြုရန်လက္ခဏာမျိုးမတွေ့ရသဖြင့် မြို့ထဲသို့ဖြည်းညှင်းစွာ ဝင်လာလေရာ ကျုံး, မြောင်း, ပြအိုး, ရင်တား စသော မြို့တော်အင်္ဂါလက္ခဏာများကိုလည်းကောင်း၊ အုတ်အုတ်သဲသဲစည်ကားစွာ အလှူပေးနေသော ဇရပ်များကိုလည်းကောင်း တွေ့မြင်ရလေလျှင် များစွာဝမ်းသာကြည်နူးစိတ်တွေ ဖြစ်လာလေသည်။ ထို့နောက် နန်းတော်အတွင်း၌ ဆန်းကျယ်လှစွာသော ကျောင်းတော်ကိုလည်းကောင်း၊ စွယ်တော်မြတ်ကိုလည်းကောင်း ဖူးမြင်ရလျှင် များစွာဝမ်းသာအားရဖြစ်ကာ သဒ္ဓါကြည်ညိုစိတ်ဖြစ်၍ ပါဋလိပုတ်နေပြည်တော်သို့ ပြန်လည်ကြွတော်မူသည်။

ကာလအတန်ကြာပြန်သော် ပဏ္ဍုအားဖြင့် စွယ်တော်ကို ဖူးမြင်

http://www.dhammadownload.com



လို၍တစ်ကြောင်း၊ ဂုဟာသီဝမင်းနှင့်တွေ့ဆုံလိုသောကြောင့်တစ်ကြောင်း အလျှင်အမြန်လာရောက်စေရန် တမန်စေလွှတ်တော်မူသဖြင့် ဂုဟာသီဝမင်းသည် လမ်းတစ်လျှောက်လုံးကို လှပဆန်းကြယ်စွာ တန်ဆာဆင်၍ စွယ်တော်မြတ်ကို မင်္ဂလာဆင်ဖြူတော်ထိပ်တွင်တင်ဆောင်တော်မူကာ ခမ်းနားကြီးကျယ်စွာ ပင့်ဆောင်၍လာလေ၏။ ဤသို့ခမ်းနားသိုက်မြိုက်စွာ ပင့်ဆောင်၍လာသည်ကို မရှုစိမ့်နိုင်ကြသော တိတ္ထိတက္ကဒွန်းတို့က "အရှင်မင်းကြီး၊ ဂုဟာသီဝသည် ရှိသကိုင်းညွှတ်ရှိခိုးထိုက်သော အရှင်မင်းကြီးကိုကား ရှိသေညွှတ်ကျိုးရှိခိုးခြင်းမပြု၊ သူသေအရိုးကိုသာလျှင် အမြတ်တနိုး ရှိခိုးပူဇော်မူပြုပါသည်"ဟု ပြစ်တင်စကားဖြင့် ကုန်းတိုက်လျှောက်ထားကြပြန်ကုန်၏။ မင်းကြီးလည်း ဆင်ခြင်တုံတရားမရှိဘဲ ဒေါသမာန်မာနဝင်သဖြင့် စွယ်တော်မြတ်ကို အရိုအသေမပေးရုံသာမက နည်းအမျိုးမျိုးဖြင့် ဖျက်ဆီးစေ၏။ ဖျက်ဆီးပုံမှာ စွယ်တော်မြတ်ကို မီးကျီးတွင်းသို့ပစ်ချခြင်း၊ တူနှင့်ထုချေခြင်း စသည့်အမျိုးမျိုးနည်းဖြင့် ဖျက်ဆီးသော်လည်း (ပေပေါ်တင်၍ထုရာ စွယ်တော်မြတ်မှာ တစ်ဝက်မျှမြုပ်၍သာသွားသည် ဘာမှထိခိုက်ခြင်းမရှိ၊ အံ့ဩဘွယ်ရာ ပကတိအတိုင်းသာ တည်နေပေရာ) နောက်ဆုံးဘယ်နည်းနှင့်မျှ ဖျက်ဆီး၍မရဘဲရှိသည့်အပြင် ရှစ်ကြိမ်တိုင်တိုင် အရောင်အဆင်းအမျိုးမျိုး အသွင်အပြင်သဏ္ဌာန်အမျိုးမျိုးတို့ဖြင့် တန်ခိုးပြာဋိဟာပြတော်မူသည်ကို အံ့ဘွယ်သူရဲထူးကဲလှသည့်အသွင်များကိုသာ ဖူးမြင်ကြရသဖြင့် အံ့ဩကုန်ကြ၏။ နောက်ဆုံး၌ 'ပဏ္ဍုမင်း'ကိုယ်တိုင် ယုံကြည်လာ၍ ကြည်ညိုသဒ္ဓါကိုးကွယ်ခြင်းပြုကြောင်းကို ဒါဌာဓာတုဝင်၌ ပြဆိုထားလေသည်။

မှတ်ချက်။ မြတ်စွာဘုရား အဓိဋ္ဌာန်ထားခဲ့သည့် ဓာတ်တော်မွေတော်များဖြစ်၍ ဖျက်ဆီးမရပေ။ တန်ခိုးတော်အနန္တအရာဖြစ်ပေသည်။ ပဏ္ဍုမင်းသည် စွယ်တော်မြတ်ကို ဂုဟာသီဝမင်းထံမှ ယူငင်ကိုးကွယ်နေသည်ကို ပြည်နိုးချင်း 'ခီရဓာရဘုရင်' ခိတ္တယာနမင်းက ပဏ္ဍုမင်းထံသို့ "စွယ်တော်

http://www.dhammadownload.com



အပ်လျှင်အပ်၊ မအပ်လျှင် စစ်ခင်းတိုက်ယူမည်ဖြစ်ကြောင်း' ရာဇသံပေးလိုက်သည်။ ထိုအခါ၌ ဘုန်းတန်ခိုးတက်ကြွနေသော ပဏ္ဍုမင်းသည် အမျက်တော်ပြင်းစွာထွက်ကာ စစ်ချင်းယှဉ်ပြိုင်တိုက်ခိုက်ရာဝယ် စိတ္တဟာယမင်း ကျဆုံးသွားရုံမက စစ်သည်တပ်သားတို့ ဖရိုဖရဲပြိုကွဲပျက်စီးကြလေကုန်၏။ ဤတိုက်ပွဲသည် ပဏ္ဍုမင်းကြီးအဖို့ နောက်ဆုံးတိုက်ပွဲဖြစ်လေသည်။ ပဏ္ဍုမင်းကြီးသည် တိုက်ပွဲမှအောင်ပွဲရကာ ပြန်လာပြီးနောက် လူသေကောင်များ၊ ခြေလက်မစုံသူများ၊ အိုးမဲ့အိမ်မဲ့များနှင့် ပျက်စီးယိုယွင်းလျက်ရှိနေသော မြို့ရွာအဆောက်အဦးများကို မြင်ရသောအခါတွင် တရားသံဝေဂကြီးစွာရပြီးလျှင် ထီးနန်းကို သားတော်အိမ်ရှေ့မင်းအား လွှဲအပ်ပေးတော်မူပြီးနောက် ရဟန်းပြုတော်မူလေသည်။ အဆွေတော် ဂုဟာသိဝမင်းကြီးကိုခေါ်ဆောင်ကာ စွယ်တော်မြတ်ကို ပြန်လည်အပ်နှင်းလိုက်လေသည်။ ဂုဟာသိဝမင်းလည်း အားရဝမ်းသာ စွယ်တော်မြတ်ကို ပြန်လည်ပင့်ဆောင်တော်မူကာ ကြည်ညိုသဒ္ဓါတရားကြီးစွာဖြင့် ပူဇော်ကိုးကွယ်တော်မူရလေသည်။

ထိုအခါက ဥဇ္ဇေနီပြည်(ဥဂျိုင်းပြည်)ဘုရင်၏မိဖုရားမှာ ဂုဟာသိဝမင်း၏နှမတော်ဖြစ်၍ သားတော်ကလေးမှာ ငယ်ရွယ်စဉ်ကပင် ရတနာသုံးပါးကိုကြည်ညိုသူကလေးဖြစ်လေသည်။ ဦးရီးတော် ဂုဟာသိဝထံရှိ စွယ်တော်မြတ်၏အကြောင်းကို ကြားသိရ၍ ခမည်းတော်အား ဦးရီးတော်ထံသွားခွင့်ပြုပါရန် လျှောက်တင်လေ၏။ ခွင့်ပြုချက်ရသဖြင့် ပူဇော်ဘွယ်ရာများကို ယူဆောင်ကာ ကလိင်္ဂတိုင်း ဒန္တပုရမြို့တော်သို့ သွားလေ၏။ ဦးရီးတော်ကလည်း ရတနာသုံးပါးကြည်ညိုသော တူကလေးအား ချစ်ခင်နှစ်သက်သဖြင့် မြတ်နိုးတော်မူသောကြောင့် မိမိ၏ရင်သွေး ချောမောလှပသောသမီးတော်ကလေး 'ဟေမမာလာ'(ခင်ရွှေပန်း)နှင့်ထိမ်းမြားပေး၍ အိမ်ရှေ့အရာအပ်နှင်းတော်မူကာ စွယ်တော်မြတ်ကိုလည်း ကိုးကွယ်၍စောင့်ရှောက်စေလေ၏။ ထိုမင်းသားကလေးကိုပင် 'ဒန္တကုမာရ'-သွားမင်းသား'ဟု အမည်တွင်စေ၏။ ဟေမ

http://www.dhammadownload.com



မာလာကို 'တွဋ္ဌနမာလိ'ဟူ၍လည်းခေါ်တွင်ကြလေသေည်။

ဂုဟာသီဝမင်းမြတ်အဖို့ စွယ်တော်နှင့်ပတ်သက်သော အရေးတော်ပုံမှာ ဤမျှလောက်ဖြင့် မပြီးသေး။ စိတ္တယာနမင်းစစ်ပွဲ၌ ကျဆုံးခဲ့ပြီးနောက် ကလိင်္ဂတိုင်းသို့ စွယ်တော်မြတ်ပြန်လည်ဆိုက်ရောက်ကြောင်းကို 'ခီရာဓာရမင်း'၏တူတော်များဖြစ်ကြသော သေဝတ္တစသော ကလယမင်းများ ကြားသိပြန်သဖြင့် ကလိင်္ဂတိုင်းသို့ စစ်ချီလာကြပြန်လေ၏။ "အကြည်အသာ စွယ်တော်ကို အပ်လျှင်အပ်၊ မအပ်လျှင် တိုက်မည်"ဟု နောက်ဆုံးရာဇသံပေးလိုက်ကြ၏။

စွယ်တော်မြတ်ကို အသက်ပေး၍ ကြည်ညိုဆည်းကပ်ကိုးကွယ်လျက်ရှိသော ဂုဟာသီဝမင်းအဖို့ ထိုကဲ့သို့ရာဇသံပေးလိုက်ခြင်းမှာ အသည်းနိုက်သကဲ့သို့ဖြစ်လေသည်။ ထို့ကြောင့် စွယ်တော်မြတ်ကို အသက်နှင့်လဲ၍တိုက်နိုက်ရန် ရဲဝံ့စွာဆုံးဖြတ်လိုက်သော ဂုဟာသီဝမင်းတရားကြီးသည် ငယ်ရွယ်နုပျိုသူများဖြစ်ကြသော တူသမက်ကလေးနှင့် ရင်သွေးတော် ဟေမမာလာတို့အား ရှေ့တော်သို့ခေါ်ယူကာ မိန့်တော်မူသည်မှာ–

"စစ်တို့၏သဘောမှာ ရှုံးမည်နိုင်မည် ဤနစ်လီကို မတိုက်မီကကြိုတင်၍သိနိုင်ရန် ခဲယဉ်းလှသဖြင့် စွတ်တော်မြတ်ကို ယူဆောင်ကာ တောတောင်ဝှမ်းများထဲတွင် ပုန်းအောင်းနေရန်လည်းကောင်း၊ ရှုံး–နိုင်သတင်းကို နားထောင်ကြပြီးနောက် ရှုံးပြီဟု ကြားသိလျှင် သီဟိုဠ်ကျွန်းရှိ အကြည်တော် မဟာသေနမင်းထံသို့ သွားကြစေလိုကြောင်း"ကို မှာထားတော်မူသည်။ (၃၃၄–၃၆၂ အေဒီ)စစ်မမီကပင် မိမိ၏အင်အားကို စိတ်ချဟန်မတူ၊ အင်အားချင်းမျှဟန်မရှိပေ။ စွယ်တော်မြတ်အရေးမို့သာ စွယ်တော်မြတ်ကို ကြည်ညိုမြတ်နိုးတော်မူလှ၍ အသက်ပေးကာကွယ်တိုက်နိုက်လိုခြင်းဖြစ်ပေသည်။ ထို့ကြောင့် မျက်ရည်စမ်းစမ်းဖြင့် စိုးရိမ်ကြီးစွာမှာတော်မူခြင်း ဖြစ်ပေသည်။ သမက်နှင့်သမီးတော်တို့ကလည်း "တောအသွယ်သွယ် တောင်အထပ်ထပ် မြစ်ပေါင်

http://www.dhammadownload.com



ဆီးလျှက် ပင်လယ်ကြီးခံနေသောဌာနသို့ စွယ်တော်ပင့်ဆောင်သွားရန် သင့်တော်ပါမလား ခမည်းတော်ဘုရား"ဟု လျှောက်လျှင် ခမည်းတော်က "အရေးတော်မလှလျှင် ကြားသိသည်နှင့်တစ်ပြိုင်နက် မဟာသေနမင်းရှိရာ သီဟိုဠ်သို့အရောက်သာသွားကြလေ၊ သို့သွားရာမှာလဲ ငါ့အကြည်တော်က အကြိမ်ကြိမ်ပင့်ဆောင်ရန် တောင်းခံဖူးသည့်စွယ်တော်မြတ်ကို ပင့်ဖြစ်အောင် ပင့်ဆောင်သွားကြစေ၊ အကျိုးကိုမြင်၍ ခမည်းတော်တိုက်တွန်းရခြင်းပင် ဖြစ်ပေတယ်"ဟု မိန့်တော်မူကာ စစ်ထွက်တော်မူလေသည်။

ဂုဟသီဝမင်းကြီး၏ စစ်ထွက်ခါနီး မှာထားပုံများကိုထောက်ရှုသော် သမီးနှင့်သမက်တော်တို့အား သီဟိုဠ်ကျွန်းသို့ရောက်သည့်အခါ မဟာသေနမင်းကြီး အလွန်ဖူးမြင်လိုလှသော စွယ်တော်မြတ်မပါခဲ့ပါလျှင် မျက်နှာငယ်မှာစိုးရိမ်သည်ကတစ်ကြောင်း၊ စွယ်တော်မြတ်ကို အမြတ်တနိုးကိုးကွယ်သည့် ဗုဒ္ဓဘာသာဝင်မင်းထံသို့ ပို့လိုသည့် သာသနာပြုစိတ်ဓာတ်ကြောင့် ဖြစ်ပေသည်။ စွယ်တော်ကို ပင့်ဆောင်ကာ တောတောင်အတွင်း ပုန်းအောင်းကာ နေကြသော ဓနီးမောင်နှံတို့မှာ အရေးတော်ပုံမလှကြောင်းသတင်းကို ဝမ်းနည်းကြေကွဲဘွယ်ရာ ကြားသိရာကြသဖြင့် မဆည်နိုင်အောင် ပရိဒေဝမီး တောက်လောင်တော်မူကြရရှာသည်။ သို့ရာတွင် မိမိတို့၏အသက်ဘေးလွတ်ရေးနှင့် စွယ်တော်မြတ်ကို ဘေးကင်းရာသို့ ပင့်ဆောင်ရေးကလည်း အရေးကြီးလေသဖြင့် သီဟိုဠ်ကျွန်းသို့ကူးရန် 'မလိတ္တိဆိပ်ကမ်း'ရှိရာသို့ ပုဏ္ဏားမောင်နှံယောင်ဆောင်ကာ ထွက်ခွာကြရရှာလေ၏။ ထိုအခါက ဒန္တပူရမြို့တော်မှ ပင်လယ်ဆိပ်ကမ်းရှိရာ 'ဘာမလိတ္တ'သို့ပင် ရောက်ဖို့ရာပင် များစွာခဲယဉ်းလှပေသည်။ ထိုသို့ရှောင်တိမ်းခဲ့ကြရာတွင် စွယ်တော်မြတ်ကို အခေါင်းပွဆံထိုးအတွင်း၌ထည့်သွင်းကာ မင်းသမီး၏ဆံထုံး၌ထိုး၍ ပင့်ဆောင်ခဲ့သည်။ ယခုတိုင်ပင် ကလိင်္ဂတိုင်းသူလှပျိုဖြူများသည် ဆံထိုးအရှိုးခေါင်းပွဆံထိုးကို ထိုးစိုက်လေ့ရှိကြသည်ကိုလည်းကောင်း၊ သေခဏ္ဍာမြို့(ကန္ဒီမြို့) 'ဒါလာဒါမာ

http://www.dhammadownload.com



လိဂဝ'စွယ်တော်တိုက်ရှိ စေတီကြွတ်၏ထိပ်အုပ်တစ်နေရာတွင် အစဉ်အလာ အရိပ်အငွေ့အနေအားဖြင့် ဆံတိုးပုံရှိနေသေးသည်ဟု ပြောဆိုလေ့ရှိကြ၏။

မင်းသားမင်းသမီးတို့သည် ကာမလိတ္တိနှင့်မဝေးသည့် ပင်လယ်ကမ်းနှင့်နီးစပ်သည့် တောအုပ်အတွင်း၌ သင်္ဘောကြီးကိုစောင့်ရင်းနှင့် ကာလအတန်ကြာနေရသည်။ ဤသို့မထင်မရှားနေစဉ် စွယ်တော်ကို သောင်ပြင်၌ သဲပုံစေတီတည်ကာ မြှုပ်နှံထားရာ 'ပဏ္ဍုဟာရ'ခေါ် နဂါးတစ်ဦးက လုလင်ယောင်ဆောင်လျက် သဲပုံစေတီအတွင်းရှိ စွယ်တော်ကို ဝမ်းတွင်းသို့မျို၍ နိုးယူသွားသဖြင့် ရဟန္တာအရှင်မြတ်တစ်ပါးက ပြန်လည်တောင်းယူပေးရသည်။ ဤရဟန္တာအရှင်မြတ်သည် သီဟိုဠ်သို့ကူးရာတွင်လည်း အတူလိုက်ပါစောင့်ရှောက်တော်မူသည်။ မကြာမီ 'ဓမ္မဒီမ'ခေါ် အိန္ဒိယနိုင်ငံမှ သီဟိုဠ်ကျွန်းသို့ အရောင်းအဝယ်သွားမည့်သင်္ဘောကြီးသဖြင့် တောင်းပန်ကာ လိုက်ပါသွားကြရသည်။ လှေသူကြီးက သမီးအရင်းကဲ့သို့ သနားချစ်ခင်စွာခေါ်ဆောင်သွားသည်။ ရက်အနည်းငယ်အတွင်း သီဟိုဠ်ကျွန်း ဓမ္မကောလပဋ္ဋနသင်္ဘောဆိပ်သို့ရောက်ကြရသည်။ ထိုမှမေးမြန်းကာ အနုရာဓမြို့တော်သို့လာခဲ့ကြသည်။ ပင်ပန်းကြီးစွာဆိုက်ရောက်လာကြသော ဓနီးမောင်နှံအားဆီးကြိုကာ ကြားရသည့်သတင်းဆိုးကြီးမှာကား မိမိတို့ခမည်းတော်မင်းကြီး၏(အဒိဋ္ဌသဟာယ)မမြင်ဖူးသော မဟာမိတ်ကြီးဖြစ်သည့် မဟာသေနမင်းကြီး နတ်ရွာစံတော်မူပြီးနောက် သားတော် 'ကိတ္တိသိရိမေဃဝဏ္ဏမင်း'နန်းတက်သည်မှာပင် ကိုးနှစ်ရှိခဲ့ပြီဟူသော သတင်းပေတည်း။

အားကိုးကြီးတစ်ခုအဖြစ် မျှော်မှန်းလာခဲ့ကြသော ဘုရင်ကြီးမှာ နတ်ရွာစံပြီဟူသောသတင်းကြောင့် မောင်မိုက်ထဲတွင် ခရီးသွားရတော့မည်ကဲ့သို့ ရှေ့ရေးအတွက် မမျှော်မှန်းနိုင်အောင်ရှိရှာကြလေသည်။ ထိုဓနီးမောင်နှံစိတ်ထဲတွင် ဤကိတ္တိသိရိမေဃဝဏ္ဏမင်း(ကစ်ဆရိမေဝန်)ဘုရင်က မိမိတို့အား အရေးပေးလှမည်ဟု မထင်မိသောကြောင့် အားငယ်မိကြသည်။ ထို့

http://www.dhammadownload.com



ကြောင့်ပင် နန်းတော်သို့ ရုတ်တရက်မဝင်ခဲ့ကြဘဲ 'ရဟန်းသံဃာဆိုသည်မှာ သနားကြင်နာတတ်ပေသည်'ဟု သတိရကာ မဟာဝိဟာရကျောင်းတိုက်ကြီးသို့ ဝင်ရောက်ခိုလှုံ၍ သဃ်ရိမထေရ်မြတ်ကြီးအား အကြောင်းစုံလျှောက်ထားကြရှာလေသည်။

မဟာဝိဟာရကျောင်းတိုက်ကြီးမှာ ဘုန်းတန်ခိုးကြီးမားလှသော ကျောင်းတိုက်ကြီးဖြစ်သည့်အတိုင်း ၎င်းတို့ခိုကိုးမိသည်မှာ သင့်လျော်လှပေသည်။ သဃ်ရိမထေရ်မြတ်ကြီးကလည်း ဝမ်းမြောက်ဝမ်းသာစွာဖြင့် ကျောင်းတိုက်ကြီးကို တန်ဆာဆင်၍ စွယ်တော်ကိုအထူးတူးသော တင့်တယ်သိုက်မြိုက်စွာ ပူဇော်လျှက် ပလ္လင်တော်ထက်တွင် ပင့်ဆောင်ကာ ဘုရင်မင်းမြတ်ထံ အကြောင်းကြားနိုင်းတော်မူလေသည်။ ကိတ္တိသိရိမေဃဝဏ္ဏမင်းမြတ်ကားအစက ခနီးမောင်နံ့ထင်ခဲ့သလို မဟုတ်ချေ။ ထိုသတင်းကို ကြားသိလိုက်ရသည်နှင့်တစ်ပြိုင်နက် အလွန့်အလွန်ဆင်းရဲသားတစ်ဦးသည် စကြာမင်းစည်းစိမ်ကို ရုတ်တရက်ရလိုက်သကဲ့သို့ လွန်စွာဝမ်းမြောက်တော်မူလေသည်။

ဘုရင်မင်းမြတ်သည် ချက်ချင်းပင် ကျောင်းတော်ကြီးသို့ ရောက်ရှိလာကာ ဖူး၍အားမရ၊ ပူဇော်၍မဆုံးနိုင်ရှိနေပေတော့သည်။ သို့ရာတွင် တဖြည်းဖြည်းတွေးတောကာ စဉ်းစားမိသည်မှာ "တို့ဘုရားသခင်ဂေါတမဗုဒ္ဓရဲ့စွယ်တော်အစစ်ဟုတ်မှ ဟုတ်ပါ့မလား၊ တို့ဘုရားရဲ့စွယ်တော် သွားတော်တွေဟာ ဖြူဖွေးရမယ်၊ ဒီစွယ်တော်ကတော့ တချို့နေရာမှာချိတ်ရည်အသွေးလို နီမြန်းနေတယ်၊ တချို့နေရာတွေမှာ မြတ်လေးပန်းအငုံအဆင်းလို အတန်ငယ်ဖြူနီရောင်ရှိပေတယ်"ဟု မင်းနှင့်တကွ ပရိသတ်တို့ သံသယဖြစ်မိကြသည်။ သို့ရာတွင် အမျိုးမျိုးစမ်းသပ်ကြ၍ ကျေနပ်ယုံကြည်ကြသဖြင့် နန်းတော်သို့ပင့်ဆောင်ကာ စွယ်တော်မြတ်ကို စွယ်တော်တိုက်ကြီးဆောက်လုပ်၍ ပူဇော်လေသည်။ ထိုအခါ စွယ်တော်မှထူးဆန်းလှသော ရောင်ခြည်တော်အဆင်းတို့ကို ဖူးမြင်ကြရသည်။ မင်းနှင့်ပြည်သူ ရဟန်းရှင်လူတို့မှာ

http://www.dhammadownload.com



များစွာဝမ်းမြောက်ကြရလေသည်။ သီဟိုဠ်တွင် ပထမဦးဆုံးဆောက်လုပ်ကိုးကွယ်သည့် ကိတ္တိမေဃဝဏ္ဏမင်း၏ အဆိုပါစွယ်တော်တိုက်ကြီးမှာ ယခုအခါ အနုရာဓမြို့ ထူပါရုံစေတီကြီး၏အရှေ့ဘက် တစ်ဖာလုံခန့်တွင် ကျောက်တောင်ကြီးများထောင်ကာ ကျောက်ထုတ်ရာ ကျောက်ယောက်တန်းနှင့် စာတန်းများကျိုးပဲ့ကျဲတဲတင်လျက်ရှိနေပေသေးသည်။ သခါရတာရားတော်၏ ဓမ္မတာသဘောပင်တည်း။

သီဟိုဠ်ကျွန်းတွင် အဆိုပါ 'ကိတ္တိသီရိမေဃဝဏ္ဏမင်း'(၈၄၆-၈၇၄ BE)မှ ဓမ္မပါလမင်း(၂၀၉၄-၂၁၂၀ BE)အထိ မင်းဆက်ပေါင်း(၁၀၀)ကျော်ရှိခဲ့ပေသည်။ ထိုမင်းတစ်ရာကျော်တို့သည် အနုရာဓနေပြည်တော်မှာသာ စံနေတော်မူခဲ့ကြသည်မဟုတ်ပေ။ မြန်မာနိုင်ငံ သရေခေတ္တရာ, ပုဂံ, ပင်းယ, အင်းဝ စသည်တို့ဖြင့် မြို့များအသီးသီးသို့ ပြောင်းရွှေ့ခဲ့ကြသကဲ့သို့ သီဟိုဠ်၌လည်း အနုရာဓ, ပေါလနရုဝ, ဒမ္ဗဒေနိယ, ဂမ်ပေါလ, ကောတ္တေ ကန္ဒီ, ကိုလံဘို စသည့်မြို့တော်အစဉ်အဆက်ရှိခဲ့သည်။ အနုရာဓမြို့မှာ ရှေးသီဟိုဠ်ဘုရင်တို့ အကြာဆုံးနှင့်အများဆုံး နန်းစိုက်ခဲ့ကြသော မြို့တော်ကြီးဖြစ်ပေ၍ ထင်ရှားလှသည်။ သီဟိုဠ်မင်းတို့ နန်းပြောင်းစိုက်ရာသို့ စွယ်တော်မြတ်ကိုပါ တစ်ပါတည်းပင့်ဆောင်၍ ကိုးကွယ်လေ့ရှိခဲ့ကြသည်။ ခရစ်နှစ် (၈၀၀) ကျော်မှ (၁၃၀၀)ခန့်အထိ နှစ်ပေါင်း(ငါးရာ)ခန့် ကြက်ပျံမကျစည်ကားခဲ့ဖူးသော 'ပေါလနရုဝမြို့တော်'ဟောင်း၌လည်း 'မုဆိုလိယံ'ခေါ် စွယ်တော်တိုက်ပျက်ဟောင်းကြီးတစ်ခု ယခုတိုင်ရှိနေပေသေးသည်။ ပထမ ဘုဝနေကဗာဟုမင်းတရားကြီးလက်ထက်ကလည်း 'ယပဟုတောင်'ပေါ်တွင် စွယ်တော်လုံခြုံစေရန် လှပသောကျောက်တိုင်ကြီးစွာပြုလုပ်၍ ကိုးကွယ်ခဲ့လေရာ ယခုတိုင်ပင် ရှိနေပေသေးသည်။

ခရစ်နှစ် ၁၅၀၀ ကျော်လောက်ကစ၍ သီဟိုဠ်ကျွန်းကမ်းရိုးတန်းတစ်လျှောက်ကို (ပထမ)ပေါ်တူဂီလွှမ်းမိုးကြီးစိုးခဲ့ကြသည်။ (ဒုတိယ)ပေါ်တူ

http://www.dhammadownload.com



ဂီတို့၏လက်အောက်မှ ဒတ်ချ်တို့က ခရစ်နှစ် ၁၆၄၀ခုနှစ်တွင် သိမ်းယူကာ 'ဂေါမြို့'(Galle)တွင် ဒတ်ချ်ဘုရင်ခံအိမ်ဆောက်လုပ်၍ ရုံးစိုက်ခဲ့ကြသည်။ (တတိယ)ဒတ်ချ်တို့လက်မှ အင်္ဂလိပ်တို့က တိုက်ခိုက်ကာ ကျွန်းတစ်ခုလုံး ကို သိမ်းပိုက်ခဲ့ကြပြန်သည်။ ခရစ်နှစ် (၁၅၀၀ မှ ၁၆၀၀)ခန့်အတွင်း အခြား ဥရောပတိုက်သားတို့ထက် ရေကြောင်းခရီးတွင် ကြီးစိုးလျက် လွှမ်းမိုးခြယ် လှယ်နေကြသောအခါ ဖြစ်လေသည်။

အိန္ဒိယပြည် ဂိုဝါ(Goa)မြို့ကို အခြေခံဗဟိုပြုကာ ဘုရင်ခံချုပ်ကနေ ၍ အခြားအိန္ဒိယ, သီဟိုဠ်, ရခိုင်, မြန်မာ, ယိုးဒယား အရှေ့အိန္ဒိယကျွန်းစု စသည်တို့သို့ တန်ခိုးအာဏာဖြန့်၍နေသောအချိန်ကာလဆိုးကြီးဖြစ်သည်။ ထိုအခါက သီဟိုဠ်မင်းများအဖို့ အသက်စည်းစိမ်တည်မြဲရေးအတွက် အခက် အခဲမျိုးစုံနှင့် နေကြရ၏။ ထိုအတောအတွင်းတွင် သတ္တမဘုဝေနေကဗာဟု မင်း၏သမက်တော် ဝိဝိယေဗန္ဓာရမင်းသည် ပေါ်တူဂီတို့၏ဘေးရန်တို့ကို ရှောင်ရှားရန် မိမိနေရာ ကန္ဒီ(သေခဏ္ဍမြို့)၌ စွယ်တော်အစား မိချောင်းသွား ကို ထားခဲ့ပြီးလျှင် Jafana ဂျဖနာဘက်သို့ထွက်ခွာခဲ့၏။ ဂျဖနာဘုရင်ကလည်း ဝိဝိယေဗန္ဓာရမင်းအား လုပ်ကြံရုံမက ပါလာသည့်ရတနာများစွာနှင့် စွယ် တော်မြတ်ကိုပါ သိမ်းယူလေသည်။

ထို့နောက် ဂိုဝါမြို့ဘုရင်ခံချုပ်၏အမိန့်အရ ပေါ်တူဂီစစ်ဗိုလ်ချုပ် ကြီးတစ်ဦးသည် (ထိုစစ်ဗိုလ်ချုပ်ကြီးသည် နောင်အခါ ဂျဖနာဘုရင်ခံဖြစ် သွားသည်)စွယ်တော်ကို ရရှိထားသော ဂျဖနာဘုရင်ကို လိုက်တိုက်လေသည်။ ဂျဖနာမြို့ကို မတိုက်မီက ဘုရင်ခံချုပ်က စွယ်တော်ကိုဖျက်ဆီးရန် အမိန့်ပေး ထားသည့်အတိုင်း ဖျက်ဆီးလိုက်သည်ဟု ပေါ်တူဂီရာဇဝင်အချို့က ဆိုကုန် ၏။ သို့ရာတွင် နောက်ပိုင်းတွင် မဖျက်ဆီးဖြစ်ကြောင်း ထင်ရှားပေါ်လာ တော့သည်။ ထိုစွယ်တော်ကိုရရှိရေးအတွက် ဝိဝိယေဗန္ဓာရမင်း၏သားတော် 'ဓမ္မပါလမင်း'က ရတနာများစွာပေးကာ စေလွှတ်၍ တောင်းယူကြောင်းကို

http://www.dhammadownload.com



လည်းကောင်း၊ မြန်မာနိုင်ငံတော်ရှိ ဟံသာဝတီနေပြည်တော်(ယခု–ပဲခူးမြို့) မှ ဆင်ဖြူများရှင် ဘုရင့်နောင်ကျော်ထင်နော်ရထာမင်းကြီးကလည်းကောင်း အလားတူစေလွှတ်တောင်းယူကြောင်းကိုလည်းကောင်း ရာဇဝင်မှတ်တမ်းတို့၌ ပြဆိုထားကြလေသည်။ အချို့ပေါ်တူဂီရာဇဝင်မှတ်တမ်းများတို့၌ ဟံသာဝတီမင်းတရားကြီးက ရရှိသွားသဖြင့် ခမ်းနားကြီးကျယ်စွာကြိုဆိုကြောင်းကိုပင် ပြဆိုထားသည်မှာ ပေါ်တူဂီများထံမှ ရသည်ဟုမဆို။ ဓမ္မပါလမင်းထံမှရသည်ဟုသာ ပြဆိုကြလေသည်။ သို့ရာတွင် မည်သို့ပင်ဆိုစေကာမူ ထိုအခါက မြန်မာနိုင်ငံသို့ တစ်နည်းနည်းဖြင့် စွယ်တော်မြတ်ရောက်ကြောင်းကိုကား ထင်ရှားလှပါပေသည်။ ဟံသာဝတီပြည့်ရှင် ဘုရင့်နောင်မင်းတရားကြီးမှာ ဗုဒ္ဓဘာသာသာသနာတော်ကြီးကို နိုင်ငံတစ်ဝန်းလုံး၌ အထူးသာသနာပြုရုံမက သီဟိုဠ်ကျွန်းသို့ပါလှမ်းကာ သာသနာပြုတော်မူနိုင်သည့်အတွက် ဘုန်းရှိသော သာသနာပြုမင်းစစ်စစ်ဖြစ်၍ သီဟိုဠ်ကျွန်းမှ ဓမ္မပါလမင်းက ဆင်ဖြူများရှင်မင်းတရားကြီး၏ စစ်ကူသော စစ်ကူလာသောကြောင့် သာသနာပြုအောင်မြင်သဖြင့် ကျေးဇူးအထူးတင်ကာ မိမိအမြတ်တနိုးကိုးကွယ်သည့် စွယ်တော်စစ်ကို မြန်မာဗုဒ္ဓဘာသာနိုင်ငံတော်သို့ ရောက်စေလို၍ ကျေးဇူးတုန့်ပြန်ကာ ဆက်သလိုက်ကြောင်းကို မြန်မာရာဇဝင်အခန်း၌ ဆက်လက်ကြည့်ရှုပါလေ။

မှတ်ချက်။ ဗုဒ္ဓပွင့်တော်မူခဲ့ရာ အိန္ဒိယပြည်နှင့် သီဟိုဠ်ကျွန်းတို့၌ လှည့်လည်ကာ ဗုဒ္ဓ၏မြတ်စွယ်တော်စစ်သည် အပူဇော်ခံတော်မူခဲ့ခြင်းများ ဖြစ်ပါသည်။

http://www.dhammadownload.com

## ဒိပဲယင်းကျုံးမှ ဗုဒ္ဓ၏အနားအေးစေရေးသပိတ်တော်ချိုင့်ဖွင့်သိတ်တော်စဉ် မြန်မာပြည်သို့ကြွရောက်လာခြင်း

ဟံသာဝတီဆင်ဖြူများသခင် ဘုရင့်နောင်ကျော်ထင်မင်းတရားကြီး ခေါ် ငယ်မည် သျှင်ရဲထွဋ်သည် သက္ကရာဇ်(၈၇၇)ခုနှစ်၊တပို့တွဲလဆန်း(၁၁) ရက် ဗုဒ္ဓဟူးနေ့ နေတက်အချိန်၌ ကေတုမတီနေပြည်တော် တောင်ငူရွှေမြို့ တော်ဝယ် ဘုရင်မင်းကြီးညို၏ နန်းမြို့တော်အတွင်း၌ အတိတ်ထူး နိမိတ် ထူးကြီးများဖြင့် ဖွားမြင်တော်မူပါသည်။ ထူးခြားသည့်အာဓာနည်မင်းသွေး စစ်စစ်ဖြစ်တော်မူပါသည်။ ခမည်းတော်မှာ မင်းကြီးဆွေ(ခေါ်)မင်းရဲသခ်သူ (တောင်ငူဘုရင်ခံ) မယ်တော်မှာ ရှင်မျိုးမြတ်ဖြစ်၍ ပင်းယအင်းဝဆက် မင်းမျိုးမင်းနွယ်အစစ်များ ဖြစ်တော်မူကြသည်။ တပင်ရွှေထီးနှင့်ဖွားဖက်တော် ဖြစ်၍ သုံးလနှင့်လေးရက်သာ ကွာသည်။ သျှင်ရဲထွဋ်မှာ ဖွားဖက်တော်ချုပ် ဖြစ်၍ နောင်တွင် 'ဘုရင့်နောင်'တွင်သည်။

သက်တော်(တစ်ဆယ့်ကိုးနှစ်)တွင် 'မင်းတရားရွှေထီး'၏အစ်မတော် (သခင်ကြီး)နှင့် တောင်ငူဘုရင် တပင်ရွှေထီးကိုယ်တော်တိုင်ပင် သက္ကရာဇ် (၈၉၆)ခုနှစ်တွင် စုံဖက်ပေးတော်မူ၍ ကျော်ထင်နော်ရထာဘွဲ့ကို ချီးမြှင့်တော် မူခဲ့သည်။

သက်တော်(၂၃)နှစ် သက္ကရာဇ်(၉၀၀)ပြည့်နှစ် ပြည်မြို့နယ် 'နောင် ရိုးတိုက်ပွဲ'၌ ထူးခြားစွာစွမ်းရည်သတ္တိဖြင့် အောင်မြင်ခဲ့သောကြောင့် 'ဘုရင့် နောင်'ဘွဲ့အမည်ကို ခံယူစေတော်မူပြန်သည်။

သက်တော်(၃၄)နှစ် သက္ကရာဇ်(၉၁၁)ခုနှစ်တွင် ကေတုမတီနေပြည် တော် တောင်ငူရွှေမြို့တော်ကို အလိုပြည့်၍ မင်းပြုတော်မူသည်။ သက်တော်

http://www.dhammadownload.com



(၃၆)နှစ် သက္ကရာဇ်(၉၁၃)တွင် ဟံသာဝတီပြည်ကြီးကို အလိုတော်ပြည့်၍ ရွှေနန်းတက်ကာ တောင်ငူမြို့တော်မှပြောင်း၍ ထီးနန်းစိုက်ထူမင်းပြုတော်မူသည်။ ထိုအခါက ဟံသာဝတီမြို့မှာ သဘောဆိပ်မြို့ကြီးဖြစ်၍ နိုင်ငံတကာနှင့်ဆက်သွယ်ရန် လမ်းကြောင်းဖြစ်သဖြင့် ကေတုမတီနေပြည်တော်မှပြောင်းရွှေ့ကာ စံတော်မူသည်။ ကေတုမတီတွင် (၂)နှစ်၊ ဟံသာဝတီတွင် (၃၀)နှစ်၊ နှစ်ပေါင်း(၃၂)နှစ်ပတ်လုံး သာသနာတော်မြတ်၏စီးပွား၊ ကိုယ်တော်မြတ်၏စီးပွား၊ တိုင်းသူပြည်သား လူတကာတို့၏အကျိုးစီးပွားများကို တိုင်းပြုပြည်ပြု သာသနာပြုဆောင်ရွက်တော်မူ၍ လူအများတို့အား သဒ္ဓါကြည်ညိုဆည်းကပ်ကိုးကွယ်စေသည်။ သီလ သစ္စာ သမာဓိကို တည်စေ၍ ကိုယ်ကျင့်တရားတို့ကို ပြုပြင်စေတော်မူသည်။ ပိဋကတ်သုံးပုံကို သင်ကြားစေ၍ ဥပုသ်နေ့တိုင်း ဘုရားကျောင်းကန်သို့ မှူးမတ်ပြည်သူအပေါင်းတို့ကို သွားကြစေ၍ သီလစောင့်ထိန်း တရားနာယူစေသည်။ မိစ္ဆာဒိဋ္ဌိအယူအမှားများကိုလည်းကောင်း၊ ယဇ်ပူဇော်မှုများ၊ တောင်တန်းဒေသတို့၌ ယဇ်ပူဇော်မှုနှင့် ပသီကုလားများ နွားသတ်မှုများကို ပိတ်ပင်သုတ်သင်တားမြစ်တော်မူသည်။ ပုပ္ပါးနယ်တစ်ဝိုက်တွင် မဟာဂီရိနတ်အား ယဇ်ပူဇော်ခြင်းတို့ကို အမိန့်အာဏာတော်ဖြင့် ကျပ်တည်းစွာ တားမြစ်တော်မူကာ ပိတ်ပင်၍လည်းကောင်း၊ သေရည်သေရက်သောက်ခြင်းကို လုံးဝခွင့်ပြုတော်မမူပေ။ ဗုဒ္ဓဘာသာအယူဝါဒနှင့် ပိဋကတ်တော်များကို ရဟန်းတော်များအား ပို့လွှတ်ကာ သင်ကြားစေသည်။ ဗုဒ္ဓဘာသာသာသနာတော်ကြီး ကျယ်ပြန့်နှံ့စေရန်အတွက် နိုင်ငံတကာထီးဖြူဆောင်းမင်းအပေါင်းတို့အား တိုက်ခိုက်ကာ မြန်မာလက်နက်နိုင်ငံတော်ကြီးအဖြစ် သိမ်းယူပြီးလျှင် "ဒုတိယမြန်မာ့လက်နက်နိုင်ငံတော်ကြီးကို ကျယ်ဝန်းစွာ တည်ထောင်တော်မူရခြင်း၏ အဓိကရည်ရွယ်ချက်မှာ လှည်းနေလှေအောင်း မြင်းဇောင်းမကျန် တောနေတောင်ကြား လူသူအားလုံး ဗုဒ္ဓဘာသာသာသနာတော်ကြီးပြန့်ပွားစေ၍ ဗုဒ္ဓဘာသာအယူဝါဒများကို ကျယ်ပြန့်စေလိုသောဆန္ဒဖြင့် တိုင်းပြုပြည်ပြု သာသနာပြုမင်းကြီး 'သိရိတြိဘဝနာဒိတ္တာ

http://www.dhammadownload.com



ပဝရ ပဏ္ဍိတ သုဓမ္မရာဇာမဟာဓိပတိ ရာဇာဓိရာဇာ'ဟူသော ဘွဲ့အမည်တော်ကို ခံယူတော်မူသည်။ ဆင်ဖြူရှင်ဓမ္မသတ်ကျမ်းကို ပြုစုတော်မူသည်။ ဤသို့လျှင် ကေတုမတီနေပြည်တော် တောင်ငူရွှေမြို့တော်မှား မင်းတရားကြီးမှာ သာသနာကိုအထူးပြုတော်မူသည့် ဘုရားဆုပန် မင်းကောင်းမင်းမြတ်ကြီးတစ်ပါး ဖြစ်တော်မူသည်။

(အကျယ်ကို ကေတုမတီ တောင်ငူရာဇဝင်ကြီးတွင်ကြည့်ပါ)

ဆင်ဖြူများရှင် ဘုရင့်နောင်မင်းတရားကြီးလက်ထက်တော်တွင် 'ကေတုမတီ ငါးဆယ့်နှစ်မြို့'ဟု ခေါ်တွင်သည်။ ဒုတိယမြန်မာနိုင်ငံတော်ကြီးကို တည်တော်မူရာတွင် ကေတုမတီနေပြည်တော် တောင်ငူရွှေမြို့တော်ကြီးမှ စစ်ဦးစွန်းထူ အောင်လံလွှင့်တော်မူ၍ တိုင်းနိုင်ငံများကို အောင်မြင်တော်မူသောအခါ ရှမ်း(၉၉)မြို့၊ မွန်သုံးရပ် (၉၆)မြို့၊ ယိုးဒယားပြည်၊ ယွမ်းပြည်၊ ကသည်းပြည်၊ တရုတ်ပြည်စပ် မဏိပူရပြည်၊ အာသံပြည်၊ အိန္ဒိယနယ်စပ်များအထိ ရယူပိုင်ဆိုင်သော မြို့တော်ကြီးများဖြစ်သည်။ အပြည်ပြည်ထီးဆောင်းမင်းများတို့၏ မြန်မာပြည်အားလုံးရှိ မြို့တော်ကြီးများ (၅၂)မြို့ (ယခုခေတ်အခေါ် တိုင်းမြို့တော်ကြီးများ)ကို ဆိုပါသည်။

ဥပမာ– (၁) ရှမ်းကိုးဆယ့်ကိုးမြို့ဆိုသည်မှာ–

အရံမြို့ပေါင်း(၉၉)မြို့ရှိ=ရှမ်းပြည်။

(၂) အရံမြို့ပေါင်း(၉၆)မြို့ရှိ=မွန်ပြည်။

(၃) မွန်သုံးရပ်ဆိုသည်မှာ(၁)ဟံသာဝတီပြည်နှင့်အရံ(၃၂)မြို့။ (၂)မုတ္တမမြို့နှင့်အရံ(၃၂)မြို့။ (၃)ပုသိမ်မြို့တော်နှင့်အရံလက်အောက်ခံ (၃၂)မြို့ဖြစ်သည်။

ဆင်ဖြူများသခင် ဘုရင့်နောင်မင်းတရားကြီးသည် ကေတုမတီမြို့တော်မှ စစ်ဦးစွန်းထောင်ကာ စစ်အောင်လံလွှင့်တော်မူလျက် ဒုတိယမြန်မာ

http://www.dhammadownload.com



လက်နက်နိုင်ငံတော်ကြီး တည်ထောင်အောင်မြင်တော်မူသောအခါ လက်အောက်ခံမြို့တော်ကြီး (၅၂)မြို့ကို မှန်နန်းရာဇဝင်တော်ကြီးမှ ကောက်နုတ်ဖော်ပြပါသည်။

ဘုရင့်နောင်မင်းတရားကြီး၏ လက်အောက်ခံ

ထီးဆောင်းမင်းများ၏ တိုင်းမြို့တော်ကြီးများ

၁။ ကေတုမတီပြည်ကြီး။

၂။ ဟံသာဝတီပြည်ကြီးနှင့်အရံ၃၂မြို့။ } မွန်သုံးရပ်ခေါ်သည်။

၃။ မုတ္တမပြည်ကြီးနှင့် အရံ ၃၂မြို့။ } မွန်သုံးရပ်ခေါ်သည်။

၄။ ပုသိမ်ပြည်ကြီးနှင့် အရံ ၃၂မြို့။ } မွန်သုံးရပ်ခေါ်သည်။

၅။ သရေခေတ္တရာပြည်ကြီး။

၆။ သာယာဝတီပြည်ကြီး။

၇။ တောင်တွင်းပြည်ကြီး။

၈။ ရမည်းသင်းပြည်ကြီး။

၉။ မြင်စိုင်းပြည်ကြီး။

၁၀။ မကွေးရာပြည်ကြီး။

၁၁။ ပေါက္ကံရာမပြည်ကြီး။

၁၂။ ပင်းယပြည်ကြီး။

၁၃။ ရတနာပူရ အင်းဝပြည်ကြီး။

၁၄။ ကလေးပြည်ကြီး။

http://www.dhammadownload.com



၁၅။ ကသည်းပြည်ကြီး။

၁၆။ စန္ဒားပြည်ကြီး။

၁၇။ မိုးဝန်းပြည်ကြီး။

၁၈။ မိုင်းမောပြည်ကြီး။

၁၉။ မိုင်းလျှံပြည်ကြီး။

၂၀။ စည်ခွင်ပြည်ကြီး။

၂၁။ ဟိုသာပြည်ကြီး။

၂၂။ လာသာပြည်ကြီး။

၂၃။ မိုးနားပြည်ကြီး။

၂၄။ မိုင်းပတ်ပြည်ကြီး။

၂၅။ ကိုင်းမားပြည်ကြီး။

၂၆။ ဗန်းမော်ပြည်ကြီး။

၂၇။ သိန္နီပြည်ကြီး။

၂၈။ အုန်းပေါင်ပြည်ကြီး။

၂၉။ မိုးကောင်းပြည်ကြီး။

၃၀။ မိုးညှင်းပြည်ကြီး။

၃၁။ မိုးမိတ်ပြည်ကြီး။

၃၂။ သီပေါပြည်ကြီး။

၃၃။ ရောက်စောက်ပြည်ကြီး။

http://www.dhammadownload.com



၃၄။ ရွှေညောင်ပြည်ကြီး။

၃၅။ နောင်မွန်ပြည်ကြီး။

၃၆။ မိုင်းကိုင်ပြည်ကြီး။

၃၇။ မိုးနဲပြည်ကြီး။

၃၈။ ကျိုင်းတုံပြည်ကြီး။

၃၉။ ကျိုင်းရုံပြည်ကြီး။

၄၀။ ကျိုင်းသေန်ပြည်ကြီး။

၄၁။ ခေင်းမယ်ပြည်ကြီး(ယွန်းပြည်)။

၄၂။ ဒွါရာဝတီပြည်ကြီး(ယိုးဒယားပြည်)။

၄၃။ မိုင်းခံပြည်ကြီး။

၄၄။ လင်းခင်းပြည်ကြီး။

၄၅။ အကျော်ပြည်ကြီး။

၄၆။ လဝိုက်ပြည်ကြီး။

၄၇။ သောဏ္ဍထဲပြည်ကြီး။

၄၈။ ဝိဿလောက်ပြည်ကြီး။

၄၉။ မျက်နှာမည်းပြည်ကြီး။

၅၀။ တနသာ်ရီပြည်ကြီး။

၅၁။ ထားဝယ်ပြည်ကြီး။

၅၂။ သောင်သွပ်ပြည်ကြီး။

http://www.dhammadownload.com



များဖြစ်ကြပါသည်။

❖❖❖

## သာသနာ့ပြိုင်ခနဲ့ဆီ လှမ်းကြွမြို

သုံးလောကထွတ်ထား ဂေါတမမြတ်စွာဘုရားသခင်သည် ဘုရားဖြစ်တော်မူပြီးလျှင် 'သတ္တ သတ္တာဟ'ခုနစ်ဌာနတို့တွင် 'ဈာနသုခချမ်းသာ'၊ 'ဖလသုခချမ်းသာ'တို့ဖြင့်သာ (၄၉)ရက်ပတ်လုံး စံနေတော်မူ၍ ၎င်းရက်ပြည့်သောနေ့ အရုဏ်တက်သော် 'လင်လွန်းပင်ရင်း'၌ သီတင်းသုံးတော်မူစဉ် ရာမညတိုင်း 'ပေါက္ခရဝတီ'အမည်ရှိသော အသိတဥ္စနနဂိုလ်ပြည်မှ တဖုဿနှင့်ဘလ္လိကကုန်သည်ညီနောင်တို့ ရောက်ရှိလာသောအခါ မြတ်စွာသခင်သည် ရောင်ခြည်တော်ခြောက်သွယ်ဖြင့် စံနေတော်မူသည်ကို ဖူးမြင်ရသဖြင့် လွန်စွာကြည်ညိုကာ ပျားရည်၊ ပျားမုန့်ဆုပ်၊ မုန့်ကြွပ်ကျစ်စသည်တို့ကို ဆက်ကပ်ကြသည်တွင် မြတ်စွာဘုရားအလှူခံယူတော်မူရန်အတွက် စတုမဟာရာဇ်မင်းကြီးလေးပါးတို့က (ပဲနောက်အဆင်းရှိသော ကျောက်ညိုသပိတ်တော်လေးလုံးကို လှူကြရာ မြတ်စွာဘုရားက အလှူခံတော်မူပြီးလျှင် သပိတ်တော်လေးလုံးကိုဆင့်၍ အဓိဋ္ဌာန်ပြုပြီး လက်တော်ဖြင့်နှိပ်လိုက်ရာ 'အနားလေးရစ်ရှိသော သပိတ်တော်တစ်လုံးတည်း'ဖြစ်လာသည်။) ထိုသပိတ်တော်ဖြင့် အလှူခံယူတော်မူ၍ ဘုဉ်းပေးသုံးဆောင်တော်မူသည်။

ဘုရားဖြစ်တော်မူစ သုခါတာ၏ နို့ဆွမ်းကို ဘုဉ်းပေးပြီးနောက် သတ္တသတ္တာဟမှ ထတော်မူသောအခါ ဒုတိယဘုဉ်းပေးတော်မူသောဆွမ်းဖြစ်ပါသည်။ မြတ်စွာဘုရားသခင်သည် ဘုရားဖြစ်တော်မူသည်မှ ပရိနိဗ္ဗာန်စံဝင်တော်မူသည်အထိ ဤသပိတ်ကိုသာ အသုံးပြုတော်မူခဲ့သည်။

ထိုအနားလေးရစ်ရှိသောသပိတ်တော်သည် မြတ်စွာဘုရားရှင် ရှိတော်မူစဉ်ကာလကလည်း တန်ခိုးပြာဋိဟာမျိုးစုံ ပြတော်မူခဲ့သည်။ ပရိနိဗ္ဗာန်စံဝင်

http://www.dhammadownload.com



ပြီးသောနောက်တွင်လည်း လူအပေါင်းတို့ကို ကိုးကွယ်ရစ်ရန် ချန်ထားရှိခဲ့သော ဤသပိတ်တော်သည် အတိုင်တိုင်းအပြည်ပြည် နိုင်ငံတကာတွင် လှည့်လည်၍ အပူဇော်ခံကာ တန်ခိုးပြာဋိဟာပြတော်မူသောအခါ ထိုဗုဒ္ဓ၏ အနားလေးရစ်သပိတ်တော်ကို သီဟိုဠ်ကျွန်းကိုအစိုးရသော 'ဓမ္မပါလမင်း'က ကိုးကွယ်ပူဇော်ထားရာမှ သက္ကရာဇ် ၉၃၇ ခုနှစ်၊သီတင်းကျွတ်လကွယ်၌ ရေနှင့်မြေကို အစိုးရတော်မူသော ဟံသာဝတီဆင်ဖြူများရှင်သခင် ဘဝင်ရှင်မင်းတရားကြီး ဘုရင့်နောင်ကျော်ထင်နော်ရထာသို့ အာဏာစက်တော်ကြီးလှသည်ဖြစ်သောကြောင့် သဒ္ဓါ, သီလ, သမာဓိ စသောကျေးဇူး၏ ဘုန်းလက်ရုံး တန်ခိုးတော်ကျော်ကြား ပြန့်နှံ့တော်မူလေသဖြင့် မဟာသမုဒ္ဒရာခြားသော သိန်းခိုကျွန်း(သီဟိုဠ်)ကျွန်းကို အစိုးရသည့် ဓမ္မပါလမင်းက ကြားသိရှိရရာ ဆင်ဖြူများသခင် ဘဝရှင်မင်းတရားကြီးကို မှီခိုအားထားရပါမှ လင်္ကာဒီပ အမည်ရှိသော သီဟိုဠ်ကျွန်းကို လေးစုခွဲ၍ မင်းပြုလေသော မင်းများကို ငါ အုပ်ချုပ်၍ သာသနာပြုရမည်ဟုကြံစည်ကာ များစွာ သကော်တဖြစ်သော ပုဆိုးကောင်း၊, ကော်ဇော, ကတ္တီပါ, သာဏရတ်, ရမဝတီ, သက္ကလပ်, ပတ္တမြား စသော အထွေထွေပုဆိုးကောင်းပိတ်အုပ်များနှင့်တကွ ရွှေပေလွှာတွင် နားတော်လျှောက်ရန် ကျေးဇူးတော်ခံ အကွရာစာရေး၍ သဘော ၂ စင်းနှင့် ဓမ္မဒီပ်က ပါလာသော အရှင်သူမြတ်ပါက သီဟိုဠ်မင်း၏ အမတ်ကြီးများကို ဆင်ဖြူများသခင် ဘဝရှင်မင်းတရားကြီး၏ ခြေတော်ရင်းသို့ စေလိုက်လေသည်။

သီဟိုဠ်ကျွန်းသည် သာသနာတော်မတည်ဘဲ မိစ္ဆာဒိဋ္ဌိဖြစ်ခဲ့ပြီး ဘုရားကျောင်းကန်၊ စာပေထုပ်များကို ဖျက်ဆီးမီးရှို့ကြကုန်သည်။ သို့ဖြစ်သောကြောင့် ကုန်သည်ညီနောင် တဖုဿနှင့်ဘလ္လိကတို့ မြတ်စွာဘုရားကို စတုမဓု စသည် လှူသည့်အခါက နတ်မင်းကြီးလေးယောက်တို့လှူသော အနားလေးရစ်ရှိ ကျောက်ညိုသပိတ်တော်ကို ဓမ္မဒီပ်ကိုအစိုးရတော်မူသော သိရိတြိ

http://www.dhammadownload.com



ဘာဝနာဒီတျာပဝရပဏ္ဍိတ သုမင်္ဂလာရာဇာမဟာဓိပတိ ရာဇာဓိရာဇာ ဟံသာဝတီဆင်ဖြူများသခင် ဘဝရှင်မင်းတရားကြီးထံပို့လိုက်၍ သာသနာပြုရန် စစ်ကူမ,ပါမည့်အကြောင်းကို ရေးလျှောက်လိုက်လေသည်။

သင်္ဘောများ တနင်္သာရီရေဆိပ်သို့ရောက်လျှင် ဆင်ဖြူများသခင် ဘုရင့်နောင်မင်းတရားကြီးထံသို့ သတင်းစကားအလျင်အမြန် သံတော်ဦးတင်ကြရာ မင်းကြီးသည် အကျွန်းကျွန်းအပြည်ပြည်ကို အစိုးရသောမင်းများနှင့် မင်းမှူးမတ်များပါ သဘင်ကြီးစွာခံစေ၍ အထူးထူးသော စစ်မောင်းများတီးမှုတ်စေကာ ရွှေလှော်ကား ရွှေလှေများစွာတို့ဖြင့် မြစ်ပြင်ပြည့်မျှ ကြိုဆိုစေ၍ ရတနာဆင်ဖြူတော်ထက်တင်၍ လမ်းခရီးတစ်လျှောက် သိုက်မြိုက်စွာစီရင်ခင်းကျင်းစေပြီး တီးမှုတ်ကခုန်ကာ တင့်တယ်ခမ်းနားစွာဖြင့် ဗုဒ္ဓ၏သဝိတ်တော်ကို ဟံသာဝတီရွှေမြို့တော်အထိ ပင့်ဆောင်တော်မူသည်။ ပြည်သူပြည်သားများနှင့် ရဟန်းရှင်လူ မှူးမတ်များတို့ ကြိုဆိုဖူးမြော်ကြရာ ဘုရားမြတ်စွာကို ဖူးမြင်ကြရသကဲ့သို့ လွန်စွာသဒ္ဓါကြည်ညိုကြလျက် ရွှေပေါက်ပေါက် ရွှေပန်းခိုင် စသည်အမွှေးနံ့သာများဖြင့် ပူဇော်ကြလေ၏။

ထိုသို့မင်းတရားကြီးကိုယ်တော်တိုင် ပင့်ဆောင်တော်မူကာ ရဟန်းရှင်လူတို့ ကိုးကွယ်ကြစေရန် နန်းတော်ဦးတွင် ရွှေဓရပ်သုမ္မော မြေကပေါက်သကဲ့သို့ ရွှေဗိမာန်တွင် ရတနာပလ္လင်ပေါ်၌ သဝိတ်တော်ကို တင်ထားပြီး နဝရတ်ကိုးပါးဖြင့်ပြီးသော ရွှေအဖုံးကို ပြုလုပ်တော်မူကာ ကိုးကွယ်တော်မူသည်။ သိန်းစိုမင်းဆရာတော် မဟာထေရ်ကိုလည်း နန္ဒဝန်ဉယျာဉ်တည်ဆောက်ကာ သီတင်းသုံးစေရန် လှူတော်မူသည်။ ဤသို့လျှင် မြတ်စွာဘုရားကိုယ်တော်မြတ်ကြီး၏ အနားလေးရစ်သဝိတ်တော်သည် ရေးမင်းတကာတို့ထက် လွန်ကျူး၍ သီဟိုဠ်ကျွန်းမှပင် မြန်မာပြည်သို့ကြွရောက်တော်မူ၍ ဟံသာဝတီဆင်ဖြူများရှင် ဘုရင့်နောင်ကျော်ထင်မင်းတရားကြီး ကိုးကွယ်တော်မူရလေသည်။ ထူးခြားသော သာသနာပြုမင်းကြီးပေတည်း။

http://www.dhammadownload.com



ဘုရင့်နောင်မင်းတရားကြီးသည် အလွန်ဝမ်းမြောက်သဒ္ဓါကြည်ညို ဖြစ်တော်မူ၍ ရွှေပေလွှာတွင်ပါသည့် သာသနာအတွက် စစ်ကူပြုရမည့်အရေး ကို မင်းမှူးမတ်များစွာတို့နှင့် တိုင်ပင်ကြပြန်သည်။ 'သီရိကျော်ထင်'နှင့် 'ဗညားဒလ'တို့က လျှောက်ထားကြသည်မှာ "ဘုရားမြတ်စွာသပိတ်တော်မှာ ဘောလောင်းတော်တို့လက်ထက်တော်က ဇမ္ဗူဒိပ်သို့ရောက်ဖူးသည်ဟု မရှိခဲ့ ပါ။ အရှင်မင်းကြီး၏ဘုန်းတန်ခိုးအာဏာစက်ကြောင့် မရောက်မတောင်းသော ကုသိုလ်တော်ရောက်ရှိလာပေ၍ မော်ကွန်းသမိုင်းထားရလေပြီ၊ စွယ်တော်မြတ် လည်း သီဟိုဠ်ကျွန်း၌ရှိလေသေးသည်။ ထိုစွယ်တော်မြတ်ကိုလည်း ကိုးကွယ် စိမ့်သောငှာ ပို့လာပါဦးမည်ဟု သံတော်ဦးတင်သည်ကို ကြားသိရပါသည်။ သို့ဖြစ်ပါ၍ အလွန်ဝမ်းသာပါသည်။ ဘုန်းတော်ကြီးသော အရှင်မင်းဘုရား အမိပြု၍ ပြည်သူရဟန်းတို့လည်း ကိုးကွယ်ရှိခိုးကြရပါသည်။ ကျွန်ုပ်တို့ လည်း ရှိခိုးပူဇော်ရမည်ဖြစ်၍ စစ်ကူသွားရန်သင့်လှပါပေသည်"ဟု လျှောက် ထားပါသည်။

"သို့ရာတွင် သူ့အင်အားအခြေအနေကို မသိရသေးပေ။ ကျွန်ုပ်တို့ အခြေအနေကိုလည်း သူတို့မသိရသေးသဖြင့် ရှေးဦးကင်းစမ်းသဘောဖြင့် အထူးထူးသော သူရဲကောင်းများထဲမှ 'ခုတ်မရှ-ထိုးမပေါက်သည့်'တုတ်ပီး စားပီးလူကြမ်း(၂၅၀၀)ကို သင်္ဘောငါးစီးဖြင့် အလျင်လွှတ်သင့်ပါသည်။ နောက်မှ ညီတော် သားတော်များကို စေလွှတ်သင့်ပါသည်"ဟု လျှောက်လျှင် မင်းတရားကြီး နှစ်သက်တော်မူ၍ ပြင်ဆင်စေသည်။ သင်္ဘောတစ်စင်းတွင် ဆင်တစ်စီးဖြင့် လူကြမ်းငါးရာစီတင်ရန်၊ ထိုးမဝင် ခုတ်မရှိ မြန်မာ ငါးရာ၊ မွန်ငါးကျိပ်၊ ရှမ်း ခုနစ်ကျိပ်၊ ယိုးဒယားသား၊ လင်းဇင်းသား၊ ဇင်းမယ်သား၊ တနင်္သာရီသား၊ ထားဝယ်သား၊ ကသည်းသား၊ အင်းတရော်သား၊ ဒလသား၊ ယောမြို့သား၊ လောင်းရွှေမြို့သား စသည်တို့ကို လေးငါးကျိပ်စီရွေးချယ်ကာ ၂၅၀၀ ပြည့်သောအခါ စစ်လက်နက်ပစ္စည်းကိရိယာများတင်၍ 'ရာဇပုညာ

http://www.dhammadownload.com



နှင့် သယ်ရာဓာ၊ နန္ဒသူရိယ၊ သိယံနိရဲ'တို့ကို အုပ်ချုပ်စေပြီးလျှင် ရွှေကျို ငွေကျိုများမှ များစွာသောဆုလာဘ်ပေးစရာများကို ယူစေ၏။ မင်းခမ်း မင်းနား ရွှေအိုး, ရွှေသောက်ရေတင်, ဇလင်ကြာ အစရှိသော အဆောင်အ ယောင်အပေါင်း များစွာကို ပေးတော်မူလိုက်၍ ခမ်းနားစွာ သိမ်းယိုလ်ပြည် (သီဟိုဠ်ကျွန်းသို့)ချီစေလေသည်။

ထိုအခါ သီဟိုဠ်ကျွန်းမှအမတ်တို့က သင်္ဘောင်္ဂါးစီနှင့်စစ်သည်တော် များ ချီလာကြောင်းကို သိရှိလေလျှင် သီဟိုဠ်ကျွန်းကိုအစိုးရသော ဓမ္မပါလ မင်းသို့ သွားရောက်လျှောက်ကြရာ ဓမ္မပါလမင်းက အလွန်အားရဝမ်းသာ လှ၍ စစ်သည်တော်တို့ကို ဆုလာဘ်ပေးရန်နှင့်တကွ မင်းသံတို့ကို ကြိုဆို စေသည်။ မင်းသံတို့နှင့် မြန်မာစစ်သည်တော်တို့ သီဟိုဠ်ကျွန်းသို့ရောက်လျှင် သာယာလှပသောမဏ္ဍပ်ဆောက်စေကာ ကောင်းမွန်စွာဧည့်ခံခဲ့ကြသည်။ ဓမ္မ ပါလမင်းသည် လွန်စွာအားရလျက် စစ်သည်တော်တို့ကို ဆုလာဘ်များပေး တော်မူကာ ကောင်းစွာထားသည်။ မင်းကြီးကိုယ်တိုင်ပင် 'ဝါသိကာရာ' သဘော်ဆိပ်သို့တိုင်အောင် ကြိုဆိုသည်။ ဆင်ဖြူများသခင် မင်းတရားကြီး၏ စစ်သည်တော်တို့လည်း အထူးထူးသော မောက်တိုမောက်ရှည် မိန်ညို သံချပ် နှင့် ချည်၊ ရွှေဒိုင်းရွှေလွှား, ရွှေကား, ရွှေလုံ့တို့ကိုကိုင်စွဲစေလျက် စန္ဒာသူရိယ ကို တပ်မှူးခန့်၍ ရာဇဗညားကို စစ်ကဲခန့်တော်မူသည်။ သီဟိုဠ်မင်းသို့လည်း ဆင်အစီး ၂၀ နှင့် မင်းဆောင်မင်းယောင် အခမ်းအနားကို ပေးတော်မူလိုက် သည်။ လက်ဆောင်တော်များကို ဆက်သပြီးနောက် ရဲမက်တော်အပေါင်းတို့ သည် ခြင်္သေ့မင်း၏ ရဲရင့်ခြင်းနှင့်တူသော နှလုံးဖြင့် ရပ်နေတည်တံ့စွာသဘော် ဆိပ်၌ တပ်ချ၍နေကြ၏။

ဓမ္မပါလမင်းသည် မိမိကစေသော အမတ်များကိုခေါ်၍ ဟံသာဝတီ နေပြည်တော်အကြောင်းကိုမေးသော် အမတ်တို့က ဟံသာဝတီဝယ် မျိုးမတ် ဆင်မြင်းမိုလ်ပါ များလှကြောင်း၊တိုင်းနိုင်ငံတော် ကျယ်ဝန်းကြောင်း၊ပျပ်ဝပ်

http://www.dhammadownload.com



စွာ အုပ်ချုပ်ကြောင်းနှင့် ဘုန်းတော်ကြီးတော်မူလှသော သာသနာပြုမင်းတရားကြီးဖြစ်ကြောင်း လျှောက်ကြကုန်၏။ "ယခုမူကား အစုံအစမ်းမျှသာခန့်တော်မူသည်။ အရေးတော်မပြီးလျှင် မြေကြီးအထုနှင့်တူသော ရဲမက်တော်နှင့်စစ်ချီ၍ နှိမ်နင်းတော်မူမည်"ဟူ၍ မှာတော်မူသည့်အကြောင်းတို့ကို လျှောက်တင်လေ၏။

စန္ဒာသူရိယနှင့် ရာဇာဗညားတို့လည်း ရဲမက်တော်အပေါင်းတို့အား ရွှေငွေဆုလာဘ်ပေးပြီးလျှင် သောက်စားစေ၍ ကျွဲ၊နွား၊ဆိတ်၊ဝက်တို့ကိုမြင်လျှင် လှံနှင့်ထိုး၍ အချို့ကား အရေဆုတ်သည်။ အချို့ကား အသားကိုနုတ်နုတ်စင်းပြီးလျှင် ချင်း၊ကြက်သွန်ထည့်၍ သွေးရဲရဲနှင့်ပင် မကျက်တကျက်ခံတွင်းပြည့်မျှ စားသောက်ကြသည်။ အချို့ကား အသားဖုတ်ကင်၍ မကျက်တကျက်ပင် သွေးသံတရဲရဲနှင့် စားကြသည်။ ယင်းသို့စားသောက်ပြီးလျှင် ဒိုင်းရေး၊ လွှားရေး၊ ဓားရေး၊ ရှံရေး စသည်ကစားကြကုန်ပြီး၍ တစ်ယောက်ကိုတစ်ယောက် ထိုးခုတ်ကြလေသည်။ ထိုကဲ့သို့ခုတ်ကြကုန်သော်လည်း မည်သို့မျှမဖြစ်ကြဘဲ အပေါက်အပြဲမရှိသည်ကိုမြင်ကြလျှင် လွန်စွာကြောက်ရွံ့ကြက်သီးထကြကာ သီဟိုဠ်သားတို့သည် ဆောက်တည်ရာမရ ကြောက်ရွံ့ကြကုန်လျက် ငါတို့သည် ကြည်ရှိန်လူမျိုးဖြစ်၍ ကျွဲ၊နွားတို့ကို မိမိတို့အသားကဲ့သို့ပင် အထူးထင်မှတ်၍ ရှိကြကုန်၏။ ယခုမူ ထိုသူတို့သည် ကျွဲ၊နွားတို့ကိုသတ်၍ အစိမ်းစားကြကုန်သည်ကို တွေ့မြင်ကြရ၏။ ဤသူတို့ကား လူမဟုတ်၊ ဘီလူးများသာဖြစ်ကြသည်ဟု ကြောက်ရွံ့ခြင်းပြင်းစွာ ဖြစ်သဖြင့် သီဟိုဠ်ကျွန်းကို လေးစုခွဲကာ မင်းပြုကြကုန်သော (၁) Kotle ကော့တည်မြို့မှ ကော့တည်မင်း၊ (၂) Kandy ကန္ဒီမြို့မှ ခန်တီမင်း၊ (၃) Sitauaka မြို့မှ သီတာဝတ်မင်း၊ (၄) Kalani ကေလနီမြို့မှ ဓမ္မပါလမင်းတို့ထံသို့ လျင်မြန်စွာသွားကြပြီးလျှင် ဤသို့လျှောက်ထားကြကုန်၏။

http://www.dhammadownload.com



"ယခုဓမ္မဒီပက ရောက်လာသော ဆင်ဖြူများသခင်၏ရဲမက်တော်သည် လူမဟုတ်၊ ဘီလူးချည်းသာဖြစ်ကြပါသည်။ ကျွဲ,နွား,ဝက်,ဆိတ်တို့ကိုတွေ့လျှင်သတ်၍ အသက်မသေခင် အသားကိုလှီးကာ အစိမ်းစားသောက်ကြကုန်၏။ ထိုသို့သာမဟုတ်သေး သောက်စားမူးယစ်၊ ဝလျှင် တစ်ယောက်ကိုတစ်ယောက် ဓားနှင့်ပစ်ခုတ်ထိုးသတ်ကြသော်လည်း အရှအနမရှိ သံတိုင်ကဲ့သို့ဖြစ်ရေသည်၊ သည်းခံတော်မူကြပါမှ သင့်တော်မူကြပါမည်"ဟု လျှောက်ကြလေသည်။ ထိုအခါ ကွတ်တည်မင်း, ခန့်တည်မင်း, သီတာဝတ်မင်း သုံးပါးတို့သည် ဆောက်တည်ရာမရ လွန်စွာကြောက်ရွံ့ကြလျက် မိစ္ဆာအယူကို စွန့်လွှတ်ကာ တစ်ချက်တည်းညီ၍ အညွှံခံကြကာ ကျွန်ခံမည့်အကြောင်းကို တိုင်ပင်ကြသည်။ ကုလားမင်းသုံးပါးလည်း လက်ဆောင်ပဏ္ဏာများစုကြပြီးလျှင် ဗုဒ္ဓဘာသာအယူကိုယူသော ဓမ္မပါလမင်းထံ သံစေလွှတ်၍ မိမိတို့မင်းသုံးပါးသည်လည်း ဆင်ဖြူများသခင် ဘဝရှင်မင်းတရားကြီး၏အဆုံးအမကို ခံယူကြကာ ဓမ္မပါလမင်းနှင့်အတူ တညီတညွတ်တည်း ဗုဒ္ဓဘာသာအယူကို ယူကြပါတော့မည်ဟု ဆုံးဖြတ်ကြကြောင်း လက်ဆောင်တော်များနှင့် စေလွှတ်သည်။

## သီဟိုဠ်ကျွန်းမှစွယ်တော်ပွားကြွခြင်း

သီဟိုဠ်ကျွန်း Kalini ကောလနီမြို့မှ ဓမ္မပါလမင်းက သီသဖြင့် မိမိ၏သံတော်များကို မြတ်စွာဘုရားသခင်၏ စွယ်တော်ပွားအား ရွှေပြဿဒ်တွင် ပင့်၍ သင်္ဘောတစ်စင်းဖြင့် ဆင်ဖြူများသခင် ဘုရင့်နောင်မင်းတရားကြီးထံ ပို့ဆက်သည့်သဝဏ်လွှာတွင် "ဇမ္ဗူဒိပ်မြေပြင်ဝယ်ရှိသော မင်းတကာတို့ထက် မြက်တော်မူသော၊ ရေမြေကို အစိုးရတော်မူသော၊ သာသနာတော်စီးပွားကို အလိုရှိတော်မူသော မဟာဓမ္မရာဇာမင်းမြတ်သည် သီဟိုဠ်ကျွန်းဝယ် လေးစုခွဲ၍ မင်းပြုသော ကွတ်တည်မင်း၊ ခန့်တည်မင်း၊ သီတာဝတ်မင်းတို့ကို

http://www.dhammadownload.com



အလုံးအရင်းအာဏာတော်နှင့် ဆုံးမနှိမ်နင်းတော်မူပါသည်ဖြစ်ပါမှ သာသနာတော်အထူး အတိုင်းထက်အလွန် ထွန်းပစည်ပင်ရာဖြစ်ပါသည်။ မဟာဓမ္မရာဇာမင်းမြတ်သည် ဇမ္ဗူဒိပ်ဝယ် အပြည်ပြည်ထောင်သော မိစ္ဆာဒိဋ္ဌိတို့ကို သမ္မာဒိဋ္ဌိဖြစ်လာအောင် ဆုံးမလေ့ရှိသော သာသနာ့ဒါယကာမင်းကြီးဖြစ်ပါ၍ ယခုဘုရားသခင်စွယ်တော်မြတ်ကို ကိုးကွယ်တော်မူကြပါစေခြင်းငှာ ဆက်သလိုက်ပါသည်"ဟု ရေး၍ သဝဏ်လွှာပို့ဆက်လိုက်သည်။

ထိုအခါ ဆင်ဖြူရှင်မင်းတရားကြီးသည် စွယ်တော်များ ထပ်မံပို့လာသည်ကိုကြားလျှင် အလွန်ဝမ်းမြောက်တော်မူလှသဖြင့် အမတ်တို့အား ရွှေလေ့ရွှေလောင်း လက်ပြည့်နှင့် မြစ်နားဝန်းကျင်နှစ်ဘက်စလုံးကို သဘင်ကြီးစွာခံစေ၍ မှူးမတ်ကြီးများအား စွယ်တော်မြတ်ကို ကြိုဆိုစေဟု ရွှေလှေတွင် ရွှေပြာသာဒ်ကိုတင်ကာ တူရိယာအစုံအလင်ဖြင့် အကြိုလွှတ်တော်မူသည်။ ပုသိမ်သင်္ဘောဆိပ်သို့ စည်ကားသိုက်မြိုက်စွာ သွားကြိုရသည်။

ရွှေမြို့တော်အနီးသို့ စွယ်တော်မြတ်ရောက်လျှင် ဘဝရှင်မင်းတရားကြီးသည် ဆင်ပေါ်တွင် ရွှေအတိပြီးသော ပြာသာဒ်ကိုတင်စေပြီး ရွှေကြုမ်းခွက်တော်ကို စွယ်တော်ထည့်စရာပြုလုပ်၍ ပတ္တမြားကြွတ်တွင်ထည့်ထားတော်မူပြီးလျှင် များစွာသော မြန်မာ,မွန်,ရှမ်း,ဒေါဗညားအပေါင်းခြံရံလျက် ကိုယ်တိုင်တော် ဟံသာဝတီသင်္ဘောဆိပ်သို့ ကြိုတော်မူသည်။ ဟံသာဝတီမြို့တော်သို့ စွယ်တော်များရောက်တော်မူလျှင် ရဟန်း,ရှင်,လူ,နတ်ဗြဟ္မာသတ္တဝါအပေါင်းတို့ ကိုးကွယ်စိမ့်သောငှာ ရွှေလွှတ်တော်တွင် သဘင်ကြီးစွာခံ၍ (၇)ရက်တိုင်တိုင် အပူဇော်ခံသည်။ ရဟန်းရှင်လူပြည်သူတို့သည် ရွှေပန်းခိုင်ငွေပန်းခိုင်,ရွှေပေါက်ပေါက် ရွှေတန်ဆောင်းတို့ဖြင့် ပူဇော်ကြည်ညိုကြသည်။

မှတ်ချက်။ (ဤစွယ်တော်များကို)ဘုရင့်နောင်မင်းတရားကြီး သည် သက္ကရာဇ်(၉၃၈)ခု ပထမဝါဆိုလဆန်း ရှစ်ရက်နေ့ ဟံသာဝတီနေပြည်တော်မှ မဟာဝိဇယစေတီဌာပနာတိုက်စ,လုပ်၍ ဒုတိယဝါဆိုလဆန်း ဆယ့်တစ်

http://www.dhammadownload.com



ရက်နေ့တွင် ၎င်းသိဟိုကျွန်းမှရောက်သည့် စွယ်တော်ပွားကို မဟာဝိဇယစေတီတော်၌ဌာပနာကာ ကိုးကွယ်တော်မူသည်။ ဤမဟာဝိဇယစေတီတော်ကို တည်ရခြင်းအကြောင်းကား သမိန်တောရာမနှင့် ဆင်စီးချင်းတိုက်စဉ်က "ငါမင်းဖြစ်လျှင် ဤအရပ်၌ ဘုရားစေတီ တည်တော်မူမည်"ဟု မိဌာန်တော်မူခဲ့သောကြောင့် မဟာဝိဇယစေတီတော်ကို ဓာတ်တော်အမျိုးမျိုးတို့အား ရတနာစေတီ၊ ပတ္တမြားစေတီတို့တွင် ကိန်းဝပ်စေ၍လည်းကောင်း၊ ဆံတော်ဓာတ်, ပင်းတင်ဓာတ်, ရေပူဓာတ်, ပေါက်ကျိုဓာတ်တို့ကို ရွှေစေတီတို့တွင် ကိန်းဝပ်စေ၍ ၎င်းပြင် ရွှေဆင်းတု, ပတ္တမြားဆင်းတု, မြ-ပယင်းဆင်းတု စသည့်ရတနာမျိုးစုံ ဆင်းတုတော်များပြုလုပ်၍ စွယ်တော်ပွားနှင့်အတူ ဌာပနာတော်မူသည်။ လွန်စွာကြီးကျယ်ခမ်းနားစွာဖြင့် သက္ကရာဇ် ၉၃၉ခု၊ကဆုန်လဆန်း(၁၅)ရက်နေ့တွင် ထီးတော်တင်လှူကာ တည်ထားကိုးကွယ်တော်မူသည်။

ဆင်ဖြူများသခင် ဘဝရှင်မင်းတရားကြီးထံမှ စစ်ကူလာရခြင်းမှာ မှန်သလောဟု လာကြည့်ကြသော ကုလားမှူးမတ်ပြည်သူများမှာ ခုတ်မရှ-ထိုးမပေါက်သည်ကို မြင်ကြရလျှင် ရင်ပတ်စည်တီး ငိုမြည်တမ်းကြကာ သူတို့၏အရှင်များကို ဝန်ချရန် တိုက်တွန်းကြသည်။ ထိုအခိုက် ဆင်ဖြူများရှင် မင်းတရားကြီး၏သံတော် ရာဇပုညာ, သီယံရာဇာ, စန္ဒာသူရိယ, သီယံရဲတို့က သံစေလိုက်သည်မှာ-

"ငါတို့သခင် ဘဝရှင်မင်းတရားကြီးသည် ဇမ္ဗူဒိပ်ကျွန်းလုံးကို အစိုးရတော်မူ၍ တစ်ရာ့တစ်ပါးသောလူမျိုးများကိုလည်း အစိုးရတော်မူ၏။ ဇမ္ဗူဒိပ်မြေအပြင်ဝယ်ရှိသော ထီးဆောင်းမင်းတကာတို့၏ အရှင်မြတ်ဖြစ်တော်မူသော၊ ရေနှင့်မြေကို အစိုးရတော်မူသော ဆင်ဖြူများသခင် ဘဝရှင်မင်းတရားကြီးဘုရားက သဗ္ဗညုဘုရားရှင်၏ သာသနာတော်ညစ်နွမ်းလေသည်ကို စည်ပင်ထွန်းပစေခြင်းငှာ ဆုံးမ၍ သီဟိုဠ်ကျွန်းသားအားလုံးကို ညီညွတ်စေ

http://www.dhammadownload.com



ဟူ၍ အမဟ်နှစ်ယောက်နှင့် နတ်စစ်သည်ကဲ့သို့ဖြစ်သော ရဲမက်တော်တို့ကို စေတော်မူ၍ ယခုရောက်သည်လည်း တစ်လကျော်လေပြီ၊ အဆုံးအမတော်ကိုခံ၍ သာသနာတော်ကို အညီအညွတ်ရှက်ဆောင်ကြမည်ဖြစ်လျှင်လည်း သိသာအောင် ဆိုရမည်။ အသာတကြည်ဆိုမည်လော။ ယင်းသို့မဟုတ် မကျိုးမနွံ မပျပ်မဝပ်လျှင်လည်း ယခုပင်တိုက်မည်၊ စစ်တည်းမည်လော့"ဟု စေလိုက်လျှင် ကွတ်တည်မင်း၊ ခန်တည်မင်း၊ သိတာဝတ်မင်းတို့သည် "ဆင်ဖြူများသခင် ဘဝရှင်မင်းတရားကြီး ရဲမက်တော်များကို အံမတုပ်ပြီ၊ အဆုံးအမတော်ကိုခံ၍ သာသနာတော်ကို ရှက်ဆောင်ပါတော့မည်။ ဓမ္မပါလ မင်းနှင့်တစ်ချက်တည်းညီ၍ အမှုတော်ကို ထမ်းပါတော့မည်"ဟု ကြီးစွာသော လက်ဆောင်ပဏ္ဏာများ ပို့ဆက်၍ မင်းသုံးပါးဆိုလာကြတော့သည်။ ဓမ္မပါလ မင်းထံသို့လည်း မင်းသုံးပါးတို့က သံစေလွှတ်လိုက်သည်မှာ "ငါတို့သည် ဘဝရှင်မင်းတရားကြီး၏အမှုတော်ကို ထမ်းတော့မည်။ ဓမ္မပါလမင်းလည်း တစ်ချက်တည်း အမှုတော်ထမ်းပါက အထွေအရာမရှိ"ဟူ၍ သံစေတော် လွှတ်လိုက်လေသည်။

ထိုအခါ ဓမ္မပါလမင်းကလည်း ငါတို့သီဟိုဠ်မင်းလေးပါး အညီအမျှ အမှုတော်ကိုထမ်းကြမှ သင့်တော်မည်။ လက်ဆောင်တော်ပဏ္ဏာရ များလှ အောင်သာ စီစဉ်ကြတော့ဟု သံတော်ပြန်စေလိုလျှင်. အရေးတော်ဟူသမျှ ပြေကုန်ကြ၍ သီဟိုဠ်ကျွန်းမင်းလေးပါးဖြစ်သော ဓမ္မပါလပင်း၊ သိတာဝတ် မင်း၊ ကွတ်တည်မင်း၊ ခန်တင်မင်းတို့ တစ်ချက်တည်း ညီညွတ်ကြလျှင် မိစ္ဆာဒိဋ္ဌိအယူကို စွန့်ကြကာ သမာဒိဋ္ဌိအယူသို့ချည်းဖြစ်ကြကုန်၏။ သွေး တစ်ပေါက်မှ မြေမကျဘဲ ဗုဒ္ဓသာသနာတော်ကြီး ပွင့်လင်းစည်ကားခြင်းဖြစ် လာရလေကုန်၏။

http://www.dhammadownload.com

## ဗုဒ္ဓ၏လက်ဝဲစွယ်တော်ဓါတ်မြတ်ကြွတော်မူခြင်း

ထိုအခါ ယက္ခဒီပအမည်ရှိ သီဟိုဠ်ကျွန်းကိုအစိုးရသော ဓမ္မပါလ မင်းကြီးက ဆင်ဖြူရှင် ဘဝရှင်မင်းတရားကြီး၏ ကျေးဇူးတော်ကြီးလှပေ သည်ကို အကြောင်းပြု၍ သံတမန်စေလွှတ်လိုက်ပြန်သည်မှာ "ဘုရားမြတ်စွာ လက်ဝဲအောက်စွယ်တော်စစ်မြတ်ကို ရွှေဖြင့်ပြီးသောစေတီ၌ တည်ပြီးသော် သဘော်သုံးစင်းဖြင့် စေလိုက်ပါမည်။ ဝါကျွတ်သောအခါ၌လည်း သမီးတော် နှင့်တကွ ခြေတော်ရင်းသို့ ကိုယ်တိုင်လာသည့်အခါ မှူးမတ်များနှင့်တကွ သဘော်လှေတပ်များစွာနှင့်တကွ လာကြိုစေလိုပါသည်။ ထိုအခါမှာ ခြေတော် ရင်းသို့လာ၍ ဖူးမြင်ပြီးလျှင် ကျေးဇူးတော်ကိုဆပ်ပါမည်"ဟု သံစေလိုက် သည်။

ငင်းနောက် လောကသနင်း တရားမင်းဖြစ်တော်မူသော မြတ်စွာ ဘုရားသခင်၏စွယ်တော်မြတ်အစစ်ကို လူနတ်ပြဟ္မာ သတ္တဝါအပေါင်းတို့ လည်း ပူဇော်စေရန် ဆင်ဖြူများသခင် ဘဝရှင်ဘုရင့်နောင်မင်းတရားကြီး ၏ဘုန်းတော် အာဏာစက်တော်တို့ကြောင့် ကိုယ်တော်တိုင်လည်း ကိုးကွယ် စေနိုင်ရန် သုံးစင်းသောသဘော်နှင့် စစ်သည်ဗိုလ်ပါအများ ခြံရံလျှက် စွယ် တော်မြတ်ကို ပို့စေ၏။ ရွှေသပိတ်, ရွှေသောက်တော်ရေအိုး, ရွှေဖလား, ရွှေ ဆွမ်းချက်အိုး စသည့်ပစ္စည်းလက်ဆောင်များက သဘော်တစ်စင်း၊ စစ်သည် တော်များက သဘော်တစ်စင်းဖြင့် ကြီးကျယ်ခမ်းနားစွာ ပို့တော်မူသည်။ ထို လတွင်ပင် စွယ်တော်မြတ်၏တန်ခိုးတော်ကြောင့် ဘေးရန်မရှိ ရောက်တော် မူလေသတည်း။

စွယ်တော်မြတ်ကို ပုသိမ်သဘော်ဆိပ်သို့ရောက်ကြောင်း သံအမြန် စေလွှတ်ရာ မင်းတရားကြီး အားရတော်မူ၍ ဆုလာဘ်များစွာပေးတော်မူသည်။ ထိုစွယ်တော်မြတ်ထားရာ မဏ္ဍပ်ကနှားး ကြီးကျယ်စွာဆောက်နှင့်ရန် ခိုင်းစေ

http://www.dhammadownload.com



ခဲ့ပြီးလျှင် ငါကိုယ်တော်တိုင်ပင် အကြွေထွက်မည်ဟု မိန့်တော်မူပြီးလျှင် ထွက်ကြွတော်မူရန် စီစဉ်တော်မူသည်ကား–

စွယ်တော်မြတ်ကို ထည့်စရာ ပတ္တမြားကြုတ်တွင် စီသည့် ပတ္တမြားကား လေးကျွန်းဆီမီးဟူသော အဖိုးအတိုင်းမသိတန်သော ဗညားပရံဝတ်သော လေးကျွန်းဆီမီးဟူသော ကျောက်နီတစ်လုံး၊ မိုးမိတ်ကဆက်သော အဖိုးအတိုင်းမသိတန်သော ကျောက်နီပတ္တမြားတစ်လုံး၊ ဓမ္မစေတီမင်းလက်ထက်က ရှိရင်းဖြစ်သော အဖိုးအတိုင်းမသိထိုက်သော ကျောက်လည်းတစ်လုံး၊ ယိုးဒယားမင်းလက်စွပ် အဖိုးအတိုင်းမသိထိုက်သော ကျောက်လည်းတစ်လုံး၊ ဤလေးလုံးသောကျောက်တို့ကို ကမ္ဘာ့ကျက်သရေ လော်ရွှေလှောင်းကို ကြုတ်ပြုလုပ်၍ လေးမျက်နှာကို တစ်လုံးစီ စီပြီးမှ ပတ္တမြားကြုတ်တွင်ထည့်ပြန်၍ ထိုပတ္တမြားကြုတ် အဖိုးအတိုင်းမသိထိုက်သောကြုတ်တွင် ကိုယ်တိုင်စားသုံးသော လက်ဖက်အိုးကို ပတ္တမြားအတိုင်းမသိထိုက်စီ၍ မျိုပြန်၏။ ဤကဲ့သို့ ရတနာ(၇)ပါးနှင့်ပြီးသော လက်ဖက်အိုးတော်ကို ရတနာအတိစီထားသော စားတော်ကွမ်းခွက်အဖိုးအတိုင်းမသိထိုက်တွင် မျိုပြန်၏။ ယင်းတွင် ကိုယ်တော်တိုင် စားသုံးသည့် ကွမ်းခွက်တော်ကို ကမ္ဘာ့ကျက်သရေလော်ရွှေလှောင်းကို ရတနာ(၇)ပါးစီပြီးသော် စေတီတော်ပြုလုပ်၍ မျိုပြန်၏။ ထိုရတနာစေတီတော်ကို ရွှေပြဿဒ်တွင်တင်ပြီးမှ ရွှေဖြင့်အပြည့်ထည့်ပြီးသော် ရွှေလော်ကားတွင် ဘယက်လည်ဆွဲ,နားကပ်,လက်ကောက်များဖြင့် တန်ဆာဆင်ယင်စေပြီးလျှင် ရွှေတက်ပြောင်ပြောင်ညီးမျှ လော်ခပ်၍ ရေ့တော်မှသွားရ၏။

ရွှေလှေတစ်စင်းတွင် နတ်သမီးအသွင်ကဲ့သို့ ဘယက်လည်ဆွဲစုံစွာဆင်ပြီးမှ လှေဦးတွင် လေးယောက်၊ လှေပဲ့တွင် လေးယောက်အား ကစေ၍လည်းကောင်း၊ ထို့နောက်တွင် စီးတော်မူသောဖောင်တော်ကား ရွှေဟင်္သာရုပ်ပတ္တမြားငုံ၍ ရွှေလှေရွှေလောင်း ရွှေတက်များကို ပြောင်ပြောင်ညီးမျှ တန်

http://www.dhammadownload.com



ဆာဆင်ပြီးလျှင် (၇)စင်းစီ ဖောင်တော်ကို ငင်စေသည်။ ထို့နောက်တွင် ကိုယ်ရံတော်လှေများကား အထူးထူးသော ကရဝိက်, ကြိုးကြာ, ကိန္နရာ, စာမရီ, ဟင်္သာအစရှိသော ငှက်ရုပ်လှေများ ရွှေလှေ, ရွှေလောင်းလှေများ လှော်ခတ်၍ လိုက်စေသည်။ ထိုမှတစ်ပါး မြန်မာ, ရှမ်း, မွန်, ဒေါဇညား ဟူသမျှတို့ကလည်း မိမိတို့အိမ်ဆောင် သံလှေ, စွယ်ကျဉ်း, သင်္ဘောဒါန်, လှော်ကားတွင် ပုံပေါင်းတင် ယင်ခြင် ပိတ်ခြင်ညှပ်တို့တပ်ဆင် တင်ခြင်း စသော အထူးထူးသောအမတ်တို့၏ အဆောင်အယောင် စည်ကြီးစည်ငယ်, ပတ်စည်, စောင်း, ညှင်း, ငြိမ့်မျှတီးမှုတ်စေ၍ ပုံတင်ချောင်းမျှ မြစ်လုံးပိတ် သဘင်ကြီးစွာခံတော်မူကာ နိုင်ငံတော်ဖြစ်သော ကောသမ္ဗီမြို့ ပုသိမ်သဘော ဆိပ်ကမ်းသို့တိုင်အောင် ကြွတော်မူ၍ ကြိုဆိုတော်မူသတည်း။

ထိုကဲ့သို့ ပုသိမ်ဆိပ်သို့ရောက်တော်မူပြီးမှ စွယ်တော်စစ်ကို ဖူးမြင်တော်မူပြီးလျှင် ရတနာကိုးပါးတို့ဖြင့် ပန်းပေါက်ပေါက်ပြု၍ ပူဇော်ကန်တော့တော်မူလေသည်။ ငါးပါးသောရိုသေခြင်းဖြင့် ရှိခိုးပူဇော်တော်မူသည်။ အလွန်အကဲသော ဖရဏာပီတိတို့ဖြင့် နှစ်သက်စေပြီးမှ စွယ်တော်မြတ်ကို ဘုရားရှင်ကိုယ်တော်တိုင်အစစ်ကို ဖူးမြင်ရသကဲ့သို့ ကြည်ညိုသဒ္ဓါလွန်စွာဖြစ်တော်မူသည်။ ရှေးအခါ အနော်ရထာမင်းလက်ထက်တော်က စွယ်တော်ပွားသာ ရောက်ခဲ့ဖူးပေသည်။ ယခုမူကား ငါ၏ဘုန်းတော်ကြောင့် နတ်တကာတို့ပင့်ချီ၍ ဗုဒ္ဓ၏စွယ်တော်စစ်ကို ပို့လာပေသည်ဟု ဝမ်းသာရွှင်ပျစွာသော စိတ်တော်ဖြင့် မိန့်ကြားတော်မူကာ ရှေ့တော်က ရွှေပြဿဒ်ဖြင့် ဆောင်တော်မူခဲ့၍ ဟံသာဝတီရာဇဌာနီ မင်းနေပြည်တော်သို့ ကြီးစွာသောသဘင်ခံစေ၍ ရဟန်းရှင်လူပြည်သူတို့အကျိုးငှာ ဖူးမြင်ရှိခိုးပူဇော်ကြစေသည်။ ရဟန်းရှင်လူ ပြည်သူအများတို့ကလည်း ဘုရားသခင်ကိုယ်တော်တိုင်ပင် ကြွရောက်လာသကဲ့သို့ အလွန်ကြီးစွာသော ဖရဏာပီတိတို့ဖြင့် ကြည်ညိုကြကာ ရွှေတန်ဆောင်း ငွေတန်ဆောင်း ရွှေပန်းခိုင် ရွှေပေါက်ပေါက်တို့ဖြင့် ပူဇော်ကြကုန်

http://www.dhammadownload.com



၏။

ထိုသို့အပူဇော်ခံတော်မူစေပြီးမှ ရှေးမင်းတကာတို့ပြုလုပ်မှုးလေသော အလှူတော်တို့နည်းတူစွာ ရွှေနန်းတော်ဦးတွင် ရွှေပြဿဒ်တော်ကြီးကို ရွှေပုဇွန်ခွံ၊ တံခဝန်တိုင်တစ်ထပ်၊ ရွှေငွေတိုင်ပုဇွန်ခွံတစ်ထပ် ပြုလုပ်ဆောင်တော်မူ၍ ရတနာ(၇)ပါးနှင့်အတိပြီးသော ရွှေစေတီတွင်ထား၍ ကိုးကွယ်တော်မူလေသည်။

သက္ကရာဇ်(၉၃၈)ခုနှစ်တွင် လက်ာဒီပအမည်ရှိ သီဟိုဠ်ကျွန်း(ယခု သီဟိုဠ်ကျွန်း)ကို အစိုးရသော ဓမ္မပါလမင်းကြီးသည် ဆင်ဖြူများသခင် ဘဝရှင်မင်းတရားကြီး၏ ကျေးဇူးတော်အလွန်ကြီးလှသည်ဖြစ်၍ အလွန်အောက်မေ့တော်မူ၍ ပူးတွေ့ချင်သည့်ဆန္ဒကြောင့် ရွှေပန်းနိုင် ငွေပန်းနိုင် ရွှေတန်ဆောင်ငွေတန်ဆောင်နှင့်တကွ များလှစွာသော ပိတ်ဖက်ခနဲ့၊ခါသာရမတီ၊ ကတ္တီပါ၊ သက္ကလပ်၊ ဇော်ကတပ်ကော်ဇော၊ ပဋ္ဋုနီ၊ သနဖတ်၊ မူတာဟတ် စသော အထူးထူးအဆန်းဆန်းသော သဘောဖြင့် ပုဆိုးကောင်း လက်ဆောင်တော်များစွာစီရင်ပြီးမှ အလွန်ချစ်ခင်စွာရင်၌ဖြစ်သော သမီးချစ်ကို သီဟိုဠ်မင်း၏အဆောင်အယောင် မင်းမြှောက်တန်ဆာငါးပါးနှင့်တကွ များစွာသော ကိုယ်လုပ်တော်မောင်းမ အခြွေအရံများခြံရံလျက် သီဟိုဠ်မင်းနှင့် အမတ်ကြီးတို့က ဘဝရှင်မင်းတရားကြီး ဆင်များသခင်ထံ ခြေတော်ရင်းသို့ သွားရောက်ရန် စီစဉ်ကြသည်မှာ–

(၁) ဆင်ဖြူများသခင် ဘဝရှင်မင်းတရားကြီး၏ ကျွန်တော်ရင်းများကို အခြံအရံနှင့်တကွ သဘောတစ်စင်း။

(၂) သမီးတော် သီဟိုဠ်မင်းသမီးတို့ အခြံအရံနှင့်တကွ သဘောတစ်စင်းစီတင်ဆောင်၍ ခြေတော်ရင်းသို့ရောက်ကြကုန်၏။

http://www.dhammadownload.com



ဘဝရှင်မင်းတရားကြီးလည်း သီဟိုဠ်ကျွန်းမှ ဓမ္မပါလမင်းက သမီးကညာကို လက်ဆောင်ပို့လာသည်ကိုကြားလျှင် အလွန်အားရရွှင်လန်းတော်မူလှ၍ "ရှေးမင်းတကာတို့၏လက်ထက်တော်တွင် သီဟိုဠ်ကျွန်းမှ သမီးကညာဆက်ဖူးသည်ဟူ၍မရှိခဲ့။ ငါ၏ဘုန်းလက်ရုံး အာဏာစက်ကြောင့် သမုဒ္ဒရာပင်လယ်ခြားနေသော အရပ်ဝေးက ရောက်လာရသည်"ဟူ၍ များစွာသော ရွှေလှေ၊ ရွှေလောင်း၊ ပုံပေါင်းခြစ်ပိတ် ခြင်ညှပ်တို့တပ်ဆင်လျက် မှူးကြီးမတ်များတို့ကိုတင်၍ သီဟိုဠ်မင်းသမီးကို ဆီးကြိုတင်ဆောင်စေပြီးလျှင် ဟံသာဝတီမြို့တော်အထိ ထီးဖြူမြှောက် စည်သံလွင် ခရုသင်း ခွံမည်းစည်မြှောက် စသည်တို့ဖြင့် ပုံတင်ချောင်းမျှ မြစ်လုံးပိတ်တီးမှုတ်စေပြီး ပုသိမ်ဆိပ်ကသည် ရွှေမြို့တော်သို့ တင့်တယ်ချောမောစွာ ဆောင်ယူခဲ့၍ ရွှေနန်းတော်အတွင်း၌ စကြာဝတေးမင်း၏စံပယ်ခြင်းကဲ့သို့ စံတော်မူပြီးလျှင် သီဟိုဠ်မင်းသမီးကို အိမ်တော်ကောင်းစွာဆောက်လုပ်စေပြီး၍ နန်းတွင်း၌ထားပြီးလျှင် ကိုယ်လုပ်တော်များဖြင့် လုပ်ကျွေးစေလေသည်။

သီဟိုဠ်ကျွန်းသို့လည်း ပိဋကတ်တော်များကိုပို့၍ သင်အံစေသည်။ သီဟိုဠ်ကျွန်းရှိ မင်းလေးပါးတစ်ချက်တည်း ညီညွတ်ကြကာ ဘဝရှင်မင်းတရားကြီး၏ကျေးဇူးတော်များကို အောက်မေ့ကြလျှက်ရှိကာ မင်းတရားကြီးပို့လိုက်သော ပိဋကတ်တော်များကို သင်အံမှတ်သားကျင့်ကြံကြကုန်လျှက် ဗုဒ္ဓဘာသာသာသနာတော်ကြီး ပွင့်လင်းစေခဲ့ပါသည်။ ဤကား တိုင်းပြုပြည်ပြု သာနာပြုမင်းကောင်းမင်းမြတ်ဖြစ်တော်မူသော ဘုရားဆုပန် အာဇာနည်ဆင်ဖြူများသခင် ဘုရင့်နောင်ကျော်ထင်နော်ရထာမင်းမြတ်ကြီး၏ သီဟိုဠ်ကျွန်း သာသာနာပြုကုသိုလ်တော် အောင်မြင်ခြင်းအကြောင်းတည်း။

ရှေးစာဆိုရှင်ကြီးများက မှတ်တမ်းတင်ခဲ့သည်မှာ—

၁။ ဓမ္မူကျွန်းကို ရံဝန်းများစွာ ကျွန်းငါးရာတွင်

တစ်ပါးဝင်သော ကျော်ထင်ဒီပသိန်းယိကလျှင်

http://www.dhammadownload.com



ညွန့်းတဗျာဒိတ် သုံးလူ့မိတ်၏ 'သပိတ်စွယ်တော်'
ပူဇော်စရာ 'သ'ကုန်လာ၍-သည်းချာရင်နှစ်
သမီးချစ် ဟု စပ်ဆိုထား၏။

၂။ တစ်ဆူမြတ်စွာ သိန်းယိုန်မှာသို့ တေဇာနံ့မွှေး
ဆောင်ရစေဟု ကြံထွေစိတ်ထွင်း ရှေ့နောက်ခင်းမှ
ကျည်းမင်းရှိရာ မိန့်အာဏာကြောင့်
ဘုံထွင့်မိုးက နတ်သို့'သ'သား
စိမ်းမြရောင်ဖိတ် သပိတ်ရတနာ
ပြင်လျာခွဲ့ပျောင်း သမီးနှောင်းကို
လျှင်ကြောင်းမကြာ 'သ'ရောက်လာသည်။
ဟူ၍ ရွှေဘိုနိဒါန်း ၄၃ ၌ ဆိုသည်။

ဘုရင့်နောင်မင်းတရားကြီးသည် တိုင်းပြုပြည်ပြု သာသနာတော်ပြုတော်မူကာ ဘုရင်နှင့်ပြည်သူအများ တရားကိုယ်စီရှိကြစေရန် 'ဆင်ဖြူရှင်ဓမ္မသတ်ကျမ်း'နှင့် ကျမ်းပေါင်း(၉)ကျမ်းကို ပြုစုတော်မူသည်။ ချိန်ခွင်, အလေး, တင်းတောင်း, ပဲ, မူး, မတ်, ကျပ်မှအစ ငွေဒင်္ဂါးများကို မြန်မာတစ်ပြည်လုံး တညီတညွတ်တည်းဖြစ်စေခဲ့သည်။ ဤသို့လျှင် သာသနာတော်မြတ်စီးပွား, ကိုယ်တော်မြတ်စီးပွား, တိုင်းသူပြည်သားလူအများတို့၏ စီးပွားများကို အလွန်ပြုတော်မူကာ ကျောင်း, ကန်, ဘုရား, စေတီပုထိုးများစွာ တည်ထားကိုးကွယ်တော်မူ၍ 'သဗ္ဗညုတဘုရားဆု'ကို ပန်တော်မူသည်။

ဘုန်းတော်ကြီးမြတ်တော်မူသော ရွှေတွင်း ငွေတွင်း ပတ္တမြားတွင်း ပယင်းတွင်း ဘော်တွင်းများအရှင် ဆင်ဖြူဆင်နီများသခင် ဘုရင့်နောင်ကျော်

http://www.dhammadownload.com



ထင်နော်ရထာမင်းတရားကြီးသည် သက်တော်(၆၆)နှစ်တွင် ချက်တဖြုတ် နာတော်မူ၍ သက္ကရာဇ် (၉၄၃)ခုနှစ်၊တန်ဆောင်မုန်းလပြည့် အင်္ဂါနေ့တွင် နတ်ထီးစံတော်မူသည်။ ထိုအခါ ကောင်းမှုတော်မဟာစေတီနှင့် ကျိုက်ကို ဘုရား ရောင်ခြည်တော်ပြသည်။ ဟံသာဝတီမြို့တွင် ရေကျို၍ လှေစီးရ သည်။ ဒေပသွယ်အရပ်၌ ပတ္တမြားမိုးရွာသည်။ တောင်က အခိုးထွက်သည်။ ဆီးနှင်းများစွာကျသည်။ ဤသို့ နိမိတ်ထူးများဖြစ်သည်။ အလောင်းတော် ကို ဆရာတော်ကြီးများနှင့်တိုင်ပင်၍ စကြာဝတေးမင်းကို သံဂြိုဟ်သကဲ့သို့ မင်းညီမင်းသား ဆွေတော်မျိုးတော် မှူးမတ်တို့ခြံရံလျက် ရွှေနန်းတော်ကြီး ၏ရှေ့တွင် သံဂြိုဟ်သည်။

မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ တိုင်းရင်းသားအပေါင်းတို့၏ ကျေးဇူးရှင် ကြီး တိုင်းပြုပြည်ပြု သာသနာပြုမင်းကောင်းမင်းမြတ်ကြီး ဖြစ်တော်မူသဖြင့် ရဟန်းရှင်လူပြည်သူအများသာမက ကမ္ဘာကပင် ယနေ့တိုင်အောင် ထင်ပေါ် ကျော်ကြားကာ ကျေးဇူးတော်ဂုဏ်သတင်းမှာ မြန်မာကို ကမ္ဘာကသိအောင် ဒုတိယမြန်မာနိုင်ငံတော်ကြီးကို ထူထောင်တော်မူခဲ့သော မြန်မာ့အာဇာနည် ငါးမည်ရ ဆင်ဖြူများသခင် ဘုရင့်နောင်ကျော်ထင်နော်ရထာဟု မော်ကွန်း အထပ်ထပ်ထားလျက် သီလသမာဓိပညာနှင့် ကိုယ်ချင်းစာတရား သဒ္ဓါသီလ သုတစာဂ ဟိရိဩတ္တပ္ပနှင့်ပြည့်စုံတော်မူလျက် မွေးသည်မှ သေသည်အထိ ကောင်းသောသတင်းဘွဲ့ထူးအဖုံဖုံကျန်ရစ်ခဲ့သည်။ ပညာရှိသူရဲကောင်းများကို လွှန်စွာချင်ခင်ချီးမြှောက်တော်မူတတ်သော ရာဇာဓိရာဇာမင်းမြတ်ကြီးတစ်ပါး ပင် ဖြစ်ပါတော့သတည်း။

http://www.dhammadownload.com

## ဟံသာဝတီဘုရင်မင်းဆက်

ထိုသက္ကရာဇ် (၉၄၃)ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ငါးရက် တနင်္ဂနွေနေ့တွင် သားတော်ကြီး အိမ်ရှေ့ဥပရာဇာသည် ထီးနန်းဆက်ခံ၍ ငါးဆူဒါယကာ နန္ဒဘုရင်အုပ်ချုပ်သည်။ ငယ်စဉ် (၁၃)နှစ်အရွယ်ကပင် စစ်ရေးစစ်ရာကျွမ်းသော်လည်း တိုင်းပြည်အုပ်ချုပ်ရာ၌ မင်းပရိယာယ်မကြွယ်သည့် ညံ့ဖျင်းမှုကြောင့် ခမည်းတော်ဘုရင့်နောင်မင်းတရားကြီး၏လက်နက် နိုင်ငံတော်ကြီးမှာ တစ်စတစ်စ ပုန်ကန်ခြားနားကြသဖြင့် ပျက်ပြားစပြုလာသည်။

သက္ကရာဇ်(၉၅၈)ခုနှစ်တွင် မတရားဖိနှိပ်ခြင်းကို မခံနိုင်သဖြင့် တောင်ငူဘုရင်ခံ မင်းရဲသီဟသူသည် သားတော်နတ်သျှင်နောင်နှင့်တိုင်ပင်ကာ ရခိုင်ဘုရင်မင်းရာဇာကြီးကို မဟာမိတ်ပြု၍ ဟံသာဝတီလက်အောက်မှ ရုန်းထွက်ရန် တောင်ငူမြို့မှ စစ်ဦးစွန်းထောင်ကာ စစ်အောင်လံလွှင့်ထူ၍ ဟံသာဝတီကို တိုက်ခိုက်တော့သည်။ နန္ဒဘုရင်နှင့် သားတို့လည်း အညံ့ခံလက်နက်ချသည်။ ထိုအခါ တောင်ငူမင်း မင်းရဲသီဟသူသည် မြို့ကြီးစားနှင့် မြို့လုစားအား ဟံသာဝတီမြို့တော်တွင်းသို့ဝင်စေကာ စီးတော်ဆင်မှအစ ဆင်မြင်းအပေါင်းနှင့် မှူးမတ်သူရဲကောင်းတို့ကို သိမ်းယူသည်။ တိုင်းသူပြည်သားများနှင့် မှူးမတ်တို့ကို ရွှေမော်ဓောစေတီဘုရားတွင် သစ္စာတော်ခံစေသည်။

တောင်ငူဘုရင် မင်းရဲသီဟသူသည် ဘုရင့်နောင်မင်းကြီးကိုးကွယ်ခဲ့သော နန်းဦးစွယ်တော်စင်ရှိ မြတ်စွာဘုရား၏အနားလေးရစ်သပိတ်တော်နှင့် စွယ်တော်စစ်ဓာတ်တော်မွေတော်များစွာ ရွှေဆင်းတု ရတနာဆင်းတုတော်များနှင့် ပိဋကတ်ကျမ်းစာအုပ်များ၊ အရိယာသံဃာတော်များနှင့် ပညာရှိများ၊ စာဆိုရှင်များ၊ အနုပညာရှင်များတို့ကို ယူဆောင်ကာ ဟံသာဝတီ

http://www.dhammadownload.com



တွင် နန်းမစံဘဲ ကေတုမတီတောင်ငူမြို့ကိုပြန်ကာ နန်းစံသည်။ တပေါင်းလဆန်း ၂ ရက်နေ့တွင် ကေတုမတီသို့ ပြန်လည်ကြွတော်မူသည်။ တောင်ငူမြို့တွင် အကွက်အစုချကာ ယိုးဒယားတန်း၊ ရခိုင်စု၊ ရှမ်းတန်း၊ ပန်းဘဲတန်း၊ ကုလားတန်းဟူ၍ ယခုတိုင်ပင် ရပ်ကွက်များအထင်အရှားရှိနေပါသေးသည်။

ဤသို့လျှင် နလုံးရည် လက်ရုံးရည် ဘုန်းသမ္ဘာနှင့်ပြည့်စုံသော ဘုရင့်နောင်မင်းတရားကြီးထံသို့ သီဟိုဠ်ကျွန်းမှ ဆက်သသော ဂေါတမဘုရားသခင်၏ အနားလေးရစ်သပိတ်တော်၊ လက်ဝဲအောက်စွယ်တော်စစ်နှင့် ဓာတ်တော်မွေတော်များစွာတို့သည် ကေတုမတီ တောင်ငူရွှေမြို့တော်ကြီးသို့ ကိန်းဝပ်တော်မူရသည်။

မင်းကြီးညိုတည်ခဲ့သော နန်းတော်ကြီးမှာ ဟောင်းနွမ်းနေပြီဖြစ်၍ မင်းရဲသီဟသူသည် သက္ကရာဇ် ၉၆၄ ခုနှစ် နတ်တော်လဆန်း(၈)ရက်နေ့၌ ရွှေဆံတော်ဘုရားကြီးမြောက်ဘက်သို့ ပြောင်းရွှေ့ကာ ရွှေနန်းသစ်ကို တည်တော်မူသည်။ ထိုနန်းသစ်ကို 'သာရဒီပအောင်ချာဝတီနန်းမြို့တော်'ဟု သမုတ်တော်မူ၍ နန်းမြို့တော်အရှေ့ဘက် တံခါးမကို 'ဥဒေတိဝဍ္ဎန'တံခါး၊ တောင်တံခါး 'ကောင်းမှုတော်မော်ကွန်း'၊ အနောက်ဘက်တံခါးကို 'ဓေယျဆာယာ'၊ မြောက်တံခါးကို 'သီဟဝိဓယ'ဟု အမည်ပေးသည်။ ရွှေနန်းတော်တက်သော် 'မဟာဓမ္မရာဇာ'ဘွဲ့ကိုခံသည်။ မိဖုရားခေါင်ကြီးမှာ 'အတုလအဂ္ဂမဟာဒေဝီ' အမည်သသည်။ သားတော်ကြီးနတ်သျှင်နောင်ကို 'ဥပရာဇာ'ဟူသောအမည်နှင့် ဟံသာဝတီအိမ်ရှေ့မိဖုရားဖြစ်ခဲ့ဖူးသော ဘုရင့်နောင်မင်းတရားကြီး၏ သမီးတော် 'အလှဘုရင် စာဆိုရှင် ရာဇတေတုကလျာ'နှင့် စုံဖက်ပေးတော်မူ၍ ဟံသာဝတီအိမ်ရှေ့မင်းအဆောင်အယောင် ဒိုင်းစု, သင်းစု, မြင်းစုများကို ပေးတော်မူသည်။ ဤမင်း မင်းရဲသီဟသူကို ရွှေနန်းသစ်တည်သဖြင့် 'တောင်ငူရွှေနန်းတည်မင်း'ဟု ခေါ်ကြသည်။

http://www.dhammadownload.com



တောင်ငူဘုရင် မင်းရဲသီဟသူ၏ ရှင်မိဖုရားခေါင်းကြီးမှာ မင်းခင်စောဖြစ်၍ (ဘုရင့်နောင်နှင့်စန္ဒာဒေဝီသီရိဘုန်းထွတ်တို့၏သမီးတော်ဖြစ်သည်) (သီရိဘုန်းထွတ်မှာ အင်းဝရွှေနန်းကျော့ရှင် ဘုရင်နပတိမင်း၏သမီးတော် 'အလှဘုရင်'ဖြစ်သည်)

သက္ကရာဇ် (၉၇၁)ခု ဝါခေါင်လတွင် အိမ်ရှေ့စံ နတ်သျှင်နောင်သည် တောင်ငူထီးနန်းကို ဆက်ခံ၍ 'ဘုရင်သီဟသူရ'ဟူသောဘွဲ့ကို ခံယူသည်။ လက်ရုံးရည်နှလုံးရည်နှင့်ပြည့်စုံ၍ ရတုကဗျာစာဆိုရာ၌ ဘုရင်တစ်ဆူဖြစ်ပြီး အနုပညာဂီတ အတီးအမှုတ်တို့ကို ဝါသနာပါသည်။ ငယ်စဉ်(၁၄)နှစ်သားကပင် ယိုးဒယားသို့စစ်ချီရာတွင် တပ်မှူးအဖြစ်ပါဝင်ခဲ့ပြီး ဆင်စီးချင်းတိုက်ပွဲကို အောင်မြင်စွာဆွတ်ခူးခဲ့သည်။ သူရသတ္တိနှင့်ပြည့်စုံပြီး အဖက်ဖက်တွင် ဝါသနာပါစွာ စွမ်းဆောင်ခဲ့နိုင်သည်။ ပူရိသအာဇာနည်ဖြစ်သည်။ ရာဇဒေတုကလျာမင်းသမီးကို ရည်မှန်း၍ ရေးစပ်ခဲ့သော 'ရတု'များစွာတို့မှာ အလွန်အသားပါလှ၍ 'ရသ'နှင့်ပြည့်စုံကြေည်း စာဆိုဘုရင် နတ်သျှင်နောင်ဟု ကျော်ကြားလှသည်မှာ ယခုတိုင်ပင်ဖြစ်ပါတော့သည်။ ရတုတံခွန်စိုက်စာဆိုဘုရင် စစ်ဘုရင်နတ်သျှင်နောင်ဟူ၍ ကျော်ကြားလှသော ဘုရင်ကလေးမှာ အသက်တမျှချစ်လှစွာသော မိဖုရား ရာဇဒေတုကလျာနှင့်စုလျားရစ်ပတ်၍ ရှစ်လမျှကြာသောအခါ မိဖုရားမှာ ချစ်ခဲ့သူ နတ်သျှင်နောင်အားပစ်စွာ၍ အနိစ္စရောက်သွားရရှာသည်။ နတ်သျှင်နောင် မင်းတရားကလေးမှာ နောက်ထပ်မိဖုရားတစ်ပါးမှ ကောက်ယူခြင်းမပြုတော့ဘဲ ရာဇဒေတုကလျာချစ်သက်ထားအား မည်မျှချစ်ကြောင်း ချစ်သက်သေပြသွားပေသည်။ တောင်ငူဘုရင် နတ်သျှင်နောင်မှာ ငယ်စဉ်ကပင် ကျော်ကြားခဲ့သော်လည်း ကံမကောင်းရှာပေ။

http://www.dhammadownload.com

## သပိတ်တော်နှင့်စွယ်တော် အင်းဝသို့ကြွခြင်း

သက္ကရာဇ်(၉၇၂)ခုနှစ်တွင် အင်းဝဘုရင် မဟာဓမ္မရာဇာ(အနောက်ဘက်လွန်မင်း)သည် ကေတုမတီ တောင်ငူမြို့တော်သို့ အင်ကြီးအားကြီးဖြင့် ချီတက်တိုက်ခိုက်သည်။ ကိုယ်တိုင်ဦးစီးကာ တပ်ပေါင်း(၃၂)တပ်၊တိုက်ဆင်(၅၀၀)မြင်းတစ်သောင်း၊ရဲမက်တော်တစ်သိန်းနှစ်သောင်းဖြင့် လုပ်ကြံသည်။ နတ်သျှင်နောင်သည် ညီတော်များနှင့် အင်အားရှိသလောက် ခုခံတိုက်ခိုက်သော်လည်း အင်အားချင်းမမျှသဖြင့် ပြဿဒ်ကျောင်းဆရာတော်နှင့် ညီတော်များက တိုင်းသူပြည်သားလူအများကို ငဲ့ညှာသောအားဖြင့် မေတ္တာရပ်ခံကြရာ အားမတန်စိတ်မာန်လျှော့လျက် အင်းဝဘုရင်မဟာဓမ္မရာဇာမင်းထံ လက်နက်ချလိုက်ရလေသည်။ ထိုအခါ ကေတုမတီရွှေနန်းကို မှန်ကင်းချ၍ လက်အောက်ခံမင်းငယ်အဖြစ်နှင့်သာ ပြန်လည်စံစားစေသည်။ နတ်သျှင်နောင်၏ လက်ရုံးသဖွယ်အားကိုးရသော ညီတော်များ လက်ရွေးစင်သူရဲကောင်းများ၊ ဆင်ကောင်းမြင်းကောင်း၊ မျိုးမတ်ကောင်းပညာရှိများနှင့် ရဟန်းရှင်လူ စာဆိုတော်များဖြစ်သော ရှင်သံကိုယ်, မင်းဖေယျနန္ဒမိတ်, ရဝေရှင်ထွေး, လက်မှုအတတ်ပညာရှင်များစွာတို့ကို ရွေးချယ်ခေါ်ဆောင်သွားသည့်အပြင် ဟံသာဝတီဆင်ဖြူများသခင် ဘုရင့်နောင်အား သီဟိုဠ်ကျွန်းမှဆက်သော ဂေါတမမြတ်စွာသခင်၏ အန္တာရေစ်သပိတ်တော်နှင့်လက်ဝဲအောက်စွယ်တော်စစ်၊ အံတော် ဓာတ်တော် ရုပ်ပွားတော်များကို အင်းဝနေပြည်တော်သို့ ပင့်ဆောင်သွားတော့သည်။ အင်းဝတွင် မင်းအဆက်ဆက်ကိုးကွယ်ကြသည်။

သက္ကရာဇ်(၉၇၂)တွင် အင်းဝဓမ္မရာဇ်မင်း၏ညီတော် သီရိသုဓမ္မရာဇာ မဟာဓိပတိမင်းကြီးဘွဲ့ခံ သာလွန်မင်းတရားကြီးလက်ထက်တော်တွင် သက္ကရာဇ်(၉၉၈)ခုနှစ်၌ စစ်ကိုင်းမြို့ ကောင်းမှုတော်ရာဇာမဏိစူဠာဘုရားစေတီတော်ကြီးတွင် သီဟိုဠ်က ပို့ဆက်ထားသော ဂေါတမဘုရားသခင် ဘုရားဖြစ်သည့်

http://www.dhammadownload.com



နေ့မှစ၍ ပရိနိဗ္ဗာန်ဝင်စံသည်အထိ အသုံးပြုခဲ့သော အတိုင်းမသိ တန်ခိုးပြာဋိဟာပြတော်မူခဲ့သော စတုမဟာရာဇ်နတ်မင်းကြီးလေးပါးတို့လှူသော အနားလေးရှိ ကျောက်ညိုသပိတ်တော်နှင့် ဘုရားရှင်လက်ဝဲအောက်စွယ်တော်စစ်ကို ဆံတော်ဓာတ်တော် ရုပ်ပွားတော်နှင့် ရတနာမျိုးစုံတို့ကို စေတီကျောင်းများပြုလုပ်ကာ ဌာပနာတော်မူ၍ တည်ထားကိုးကွယ်တော်မူသည်။ စေတီကြီး၏ပုံတော်မှာ သီဟိုဠ်ကျွန်းတွင် ထူပါရုံစေတီများကဲ့သို့ နှစ်ပေါင်းများစွာ ခိုင်ခံ့အောင် ကြာရှည်အမြဲဖူးမြင်ကြရအောင် ခိုင်ခံ့စွာ ဧပါးပုံကြီးကဲ့သို့ တည်ထားတော်မူသည်။ ဘုရားပွင့်ရာဒေသများတွင် ဤပုံကဲ့သို့သာ တည်ထားကိုးကွယ်ကြသည်။

စစ်ကိုင်းမြို့ ကောင်းမှုတော် ရာဇာမဏိစူဠာဘုရားကြီးကျောက်စာ၌ သက္ကရာဇ်(၉၉၈)ခုနှစ် နတ်တော်လပြည့်ကျော်တစ်ရက် သောကြာနေ့တွင် အပြင်ကို ကွယ်တော်မူသော ဗုဒ္ဓ၏လက်ဝဲအောက်စွယ်တော်မြတ်နှင့် ဗုဒ္ဓ၏ အနားလေးရစ်သပိတ်တော်မှအစပြု၍ အပြည်ပြည်ထောင်မှ ပင့်ချီအပ်သော မရေတွက်နိုင်သောဓာတ်တော် မွေတော်တို့နှင့်တကွ ရာဇာမဏိစူဠာစေတီတော်ကြီးတွင် ဌာပနာတော်မူသည်ဟု မော်ကွန်းကျောက်စာရေးမှတ် မှတ်တမ်းတင်ထားသည်။

သာလွန်မင်းတရားကြီး၏ ဆရာတော် ပင်းယရွှေဥမင်မဟာရတနာယရာဘုန်းတော်ကြီးစီရင်သော သက္ကဒါန်စာတမ်းတွင်လည်း "ဘိုးတော်ဆင်ဖြူများ ရှင်လက်ထက် သိန်းယိုဠ်ကျွန်းမှရောက်လာသော မြတ်စွာဘုရားရှင်၏ စွယ်တော်မြတ်စစ်ကို ရာဇာမဏိစူဠာဘုရားကြီးစေတီတော်တွင် ဌာပနာကြောင်း"ပြဆိုထားသည်။

(မြန်မာကျောက်စာ ရာဇဝင်သမိုင်းများနှင့်တကွ အကျယ်ကို သိလိုမူ မင်းမြတ်သာလွန်စာအုပ်၌ကြည့်ပါ)

http://www.dhammadownload.com



မှတ်ချက်။ သာလွန်မင်းတရားကြီးမှာ ကေတုမတီ တောင်ငူဘုရင့်နောင်မင်းတရားကြီးမြေးတော်ဖြစ်သည်။

## ဘုရင့်နောင်မင်းတရားကြီးကိုးကွယ်တော်မူပုံ

ဟံသာဝတီဆင်ဖြူများသခင် ဘုရင့်နောင်မင်းတရားကြီးသည် သီဟိုဠ်ကျွန်းမှကြွရောက်တော်မူလာသော (၁) ဗုဒ္ဓ၏အနားလေးရစ်ရှိသပိတ်တော်၊ (၂) စွယ်တော်ပွား၊ (၃) လက်ဝဲစွယ်တော်စစ်တို့ကို အောက်ပါအတိုင်းကိုးကွယ်တော်မူသည်။

၁။ သက္ကရာဇ် ၉၃၇ ခုနှစ် သီတင်းကျွတ်လ၌ သီဟိုဠ်ကျွန်းမှ ဓမ္မပါလမင်းက သာသနာပြုစစ်ကူတောင်း၍ ပို့ဆက်လိုက်သော ဗုဒ္ဓ၏အနားလေးရစ်ရှိ ကျောက်ညိုသပိတ်တော်။

၂။ စစ်ကူရောက်လျှင် ဒုတိယအကြိမ် သီဟိုဠ်ကျွန်းမှ စွယ်တော်ပွားကို ပို့ဆက်လိုက်သည်။ ၎င်း စွယ်တော်ပွားကို ဘုရင့်နောင်မင်းကြီးက ဟံသာဝတီမြို့တော်၌ မဟာဝိဇယစေတီတော်တွင် ဌာပနာတော်မူသည်။ သို့ဖြစ်၍ စစ်ကိုင်းမင်း ဥတ္တမရာဇ်၏သမီးတော် ဓာဆိုရှင် သခင်ကြီး၏ချေင်းတွင် ဖော်ပြထားသည်မှာ-

"မဟာဝိဇယေ နာမစေတီ အညီလျှံဝင်း သလင်းဆန်းပြား စွယ်တော်ပွားအား ဘုရားသာသနာတည်တံ့ခါဝယ်"ဟု စပ်ဆိုထားသည်ကိုထောက်၍ သိရပါသည်။

၃။ ဆင်ဖြူများရှင်မင်းတရားကြီး၏ စစ်သည်တော်များ သီဟိုဠ်ကျွန်းသို့သွား၍ စားရေးလုံရေးပြပြီး မင်းတရားကြီးဆုံးမသည့်သြဝါဒရာဇသံကြောင့် ကုလားမင်းသုံးပါး ကြောက်ရွံ့လာကာ ဓမ္မပါလမင်းနှင့်အတူ ဗုဒ္ဓ

http://www.dhammadownload.com



သာသနာကိုလက်ခံကြကာ ကြည်ညိုဆည်းကပ်ကြပါတော့မည်ဟု ကတိပေးကြသဖြင့် သွေးမြေမကျရဘဲ ဘုရင့်နောင်မင်းတရားကြီး၏ သာသနာပြုအောင်မြင်လေသောကြောင့် တတိယာကြိမ် မြတ်စွာဘုရား၏ လက်ဝဲစွယ်တော်စစ်ကို ပို့ဆက်သည်။

၄။ သက္ကရာဇ်(၉၃၈)ခုနှစ်တွင် သီဟိုဠ်မင်း ဓမ္မပါလက ဘုရင့်နောင်မင်းတရားကြီး၏ သာသနာ့ပြုကျေးဇူးကြီးမားလှပေသည်ဟု ကြည်ညိုလေးစားသောကြောင့် သမီးတော်ကညာကို ပို့ဆက်သည်များကို ရွှေဘိုနိဒါန်း(၄၃)၌ မှတ်တမ်းတင်ထားပါသည်။

ရာဇဝင်ကြီး ဋီကာ ၃၈ နှင့် ၈၃ တွင် မှတ်တမ်းတင်စပ်ဆိုထားသည်မှာ-

၁။ ဓမ္မပါလ-နရိန္ဒော်ဟိ-လေင်္ကာဒီပ-သဏ္ဍသရော-ဆင်ဖြူများရှင် ဓနိန္ဒသ အဒါဟံသာဝတီဝဂတာ။

၂။ တတော ဟံသာဝတီ ဘိန္နေ တောင်ငူကေတုမတီဂတာတတော ကေတုမတီ ဘိန္နေ ဂတာဝ ရတနာပုရံ။

၃။ တေဿနှ သာဓကံ ကတွာ၊ ရာဇမဏိ စူဠကွရံ သာလွန်ဒေဝ သကာလေဝ။ ဥယျာနူနှ ဌာပနာဂတံ။

၄။ ရမိတေ သက္ကဒါနေပိ မဟာရက္ခု ကရဂုယာ သာလွန်ဒေဝ သဂုရုနာ ဝဝမေဝ ပကာသိတာ။

အကျဉ်းချုပ်မှာ-

၁။ သက္ကရာဇ်(၉၃၇)ခုနှစ်တွင် သီဟိုဠ်ကျွန်းဓမ္မပါလမင်းကြီးထံမှ မြန်မာပြည်သို့ ဟံသာဝတီပြည် ဆင်ဖြူများသခင် ဘုရင့်နောင်မင်းတရားကြီး

http://www.dhammadownload.com



ထံသို့ ဗုဒ္ဓသပိတ်တော်နှင့်စွယ်တော်စ်ကို ပို့ဆက်လာသည်။

၂။ ဟံသာဝတီ ငါးဆူဒါယကာ နန္ဒဘုရင်လက်ထက် သက္ကရာဇ် (၉၆၁)ခုနှစ်တွင် ကေတုမတီတောင်ငူမှ မင်းရဲသီဟသူခေါ် ရွှေနန်းတည်မင်းက တိုက်ခိုက်၍ သပိတ်တော်နှင့်စွယ်တော်စစ်ကို ကေတုမတီတောင်ငူမြို့သို့ ပင့်ဆောင်ခဲ့သည်။

၃။ ကေတုမတီတောင်ငူရွှေနန်း၌ ဘုရင်သီဟသူရခေါ် နတ်သျှင်နောင်မင်းတရားလက်ထက် သက္ကရာဇ်(၉၆၂)ခုနှစ်တွင် အင်းဝဘုရင် မဟာဓမ္မရာဇာမင်းက တိုက်ခိုက်သိမ်းယူ၍ ဗုဒ္ဓသပိတ်တော်နှင့် စွယ်တော်စစ်တို့ကို အင်းဝသို့ပင့်ဆောင်ခဲ့သည်။

၄။ အင်းဝဘုရင် သီရိဓမ္မရာဇာ မဟာဓိပတိဘွဲ့ခံ သာလွန်မင်းတရားကြီးလက်ထက် သက္ကရာဇ်(၉၉၈)ခုနှစ် စစ်ကိုင်းမြို့တွင် ဗုဒ္ဓ၏သပိတ်တော်နှင့် စွယ်တော်စစ်များကို ဌာပနာတည်ကာ ကောင်းမှုတော် ရာဇာမဏိစူဠာစေတီတော်မြတ်ကို သာသနာအစွန့်ရှည်စွာ တည်တံ့ခိုင်မြဲစေရန်အတွက် ပေါ်းရုပ်ထားသည့်ပမာ ပုံစံကိုတည်သည်။ မဇ္ဈိမဒေသ သီဟိုဠ်စသည်တို့၌ အစဉ်အလာအားဖြင့် များစွာတည်ထားကြသည့်ပုံစံပင် တည်တော်မူသည်။ သီရိဓမ္မာသောကမင်းကြီး၏သားတော် ရှင်မဟိန္ဒရဟန္တာမထေရ်မြတ်က ဒေဝါနံပိယတိဿမင်းကြီးအား စေတီအရှည်ကြာခိုင်ခံ့စေလိုလျှင် ပေါ်းရုပ်သကဲ့သို့ တည်ရမည်ဟု အမိန့်ရှိသည့်အတွက် ထုပါရုံစေတီအစရှိသော စေတီများကို ဤကဲ့သို့ ပုံစံတည်ကြခြင်းဖြစ်၍ အထွေအထူးကြံဆဖွယ်မလိုပေ။

သို့ဖြစ်ပါသောကြောင့် အထက်ဖော်ပြပါအတိုင်း သက်သေသာဓကခိုင်လုံစွာဖြင့် ဗုဒ္ဓကြောင်း ရာဇကြောင်း သမိုင်းရာဇဝင်အထပ်ထပ်တို့မှ ရှာဖွေဆည်းပူးကာ အများပြည်သူတို့ သဒ္ဒါကြည်ညိုပွားများစေရန်နှင့် နောင်လာနောက်သားများ ဆင့်ပွားသာနာမှတ်တမ်းတင်နိုင်ရန် နှုတ်တစ်ရာ စာ

http://www.dhammadownload.com



တစ်လုံး အစစ်အမှန်ကို သိစေလိုသည့်ဆန္ဒမွန်ဖြင့် မသိသေးသူများသိရှိစေရန်နှင့် သိပြီးသူများ သိဖူးထပ်မံဆိုသကဲ့သို့ ပြန်လည်စုပေါင်းရေးသားတင်ပြထပ်ဆင့်ပွား၍ သာသနာပြုကုသိုလ်ယူလိုက်ရပါသည်။ ဝမ်းမြောက်ကြည်နူးစွာ ကိုးကွယ်ဆည်းကပ်နိုင်ကြပါစေသတည်း။

ဟံသာဝတီပဲခူး၊ ကေတုမတီတောင်ငူမြို့၊ စစ်ကိုင်း၊ အင်းဝ စသည်မြို့တော်များဖြစ်သည့် မြန်မာပြည်၏ မြို့တော်များမှာ ကိုယ်ထီးကိုယ့်နန်းနှင့်မင်းနေပြည်တော်များသို့ ဂေါတမမြတ်စွာဘုရားသခင်၏ အနားလေးရစ်သပိတ်တော်နှင့် လက်ဝဲအောက်စွယ်တော်မြတ်၊ ဓာတ်တော် မွေတော်စစ်များစွာကြွရောက်၍ သိတင်းသုံးတော်မူခဲ့သော သာသနာ့အောင်မြေ ဘူမိနက်သန်မှန်ပေသော မြေထူးမြေမြတ်များဖြစ်၍ ဖူးမြော်ကြရပြီး ဘုရားကြီး ရာဇဝင်သမိုင်းစစ်စစ်ကို သိကြရပြီး သဒ္ဓါကြည်ညို ကိုးကွယ်ခွင့်ရရှိကြသဖြင့်အလွန်ကံကောင်းကြ၍ ရှိခိုးပူဇော်ခွင့်ရရှိသူများ ဖြစ်ပါသော သူတော်ကောင်းတို့သည် 'ဂေါတမဗုဒ္ဓ၏ ပရိက္ခရာတော် ဓာတ်တော်များကို ပုံတော်ကိုဂုဏ်တော်ထင်အောင် အာရုံပြုနိုင်ကြစေရန်' ရှာဖွေစုဆောင်း တင်ပြကုသိုလ်ယူလိုက်ရပါသတည်း။

မှတ်ချက်။ သီဟိုဠ်ကျွန်းမှ ဓမ္မပါလမင်း၊ ဘုရင့်နောင်မင်းတရားကြီးနှင့် နောက်ဆုံး စစ်ကိုင်း ရာဇမဏိစူဠာစေတီကြီး 'ကောင်းမှုဘုရားကြီး' တည်သော ဘုရားဒါယကာ သာလွန်မင်းတရားကြီးတို့၏ ဘုန်းကံများကြောင့်သာသနာပြုခဲ့ကြသောကြောင့် ကျွန်ုပ်တို့ဖူးမြော်ခွင့် ရပေသည်ဟု ကျေးဇူးတော်များကို အောက်မေ့ကြကာ ဘုရားဒါယကာကြီးများကို မေတ္တာပို့အမျှဝေသာဓုခေါ်နိုင်ကြပါစေသတည်း။

ဆွမ်းခံစားရသော သပိတ်တော်၏ ဂုဏ်တော်ကြောင့်လည်းကောင်း၊ အမြဲလှုပ်ရှား ဝါးစားနေရသော လက်ဝဲအောက်စွယ်တော်၏ဂုဏ်တော်ကြောင့်လည်းကောင်း၊ မြန်မာပြည်သားများသည် ဘယ်သောအခါမှ ငတ်မွတ်ခေါင်း

http://www.dhammadownload.com



ပါးသောအားနှင့် မတွေ့ကြုံရဘဲ ချမ်းသာကြမည်ဟု ယူဆကြရသည်။

အလွန်တရာမှ ထူးဆန်းအံ့ဩဖွယ်ရာ ဤဗုဒ္ဓ၏ အနားလေးရစ် သပိတ်တော်နှင့် လက်ဝဲအောက်စွယ်တော်စစ်မြတ်ကို ကျွန်ုပ်တို့အသက်မသေ သေး၍သာ ဤဗုဒ္ဓဝင်ရာဇဝင်သမိုင်းကြောင်းမှန်ကို သိရှိကြပြီး ကိုယ်တိုင်ပင် မျက်ဝါးထင်ထင် အာရုံယူ၍ ကိုယ့်တိုင်းပြည်တွင်းမှာပင် ဖူးမြော်ခွင့်ရကြ သဖြင့် လွန်စွာမှ လူဖြစ်ရကျိုးနပ်ပေသည်ဟု ဝမ်းမြောက်ကြည်နူး သဒ္ဓါထူး ဖြစ်၍လည်းကောင်း၊ မိမိကဲ့သို့ အများပြည်သူတို့နှင့် နောင်လာနောက်သား များ သမိုင်းကြောင်းမှန်ကို သိရှိကြည်ညိုကြစေလိုသည့်ဆန္ဒမှန်ဖြင့် ရှာဖွေ စုဆောင်းတင်ပြလိုက်ရသည်ကို အလွန်ကျေနပ်မိပါသည်။ ယခင်က ဤကဲ့သို့ စုပေါင်းရေးသားတင်ပြခဲ့ကြခြင်းကို မတွေ့ရှိရပါ။ ဤကဲ့သို့ ဗုဒ္ဓအား ဆထက် တိုး ကြည်ညိုနိုင်ကြသဖြင့် ကျွန်ုပ်သည် နိဗ္ဗာန်ရောက်ကြောင်း အထောက် အပံ့ဖြစ်ပါစေဟူသော'ဆု'ကို တောင်းယူပါသတည်း။

ဗုဒ္ဓသာသနာ နေရောင်လရောင်ထက်

အမြဲထွန်းလင်းပါစေသော်။

*ကိုးကားကျမ်းများ*

၁။ ဓိနတ္ထပကာသနီကျမ်း

၂။ မှန်နန်းမဟာရာဇဝင်တော်ကြီး

၃။ ဗုဒ္ဓ၏သပိတ်တော်စွယ်တော်များသမိုင်း

ကေတုနန်းညွှန့်ရွှယ်

ဆောင်ပြုသူ။